The Commerce Journal
စီးပွားရေးသတင်းဂျာနယ်
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .18, NO . 2 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | January 8, 2018

# ပြည်ပဈေးကွက်များသို့ ပိုမိုတင်ပို့စေလို မြန်မာ့သီဟိုဠ်

စာမျက်နှာ - ၁၂ ➤





## ၂၀၁၇ ခုနှစ် ရှင်းတမ်း

စာမျက်နှာ - ၁၅ ➤

## သီးနှံများ၏ ပိုးသတ်ဆေးကြွင်း အန္တရာယ် ကင်းရှင်းရေး

စာမျက်နှာ - ၂၁ ➤



## CHDB ဘဏ်မှ အစိုးရတင်ဒါအောင် ဆောက်လုပ်ရေး လုပ်ငန်းရှင်များကို အာမခံပစ္စည်းမယူဘဲ ချေးငွေထုတ်ပေး

စာမျက်နှာ - ၂၆ ➤

## အမြင့်ဈေးနှင့် နှမ်းဈေးကွက်

စာမျက်နှာ - ၂၉ ➤






SUNAR
နေကြာဆီ နှင့် ပြောင်းဖူးဆီ
ITQI 2017 BRUSSELS
INTERNATIONAL TASTE & QUALITY INSTITUTE
FAO (Food and Agriculture Organization of the United Nations) Medal
iTQi Superior Taste Award (BELGIUM)
2 ULUSLARARASI GÜVENİLİR GIDA ZİRVESİ
SUNAR PROFESSIONAL Sunflower Oil
SUNAR Sunflower Oil
SUNAR Sunflower Oil Superior taste AWARD
09 73199813, 09 73199814
Email: Contact@southern-myanmar.com
www.facebook.com/SunarForMyanmar
SM Co.,Ltd. Southern Myanmar Company Limited




မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
MYAWADDY BANK LIMITED
Current Deposit Account
Savings Deposit Account
Fixed Deposit Account
Call Deposit Account
Scholarship Funding Services
Loans and Overdraft
Gift Cheque Services
Safe Deposit Locker
ATM / POS Services
Mobile Banking Services
Foreign Banking Services
Western Union နှင့် ချိတ်ဆက်၍ငွေလွှဲဆောင်ရွက်ပေးခြင်း
လုံခြုံလျင်မြန်
ဆောင်ရွက်ပြန်မှန်
မြဝတီဘဏ်
Phone No : (01) 2301367, 2301368, 2301452, 2301378, 2301401, 2301410
Fax : (01) 2301395, 2301450, 2301402, 2301418
Email : mwdbankygn@mptmail.net.mm
Website : www.mwdbank.com.mm
2018
HAPPY NEW YEAR

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ရှမ်းပြည်နယ်ရှိ တန်ဖိုးမြှင့် ဟင်းသီးဟင်းရွက် အခြောက်ခံစက်ရုံသို့ သွားရောက်လေ့လာပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦး၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးတို့ လိုက်ပါလျက် ဇန်နဝါရီ ၅ ရက်တွင် ရှမ်းပြည်နယ် ဟဲဟိုးမြို့ဝါးရုံပင်ကျေးရွာရှိ မြန်မာဘဲလ်(Myanmar Belle Group) ၏ တန်ဖိုးမြှင့် ဟင်းသီးဟင်းရွက် အခြောက်ခံစက်ရုံသို့ သွားရောက်လေ့လာခဲ့ရာ ကုမ္ပဏီ၏ဥက္ကဋ္ဌ ဦးရဲမြင့်မောင်နှင့် တာဝန်ရှိသူများက ဒေသခံတောင်သူများနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများကို အကျိုးတူစိုက်ပျိုးထုတ်လုပ်ပြီး ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များကို အဆင့်မြင့်နည်းပညာများဖြင့် အခြောက်ခံခြင်းလုပ်ငန်းများ ဆောင်ရွက်နေပုံများကို ရှင်းလင်းပြောကြားပါသည်။ ထို့နောက် ပြည်ပတင်ပို့မှု အခြေအနေများ၊ ဆောင်ရွက်ချက်များကို ဆွေးနွေးကြပြီးနောက် ပြည်ထောင်စုဝန်ကြီးက ကုမ္ပဏီ၏ ပြည်ပတင်ပို့မှု တိုးတက်ရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းညှိနှိုင်းပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့်အဖွဲ့သည် တောင်ကြီးမြို့၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် ခေါင်းဆောင်သော ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေး အခြေအနေများနှင့် ဆောင်ရွက်ချက်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပါသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ရှမ်းပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုများ၊ လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှုများနှင့် အခြားစီးပွားရေးကဏ္ဍများ၊ နယ်စပ်ကုန်သွယ်မှု အခြေအနေများ၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေများ၊ နိုင်ငံခြားသားခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၊ ဈေးကွက် အခြေအနေများကို တင်ပြဆွေးနွေးပြီးနောက် ပြည်နယ်အဆင့်ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များကလည်း ပြည်ထောင်စုအစိုးရမှ ဖြည့်ဆည်းပေးစေလိုသော ကိစ္စများ၊ လိုအပ်ချက်များကို ရင်းရင်းနှီးနှီးဆွေးနွေးကြပါသည်။ ပြည်ထောင်စုဝန်ကြီးနှင့်အတူလိုက်ပါလာသော ညွှန်ကြားရေးမှူးချုပ်များကလည်း ဌာန၏ဆောင်ရွက်ချက်များ၊ ပြည်နယ်အစိုးရဘက်မှ ဖြည့်ဆည်းပေးစေလိုသော ကိစ္စများကို ပြန်လည်ဆွေးနွေးကြပြီးနောက် ရှမ်းပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်ဆိုင်သည့် အခြားကိစ္စရပ်များကိုလည်း ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးသူ**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် Mr. KIM SEANG TAE ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဇန်နဝါရီ ၃ ရက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံ တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မိုက်ခရို၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMES) ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်ရေး၊ လယ်ယာလုပ်ငန်းသုံး စက်ကိရိယာနှင့် အထည်ချုပ်လုပ်ငန်းများတွင် ကိုရီးယားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုဝင် ရောက်လာစေရေး၊ နှစ်နိုင်ငံအကြား လျှပ်စစ်၊ E-Government နှင့် သတင်းအချက်အလက် နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC (IR)**

# မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း၏ (၂၃)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး အောင်မြင်စွာကျင်းပ

မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်း၏ အဓိကအချက်အခြာဒေသဖြစ်သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်မြို့ရှိ မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း၏ (၂၃) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်တွင် မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်းခန်းမ၌ကျင်းပခဲ့ရာ အသင်း၏နာယကအဖွဲ့ဝင်တစ်ဦးဖြစ်သည့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။

မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်းကို ၁၉၉၀ ခုနှစ်၊ မေ ၁၃ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် အသင်းသားဦးရေ ၇၀၀၀ ခန့် ရှိနေပြီဖြစ်ပါသည်။ ၎င်းအစည်းအဝေးတွင် မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း၏ သင်းဖွဲ့စည်းမျဉ်းနှင့် သင်းဖွဲ့မှတ်တမ်းပြင်ဆင်ခြင်း၊ အသင်းဥက္ကဋ္ဌ သက်တမ်းကို (၂)နှစ်မှ (၃)နှစ်သို့ တိုးမြှင့်သတ်မှတ်ခြင်းနှင့် ၂၀၁၇-၂၀၂၀ ခုနှစ်အတွက် ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်အသစ်များ ရွေးချယ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။ ထို့ပြင် ၂၀၁၇-၂၀၂၀ ခုနှစ်အတွက် စီမံခန့်ခွဲမှုကော်မတီဝင်များဖြစ်ကြသည့် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအသစ်များ ရွေးချယ်ရေးအတွက် လျှို့ဝှက်မဲပေးစနစ်ဖြင့် ဆောင်ရွက်ကြရာ မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း၏ဥက္ကဋ္ဌသစ်အဖြစ် ဦးစိုင်းနွံကို ရွေးကောက်တင်မြှောက်ခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးသို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်တို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေးကုန်သည်များ၊ အသင်း၏ နာယကအဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်တော်များနှင့် ကုန်သည်လုပ်ငန်းရှင်များ အပါအဝင် စုစုပေါင်း ၁၆၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မြတ်မြတ်စိုးမိုး (Myantrade)**


Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ကြည်မာ

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဧခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၈

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ပြည်ဟိန်းဇော်
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ဆန်သစ်များဈေးငြိမ်နေပြီး မိုးနံ့ကားအသစ်ရှယ်ဈေးကွက်ဝင်ရောက်

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်အသစ်များ ဈေးအတက်အကျသိပ်မရှိဘဲ ဆန်အဝင်ပုံမှန်ရှိကြောင်းနဲ့ အရောင်းအဝယ်အေးလျက်ရှိကြောင်း ဝါးတန်းဆန်ကုန်စည်ဒိုင်မှသိရပါတယ်။ ကုန်စည်ဒိုင်ရဲ့ဆန်လက်ကားဈေးများအရ ဖျာပုံပေါ်ဆန်းဆန်ထိပ်စအသစ်တစ်အိတ်ကျပ် ၃၃၀၀၀၊ လတ်စအသစ်တစ်အိတ်ကျပ် ၃၂၀၀၀၊ ပုသိမ်ပေါ်ဆန်းဆန်အသစ်တစ်အိတ်ကျပ် ၃၄၀၀၀ နဲ့ လတ်စတစ်အိတ် ကျပ် ၃၃၀၀၀၊ နယ်စုံကျိုက်လတ်ပေါ်ဆန်းဆန်ထိပ်စ တစ်အိတ်ကျပ် ၃၀၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၂၈၅၀၀၊ မြောင်းမြပေါ်ဆန်းဆန်အသစ်တစ်အိတ်ကျပ် ၃၂၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၄၀၀၀ ရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးအတက်အကျမရှိဘဲ ဈေးငြိမ်နေကြောင်းသိရပါတယ်။

ပေါ်ဆန်းအသစ်ကတော့ တစ်အိတ်ကို ကျပ် ၂၈၀၀၀မှ ကျပ် ၂၉၀၀၀ ရှိပြီး တစ်အိတ်ကိုကျပ် ၁၀၀၀ ခန့်ဈေးတက်ပါတယ်။ ရွှေဘိုပေါ်ဆန်းဆန်အဟောင်းကတော့ ပစ္စည်းအဝင်နည်းတဲ့အတွက် တစ်အိတ်ကျပ် ၂၀၀၀ ခန့်ဈေးတက်ကြောင်း သိရပါတယ်။ ဝါးတန်းကုန်စည်ဒိုင်ရဲ့ လက်ကားဈေးအရ ရွှေဘိုပေါ်ဆန်းဆန်အဟောင်း တစ်အိတ် ကျပ် ၅၇၀၀၀ မှ ကျပ် ၆၀၀၀၀ ဖြစ်ကြောင်း သတင်းရရှိပါတယ်။

ယခုတစ်ပတ်မှာ ဆန်ကြမ်းဈေးငြိမ်နေပြီး မိုးနံ့ကားအသစ်(ရှယ်)ဈေးကွက်သို့ ဝင်ရောက်လာကြောင်း သိရပါတယ်။ ကုန်စည်ဒိုင်ရဲ့ လက်ကားဈေးနှုန်းများအရ ဆန်ဟောင်းဧည့်မထထိပ်စ တစ်အိတ် ကျပ် ၂၃၅၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၂၀၅၀၀၊ နှွေသီးထပ်ရှယ် တစ်အိတ် ကျပ် ၂၅၀၀၀ မှ ကျပ် ၂၅၅၀၀၊ နှွေဆန်ရက် ၉၀ တစ်အိတ် ကျပ် ၂၆၀၀၀ မှ ကျပ် ၂၇၀၀၀၊ ဧည့်မထ ၂၅ မှတ်တစ် အိတ်ကျပ် ၁၈၅၀၀ မှ ကျပ် ၁၉၀၀၀ ဖြစ်ပြီး ဆန်ကြမ်းအသစ် (ရှယ်) တစ်အိတ်ကျပ် ၂၀၇၀၀ မှ ကျပ် ၂၁၀၀၀၊ ရက် ၉၀ အသစ်တစ်အိတ်ကျပ် ၂၃၅၀၀ မှ ကျပ် ၂၄၀၀၀၊ ငစိန်အသစ် တစ်အိတ်ကျပ်၁၈၀၀၀ မှ ကျပ် ၁၈၅၀၀၊ မိုးသုခတစ်အိတ် ကျပ် ၂၅၅၀၀ မှ ကျပ် ၂၆၀၀၀ ဖြစ်ပြီး ယခင်တစ်ပတ်အတိုင်းဈေးငြိမ်နေပါတယ်။ ယခုတစ်ပတ်ထပ်မံဝင်ရောက်လာတဲ့ မိုးနံ့ကားအသစ်ရှယ်ကတော့ တစ်အိတ်ကိုကျပ် ၂၀၅၀၀ မှ ကျပ် ၂၁၀၀၀ ဖြစ်ကြောင်း သိရပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာ သုခဆန်အနည်းငယ်ဈေးတက်ကြောင်းနဲ့ ဆန်အဝင်အနည်းငယ်လျော့သွားကြောင်း သိရပါတယ်။ ဧည့်မထဆန် ၅ မှတ်မော်ဘီတစ်အိတ် ၁၃၈ယွမ်မှ ၁၄၁ ယွမ်၊ ဧည့်မထ ၅မှတ်စူပါတစ်အိတ် ယွမ် ၁၃၀မှ ၁၃၁ ယွမ်၊ ဧည့်မထ ၁၀ မှတ်မော်ဘီတစ်အိတ် ၁၃၃ ယွမ်မှ ၁၃၄ ယွမ်၊ ဧည့်မထ ၁၀ မှတ်စူပါတစ်အိတ် ၁၂၈ ယွမ်မှ ၁၂၉ ယွမ်၊ ငစိန်ဆန် ၅ မှတ်တစ်အိတ် ၁၂၃ ယွမ်မှ ၁၂၄ ယွမ်၊ ငစိန် ၁၅ မှတ်တစ်အိတ် ၁၁၈ ယွမ်မှ ယွမ် ၁၂၀၊ ငစိန်ဆန် ၂၅ မှတ်တစ်အိတ် ၁၁၅ယွမ်မှ ၁၁၇ ယွမ်ရှိပြီး ယခင် တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။ သုခ ၁၅ မှတ်နဲ့ ၂၅ မှတ်ကတော့တစ်အိတ်ကို တစ်ယွမ်မှနှစ်ယွမ်အထိ ဈေးတက်ကြောင်းသတင်းရရှိပါတယ်။

**ယဉ်ယဉ်အေး**



# ဒီဇင်ဘာလအတွင်း ဆန်တန်ချိန်သုံးသောင်းခြောက်ထောင်ကျော်ပိုမိုတင်ပို့

ဒီဇင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းပတ်အတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၈၅၈ သန်းတန်ဖိုးရှိ ဆန်နဲ့ ကောက်ညှင်းဆန် ၅၉၆၆၉ တန် တင်ပို့ခဲ့ပါတယ်။

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၂၆၆ တန်ကျော်၊ ဧည့်မထဆန် ၄၄၆၁၄ တန်ကျော်နဲ့ ကောက်ညှင်းဆန် ၁၃၈ တန်တင်ပို့ခဲ့ ပြီး ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၁၁၄၇ တန်၊ ငစိန်ဆန်၁၀၀၆တန်ခန့်နဲ့ ကောက်ညှင်းဆန်(အနက်) ၅၆ တန်ခန့်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၁၁၈၃၅ တန်ကျော်၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၅၃၂ တန်တင်ပို့ခဲ့ပါတယ်။မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ မနော သုခဆန် ၇၅ တန်တင်ပို့ခဲ့ပါတယ်။ ကုန်သွယ်ရေးစခန်းများမှ ဒီဇင်ဘာတစ်လလုံးတွင် အမေရိကန်ဒေါ်လာ ၇၅ ဒသမ ၉၂၄ သန်းတန်ဖိုးရှိ ဆန် ၂၁၈၇၆၇ တန်ကျော်တင်ပို့ခဲ့ပြီး အနီးစပ်ဆုံးနိုဝင်ဘာလတင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၂၅၁၆ တန် ပိုမိုတင်ပို့ခဲ့ကြောင်း သိရပါတယ်။

ယခုတစ်ပတ် ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၇၆၉ သန်းတန်ဖိုးရှိဆန်ကွဲ ၂၅၃၅ တန်ကျော်ကို တင်ပို့ခဲ့ရာ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဆန်ကွဲ ၂၁၃၄ တန်ကျော်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဆန်ကွဲ ၄၀၁ တန်ကျော် တင်ပို့ခဲ့ပါတယ်။

ဒီဇင်ဘာလတစ်လလုံးတွင် မူဆယ်နဲ့လွယ်ဂျယ် ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၂ ဒသမ၁၁၃သန်းတန်ဖိုးရှိ ဆန်ကွဲ ၆၉၆၈ တန်ကျော်တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး နိုဝင်ဘာလနဲ့နှိုင်းယှဉ်ပါက တန်ချိန် ၁၃၀၀ ခန့် လျော့နည်းခဲ့ကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဒီဇင်ဘာ ၂၄ ရက်မှ ၃၀ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၂၅သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ပေါင်းဆန် ၁၄၂၉၂ တန်ကျော်တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်တင်ပို့မှုများမှာ သီရိလင်္ကာနိုင်ငံသို့ ဧည့်မထဆန် ၅၆၇၅ တန်နဲ့ ငစိန်ဆန် ၈၄၄ တန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဧည့်မထဆန် တန်ချိန်၁၂၅၀၊ရုရှားနိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၃၀၀၊ ပေါင်းဆန် ၂၇၅ တန်နဲ့ ငစိန်ဆန် ၃၇၅ တန်၊ မလေးရှားနိုင်ငံသို့ ဧည့်မထဆန် ၆၂၅ တန်၊ တောင်အာဖရိကနိုင်ငံသို့ဧည့်မထဆန်၆၀၆တန်၊အိုင်ဗရီကိုစ့်နိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၂၅၀၊ မက်ဒါဂါစကားနိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၁၅၀၀၊ အီးယူနိုင်ငံများသို့ ပေါင်းဆန် ၃၇၅တန်နဲ့ ဧည့်မထ ဆန် ၂၂၁၆တန် တင်ပို့ခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဒီဇင်ဘာတစ်လလုံးမှာ အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၁၉၉ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၇၃၄၅၀ တင်ပို့ခဲ့ပါတယ်။ အနီးစပ်ဆုံးနိုဝင်ဘာလနဲ့ နှိုင်းယှဉ်ပါက ယခုလမှာ ၃၄၁၆၃ တန် ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ယခုတစ်ပတ် အမေရိကန်ဒေါ်လာ ၇ ဒသမ ၀၅၉ သန်းတန်ဖိုးရှိဆန်ကွဲ ၂၆၀၉၂ တန်တင်ပို့ခဲ့ရာ ဗီယက်နမ်နိုင်ငံသို့ဆန်ကွဲ ၁၂၅ တန်၊ သီရိလင်္ကာနိုင်ငံသို့တန်ချိန် ၂၅၀၊ ဆီနီဂေါနိုင်ငံသို့ ၁၉၄၆၃ တန်နဲ့ အီးယူနိုင်ငံများသို့ ၆၂၅၄ တန်တင်ပို့ခဲ့ပါတယ်။ ဒီဇင်ဘာလအတွင်းမှာ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၉၇ သန်းတန်ဖိုးရှိ ဆန်ကွဲ ၄၀၆၅၅ တန်တင်ပို့ခဲ့ပြီး နိုဝင်ဘာလတင်ပို့မှုထက် ၂၅၂၆၅ တန်ပိုမိုကြောင်း သိရှိရပါတယ်။

ဒီဇင်ဘာလအတွင်းမှာ ကုန်သွယ်ရေးစခန်းများနဲ့ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဆန် ၃၆၆၇၉ တန်ပိုမိုတင်ပို့ခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၄-၁-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၉၅ | ၃၉၈ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၈၅ | ၃၈၈ | △ | ၃၈၅ | ၃၈၈ | △ | ၄၁၀ | ၄၁၀ | □ | ၃၈၀ | ၃၈၇ | △ |
| ဆန်ဖြူ ၁၀% | ၃၈၃ | ၃၈၆ | △ | ၃၈၀ | ၃၈၃ | △ | - | - | - | ၃၇၇ | ၃၈၃ | △ |
| ဆန်ဖြူ ၁၅% | ၃၇၆ | ၃၇၉ | △ | ၃၇၆ | ၃၇၈ | △ | - | - | - | ၃၇၄ | ၃၇၈ | △ |
| ဆန်ဖြူ ၂၅% | ၃၆၀ | ၃၆၄ | △ | ၃၆၅ | ၃၆၈ | △ | ၃၇၀ | ၃၇၀ | □ | ၃၄၃ | ၃၄၈ | △ |
| ပေါင်းဆန် | ၄၃၀ | ၄၃၀ | □ | - | - | - | ၄၁၅ | ၄၁၅ | □ | ၄၁၈ | ၄၁၈ | □ |

***Source: liverice***

## ပြည်တွင်းမြို့ကြီးများ၏ (၅-၁-၂၀၁၈)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၅၀၀၀ | □ | ၂၁၀၀၀ | □ | ၈၂၈၀ | □ | ၃၃၀၀၀ | □ |
| ပုသိမ် | ၅၂၄၀ | □ | ၂၁၀၀၀ | □ | ၇၆၂၀ | □ | ၃၁၅၀၀ | □ |
| ပဲခူး | ၅၀၀၀ | △ | ၂၀၀၀၀ | □ | ၆၅၀၀ | △ | ၃၄၀၀၀ | △ |
| ရွှေဘို | ၆၀၀၀ | □ | ၂၄၀၀၀ | □ | ၁၂၀၀၀ | □ | ၄၁၀၀၀ | □ |
| စစ်တွေ | ၄၂၀၀ | ▽ | ၁၈၅၀၀ | ▽ | ၆၈၀၀ | ▽ | ၃၀၀၀၀ | ▽ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၅၅၀၀ | □ | ၂၂၀၀၀ | △ | - | - | ၄၈၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၇၃၀ | □ | ၂၃၀၀၀ | □ | - | - | ၄၃၀၀၀ | □ |
| မန္တလေး | ၅၇၀၀ | □ | ၂၆၅၀၀ | ▽ | - | - | ၄၆၀၀၀ | □ |
| မကွေး | ၆၀၀၀ | △ | ၂၄၅၀၀ | △ | - | - | ၃၇၀၀၀ | □ |
| မော်လမြိုင် | ၅၀၆၀ | □ | ၁၈၀၀၀ | □ | ၆၉၀၀ | □ | ၂၅၀၀၀ | □ |
| လှိုင်ကော် | ၆၄၀၀ | □ | ၃၂၀၀၀ | □ | - | - | ၆၀၀၀၀ | □ |
| မြိတ် | ၅၃၀၀ | △ | ၂၄၅၀၀ | □ | - | - | ၃၂၀၀၀ | □ |
| ဘားအံ | ၄၉၀၀ | △ | ၂၄၅၀၀ | ▽ | - | - | ၃၈၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၂-၁-၂၀၁၈ မှ ၅-၁-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 491 | 27,003,020.600 |
| 2 | Form D | 47 | 1,738,430.170 |
| 3 | Form E | 96 | 10,711,782.590 |
| 4 | Korea GSP | 9 | 168,324.100 |
| 5 | Form AK | 110 | 4,137,972.691 |
| 6 | Form AJ | 10 | 599,399.060 |
| 7 | Form AI | 55 | 3,115,468.720 |
| 8 | Form AANZ | 8 | 15,475.080 |
| 9 | Form DFTP | 2 | 171,000.000 |
| **Grand Total** | | **828** | **47,660,873.011** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၅-၁-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၉/၁၂ | ၅/၁ | ပြောင်းလဲမှု | ၂၉/၁၂ | ၅/၁ | ပြောင်းလဲမှု | ၂၉/၁၂ | ၅/၁ | ပြောင်းလဲမှု | ၂၉/၁၂ | ၅/၁ | ပြောင်းလဲမှု |
| မတ်ပဲ | ၉၇၃ | ၉၅၂ | ▼ | ၁၀၃၃ | ၉၃၃ | ▼ | ၁၀၀၀ | ၉၇၅ | ▼ | ၁၀၀၅ | ၉၄၀ | ▼ |
| ပဲစင်းငုံ | ၆၃၂ | ၆၃၇ | ▲ | ၆၀၀ | ၅၇၃ | ▼ | ၅၉၅ | ၆၁၀ | ▲ | ၆၉၀ | ၆၇၅ | ▼ |
| ပဲတီစိမ်း | ၁၃၀၀ | ၁၃၃၀ | ▲ | ၁၄၀၄ | ၁၃၆၉ | ▼ | ၁၂၃၇ | ၁၂၃၇ | ■ | ၁၂၈၀ | ၁၂၄၀ | ▼ |
| ကုလားပဲရိုးရိုး | ၂၀၂၅ | ၂၀၂၅ | ■ | ၁၇၄၇ | ၁၆၅၉ | ▼ | ၁၅၀၀ | ၁၅၇၉ | ▲ | ၁၅၄၀ | ၁၅၃၀ | ▼ |
| ပဲလွန်းဖြူ | ၁၂၈၀ | ၁၂၈၀ | ■ | ၁၅၀၀ | ၁၄၁၇ | ▼ | - | ၁၄၅၀ | - | ၁၄၉၀ | ၁၅၀၀ | ▲ |
| ထောပတ်ပဲ | ၁၃၀၀ | ၁၅၆၅ | ▲ | - | ၁၆၀၀ | - | - | - | - | - | - | - |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၅-၁-၂၀၁၈ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၂၉/၁၂ | ၅/၁ | ပြောင်းလဲမှု | ၂၈/၁၂ | ၄/၁ | ပြောင်းလဲမှု | ၂၈/၁၂ | ၄/၁ | ပြောင်းလဲမှု |
| မတ်ပဲ | ၄၅၀ | ၄၄၅ | ▼ | ၆၄၇ | ၆၄၇ | ■ | ၆၀၈ | ၅၉၉ | ▼ |
| ပဲစင်းငုံ | ၃၁၀ | ၂၉၀ | ▼ | ၆၁၉ | ၆၂၇ | ▲ | ၆၇၀ | ၆၆၃ | ▼ |
| ပဲတီစိမ်း | ၆၂၅ | ၆၂၅ | ■ | - | - | - | ၇၉၅ | ၈၂၀ | ▲ |
| ကုလားပဲဖြူလုံးကြီး | ၈၆၀ | ၈၆၀ | ■ | ၆၄၇ | ၆၅၅ | ▲ | ၆၅၅ | ၅၉၉ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁-၁-၁၇) မှ |
| | (၂၃-၁၂-၁၇)ထိ | (၃၀-၁၂-၁၇)ထိ | (၃၀-၁၂-၁၇) ထိ |
| မတ်ပဲ | ၄၈၅၇၉၈ | ၅၀၈၀ | ၄၉၀၈၇၈ |
| ပဲတီစိမ်း | ၁၁၉၁၀၉ | ၁၈၁၃ | ၁၂၀၉၂၂ |
| ပဲစင်းငုံ | ၂၂၂၃၀ | ၁၂၅၃ | ၂၂၃၈၃ |
| ကုလားပဲ | ၄၀၁၈၄ | ၁၂၁ | ၄၀၃၀၅ |
| ပဲလွန်းဖြူ | ၁၂၉၃၂ | ၃၉ | ၁၂၉၇၁ |
| မြေထောက်ပဲ | ၁၈၅၄၈ | - | ၁၈၅၄၈ |

## ပခုက္ကူ ကုန်စည်ဒိုင်တွင် ၂၀၁၈ လဆန်းပိုင်း၌ နှမ်းဈေးတက်ပြီး ကုလားပဲဈေးကျ

ပခုက္ကူကုန်စည်ဒိုင်၌ ယခုတစ်ပတ်အတွင်း ပဲစင်းငုံနီအသစ်များ စတင်ဝင်ရောက်နေပြီဖြစ်ရာ တစ်တင်းလျှင် ကျပ် ၁၄၂၀၀ ဖြင့် အိတ် ၅၀ခန့်နှင့် ပဲစင်းငုံနီအဟောင်းတစ်တင်းလျှင် ကျပ် ၁၁၉၀၀ ဖြင့် နေ့စဉ်အိတ် ၅၀မှ ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ရန်ကုန်သို့အိတ် ၅၀၀ ခန့် တင်ပို့ခဲ့ပါတယ်။ ကုလားပဲဈေးကွက်တွင် ပြည်ပမှဝယ်လက်မရှိဘဲ ဈေးကျဆင်းနေကြောင်း ဒိုင်မှသိရပါတယ်။ ယခင်လက ကုလားပဲဖြူ V2 တစ်တင်းလျှင် ကျပ် ၃၈၀၀၀ ရှိခဲ့ပြီး ယခုလတွင်မူ ကုလားပဲဖြူ V2 တစ်တင်းလျှင် ကျပ် ၃၂၅၀၀ထိ ကျဆင် ခဲ့ပါတယ်။ ကုလားပဲဝါ HL တစ်တင်းလျှင် ကျပ် ၂၈၅၀၀ ထိ ကျဆင်းနေခဲ့ပြီး အိတ်ရေ ၅၀ခန့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ယခုတစ်ပတ်ကုန်စည်ဒိုင်တွင် မတ်ပဲတစ်တင်းလျှင်ကျပ် ၁၈၀၀၀ဈေးဖြင့် အိတ် ၅၀ကျော်ခန့်၊ ပဲပုပ်(ယော) တစ်တင်းလျှင် ကျပ် ၁၈၀၀၀ ဖြင့် ၁၅ အိတ်ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ နှမ်းဈေးကွက်တွင် ပြည်ပမှ အဝယ်လိုက်လာသဖြင့် ဈေးမြင့်တက်လျက်ရှိပြီး ယခင်တစ်ပတ်က နှမ်းနက်(ဂွ)တစ်တင်းလျှင် ကျပ် ၃၁၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင်ကျပ် ၃၂၅၀၀ ဖြင့် အိတ် ၅၀ ခန့်၊ နှမ်းနက်(စမုံ)တစ်တင်းလျှင် ကျပ် ၂၇၀၀၀ မှ ၃၈၀၀၀ ဖြင့် အိတ် ၇၀၀ ခန့် အရာင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်ကုန်စည်ဒိုင်တွင် အထွက်တိုးပြောင်း တစ်တင်းလျှင် ကျပ် ၁၀၅၀၀ ဖြင့် အိတ် ၇၀ ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသတင်းရရှိပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

# ပြည်ပပဲမျိုးစုံဈေးကွက်တွင် နှစ်အလိုက်ကာလတူ ဖြစ်ပေါ်ခဲ့သော ပဲဈေးနှုန်းနှိုင်းယှဉ်မှုအခြေအနေ

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်အတွင်း အရောင်းအဝယ်အဖြစ်များတဲ့ ပဲမျိုးစုံသီးနှံများ၏ဈေးနှုန်းများကိုလေ့လာရာတွင် မတ်ပဲသီးနှံမှာ ၂၀၁၅ ခုနှစ်အတွင်း ဈေးအမြင့်ဆုံးဖြစ်ခဲ့ပြီး တစ်တင်းကျပ်ခုနစ်သောင်းကျော်အထိ ရရှိခဲ့ပါတယ်။ ၂၀၁၆ခုနှစ်တွင် ထက်ဝက်ခန့် ဈေးကျသွားပြီး တစ်တင်းကျပ် လေးသောင်းပတ်ဝန်းကျင်သာ အရောင်းအဝယ်ဖြစ်သလို ၂၀၁၇ခုနှစ်အတွင်းမှာတော့ ပြည်ပဝယ်လက်မှ ဝယ်ယူမှုတန်ချိန်ကန့်သတ်ပြီးသည့် ဩဂုတ်လမှစ၍ ပဲဈေးများ ကျဆင်းခဲ့ကာ ဒီဇင်ဘာလမှာတော့ ကျပ် နှစ်သောင်းခန့် ပြန်လည်ရရှိခဲ့တာကြောင့် မတ်ပဲဟာ ၂၀၁၇ ခုနှစ်အတွင်း ပြည်ပဝယ်လက်ပဲထဲမှာ ဒုတိယဈေးအနိမ့်ဆုံး ရခဲ့တာကို တွေ့ရပါတယ်။

ပဲတီစိမ်းသီးနှံသည်လည်း မတ်ပဲသီးနှံကဲ့သို့ပင် တစ်နှစ်ထက်တစ်နှစ်ဈေးလျော့နည်းသွားပေမယ့် မတ်ပဲဈေးလောက် သိသိသာသာ ဈေးကွာခြားခြင်းမရှိဘူးလို့သိရပါတယ်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ပဲတီစိမ်းတစ်တင်းကျပ် ၃၆၅၀၀ မှ ၄၀၅၀၀ ထိဈေးကောင်းရခဲ့ပြီး အဆိုပါနှစ်မှာ မတ်ပဲသီးနှံဈေးကို မမီပေမယ့် အခြားပဲများဖြစ်သော ကုလားပဲ၊ ပဲကြီးသီးနှံများထက် ဈေးကောင်းရခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှာ ဈေးထပ်လျော့သွားပြီး တစ်တင်းလျှင်ကျပ် ၂၈၅၀၀ မှ ကျပ် ၂၉၅၀၀ထိ ရရှိခဲ့သလို ၂၀၁၇ခုနှစ်မှာလည်း ထပ်မံဈေးလျော့လာပြီး တစ်တင်းကျပ် ၂၅၅၀၀မှ ၂၇၀၀၀ ရရှိတာကြောင့် မတ်ပဲ၊ ပဲစင်းငုံသီးနှံတို့ ထက်ဈေးပိုရခဲ့လို့ ပြည်ပဝယ်လက်ပဲများထဲမှာပဲတီစိမ်းသီးနှံဟာဈေးအမြင့်ဆုံးရလျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။

ပဲစင်းငုံသီးနှံမှာလည်း မတ်ပဲ၊ ပဲတီစိမ်းတို့ကဲ့သို့ပင် တစ်နှစ်ပြီးတစ်နှစ် ဈေးကျဆင်းလာခဲ့ကာ ၂၀၁၇ ခုနှစ်မှာတော့ တစ်တင်းကျပ် တစ်သောင်း ဝန်းကျင်သာရရှိခဲ့သည့်အတွက် မတ်ပဲ၊ ပဲတီစိမ်းသီးနှံတို့ထက် ဈေးလျော့နည်းသလို ပဲဈေးကွက်အတွင်းရှိ အခြားပဲများထက်လည်း ဈေးလျော့တာကြောင့် ပဲစင်းငုံဟာ ဈေးကွက်အတွင်းဈေး အနိမ့်ဆုံးဖြစ်ခဲ့တဲ့ ပဲသီးနှံဖြစ်ခဲ့ပါတယ်။ ဒီဇင်ဘာလအတွင်း ပဲသစ်များထွက်ပေါ်လာတဲ့အတွက် ဈေးအေးပေမယ့် ရန်ကုန်ဝယ်လက်များဖြင့် အရောင်းအဝယ်ဖြစ်ခဲ့လို့ အရောင်းအဝယ်ပုံမှန်ရှိကြောင်း သိရပါတယ်။ ၂၀၁၅ ခုနှစ်အတွင်းက ပဲသစ်ဈေးမှာ တစ်တင်းကျပ် ၅၀၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် ၂၀၁၇ ခုနှစ်ရဲ့ ပဲသစ်ဈေးက ကျပ်တစ်သောင်းကျော်သာရရှိလို့ ၂၀၁၅ ခုနှစ်ထက် ကျပ်လေးသောင်းနီးပါး ဈေးလျော့နည်းနေခဲ့သော်လည်း ရန်ကုန်ဝယ်လက်မှ ဝယ်ယူမှုရှိခဲ့တယ်လို့ သိရပါတယ်။

ကုလားပဲသီးနှံမှာ ပြည်တွင်းမှဝယ်ယူမှုရှိသော်လည်း ပဲဈေးကျဆင်းခြင်းမရှိဘဲ တစ်နှစ်နဲ့တစ်နှစ် ဈေးကွာခြားမှုနည်းပါးကာ ၂၀၁၆ခုနှစ်အတွင်းမှသာ တစ်တင်း ကျပ်၄၇၅၀၀ မှ ၅၈၀၀၀ထိရရှိခဲ့ပြီး မျိုးပဲများဝယ်ယူသည့်အချိန်ဖြစ်သည့်အတွက် နှစ်ကုန်ပိုင်းတွင် ကျန် ကာလများထက်နှစ်စဉ်ဈေးကောင်းရခဲ့တယ်လို့သိရပါတယ်။ ၂၀၁၇ ခုနှစ်တွင် မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းသီးနှံများ ဈေးအေးပေမယ့် ကုလားပဲသီးနှံမှာ ဈေးကောင်းတဲ့ ပဲသီးနှံထဲမှာပါဝင်တဲ့အတွက် ပဲကြီးသီးနှံဈေးကို မမီခဲ့သော်လည်း ဈေးကွက်အတွင်း အမြင့်ဈေးနဲ့အရောင်းအဝယ်သွက်တဲ့ပဲထဲမှာ ပါဝင်နေခဲ့ပါတယ်။

ပဲကြီးသီးနှံမှာ ၂၀၁၅ ခုနှစ်အတွင်းက ပြည်ပဝယ်လက်ပဲများအပြင် ကုလားပဲသီးနှံထက် ဈေးလျော့ခဲ့သလို ၂၀၁၆ ခုနှစ်မှာလည်း ထပ်မံဈေးလျော့ခဲ့လို့ တစ်တင်းကျပ်သုံးသောင်းအောက် လျော့နည်းခဲ့ပါတယ်။ ၂၀၁၇ခုနှစ်မှာတော့ ပဲကြီးသီးနှံဟာဈေး တရိပ်ရိပ်တက်လာခဲ့ပြီး တစ်တင်းကျပ် ခုနစ်သောင်းကျော်မှ ရှစ်သောင်းကျော်ထိ စံချိန်တင်မြင့်တက်ခဲ့လို့ ယခင်နှစ်များထက်ဈေးပိုရခဲ့ကြောင်း သိရပါတယ်။ ရွှေကျွန်း တစ်တင်းကျပ် ၇၀၀၀၀ မှ ၈၀၀၀၀၊ ကမ်းနား တစ်တင်းကျပ် ၇၀၀၀၀ မှ၇၅၀၀၀ ကြားရှိတာကြောင့်ဈေးကွက်အတွင်း ဈေးအမြင့်ရခဲ့တဲ့ သီးနှံဖြစ်ခဲ့ပြီး ဒေသတွင်း ပဲကြော်ဖိုလုပ်ငန်းသမားများမှ အဓိက ဝယ်ယူတဲ့အတွက် တစ်နှစ်ပတ်လုံး ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲပုပ်သီးနှံမှာ အခြားပဲများကဲ့သို့မဟုတ်ဘဲ ဈေးသိသိသာသာ အတက်အကျမဖြစ်ခဲ့တာကို တွေ့ရပြီး ၂၀၁၅ခုနှစ်မှာ ပဲဈေးကွက်အတွင်း ဈေးအနိမ့်ဆုံးရခဲ့ကာ တစ်တင်းကျပ် နှစ်သောင်းအောက် လျော့နည်းခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တွင် ပဲဈေးအတက်အကျကွာခြားမှုမရှိဘဲ တစ်တင်းကျပ်နှစ်သောင်းအထက် ရရှိခဲ့တာကြောင့် ပဲပုပ်ဟာ ပြည်ပဝယ်လက် မတ်ပဲနှင့် ပဲစင်းငုံသီးနှံတို့ထက်ပင် ဈေးပိုရနေခဲ့ကြောင်းလေ့လာသိရှိရပါတယ်။ **ခင်ဆွေဝင်း**



## ပြည်စားတော်ပဲသီးနှံ နှစ်စဉ်လိုလိုဈေးကောင်းရလျက်ရှိ

ပြည်ပဲဈေးကွက်အတွင်း လက်လီလက်ကား အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲများအနက် စားတော်ပဲသီးနှံဟာ အမြဲလိုလို လက်လီရောင်းဝယ်မှုများတဲ့ ပဲသီးနှံတစ်မျိုးဖြစ်ခဲ့ပြီး ဈေးနှုန်းအရလည်း နှစ်စဉ်ဈေးကောင်းရရှိတဲ့ ပဲသီးနှံဖြစ်ခဲ့ပါတယ်။ ယခုနှစ်ဆန်းပိုင်းတွင် ပဲလက်ကျန်ပစ္စည်းရှားလာတဲ့အတွက် အိတ်အနည်းငယ်သာ လက်လီ အရောင်းအဝယ်ဖြစ်ပြီး မင်းတုန်းပဲတစ်တင်းလျှင်ကျပ် ၅၀၀၀၀၊ ကနေဒါပဲတစ်တင်းလျှင် ကျပ် ၃၀၀၀၀တို့ဖြင့်အမျိုးအစား၊ အရည်အသွေးကွာခြားချက်အရ ဈေးကွာခြားမှုရှိတာကို တွေ့ရပါတယ်။ ယခင်နှစ် နှစ်ကုန်ပိုင်းက စားတော်ပဲသီးနှံဈေးမှာ တစ်တင်းလျှင် ကျပ် ၃၇၅၀၀ ဖြင့် အခြားလက်လီ ပဲများထက် ဈေးကောင်းခဲ့သလို ယခုနှစ်မှာလည်း အခြားလက်လီပဲများထက်ဈေးကောင်းရလျက်ရှိကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ပဲစင်းငုံသစ် ဆက်လက်အဝင်ရှိပြီး အဖွင့်ဈေးဖြင့်သာ အရောင်းအဝယ်ဖြစ်

ပြည်ပဲဈေးကွက်အတွင်း ပဲသစ်အချို့ ဝင်ရောက်လျက်ရှိရာ ပြည်အနီးတစ်ဝိုက်နှင့် မင်းတုန်းဘက်မှ တစ်ရက်လျှင် ပဲစင်းငုံသီးနှံ အိတ် ၂၀၀ မှ ၃၀၀ ကျော်အထိ နေ့စဉ်ဝင်ရောက်ခဲ့တာ တွေ့ရပါတယ်။ ပဲသစ်ဝင်ရောက်မှုရှိသလို ပဲဟောင်းလက်ကျန်များရှိနေတာကြောင့် ရန်ကုန်ဝယ်လက်နေ့စဉ် ဝယ်ယူမှုအပေါ် လိုသလောက်ရောင်းချခဲ့ရတဲ့အတွက် နေ့စဉ် အိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲဟောင်းထက်ပဲသစ်က အရောင်းအဝယ်ပိုဖြစ်ကြောင်း သိရပါတယ်။

ပဲဈေးနှုန်းများမှာလည်း ပဲစင်းငုံသစ်တစ်တင်းလျှင် ကျပ် ၁၃၅၀၀ နှင့် ပဲစင်းငုံဟောင်းတစ်တင်းလျှင် ကျပ် ၁၁၅၀၀ အသီးသီးရရှိကာ ပဲဈေးနှုန်းများ လျော့နည်းမှုမရှိဘဲ ပဲသစ်ပေါ်စအချိန်ဈေးအတိုင်း ဆက်လက်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

Vol: 18, No.2 Monday January 8 2018

## မြန်မာ့ဆိပ်ကမ်းတွင် ၃ .၁ . ၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| အလုံဆိပ်ကမ်း | - PACITA | ကုန်သေတ္တာ ၄၃၅ ကုန်တင်ဆဲ |
| စက်မှုဆိပ်ကမ်း (၃) | - BOX | ENDURANCE ကုန်သေတ္တာ ၅၇၁ ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၁) | - VANTAGE REEF | ဆန် ၂၀၀၀၀ တန်ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၅ | - ROJAREK NAREE | ဆန် ၂၅၀၀၀ တန်ကုန်တင်ဆဲ |
| ဗိုလ်တစ်ထောင်ဆိပ်ကမ်း (၁) | - BANG SAO TONG | Urea ၇၀၀၀ တန်ကုန်ချဆဲ |
| Myanmar Integrated Port Ltd | - OCEAN LADY | Coal (In Bulk) ၂၈၀၀၀ တန်ကုန်ချရန် |
| သီလဝါဆိပ်ကမ်း (၄) | - ANNITA | Steel& G/C ၂၉၉၇၆ တန်ကုန်ချရန် |
| သီလဝါဆိပ်ကမ်း (၅) | - BELOCEAN | Steel & Equipment ၂၅၀၀၀တန်ကုန်ချရန် |
| MMTM JETTY | - MT.OCEAN AUTUMN | Diesel Oil+MOGAS 92RON 25850 တန်ကုန်ချရန် |
| GREEN ASIA JETTY | - MT.YU RU | MOGAS 92RON 12690 တန်ကုန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| ORCHID | Steel Bar ၇၅၄၂ တန်ကုန်ချရန် | CHINA | ၄.၁.၂၀၁၈ |
| ELEFTHEROTRIA | ဆန်တန်ချိန် ၂၀၀၀၀ ကုန်တင်ရန် | SINGAPORE | ၅.၁.၂၀၁၈ |
| HAN DE | Equipment ၅၁၀ တန်ကုန်တင်ရန် | SINGAPORE | ၅.၁.၂၀၁၈ |
| TIBERUS | Steel Equipment ၂၀၀၀ တန်ကုန်ချရန် | CHINA | ၆.၁.၂၀၁၈ |
| YAAN BYAE | Steel ၅၀၀၀ တန်ကုန်တင်ရန် | INDIA | ၇.၁.၂၀၁၈ |
| HAN THAR | Steel ၉၀၀၀ တန်ကုန်တင်ရန် | INDIA | ၇.၁.၂၀၁၈ |
| CSC XIN HAI | Steel Plate ၃၀၀၀ တန်ကုန်ချရန် | INDONESIA | ၈.၁.၂၀၁၈ |
| SPRING WIND | Unit Vehicle (RO/RO) ၁၅၇၅ တန်ကုန်ချရန် | JAPAN | ၈.၁.၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| KOTA HADIAH | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၁.၂၀၁၈ |
| TOVE MAERSK | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၄.၁.၂၀၁၈ |
| MCC SHANG HAI | SINGAPORE | သီလဝါဆိပ်ကမ်း | ၄.၁.၂၀၁၈ |
| SINAR BALI | SINGAPORE | စက်မှုဆိပ်ကမ်း | ၄.၁.၂၀၁၈ |
| PATHEIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၄.၁.၂၀၁၈ |
| EVER ALLY | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၅.၁.၂၀၁၈ |
| SINAR BATAM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၆.၁.၂၀၁၈ |
| ARCA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၆.၁.၂၀၁၈ |
| SEA PEARL | SINGAPORE | ဗိုလ်တစ်ထောင်ဆိပ်ကမ်း | ၆.၁.၂၀၁၈ |
| MALACCA STAR | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၆.၁.၂၀၁၈ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၆.၁.၂၀၁၈ |
| MATHU BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၆.၁.၂၀၁၈ |
| OCEAN ARROW | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၇.၁.၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.OCEN AUTUMN | ဒီဇယ်ဆီ/MOGAS 92 Ron | - | ၂၁.၁၂.၂၀၁၇ |
| MT.GLORY STAR | ဒီဇယ်ဆီ | SINGAPORE | ၃.၁.၂၀၁၈ |
| MT.OCEAN LARK | ဒီဇယ်ဆီ | - | ၄.၁.၂၀၁၈ |
| MT.FLY MARLIN | ဒီဇယ်ဆီ | - | ၄.၁.၂၀၁၈ |
| MT.GLORY OCEAN | ဒီဇယ်ဆီ | - | ၅.၁.၂၀၁၈ |
| MT.AULAC VENUS | ဒီဇယ်ဆီ | SINGAPORE | ၅.၁.၂၀၁၈ |
| MT.AMAZONA | P.Oil (In Bulk) | INDINESIA | ၅.၁.၂၀၁၈ |
| MT.STAR EAGLE | ဒီဇယ်ဆီ | SINGAPORE | ၅.၁.၂၀၁၈ |
| MT.FLY SEAL | ဒီဇယ်ဆီ | SINGAPORE | ၇.၁.၂၀၁၈ |
| MT.OCEAN VICTORY | ဒီဇယ်ဆီ | SINGAPORE | ၇.၁.၂၀၁၈ |
| MT.GREAT DIAMOND | ဒီဇယ်ဆီ | SINGAPORE | ၁၁.၁.၂၀၁၈ |
| MT.MESON | P.Oil (In Bulk) | INDINESIA | ၁၁.၁.၂၀၁၈ |

## မုံရွာကုန်စည်ဒိုင်စျေးကွက်တွင် စျေးငြိမ်ပြီး အရောင်းအဝယ်အေး

ယခုတစ်ပတ် မုံရွာကုန်စည်ဒိုင်စျေးကွက်တွင် အချိန်ခါ မဟုတ်မိုးများရွာသွန်းမှုကြောင့် ပဲစျေးများငြိမ်နေပြီး အရောင်းအေးလျက်ရှိကြောင်း သိရှိရပါတယ်။

ယခုတစ်ပတ်ပဲမျိုးစုံစျေးကွက်မှာတော့ ဇန်နဝါရီလ ၅ရက်က ကုလားပဲထိုင်ဝမ်တစ်တင်းလျှင် ကျပ် ၃၀၅၀၀၊ 929 တစ်တင်းလျှင် ကျပ် ၂၉၅၀၀ မှ ကျပ် ၃၀၀၀၀၊ ပဲတီစိမ်းကြီး တစ်တင်းလျှင် ကျပ် ၂၃၅၀၀ မှ ကျပ် ၂၀၀၀၀ နှင့် ပဲတီစိမ်းသေးတစ်တင်းလျှင်ကျပ် ၂၄၅၀၀၊ မတ်ပဲတစ်တင်းလျှင် ကျပ် ၁၉၅၀၀၊ ပဲစင်းငုံ (သစ်)တစ်တင်းလျှင် ကျပ် ၁၃၇၀၀နှင့် အဟောင်းတစ်တင်းလျှင် ကျပ် ၁၂၂၀၀၊ စွန်တာနီ(သစ်)တစ်တင်းလျှင်ကျပ် ၃၇၀၀၀ နှင့် ပဲနီလုံးကြား(သစ်)တစ်တင်းလျှင် ကျပ် ၃၉၀၀၀၊ ပဲလွန်းပြာ (သစ်) တစ်တင်းလျှင် ကျပ် ၂၀၀၀၀ နှင့် ပဲလွန်းဖြူတစ်တင်းလျှင်ကျပ် ၂၉၀၀၀ဖြင့် အသီးသီးစျေးဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရပါတယ်။

ယခုတစ်ပတ် ဆီထွက်သီးနှံစျေးကွက်မှာတော့ မြေပဲလုံးဆန်နီတစ်ပိဿာလျှင်ကျပ် ၂၃၀၀မှ ၂၃၅၀၊ မြေပဲလုံးဆန်ဖြူအဟောင်းတစ်ပိဿာလျှင်ကျပ် ၂၃၅၀နှင့် အသစ်တစ်ပိဿာလျှင်ကျပ် ၂၅၀၀၊ မြေပဲဆီဆန်တစ်ပိဿာလျှင်ကျပ် ၁၉၅၀ ဖြင့် ဆက်လက်စျေးငြိမ်ခဲ့တာ တွေ့ရှိရပါတယ်။ နှမ်းမျိုးစုံစျေးကွက်မှာတော့ နှမ်းညိုတစ်တင်းလျှင်ကျပ် ၃၂၅၀၀၊ နှမ်းဖြူတစ်တင်းလျှင် ကျပ် ၄၃၅၀မှ ကျပ် ၃၈၀၀၀၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၃၂၀၀၀ မှ ၃၈၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ကုန်သည်ရပ်ကွက်မှ လေ့လာသိရှိရပါတယ်။

**လင်းလင်းသန့်**

## ပြည်ကုလားပဲ မျိုးပဲနှင့်ခွဲစက်သမားများအဝယ်လိုက်လို့အရောင်းသွက်

ပြည်ပဲစျေးကွက်အတွင်း ပဲသစ်များဝင်ရောက်မှုရှိသလို အချို့ပဲများကိုတော့ မျိုးပဲအနေနဲ့ဝယ်ယူမှုများ ရှိနေတာကို တွေ့ရပါတယ်။ ကုလားပဲသီးနှံဟာ ယခုနှစ်ဆန်းပိုင်းကာလထိ မျိုးပဲအဝယ်ရှိခဲ့တာကြောင့် အခြားပဲများထက် မျိုးပဲအရောင်းအဝယ်ဖြစ်မှု ပိုနေတယ်လို့ သိရပါတယ်။ မျိုးပဲစျေးမှာ တစ်တင်းလျှင်ကျပ် ၃၅၀၀၀ ရရှိတဲ့အတွက် ပဲခွဲစက်သမား ဝယ်ယူသည့်စျေးထက် စျေးကောင်းပိုရခဲ့ပါတယ်။ ခွဲစက်သမားများ အဝယ်ရှိတဲ့ စျေးကတော့ တစ်တင်းကျပ် ၃၀၀၀၀ဖြင့် အိတ် ၂၀၀-၃၀၀ ကျော်နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့တာကြောင့် ယခုနှစ်ဆန်းပိုင်းအတွင်း မျိုးပဲရော ခွဲစက်သမားပါ အဝယ်လိုက်လို့ အရောင်းအဝယ်သွက်နေတဲ့ ပဲသီးနှံဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ပဲနီပြားပဲဟောင်းလက်ကျန် စျေးကောင်းရလျက်ရှိ

နှစ်ဆန်းပိုင်းကာလ ပြည်ပဲစျေးကွက်မှာ ပဲသစ်အနေနဲ့ ဝင်ရောက်တဲ့ ပဲအချို့ရှိသလို အချို့ပဲများကတော့ ပဲသစ်ဝင်ရောက်ခြင်းမရှိဘဲ ပဲဟောင်းလက်ကျန်များဖြင့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ အဆိုပါပဲများထဲမှာ ပဲနီပြားသီးနှံဟာလည်း ပဲသစ်ဝင်ရောက်မှုမရှိဘဲ ပဲဟောင်းလက်ကျန်များဖြင့် ရောင်းဝယ်နေခဲ့ကြလို့ ပဲစျေးမှာလည်း နှစ်ကုန်ကစျေးထက် စျေးပိုမြင့်တက်လာခဲ့ပါတယ်။ ပဲတစ်တင်းလျှင်ကျပ် ၄၀၀၀၀ ထိ စျေးကောင်းရရှိလို့ အခြားလက်လီပဲများဖြစ်သော ပဲလွန်းဖြူ ထောပတ်ပဲ စသည်တို့ထက်ပင် စျေးပိုရခဲ့ပြီး ပဲစျေးကွက်အတွင်း ပဲဟောင်းလက်ကျန်သာရှိသည့်အတွက် အိတ်အနည်းငယ်သာ လက်လီအရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်စျေးကွက်တွင် ရန်ကုန်ဝယ်လက်များအဝယ်ရှိလို့လုံးဆန်(အဖြူ)စျေးပြန်မြင့်လာ

ယခုတစ်ပတ်ပြည်စျေးကွက်တွင် လုံးဆန် (အဖြူ) အဝယ်ရှိလို့ စျေးမြင့်လာသော်လည်း ဆီဆန်နှင့် လုံးဆန် (အနီ)မှာ ယခင်တစ်ပတ်ကအတိုင်း စျေးငြိမ်နေတာတွေ့ရပါတယ်။

တစ်နေ့ လျှင်အိတ် ၆၀၀-၇၀၀ ခန့်ဝင်ရောက်မှုရှိပေမယ့် မိုးရွာတဲ့ရက်ဆိုရင် ဝင်ရောက်မှုမရှိတာတွေ့ရပါတယ်။ပြည်စျေးကွက်သို့ပြည်၊အောင်လံကြားရှိ ကျေးရွာများနှင့်ဝက်ထီးကန်ဘက်မှ မြေပဲဆန်များ ဝင်ရောက်မှုရှိနေပါတယ်။ လုံးဆန်(အဖြူ)ကို ရန်ကုန်ဝယ်လက်များက အဝယ်ရှိပြီး လုံးဆန် (အနီ) ကို မြို့တွင်းရှိ ပဲလှော်ဖိုသမားများက အဝယ်ရှိနေတာတွေ့ရပါတယ်။ ယခုတစ်ပတ်မြေပဲဆန်စျေးမှာ ဆီဆန် တစ်ပိဿာလျှင်ကျပ် ၁၈၀၀၊ လုံးဆန် (အနီ) တစ်ပိဿာလျှင်ကျပ် ၂၀၀၀ဖြင့် ယခင်တစ်ပတ်ကအတိုင်း စျေးငြိမ်နေပြီး လုံးဆန် (အဖြူ) တစ်ပိဿာလျှင်ကျပ် ၂၄၀၀ ဖြင့် ယခင်တစ်ပတ်ကထက် တစ်ပိဿာလျှင် ကျပ် ၁၀၀ စျေးမြင့်လာတာ တွေ့ရပါတယ်။

မြေပဲဆီစျေးကတော့ တစ်ပိဿာလျှင်ကျပ် ၄၈၀၀ ဖြင့်စျေးငြိမ်နေတယ်လို့ သိရပါတယ်။

**ဝေဝေမင်း**

## ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲဆန်စျေးကျ၍ မတ်ပဲစျေး အနည်းငယ်မြင့်တက်

ယခုတစ်ပတ်ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲဆန်စျေး အနည်းငယ်ကျဆင်းလျက်ရှိပြီး မြေပဲလုံးဆန်နီ(မြောင်) တစ်ပိဿာလျှင် ကျပ်၁၉၀၀၊ ကျွန်းဆန် တစ်ပိဿာလျှင်ကျပ် ၁၉၀၀၊S1(မြေပဲဖြူလုံးဆန်) တစ်ပိဿာလျှင်ကျပ် ၂၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ယခုတစ်ပတ် ရေစကြိုဒေသထွက် မတ်ပဲစျေးသည် ယခင်တစ်ပတ်ထက် စျေးနည်းငယ်မြင့်တက်နေပြီး အရည်အသွေးကိုလိုက်၍ စျေးကောင်းလျက်ရှိပါတယ်။ မတ်ပဲ တစ်တင်းလျှင်ကျပ် ၂၀၀၀၀ထိရှိပြီး ပဲပိစပ်တစ်တင်းလျှင်ကျပ် ၁၄၀၀၀ ဖြင့်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ပဲလွန်းဖြူမှာလည်း ယခင်တစ်ပတ်ထက် စျေးအနည်းငယ်ကျနေပြီး တစ်တင်းလျှင်ကျပ် ၂၇၀၀၀၊ ကုလားပဲများဖြစ်သော HLတစ်တင်းလျှင်ကျပ် ၂၈၅၀၀၊ 929တစ်တင်းလျှင်ကျပ် ၂၈၅၀၀၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင် ကျပ် ၃၂၅၀၀ စျေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ နှမ်းဖြူသန့်မှာလည်း စျေးကောင်းရနေပြီး တစ်တင်းလျှင်ကျပ် ၃၈၀၀၀ မှ ကျပ် ၄၁၀၀၀ထိ အရည်အသွေးကိုလိုက်၍ စျေးကောင်းရရှိနေကြောင်း ရေစကြိုကုန်စည်ဒိုင်မှသတင်းရရှိပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ကြက်သွန်

# ပြည်ကြက်သွန်နီအဝင်နည်း၍ ဈေးနှုန်းများမြင့်တက်

ယခုတစ်ပတ် ပြည်ဈေးကွက်သို့ ရေနံချောင်း၊ ပခုက္ကူ၊ ဆိပ်ဖြူနယ်ဘက်မှ ကြက်သွန်နီများ ဝင်ရောက်မှုရှိသော်လည်း ပိဿာ ၃၀ ဝင်အိတ် ၅၀-၆၀ ခန့်ရက်ခြားအဝင်ရှိတယ်လို့ သိရပါတယ်။

ယခုရက်ပိုင်းတွင်အအေးပို၍ မိုးရွာသွန်းမှုများကြောင့် ကြက်သွန်နီအဓိက စိုက်ပျိုးရာတိုင်းဒေသကြီးများ၌ စိုက်ခင်းများ နစ်မြုပ်ပျက်စီးမှုများရှိသည့်အတွက် တူးဖော်လို့မရဘဲ ပျက်စီးမှုအခြေအနေကြောင့် ထွက်ရှိမှုနည်းကာ ကုန်ပစ္စည်းရှားပါးလျက်ရှိနေကြောင်း၊ ဒါကြောင့် ပြည်ပွဲရုံလုပ်ငန်းရှင်များမှလည်း မှာယူသလောက်မရရှိဘဲ ဝင်ရောက်မှုရှိသလောက်နှင့်သာ ရောင်းဝယ်လျက်ရှိနေကြောင်း သိရပါတယ်။ ဝင်ရောက်မှုနည်းသည့်အတွက် ပြည်ဈေးကွက်အတွင်း ဈေးနှုန်းများမြင့်တက်သွားပြီး လက်လီ/လက်ကား တစ်ပိဿာလျှင်ကျပ် ၄၀၀-၅၀၀ ခန့်မြင့်တက်လျက်ရှိနေတာတွေ့ရပါတယ်။

ဈေးနှုန်းများလည်း မြင့်တက်နေသလို အအေးပိုနေသော ယခုရက်ပိုင်းများအတွင်း စားသုံးသူများမှ ဝယ်ယူမှုလျော့နည်းနေသည့်အတွက် ယခုတစ်ပတ်ပြည်ဈေးကွက်ရဲ့အရောင်းအဝယ်မှာ အေးနေတာတွေ့ရပါတယ်။ ဈေးနှုန်းအနေနဲ့ ယခုတစ်ပတ်ပွဲရုံလက်ကားဈေး တစ်ပိဿာလျှင်(ကြီး)ကျပ် ၃၀၀၀၊ (လတ်)ကျပ် ၂၉၀၀၊ (သေး)ကျပ် ၂၈၀၀တို့ရှိပြီး လက်လီဈေးအသေးများတွင် (ကြီး) ကျပ် ၃၁၀၀-၃၂၀၀၊ (လတ်) ကျပ် ၂၉၀၀-၃၀၀၀၊ (သေး) ကျပ် ၂၇၀၀-၂၈၀၀ နှုန်းဖြင့် ရောင်းဝယ်လျက်ရှိကာ ယခင်တစ်ပတ်လက်ကားဈေးတစ်ပိဿာ(ကြီး)ကျပ် ၂၇၀၀-၂၈၀၀၊ (လတ်) ကျပ် ၂၅၀၀-၂၆၀၀၊ (သေး) ကျပ် ၂၃၀၀-၂၄၀၀ နှုန်းတို့ဖြင့် ရောင်းဝယ်လျက်ရှိတဲ့အတွက် ယခုတစ်ပတ်ဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ကြည့်ပါက ဈေးနှုန်းအတက်ဘက်သို့ဦးတည်နေတာ တွေ့ရပါတယ်။

ဒေသထွက် ကြက်သွန်နီဈေးနှုန်းများ မြင့်တက်သွားသလို ပြည်ပမှတင်သွင်းမှုရှိသော တရုတ်ကြက်သွန်နီဈေးနှုန်းများမှာလည်း ယခုတစ်ပတ်အတွင်း မြင့်တက်သွားတာတွေ့ရပါတယ်။ အစားအသောက်ချက်ပြုတ်ရောင်းချသူများ၏ ဝယ်လိုအားရှိနေတဲ့အတွက် တရုတ်ကြက်သွန်နီများ ရောင်းချနေရခြင်းဖြစ်ပြီး ဈေးနှုန်းအနေနဲ့ ယခုတစ်ပတ် လက်ကားတစ်ပိဿာလျှင် ကျပ် ၁၃၀၀ ရှိပြီး လက်လီဈေးများတွင် ကျပ် ၁၅၀၀နှုန်းဖြင့် ရောင်းဝယ်လျက်ရှိကာ ယခင်တစ်ပတ် လက်ကားဈေးတစ်ပိဿာလျှင် ကျပ် ၈၀၀-၉၀၀ ရှိပြီး လက်လီကျပ် ၁၀၀၀-၁၂၀၀ နှုန်းရှိတဲ့အတွက် ယခုတစ်ပတ်ဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက တစ်ပိဿာ လျှင်ကျပ် ၄၀၀ခန့်မြင့်တက်သွားကြောင်း သတင်းရရှိပါတယ်။

**ဝင်းလဲ့ဝါ (ပြည်)**



## နနွင်း

# ပင်လယ်ရေကြောင်းမှ နနွင်းတန် ၅၀ နီးပါး တင်ပို့

၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်မှ ၃၀ ရက်အထိ သီတင်းပတ်အတွင်း နနွင်း (ရှမ်းစ) အသစ် ၄၆ ဒသမ ၂၂ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံသို့ ၄၅ ဒသမ ၀၂ တန်နဲ့ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံသို့ ၁ ဒသမ ၂ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ နနွင်းတစ်တန် ပျမ်းမျှ အမေရိကန်ဒေါ်လာ၇၃၀-၇၄၀ ရရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နနွင်း ၂၈ တန်ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ နနွင်း၁၈ တန်ကျော် ပိုမိုတင်ပို့ခဲ့တယ်လို့သိရပါတယ်။ နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၄၁၅၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း**(DOT)

# ဒီဇင်ဘာလတွင် မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ နနွင်းတက်တန်၂၀၀ နီးပါးတင်ပို့

၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်မှ ၂၉ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၃၇၅၃၇ တန်ဖိုးရှိ နနွင်းတက် (ရှမ်းစ) ၅၂ တန်ခွဲကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန်၈၀ကျော်နဲ့ နှိုင်းယှဉ်ပါက ၂၈ တန်လျော့နည်း တင်ပို့ခဲ့ပေမယ့် ဒီဇင်ဘာတစ်လလုံးမှာ မူဆယ်မှ နနွင်းတက်တန် ၂၀၀ နီးပါးကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း၊ နနွင်းတက်တစ်တန်ကို လိုင်စင်ဈေး အမေရိကန်ဒေါ်လာ ၇၁၅ ရှိပြီး မိမိဘက်ပေါက်ဈေးမှာ (ငွေလဲနှုန်းအရ) ၉၆၈၈၂၅ ကျပ် ဝန်းကျင်ရှိကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင်**

## ချင်း

# ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချင်းတန် ၁၀၀ ကျော် တင်ပို့



၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်မှ ၃၀ ရက်အထိ သီတင်းပတ်အတွင်း ချင်း ၁၀၈တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ ချင်း ၉၃ တန်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ချင်း၁၅တန် ပိုမို တင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။ ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၃၂၂၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း**(DOT)

## မန်ကျည်း

# ရေလမ်းမှ ဘင်္ဂလားဒေ့ရှ်သို့ မန်ကျည်းပြန်လည်တင်ပို့

၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်မှ ၃၀ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၇၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က အပို့ပျောက်ခဲ့တဲ့ မန်ကျည်းက ဒီတစ်ပတ်မှ ပြန်လည်တင်ပို့ခြင်း ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၂၅၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း**(DOT)

# မွေးမြူရေးကဏ္ဍမှ တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရန် စွမ်းဆောင်နေသည့်ရှမ်းရိုးမမွေးမြူရေးဇုန်

ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်ရှိ ၄၂၉ ဒသမ ၆၇ ဧကကျယ်ဝန်းသော ရှမ်းရိုးမမွေးမြူရေးဇုန်သို့ စားသုံးသူရေးရာဦးစီးဌာန၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံးမှ ပြည်နယ်ဦးစီးမှူး ဦးမြသန်းနှင့်အဖွဲ့သည် ၂၀၁၇ခုနှစ် ဒီဇင်ဘာ ၂၈ ရက်က သွားရောက်လေ့လာခဲ့ရာ မွေးမြူရေးဇုန်တွင် ကြက်ခြံပေါင်း၂၀၈ခြံဆောက်လုပ်၍ ဥစားကြက်များကိုအဓိကမွေးမြူထားကြောင်း၊ ကြက်ကောင်ရေ ရှစ်သိန်းခန့် မွေးမြူထားရှိပြီး တစ်ရက်လျှင် ကြက်ဥလေးသိန်းငါးသောင်းခန့်ထုတ်လုပ်လျက်ရှိကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ကြက်မွေးမြူရေးခြံများမှ တစ်ရက်လျှင် ကြက်ဥ ၁၅သိန်းဝန်းကျင်ထုတ်လုပ်လျက်ရှိကြောင်းကို မွေးမြူရေးနှင့်ကုသရေးဆရာဝန်ဒေါက်တာအောင်မင်းထွန်းက ရှင်းလင်းဆွေးနွေးပါသည်။

ထုတ်လုပ်သောကြက်ဥများကို အဓိကအားဖြင့် တောင်ကြီးမြို့ပေါ်ရှိ တက်ချောင်ပင်မကြက်ဥဒိုင်နှင့် အေးသာယာမြို့ရှိ CP ကုမ္ပဏီသို့လည်းကောင်း၊ရန်ကုန်မြို့ရှိကုမ္ပဏီများသို့လည်းကောင်း၊ မြေပြန့်ဒေသမကွေးမြို့၊ အမ်းမြို့များသို့လည်းကောင်း၊ ပဲခူး၊ မော်လမြိုင်မှတစ်ဆင့် ထားဝယ်မြို့သို့လည်းကောင်း အသီးသီးတင်ပို့လျက်ရှိရာကြက်ဥတစ်လုံးလျှင် ကျပ် ၁၀၀ မှ ကျပ် ၁၂၀ထိရှိပြီး ကြက်ဥတစ်လုံး ထုတ်လုပ်မှုကုန်ကျစရိတ်မှာကျပ် ၇၀ မှကျပ် ၉၀ထိရှိကြောင်းသိရသည်။

ကြက်မွေးမြူရေးဇုန်တွင် အချို့ကြက်ခြံပိုင်ရှင်များက ကြက်မွေးမြူရေးကို ကိုယ်တိုင်ဆောင်ရွက်ကြပြီး ပြင်ပလုပ်သား ၁၈၀ ခန့်ရှိကြောင်းလည်း သိရပါသည်။ မွေးမြူရေးလုပ်ဆောင်မှုအားတစ်ဦးချင်းစီဆောင်ရွက်ခြင်းဖြစ်သော်လည်း လမ်း၊ ရေ၊မီးများကြီးကြပ်ဆောင်ရွက်ပေးခြင်း၊ အဆောက်အဦဆောက်လုပ်မှုများစနစ်တကျရှိစေရန် ကြီးကြပ်ပေးခြင်း၊ နည်းပညာပိုင်းအချင်းချင်းဖလှယ်ဆောင်ရွက်စေခြင်း၊ ရောဂါကာကွယ်မှုအနေနှင့် ဟောပြောပွဲများကျင်းပပြုလုပ်ပေးခြင်း၊အချို့ဆေးကုမ္ပဏီများနှင့်ပူးပေါင်းပြီးဟောပြောပွဲများပြုလုပ်ဆောင်ရွက်ခြင်း စသည့်ကဏ္ဍတို့အတွက် ဇုန်ကော်မတီဖွဲ့စည်း၍ဆောင်ရွက်ကြောင်းသိရှိရသည်။

ပေ ၃၅၀×၄၅အတွင်း လှောင်အိမ်စနစ်ဖြင့် မွေးမြူထားသည့်ကြက်ခြံကိုလည်း လက်တွေ့လေ့လာခဲ့ကြရာ ၁ ဒသမ ၅ပေပတ်လည်လှောင်အိမ်တစ်ခုတွင် ကြက်နှစ်ကောင်လှောင်၍ မွေးထားပြီး ကြက်ကောင်ရေ ၂၀၀၀၀ မွေးမြူထားကြောင်း တွေ့ရသည်။ ၆၀ ရာခိုင်နှုန်း ဥနှုန်းရှိသောကြက်များအား အသားစားအဖြစ်ထုတ်လုပ်ရောင်းချပြီး ကြက်ဥဈေးနှုန်းပေါ် မူတည်၍ ကြက်ဥဈေးကျပြီး အစာဈေးမြင့်ပါက ၇၀ ရာခိုင်နှုန်းလောက်ဥနှုန်းရှိသော်လည်း တွက်ချေမကိုက်၍ အသားစားအဖြစ်ရောင်းချကြောင်း သိရှိရသည်။ ကြက်မျိုးများကို တောင်ကြီးမြို့ တက်ချောင်ကုမ္ပဏီမှ အဓိကဖြန့်ဖြူးကြောင်းနှင့်မွေးမြူရေးဇုန်မှတစ်ရက်လျှင်ကြက်ချေးတန် ၄၀ ခန့် ထွက်ရှိပြီးကြက်ချေး ၁ ဒသမ ၅ တင်းဝင်တစ်အိတ်ကို ကျပ် ၁၀၀၀ နှင့် စိုက်ပျိုးရေးလုပ်ငန်းများမှ လာရောက်ဝယ်ယူကြကြောင်းသိရသည်။

ပြည်နယ်ဦးစီးမှူး ဦးမြသန်းကပြန်လည်ဆွေးနွေးရာတွင် ရှမ်းရိုးမမွေးမြူရေးဇုန်အတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အရိပ်ရသစ်ပင်များ စိုက်ပျိုးသွားရေး၊ မီးဘေး လုံခြုံရေးအတွက် မီးသတ်ပစ္စည်းကိရိယာများ ပြည့်စုံစွာထားရှိရေး၊ မွေးမြူရေးဇုန်အတွင်းသာမက နိုင်ငံ၏ နေရာအသီးသီးမှ မွေးမြူရေးလုပ်ငန်းများတွင် ဖြစ်ပေါ်နေသည့်ရောဂါ အန္တရာယ်များအားအစဉ်သတိပြုပြီး မျိုးကြက်နှင့် အစားအစာများ ဆက်သွယ်မှုကိုဂရုပြုရမည်ဖြစ်ပါကြောင်း၊ မွေးမြူရေးလုပ်ငန်းများအတွက် နိုင်ငံတော်မှ SME ချေးငွေများ စီစဉ်ဆောင်ရွက်ပေးနေမှုများနှင့် ရှမ်းရိုးမမွေးမြူရေးဇုန်အစဉ်ရှင်သန်ဖွံ့ဖြိုးမှုရှိအောင် ဇုန်ကော်မတီဝင်များအနေဖြင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများထံမှ အကြံဉာဏ်များရယူခြင်း၊ အခြေအနေများတင်ပြပေးခြင်း တို့ကို စဉ်ဆက်မပြတ်ပြုလုပ်သင့်ကြောင်း ပြောကြားခဲ့တယ်လို့ သတင်းရရှိသည်။

**စောမောင်(တောင်ကြီး)**

# အာဆီယံစီးပွားရေးအောင်မြင်မှု၏ဗဟိုချက်ဖြစ်သော အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ

သိန်းမြင့်ဝေ

အာဆီယံ စီးပွားရေးအသိုက်အဝန်း (AEC) ကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင် စတင်အကောင်အထည်ဖော်ခဲ့သည်။ AEC ၏ ရည်ရွယ်ချက်မှာ အရှေ့တောင်အာရှဒေသ၏ မတူကွဲပြားသောဈေးကွက်များကို ဈေးကွက်တစ်ခုတည်းအဖြစ် ပေါင်းစည်းရန်ဖြစ်သည်။ AEC တွင် သော့ချက်ကျသော လက္ခဏာရပ်လေးမျိုးပါဝင်သည်။ ၎င်းတို့မှာ တစ်ခုတည်းသော ဈေးကွက်နှင့် ထုတ်လုပ်မှုအခြေခံဒေသဖြစ်ရန်၊စီးပွားရေးယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသောဒေသဖြစ်ရန်၊စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မျှတသောဒေသဖြစ်ရန်နှင့်ကမ္ဘာလုံးဆိုင်ရာစီးပွားရေးနှင့် အပြည့်အဝပေါင်းစည်းသည့် ဒေသဖြစ်ရန်ဟူ၍ ဖြစ်ပါသည်။ AECသည် အာဆီယံစီးပွားရေးကို ကုန်စည်၊ ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကျွမ်းကျင်လုပ်သားတို့လွတ်လွတ်လပ်လပ် စီးဆင်းသော ဒေသအဖြစ်လည်းကောင်း၊ အရင်းအနှီးပိုမိုလွတ်လပ်စွာစီးဆင်းသောဒေသအဖြစ်လည်းကောင်း အသွင်ပြောင်း ဖန်တီးသွားမည်ဖြစ်ပါသည်။

AEC ကို အကောင်အထည်ဖော်ခဲ့ သည့် တစ်နှစ်ကျော်ကာလအတွင်း အောင်မြင်တိုးတက်မှုများ ရရှိနေပြီဖြစ်သည်။ စီးပွားရေးအလားအလာကောင်းအချို့ကို မြှင့်တင်ပေးနိုင်ခြင်းနှင့်ဒေသ၏ကောင်းကျိုးများကို ဖန်တီးပေးနိုင်ခဲ့ခြင်းတို့ကို တွေ့ရသည်။ ဒေသတွင်းရှိ စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများဖန်တီးခြင်းအားဖြင့် ဒေသ၏အကျိုးစီးပွားကို ဆောင်ကြဉ်းပေးနိုင်ခဲ့သည်။အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs) သည် အာဆီယံနိုင်ငံများ၏ GDP (Gross Domestic Product) တိုးတက်ရေးအတွက် သော့ချက်ကျသည့် မောင်းနှင်အား (Key Driver) ဖြစ်ပါသည်။ နှစ်စဉ်ရောင်းရငွေ စင်ကာပူဒေါ်လာသန်း ၁၀၀ အောက်နည်းပြီး လုပ်သားအရေအတွက် ၂၀၀ ဦးထက်နည်းသည့် စီးပွားရေးလုပ်ငန်းများကို SMEs အဖြစ်သတ်မှတ်ထားပါသည်။

အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများသည် အာရှ - ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်သည့် ဒေသတစ်ဝန်းတွင် စီးပွားရေးလုပ်ငန်းအားလုံး၏ ၉၇ ရာခိုင်နှုန်း ပါဝင်နေပါသည်။ ထို့ပြင် SME များ၏ တိုက်ရိုက်ပို့ကုန် (Direct exports) သည် စုစုပေါင်း ပို့ကုန်၏ ၃၅ ရာခိုင်နှုန်းဝန်းကျင်ရှိပါသည်။ ထို့ကြောင့် အာဆီယံ၏ စီးပွားရေးအောင်မြင်မှု (Asean's Economic Success ) သည် အဆိုပါ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ အောင်မြင်မှုအပေါ်တွင် များစွာမူတည်နေသည်။ ထိုမျှသာမက ဒေသ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်အတွက် SME ထုတ်ကုန်များကို နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှု (Cross - border trade)မှတစ်ဆင့် တိုးချဲ့တင်ပို့ရန် အလားအလာကောင်းများလည်း များစွာတည်ရှိနေပါသည်။

## SME များအတွက် အဓိကစိန်ခေါ်မှု

နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုမှတစ်ဆင့် တိုးတက်တင်ပို့နိုင်သည့် အလားအလာကောင်းများစွာဖြစ်တည်နေသည့် SME များအတွက် အဓိကအဟန့်အတား သို့မဟုတ် စိန်ခေါ်မှုမှာ မည်သည့်အရာ ဖြစ်ပါသနည်း။ SME အရေအတွက်နှင့် ယင်းတို့၏ အသုံးစရိတ် ကြားတွင် ကြီးမားသော ကွာဟချက် (Huge disconnect ) ရှိနေသည်။ လုပ်ငန်းအရေအတွက် များပြားသော SME များအတွက် ငွေကြေးရရှိမှုခက်ခဲပြီး အသုံးစရိတ် ( Budget or Spend ) နည်းပါးလွန်းသည်ဟု ဆိုလိုပါသည်။ SMEများ၏ အဓိကစိန်ခေါ်မှုမှာ ငွေကြေးရရှိမှုခက်ခဲခြင်း (Lack of budget or access to finance) ဖြစ်သည်။ စီးပွားရေးလုပ်ငန်းကြီးများအတွက် ငွေကြေးရရှိမှု လွယ်ကူသော်လည်းလုပ်ငန်းများအတွက် ငွေကြေးရရှိမှုမှာ ခက်ခဲနေဆဲဖြစ်သည်။ထို့ကြောင့် SME များသည် လုပ်ငန်းတိုးချဲ့ရန်အတွက်လည်းကောင်း၊ ရေရှည်ရပ်တည်ရန်အတွက်လည်းကောင်း ကန့်သတ်ချက်များ ရှိနေပါသည်။ ထို့ပြင် SME များသည် အခြားလုပ်ငန်းများနှင့် မယှဉ်ပြိုင်နိုင်ဘဲ လုပ်ငန်းလောကမှ ထွက်ခွာသွားရသည်များ ရှိနေဆဲဖြစ်ပါသည်။သို့သော်လည်း နည်းပညာတိုးတက်မှု (Advancements in technology)၊ ဝယ်ယူသူစိတ်ကြိုက် အထူးပြုလုပ်ပေးသည့်နည်းလမ်းများ (Customized Solutions) နှင့်အတူ ဒစ်ဂျစ်တယ်နည်းပညာ (Digital world) သည် SME များအတွက် အခွင့်အလမ်းများစွာကို ဖန်တီးလျက်ရှိသည်။

## အလုပ်များသော စီးပွားရေးလုပ်ငန်းအတွက်

မျက်မှောက်ကာလတွင် စီးပွားရေးလုပ်ငန်းများသည် အလွန်ပင်အလုပ်များပြားသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် လက်ရှိစီးပွားရေးပတ်ဝန်းကျင်တွင် လုပ်သားများ သို့မဟုတ် ဝန်ထမ်းများအတွက် အချိန်မရွေး၊နေရာမရွေး အလုပ်လုပ်ကိုင်နိုင်ရန် လိုအပ်သည်။ ဝန်ထမ်းများသည် ကုမ္ပဏီရုံးခန်းအပြင် အိမ်မှဖြစ်စေ သို့မဟုတ် လမ်းပေါ်မှဖြစ်စေ အလုပ်လုပ်နိုင်စေရန် ဖန်တီးပေးထားရမည်ဟူ၍ ဆိုလိုပါသည်။ မိုဘိုင်းလုပ်သားအင်အား (Mobile Workforce)အဖြစ် ဖန်တီးပြောင်းလဲခြင်းအားဖြင့် ဝန်ထမ်းများကို ပိုမိုအသုံးချနိုင်ပြီး ကုန်ထုတ်နိုင်စွမ်းရှိရှိ ဆောင်ရွက်လာနိုင်ပါသည်။ ထို့ပြင် လုပ်သားများအတွက် ပိုမိုပျော်ရွှင်ဖွယ်ကောင်းသော လုပ်ငန်းခွင်ကို ဖန်တီးပေးရာလည်းရောက်ပါသည်။

သို့သော်ထိုကဲ့သို့ ပြောင်းလဲဖန်တီးရန်အတွက် ကုန်ကျစရိတ်ကြီးမားသကဲ့သို့ ရှုပ်ထွေးမှုများကိုလည်း ရင်ဆိုင်ရပါမည်။ Mobile Workforce လုပ်ငန်းလည်ပတ်ရေးအတွက် Hard ware တပ်ဆင်ရာတွင် ပစ္စည်းကိရိယာစရိတ်ကြီးမားခြင်း (High Equipment Costs)၊ ရှုပ်ထွေးခြင်း (Complex installation)၊ Private network နှင့် Public network ကို ချိတ်ဆက် ပေါင်းစည်းခြင်း (VPN integration) အပြင် အခြားသော လုပ်ငန်းဆောင်တာများ ပါဝင်သည်။ ထိုမျှသာမက Mobile Solution သည် လက်တွေ့အသုံးပြုသောအခါတွင်လည်း ရှုပ်ထွေးတတ်ပြီး အိုင်တီအထောက်အကူနှင့် ထိန်းသိမ်းစောင့်ရှောက်မှု (IT Support and maintenance) လိုအပ်ပါသည်။ ထို့ကြောင့် သတင်းအချက်အလက်နှင့် နည်းပညာဌာနများ(IT departments ) သည် လုံခြုံရေးဖောက်ဖျက်မှုများ (Security breaches)၊ ဗိုင်းရပ်စ်နှင့် အန္တရာယ်ပြုဒုက္ခပေးသော ဆော့ဖ်ဝဲလ် (Viruses & Malware ) တို့ကို ကာကွယ်ရန်အတွက် ကောင်းမွန်ခိုင်မာသော မဟာဗျူဟာများ (Robust Strategies) လိုအပ်ပါသည်။ ကွန်ရက်အခြေခံအဆောက်အအုံ (Network infrastructure) သည် ပိုမိုကောင်းမွန်သော လက်နက်ကိရိယာများ(More devices)၊ အမျိုးအစားစုံလင်သော အသုံးပြုမှုများ (Rich application ) နှင့် ပိုမိုမြင့်မားသော လိုင်းချိတ်ဆက်မှု (Higher bandwith demands )တို့ကို အထောက်အကူပြုရပါမည်။

## Hybrid Cloud သုံးစွဲချိန်တန်ပြီ

လက်ရှိအချိန်ကာလသည် စီးပွားရေးလုပ်ငန်းများနှင့် ဝန်ထမ်းများအတွက် တစ်ဆစ်ချိုးပြောင်းလဲကျင့်သုံးရမည့်အချက် (Game changer) မှာ Hybrid Cloud Solution များ သုံးစွဲခြင်းဖြစ်သည်။ Hybrid Cloud ၏ သဘောမှာ Private network နှင့် Public network တို့ကို ပေါင်းစပ်အသုံးပြုပြီး Data များပေးပို့ခြင်း၊ ရယူခြင်းနှင့် သိုလှောင် သိမ်းဆည်းထားခြင်းတို့ကို ပိုမိုကောင်းမွန် ကျယ်ပြန့်စွာ ဆောင်ရွက်ပေးခြင်းဖြစ်သည်။ ဝန်ထမ်းများသည် ယင်းတို့၏ မိုဘိုင်းဖုန်း သို့မဟုတ် လက်(ပ်)တော့ကဲ့သို့သော Device များထဲတွင် Corporate application များကို အလွယ်တကူ တပ်ဆင်အသုံးပြုနိုင်သည်။ ထိုကဲ့သို့ ကုမ္ပဏီ၏ Corporate application များကိုတပ်ဆင်ပြီးနောက် ချက်ချင်း သယ်ဆောင်သွားနိုင်သည်။ ဤနည်းလမ်းကို အသုံးပြုရန်အတွက် လက်ရှိတယ်လီဖုန်းဆက်သွယ်ရေးစနစ်နှင့် Hybrid cloud တို့ကိုချိတ်ဆက်ပေးရန်သာ လိုအပ်သည်။ ထို့ပြင်ဝန်ဆောင်မှုကို Cloudက ဖြည့်ဆည်းပေးသောကြောင့် VPN အတွက် လိုအပ်ချက်မရှိတော့ပေ။

ဒစ်ဂျစ်တယ် စီးပွားရေးပြောင်းလဲခြင်း (Digital business transformation) နှင့် Hybrid Cloud အသုံးပြုခြင်းတို့သည် လက်ရှိIT အလားအလာထဲတွင် အလွှမ်းမိုးဆုံးအရာ နှစ်ခုဖြစ်ပါသည်။ ၂၀၁၆ ခုနှစ် Asia-Pacific Hybrid IT အစီရင်ခံစာတွင်လည်း အောက်ပါအတိုင်း ဖော်ပြထားပါသည်။

“စီးပွားရေး တိုးတက်မှုအရှိန် (Growth momentum) ရရှိရေးအတွက် IT ၏ အခန်းကဏ္ဍမှာ အလွန်အရေးပါသည်ဟု ၆၃ ရာခိုင်နှုန်းက ဖြေဆိုထားသည်။” ထို့ပြင်ကုမ္ပဏီနှင့် လုပ်ငန်းအဖွဲ့အစည်းများ ဒစ်ဂျစ်တယ်နည်းအရပြောင်းလဲရန်အတွက် IT ၏ အခန်းကဏ္ဍအရေးကြီးကြောင်းကိုလည်း ၅၀ ရာခိုင်နှုန်းက ဖြေဆိုထားသည်။

Hybrid Cloud ကို အသုံးပြုခြင်းအားဖြင့် SME များသည် ကောင်းမွန်သော အသုံးစရိတ်ပုံစံ (Consistent expense structure) ကို တည်ဆောက်နိုင်သည်။ အဆိုပါ အသုံးစရိတ်ပုံစံသည် ပြုပြင်ပြောင်းလဲရန် လွယ်ကူပြီး SME များအနေဖြင့် စီးပွားရေးလုပ်ငန်းကောင်းကျိုး (Business advantage) ကို ဖန်တီးနိုင်သည်။ SME များသည် မိမိတို့၏ မိုဘိုင်းအပလီကေးရှင်းများ (Mobile apps) မှတစ်ဆင့် ရယူချိတ်ဆက်ပြီး အွန်လိုင်းအသုံးပြုရပါမည်။ Pay-per-use ဝန်ဆောင်မှုသည် SME များလိုအပ်သော ဘတ်ဂျက်နှင့် ဝန်ဆောင်မှုများကိုဖြည့်ဆည်းပေးနိုင်သည်။ Pay-per-use Service ၏ သဘောမှာ စားသုံးသူ သို့မဟုတ် ဖောက်သည်များအနေဖြင့် ၎င်းတို့သုံးစွဲသော ဝန်ဆောင်မှုပမာဏအလိုက် ဝန်ဆောင်ခပေးချေရခြင်းမျိုးဖြစ်သည်။ ဤအစီအစဉ်အရ မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများ (Essential Services) ကို အခမဲ့ဖြည့်ဆည်းပေးလေ့ရှိသည်။

ထို့ကြောင့် ဒေသ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်အတွက် SME များသည် နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေးကို အသုံးပြုရန်လိုအပ်သည်။ ပေါ်လစီချမှတ်သူများသည် ပေါ်လစီအကန့်အသတ်များကို ဖြေလျှော့ခြင်း၊ အခြေခံအဆောက်အအုံကိုမြှင့်တင်ခြင်း၊ SME များအား ပြည်ပဈေးကွက်သို့ ပိုမိုထိုးဖောက်ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်ပေးလျက် ရှိသည်။ လက်ရှိစီးပွားရေး အောင်မြင်မှုအတွက် SME များသည် မိုဘိုင်းအပလီကေးရှင်းများမှတစ်ဆင့် ရယူချိတ်ဆက်လျက် Online ကို အားထားအသုံးပြုရန် လိုအပ်ပါသည်။ ဒေသအတွင်း ပြိုင်ဆိုင်မှုပြင်းထန်လာသည်နှင့်အမျှ SME များသည် ၎င်းတို့၏ အဓိကစီးပွားရေးလုပ်ငန်းကို ပိုမိုအာရုံစိုက်ရန်အတွက် နည်းပညာ (Technology) ကို အကျိုးရှိရှိ အသုံးပြုရပါမည်။

Source: mis-asia.com

❑

Commerce ကာတွန်း



# ခာတ်ဆီ/ဒီဇယ်

## ဒီတစ်ပတ် ဒီဇယ်တစ်မျိုးတည်းသာ တင်သွင်းမှုရှိ

ဒီဇင်ဘာ ၂၄ ရက်မှ ၃၀ ရက်အထိသီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၁၉၁၆၄၅၃၆ တန်ဖိုးရှိ ဒီဇယ် ၃၅၅၅၀ ဒသမ ၄၃ တန်ကို ပင်လယ်ရေကြောင်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဒီဇယ်တစ်မျိုးတည်းသာ တင်သွင်းခဲ့ပြီး ခာတ်ဆီ တင်သွင်းမှုမရှိဘူးလို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ် တန်ချိန် ၁၅၇၉၄၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဒီဇယ်တန်ချိန် ၁၂၂၃၉၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် နိုဝင်ဘာလအတွင်း ခာတ်ဆီ၊ဒီဇယ် တင်သွင်းမှုမှာ တန်ချိန် ၃၉၇၃၃၀ ကျော် ရှိခဲ့ပြီး ဒီဇင်ဘာလအတွင်း ခာတ်ဆီ၊ ဒီဇယ် တင်သွင်းမှုမှာ တန်ချိန် ၅၀၈၁၂၀ ကျော်ရှိခဲ့တာကြောင့် ဒီဇင်ဘာလမှာ ခာတ်ဆီ၊ ဒီဇယ်တန်ချိန် ၁၁၀၇၉၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ဒီဇင်ဘာ ၂၃ ရက်မှ ၂၉ ရက် သီတင်းပတ်အတွင်း နယ်စပ်စခန်းဖြစ်တဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၆၉၁၆၅၈ တန်ဖိုးရှိ ဒီဇယ် တန် ၃၁၀၀ ကို တင်သွင်းခဲ့ပြီး မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၈၇၂ တန်ဖိုးရှိ Re-export ဒီဇယ် ၁၄၇၁၃ ဒသမ ၇၁၄ တန်ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်**မှာ ခာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ အောက်တိန်း (92)၊ (95) ၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ၇၉၅ ကျပ်၊အောက်တိန်း (92) ကျပ် ၇၉၀၊ အောက်တိန်း (95) ကျပ် ၈၄၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၈၂၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇန်နဝါရီ ၂ ရက်မှာ ဒီဇယ် ဝယ်ဈေး ကျပ် ၁၆၂၀၀၀၊ ရောင်းဈေး ကျပ် ၁၆၅၀၀၀ နဲ့ အရောင်းအဝယ် ဖြစ်ခဲ့ရာ ဇန်နဝါရီ ၅ ရက်နေ့တွင် ဝယ်ဈေး ၊ ရောင်းဈေး ကျပ် ၁၀၀၀ ဈေးမြင့်၍ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဇန်နဝါရီ ၂ ရက်မှာ ခာတ်ဆီဝယ်ဈေး ကျပ် ၁၇၅၀၀၀၊ ရောင်းဈေး ကျပ် ၁၈၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ ယှဉ်ရင် ဒီဇယ်ရော ခာတ်ဆီပါ ဈေးအနည်းငယ်ကျခဲ့တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်**မှာ ခာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း (92)၊ အောက်တိန်း(95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း (95) တစ်လီတာ ၉၃၅ ကျပ်၊ ဒီဇယ် တစ်လီတာ ၈၃၅ ကျပ် ၊အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၅၅ ကျပ်၊ အောက်တိန်း(92)တစ်လီတာ ၈၆၅ ကျပ်၊ ခာတ်ဆီ တစ်လီတာ ကျပ် ၈၀၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇန်နဝါရီလ ၂ ရက်တွင် ဒီဇယ်ဝယ်ဈေး ကျပ် ၁၇၇၀၀၀၊ ရောင်းဈေး ကျပ် ၁၈၀၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း (92)ဈေးမှာ ဇန်နဝါရီလ ၂ ရက်တွင် ဝယ်ဈေး ကျပ် ၁၇၃၀၀၀၊ ရောင်းဈေးကျပ် ၁၇၇၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီဇယ်ရော ခာတ်ဆီပါ ဈေးအနည်းငယ်မြင့်ခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်**မှာ အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာရောင်းချနေတဲ့ တစ်လီတာဈေးများမှာ ခာတ်ဆီ ၇၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ကျပ် ၈၆၀၊ အောက်တိန်း(92) ကျပ် ၈၄၀၊ အောက်တိန်း (95) ကျပ် ၈၈၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခာတ်ဆီတစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၃၉၀၀၊ အောက်တိန်း (92)တစ်ဂါလံ ကျပ် ၃၈၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၄၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်**မှာအရောင်းအဝယ်ပုံမှန်ရှိပြီး ဒီတစ်ပတ် ဈေးအနည်းငယ် မြင့်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ်တစ်လီတာ ကျပ် ၈၆၀ ၊ အဆင့်မြင့်ဒီဇယ် ကျပ် ၈၈၀၊ အောက်တိန်း (92) ကျပ် ၈၇၀ ၊ အောက်တိန်း (95) ကျပ် ၁၀၁၀ နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၃၈၀၀၊ အောက်တိန်း (92) တစ်ဂါလံ ကျပ် ၃၉၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

MIRT-DOT



## ပြည်တွင်းငွေလဲနှုန်းများ အနည်းငယ်ကျဆင်း

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ပြည်တွင်းငွေလဲနှုန်း အနည်းငယ်ကျဆင်းခဲ့ပြီး ယခုတစ်ပတ်တွင်လည်း ဆက်လက်ကျဆင်းခဲ့ကြောင်း ငွေလဲဈေးကွက်မှ စုံစမ်းသိရှိရသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကလည်း ၎င်း၏ ရည်ညွှန်းငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာ ၁၃၆၁ ကျပ်မှ ၁၃၅၈ ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဇန်နဝါရီ ၂ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၃၅၂ ကျပ်၊ ဝယ်ဈေး ကျပ် ၁၃၅၀ ၊ ဇန်နဝါရီ ၄ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၃၅၂ ကျပ်၊ ဝယ်ဈေး ကျပ် ၁၃၅၀ ရှိခဲ့ပြီး ဇန်နဝါရီ ၅ ရက်တွင် ရောင်းဈေး ၁၃၄၉ ကျပ်၊ ဝယ်ဈေး ၁၃၄၇ ကျပ်သို့ ရောက်ရှိကာ ဈေး အနည်းငယ်ကျဆင်းသွားကြောင်း ငွေလဲဈေးကွက်မှ သိရှိရသည်။

## ဈေးတက်နေပေမယ့် မရေရာသေးတဲ့ ရွှေဈေးကွက်

၂၀၁၈ ခုနှစ်အတွက်ရွှေလေ့လာဆန်းစစ်သူတချို့ရဲ့ အမြင်အရ လေးလကြာမျှ အမြင့်တန်းမှာ ရပ်တည်နေတဲ့ ရွှေဈေးကွက်ဟာ အနည်းငယ် ပြန်ကျလာနိုင်ပြီး ဇန်နဝါရီ ပထမပတ်တွင် အမေရိကန်ဒေါ်လာ ၁၃၁၉ ဝန်းကျင်နဲ့ ဈေးပိတ်သွားခဲ့တာကြောင့် အကျတစ်ခု ဖြစ်လာနိုင်တယ်လို့မှန်းဆထားကြောင်း သိရှိရပါတယ်။

အမေရိကန်အစိုးရရဲ့ နှစ်တိုနှစ်ရှည် အတိုးကွာခြားချက် ကျဉ်းမြောင်းလာခြင်းကြောင့် စီးပွားရေးသီအိုရီအရ စီးပွားပျက်ကပ်တစ်ခု ဖြစ်လာနိုင်တယ်ဆိုတဲ့ ခန့်မှန်းချက်ဟာလည်း အမေရိကန်ဒေါ်လာဈေး အကျဘက်ကို အားပေးလာနိုင်သလို ဒေါ်လာဈေးအကျဟာလည်း ရွှေဈေးကျဖို့ ဖိအားဖြစ်လာနိုင်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ထားပါတယ်။

ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်းက ကျပ် ၉၃၃၀၀၀ ကျော်အထိ မြင့်တက်ခဲ့တဲ့ ရွှေဈေးဟာ ယခုတစ်ပတ်မှာလည်း ဆက်လက်မြင့်တက်ခဲ့တယ်လို့ ပြည်တွင်းရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

ပြည်တွင်းရွှေဈေးဟာ လွန်ခဲ့တဲ့တစ်ပတ်က ကျပ် ၉၃၅၀၀၀ ရှိခဲ့ပြီး ဒီတစ်ပတ်မှာတော့ ကျပ် ၉၃၇၀၀၀ ထိ ဈေးမြင့်တက်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ကျပ် နှစ်သောင်းအထိ ဈေးမြင့်တက်မှုရှိခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ကျပ် နှစ်ထောင်သာ ဈေးတက်ခဲ့တယ်လို့ ရွှေဈေးကွက်အတွင်းမှ သိရှိရပါတယ်။

ပြည်တွင်း ရွှေဈေးကွက်တွင် ဇန်နဝါရီလ ၂ ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၃၇၀၀၀ ရှိခဲ့ပြီး ဇန်နဝါရီ ၄ ရက်တွင် ကျပ် ၉၃၃၅၀၀ သို့ ပြန်လည်ကျဆင်းသွားသော်လည်း ဇန်နဝါရီ ၅ ရက်တွင် ကျပ် ၉၃၇၀၀၀သို့ ပြန်လည် မြင့်တက်ခဲ့ပါတယ်။

ကမ္ဘာ့ရွှေဈေးကွက်တွင် ဇန်နဝါရီ ၂ ရက်က တစ်အောင်စလျှင် ၁၃၀၉ အမေရိကန်ဒေါ်လာ ရှိခဲ့ပြီး ဇန်နဝါရီ ၅ ရက်တွင် ၁၃၂၁ အမေရိကန်ဒေါ်လာသို့ ဆက်လက်မြင့်တက်ခဲ့ပါတယ်။

## Currency Exchange Rate

January 5, 2018
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.27 |
| BDT | Bangladesh Taka | 82.66 |
| CAD | Canada Dollars | 1.25 |
| CNY | China Yuan Renminbi | 6.49 |
| EUR | Euro | 0.83 |
| H KD | Hong Kong Dollars | 7.82 |
| I NR | India Rupees | 63.39 |
| I DR | Indonesia Rupiahs | 13419.59 |
| JPY | Japan Yen | 113.02 |
| MYR | Malaysia | 3.99 |
| PKR | Pakistan Rupees | 110.75 |
| PHP | Philippines Pesos | 49.78 |
| RUB | Russia Rubles | 56.95 |
| SGD | Singapore Dollars | 1.33 |
| KRW | South Korea Won | 1063.06 |
| LKR | Sri Lanka Rupe | 153.51 |
| THB | Thailand Baht | 32.22 |
| GBP | United Kingdom Pounds | 0.74 |
| VND | VietnamDon | 22708.30 |

22708.55*Source:xe.com*

## World Gold Price

January-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 1 | 1308 | 1306 | 1307 |
| 2 | 1308 | 1310 | 1307 |
| 3 | 1315 | 1314 | 1315 |
| 4 | 1317 | 1317 | 1318 |
| 5 | 1323 | 1321 | 1322 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 1-1- 2018 | - | - |
| 2-1- 2018 | 937.00 | 936.40 |
| 3-1- 2018 | 935.00 | 935.50 |
| 4-1- 2018 | 935.50 | 932.50 |
| 5-1- 2018 | 937.00 | 936.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇန်နဝါရီလ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 1 | 6.51 | 32.56 | 83.15 | 63.83 |
| 2 | 6.50 | 32.48 | 83.77 | 63.68 |
| 3 | 6.50 | 32.43 | 83.16 | 63.49 |
| 4 | 6.48 | 32.21 | 83.12 | 63.37 |
| 5 | 6.49 | 32.22 | 82.66 | 63.39 |

## Energy NYMEX 5-1-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 61.85 | -0.16 | -0.26 |
| Brent Crude Futr (USD/bbl) | 67.91 | -0.16 | -0.24 |
| Gasoline Rbob Fut (Cent/gal) | 179.89 | -0.78 | -0.43 |
| Natural Gas Futr (USD/MMBtu) | 2.85 | -0.03 | 0.90 |
| Heating Oil Futr (Cent/gal) | 207.07 | -0.63 | -0.30 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 1-January | 16.94 | 3287.49 | 2238.38 | 7143.83 | 929.00 |
| 2-January | 16.39 | 3295.86 | 2239.26 | 7158.81 | 931.00 |
| 3-January | 16.51 | 3337.30 | 2230.45 | 7124.43 | 941.00 |
| 4-January | 6.75 | 3373.44 | 2230.45 | 7131.26 | 956.00 |
| 5-January | 16.82 | 3378.07 | 2307.59 | 7133.25 | 959.00 |

## ဘိလပ်မြေ

# ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၅၀၀နီးပါးတင်သွင်း

ဒီဇင်ဘာ ၂၄ ရက်မှ ၃၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၆၉၄၅၀ တန်ဖိုးရှိ ဘိလပ်မြေ ၄၈၇ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဆင်နဲ့စိန်တံဆိပ်ဘိလပ်မြေများ ဝင်လာခဲ့တယ်လို့လည်း သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေတန်ချိန် ၂၀၀ နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၂၈၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ဒီဇင်ဘာ ၂၃ ရက်မှဒီဇင်ဘာ ၂၉ ရက်အထိသီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာတန်ချိန် ၁၀၃၈၀ ကျော်ရှိပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၁၈၃၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၁၄၄၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ် ရေကြောင်းလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ အဝင်လျော့ခဲ့ပါတယ်။

# ဘိလပ်မြေစျေးကွက် အရောင်းသွက်

မော်လမြိုင်ဘိလပ်မြေစျေးကွက်မှာအရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဆင်မြန်မာ၊ ကြံ့(မြိုင်ကလေး)နဲ့ ဆင်(ထိုင်း)က စျေးငြိမ်နေပြီး စိန်(ထိုင်း)က ကျပ် ၂၀၀ ကျော်စျေးကျလာတယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူ တစ်ဦးက ပြောပါတယ်။

စျေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့စျေးမှာ ဆင်မြန်မာ ကျပ် ၄၇၀၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြိုင်ကလေး) ကျပ် ၄၈၀၀၊ စိန်(ထိုင်း)၅၂၂၅ကျပ် နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေစျေးကွက်မှာ** အရောင်းအဝယ်သွက်ပြီး စျေးငြိမ်တယ်လို့ သိရပါတယ်။ စျေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့စျေးမှာ အေသုံးလုံးကျပ် ၄၆၀၀၊ ကြံ့နှစ်ကောင် ကျပ် ၄၈၀၀၊ အယ်လ်ဖာ ကျပ် ၄၈၀၀၊ မော်လမြိုင်ဆင် ကျပ် ၅၅၀၀၊ ခရောင်း ကျပ် ၅၀၀၀၊ အပါချီ ကျပ် ၄၉၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေစျေးကွက်မှာ** မိုးများနေတာကြောင့် အရောင်းအဝယ် နည်းနည်း အေးတယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူ တစ်ဦးက ပြောပါတယ်။

ဒီတစ်ပတ် အပါချီဘိလပ်မြေနဲ့ကြံ့ဘိလပ်မြေက ကျပ် ၁၀၀ စျေးကျပြီး ဆင်(ထိုင်း)ဘိလပ်မြေကယခင်စျေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ စျေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့စျေးမှာ ဆင်မြန်မာ ကျပ် ၄၈၀၀၊ ကြံ့ကျပ် ၄၅၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀၊ အပါချီ ကျပ် ၄၇၀၀၊ စိန်(ထိုင်း) ကျပ် ၆၁၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးစျေးကွက်မှာ** ပွင့်လင်းရာသီနဲ့အတူ ဆောက်လုပ်ရေးလုပ်ငန်းများ ကြောင့်အရောင်းအဝယ်သွက်ပြီးစျေးငြိမ်တယ်လို့ သိရပါတယ်။

စျေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့စျေးမှာ စိန်(ထိုင်း) ကျပ် ၇၀၀၀၊ အပါချီ ကျပ် ၄၂၀၀၊ ကမ္ဘောဇ ကျပ် ၄၀၀၀၊ နဂါးကျပ် ၄၄၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

## စာတ်မြေဩဇာ

# မြေဩဇာတန်ချိန် ၅၀၀၀ နီးပါးဝင်

ဒီဇင်ဘာလ ၂၄ ရက်မှ ၃၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၇၁၁၄၇၈ တန်ဖိုးရှိ မြေဩဇာ ၄၉၉၉ ဒသမ ၄၇၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မြေဩဇာတင်သွင်းမှုမှာ ကနေဒါနိုင်ငံမှ ၁၉၄ ဒသမ ၉၄၅ တန်၊ တရုတ်နိုင်ငံမှ ၁၀၁၂ ဒသမ ၅၀ တန်၊ ဂျပန်နိုင်ငံမှ ၇၆ ဒသမ ၅၀ တန်၊ ကိုရီးယားနိုင်ငံမှ ၆၄၆ ဒသမ ၇၇ တန်၊ နော်ဝေနိုင်ငံမှ ၉၈ ဒသမ ၇၆ တန် နဲ့ ထိုင်းနိုင်ငံမှ ၂၉၇၀ တန် ရှိခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများကတော့ အာမို၊ ကွန်ပေါင်း၊ ဓာတ်ဆား၊ ကွန်ပေါင်း(၁၂း၁၁း၁၈)၊ အမိုးနီးယားနဲ့အော်ဂဲနစ်တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေဩဇာတန်ချိန် ၃၇၆၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ မြေဩဇာတန်ချိန် ၁၂၃၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

# မြေဩဇာစျေးကွက် အရောင်းပုံမှန်ရှိ

ဒီဇင်ဘာလ ၂၃ ရက် မှ ဒီဇင်ဘာ ၂၉ ရက်အထိ နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာ တန်ချိန် ၁၄၆၀၀ ကျော် ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန်၁၅၃၅၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၇၅၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းမှ အဝင်ပိုပြီး နယ်စပ်လမ်းမှ မြေဩဇာ အဝင်လျော့ခဲ့ပါတယ်။ ပြည်တွင်းစျေးကွက်များဖြစ်တဲ့ မော်လမြိုင်၊ တောင်ကြီး၊မန္တလေးနဲ့မကွေးမှာ အရောင်းပုံမှန်ရှိတယ်လို့သိရပါတယ်။

**မော်လမြိုင်စျေးကွက်မှာ** ဆောင်းသီးနှံအတွက် အရောင်းအဝယ်ပုံမှန်ရှိပြီး ယခင်စျေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ စျေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့စျေးမှာ ပုလဲ-အသေး ၄၆%(ရွှေတုံး၊ရွှေပျား-တရုတ်)ကျပ် ၂၄၅၀၀၊ ပုလဲ-အသေး၄၆% (ရွှေတောင်-တရုတ်) ကျပ် ၂၄၀၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း)ကျပ် ၄၀၅၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၃၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၃၅၀၀၊ တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးစျေးကွက်မှာ** ဆောင်းသီးနှံအတွက် အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် သီးစုံ(ဝါစိမ်းပြာ)နဲ့ မြားကမ္ဘာက ကျပ် ၂၀၀၀ စျေးကျခဲ့ပြီး ယူရီးယားကကျပ်၆၀၀ စျေးမြင့်ကာကျန်မြေဩဇာများက ယခင်စျေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ စျေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့စျေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၅၈၀၀၊ ဆင်၁၀း၁၀း၅ကျပ် ၁၆၉၀၀၊ အာမို ၁၅း၁၅း၁၅ကျပ် ၃၇၂၀၀၊ အာမို၁၆း၁၆း၈ ကျပ် ၃၅၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ သီးစုံ(ဝါစိမ်းပြာ)ကျပ် ၁၈၅၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်)ကျပ် ၂၅၈၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၅၅၀၀၊ ဇာမဏီ ကျပ် ၁၇၂၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ မြားကမ္ဘာ(၁၅း၇း၈) ကျပ် ၁၈၅၀၀၊ တီစူပါ ကျပ် ၂၂၈၀၀၊ တောင်သူမ ကျပ် ၁၅၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**တောင်ကြီးစျေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ယူရီးယားက ကျပ် ၅၀၀နဲ့ ပိုတက်က ကျပ် ၄၀၀ စျေးမြင့်ပြီး ကျန်မြေဩဇာများက ယခင်စျေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ စျေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့စျေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၅၇၀၀၊ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၅၇၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၆၀၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၇၀၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၈၀၀ ၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုတက်(တရုတ်)ကျပ် ၂၄၀၀၀၊ ယူရီးယား (ယူအေအီး)ကျပ် ၂၂၅၀၀ ၊ မြားကမ္ဘာကျပ် ၁၆၀၀၀ စျေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စျေးကွက် အတွင်းမှ စုံစမ်းသိရပါတယ်။

**မန္တလေးစျေးကွက်မှာ** ဆောင်းသီးနှံများအတွက် အရောင်းအဝယ်ပုံမှန်ရှိသလို စျေးကတော့ငြိမ်နေတယ်လို့ သိရပါတယ်။

စျေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့စျေးမှာယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၃၉၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၄၀၀၀၊ တီစူပါ ၄၆%တရုတ် ကျပ် ၂၁၈၀၀၊ မြားသီးစုံ ကျပ် ၁၄၄၀၀၊ ပန်းသီးစုံ ကျပ် ၁၅၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၆၂၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ဒီတစ်ပတ် နို့ဆီအဝင်ပိုပြီး နို့မှုန့်အဝင်လျော့

ဒီဇင်ဘာလ ၂၄ ရက်မှ ၃၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၆၀၀၇၉ တန်ဖိုးရှိ နို့ဆီ ၃၈၀ ဒသမ ၉၈၆ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် Cow Bell , Falcon ,Ship, Hawk တို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီတန်ချိန် ၂၁၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ နို့ဆီတန်ချိန် ၁၆၀ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ နယူးဇီလန်နိုင်ငံမှ ၁၂၇ ဒသမ ၉၂၅ တန်နဲ့ မလေးရှားနိုင်ငံမှ ၁၉ ဒသမ ၇၇၆ တန်၊ စုစုပေါင်း ၁၄၇ ဒသမ ၇၀၁ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့်တန်ချိန် ၂၀၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန်၅၀ ကျော် တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီအဝင်ပိုပြီး နို့မှုန့်အဝင်လျော့ခဲ့ပါတယ်။

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၃/၁၂ မှ ၂၉/၁၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၆/၁၂ မှ ၂၂/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | - | ၁၇၂၊၄၅ | (-) | ၁၇၂၊၄၅ |
| ၂။ | လွယ်ဂျယ် | ၂၁၀၊၀၀ | ၃၆၀၊၀၀ | (-) | ၁၅၀၊၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၂၁၇၈၊၀၀ | ၂၁၉၈၊၀၀ | (-) | ၂၀၊၀၀ |
| ၅။ | တာချီလိတ် | ၇၀၀၀၊၀၀ | ၄၇၅၀၊၀၀ | (+) | ၂၂၅၀၊၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | ၄၃၅၀၊၀၀ | (-) | ၄၃၅၀၊၀၀ |
| ၈။ | မြိတ် | ၁၀၀၀၊၀၀ | - | (+) | ၁၀၀၀၊၀၀ |
| | စုစုပေါင်း | ၁၀၃၈၈၊၀၀ | ၁၁၈၃၀၊၄၅ | (-) | ၁၄၄၂၊၄၅ |

မော်မော်အောင်

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၃/၁၂ မှ ၂၉/၁၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၆/၁၂ မှ ၂၂/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၁၆၅၃၊၃၉ | ၇၉၂၉၊၇၀ | (+) | ၃၇၂၃၊၆၉ |
| ၂။ | လွယ်ဂျယ် | ၁၅၀၊၀၀ | ၃၁၊၀၀ | (+) | ၁၁၉၊၀၀ |
| ၃။ | ချင်းရွှေဟော် | ၅၉၉၊၇၅ | ၄၄၄၊၇၅ | (+) | ၁၅၅၊၀၀ |
| ၄။ | ကန်ပိုက်တီး | ၁၆၀၊၀၀ | ၁၆၀၊၀၀ | | - |
| ၅။ | မြဝတီ | ၃၈၆၊၈၈ | ၉၀၆၊၇၂ | (-) | ၅၁၉၊၈၄ |
| ၆။ | ကော့သောင်း | - | ၃၁၇၈၊၅၀ | (-) | ၃၁၇၈၊၅၀ |
| ၇။ | မြိတ် | ၁၀၀၊၀၀ | - | (+) | ၁၀၀၊၀၀ |
| ၈။ | ရိုဒ် | ၁၅၅၀၊၀၀ | ၂၇၀၀၊၀၀ | (-) | ၁၁၅၀၊၀၀ |
| | စုစုပေါင်း | ၁၄၆၀၀၊၀၂ | ၁၅၃၅၀၊၆၇ | (-) | ၇၅၀၊၆၅ |

ခင်မိုးသူ

## နှမ်း

# မူဆယ်မှ နှမ်းပိုမိုတင်ပို့ပြီး ချင်းရွှေဟော်မှ လျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၁၆၈ သန်းတန်ဖိုးရှိ နှမ်းနက် ၃၅ တန်၊ နှမ်းဖြူတန် ၇၀နဲ့ နှမ်းဖြူ(အခွံချွတ်) ၃၉တန် စုစုပေါင်း ၁၄၄တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ကတင်ပို့ခဲ့တဲ့ ၁၂၅တန်နဲ့နှိုင်းယှဉ်ပါက ၁၉ တန် ပိုမိုတင်ပို့ခဲ့တာတွေ့ရပါတယ်။

အလားတူ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၈၀ သန်းတန်ဖိုးရှိ နှမ်းနက် ၁၂၇၃တန်ကျော်၊ နှမ်းညိုတန် ၅၀၀နဲ့နှမ်းညို (အခွံချွတ်)တန် ၁၆၀ ကျော် စုစုပေါင်း ၁၉၃၄ တန်ကျော် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၄၆၉ တန်ကျော်နဲ့နှိုင်းယှဉ်ပါက ၅၃၅ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဒီဇင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းပတ်အတွင်း နှမ်းဖြူတစ်တန်လျှင် ၁၈၀၈၅၅၄ ကျပ်နဲ့နှမ်းနက်တစ်တန်လျှင် ၁၆၀၄၈၈၈ ကျပ်ဈေးရှိပြီး ဒီဇင်ဘာလတစ်လလုံး မူဆယ်နဲ့ချင်းရွှေဟော်စခန်းနှစ်ခုပေါင်းမှ နှမ်းရောင်စုံ တန်ချိန်ရှစ်ထောင်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပြီး မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ နှမ်းနက် ၅၆တန်ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# ပြည်ဈေးကွက်တွင် နှမ်းဈေးငြိမ်ပေမယ့် နှမ်းဆီဈေးမြင့်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းဈေးငြိမ်နေတာတွေ့ရပါတယ်။ ပေါင်းတည်၊ မြန်အောင်နှင့် ကြံခင်းဘက်မှ တစ်နေ့လျှင် နှမ်းနက်အိတ် ၅၀၀ ခန့် ဝင်ရောက်လျက်ရှိပါတယ်။ အောင်လံဘက်မှ နှမ်းနက်သန့်သန့်ကို ဝယ်ယူပြီး မန္တလေးတိုင်းသို့ တင်ပို့မှုရှိတာကိုလည်း တွေ့ရပါတယ်။ ယခုရက် ပိုင်းမှာတော့ မိုးလေဝသအခြေအနေကြောင့် နေ့တိုင်းအရောင်းအဝယ် မဖြစ်ဘဲ ရက်ခြားသာအရောင်းအဝယ် ဖြစ်ပြီး တစ်ခါတစ်ရံတွင်အိတ် ၄၀၀ ခန့်အရောင်းအဝယ်ဖြစ်တာတွေ့ရပါတယ်။ ယခုတစ်ပတ်တွင် နှမ်းဈေး ပြောင်းလဲမှုမရှိဘဲ ယခင်တစ်ပတ်အတိုင်း နှမ်းနီ သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၀၅၀၀၀၊ နှမ်းနက်သုံးတင်း တစ်အိတ်လျှင်ကျပ် ၉၃၀၀၀နှင့် စမုံနက်နှမ်းသုံး တင်းတစ်အိတ်လျှင်ကျပ် ၁၁၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။နှမ်းဆီဈေးမှာ ရိုးရိုးနှမ်းဆီတစ်ပိဿာလျှင် ကျပ် ၅၀၀၀ နှင့် နှမ်းဦးဆီ တစ်ပိဿာလျှင်ကျပ် ၅၁၀၀ ဖြင့် နှမ်းဆီဈေးမြင့်လာကြောင်း သတင်းရရှိပါတယ်။

**ဝေဝေမင်း**

## စားအုန်းဆီ



# စားအုန်းဆီလက်ကျန် မြင့်မားမှုကြောင့် မလေးရှားစားအုန်းဆီဈေးများ ရက်သတ္တနှစ်ပတ်အတွင်း အနိမ့်ဆုံးသို့ကျဆင်း

မလေးရှားစားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးသည် ယမန်နေ့ကတစ်လအတွင်း အမြင့်ဆုံးသို့ရောက်ရှိခဲ့ရာမှ ဇန်နဝါရီ ၄ ရက်တွင် ပြန်လည်ကျဆင်းခဲ့သည်။

စားအုန်းဆီလက်ကျန်များ မြင့်မားလိမ့်မည်ဟု ခန့်မှန်းချက်များကလည်း ဈေးကွက်အပေါ်တွင် အကျိုးသက်ရောက်မှုရှိခဲ့ကြောင်း ကွာလာလမ်ပူမှ ကုန်သည်တစ်ဦးက ပြောသည်။

ဘာဆာမလေးရှားကုန်စည်ဒိုင်တွင် မတ်လအတွက် ပေးချေရန် ပဋိညာဉ်ချုပ်ဆိုသော စားအုန်းဆီ၏အခြေခံစံထားဈေးနှုန်းမှာ သုညဒသမ ၈ ရာခိုင်နှုန်းကျဆင်းပြီး ညနေဈေးပိတ်ချိန်၌ တစ်တန်ကို ၂၅၈၅ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၄၅ ဒသမ ၄၄) နှုန်းရှိခဲ့သည်။ ယင်းဈေးနှုန်းမှာ သုံးရက်အတွင်း အနိမ့်ဆုံးကျဆင်းသည့်ဈေးနှုန်းဖြစ်ပြီး နေ့အလိုက်ကျဆင်းမှုမှာ ရက်သတ္တနှစ်ပတ်အတွင်း အနိမ့်ဆုံးဖြစ်ခဲ့သည်။

သို့ရာတွင် ဝယ်လိုအားမြင့်တက်လာလိမ့်မည်ဟူသော ခန့်မှန်းချက်ကြောင့် ယခုရက်သတ္တပတ်တွင် စားအုန်းဆီဈေးနှုန်းသည် ၃ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ ယခင်နေ့က သုံးရာခိုင်နှုန်းတိုးတက်ခဲ့ရာမှ ယခုကဲ့သို့ မြင့်တက်ခဲ့ခြင်းဖြစ်သည်။

ဇန်နဝါရီ ၄ရက် ညနေပိုင်းတွင် စားအုန်းဆီရောင်းချမှုပမာဏမှာ တစ်တွဲလျှင် ၂၅ တန်ရှိ အတွဲပေါင်း ၇၀၁၇၉ တွဲအထိ ရောက်ရှိခဲ့သည်။ ဈေးကွက်အတွင်း၌ အမြတ်ရသဖြင့် ထုတ်ရောင်းသည့် အခြေအနေများတွေ့ရကြောင်းနှင့် ယမန်နေ့က ဈေးနှုန်းများမြင့်တက်ခဲ့ရာမှ ယနေ့တွင် ဈေးနှုန်းများ ပြန်ကျလာသည်ကိုတွေ့ရကြောင်း ကွာလာလမ်ပူအခြေစိုက် ကုန်သည်တစ်ဦးက ပြောသည်။

ဒီဇင်ဘာလကုန်ကရှိခဲ့သော စားအုန်းဆီလက်ကျန်ပမာဏမှာ ယခင်လကရှိခဲ့သော လက်ကျန်ထက် ပိုမိုမြင့်တက်မည်ဟု ခန့်မှန်းကြောင်း အဆိုပါကုန်သည်က ပြောသည်။

နိုဝင်ဘာတွင်ရှိခဲ့သော လက်ကျန်မှာ နှစ်နှစ်အတွင်း အမြင့်ဆုံးဖြစ်ပြီး ၁၆ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ရာ တန်ချိန်အားဖြင့် ၂ ဒသမ ၅၆ သန်းရှိခဲ့ကြောင်း မလေးရှားစားအုန်းဆီဘုတ်အဖွဲ့မှရရှိသော စာရင်းဇယားများတွင် ဖော်ပြသည်။

အခြားစားသုံးဆီဖြစ်သည့် ပဲပုပ်ဆီ၏ မတ်လအတွက် ကြိုရောင်းဈေးမှာ ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့၌ သုညဒသမ ၁ ရာခိုင်နှုန်းကျဆင်းပြီး တရုတ်နိုင်ငံဒါလီယံ ကုန်စည်ဒိုင်တွင် မေအတွက် ပဲပုပ်ဆီဈေးမှာ သုညဒသမ ၉ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

**ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၅-၁-၂၀၁၈)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၀၀၀ | ၅၃၀၀ | △ | ၄၈၀၀ | ၄၉၀၀ | △ | ၁၉၀၀ | ၁၉၀၀ | □ |
| ရန်ကုန် | ၅၂၀၀ | ၅၂၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၈၅၀ | ၁၈၅၀ | □ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၈၀၀ | ၄၆၀၀ | ▽ | ၁၇၅၀ | ၂၀၀၀ | △ |
| ပဲခူး | ၅၂၀၀ | ၅၂၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၈၅၀ | ၁၈၅၀ | □ |
| မကွေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| မုံရွာ | ၄၁၀၀ | ၄၁၀၀ | □ | ၄၇၀၀ | ၄၇၀၀ | □ | ၁၉၀၀ | ၂၁၀၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၅-၁-၂၀၁၈ US$/Ton

| အမျိုးအစား | ဒီဇင်ဘာစတုတ္ထပတ် | ဇန်နဝါရီပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၆၀၇.၀၀ | ၆၁၂.၀၀ | △ |
| **RBD P.Olein** | ၆၀၈.၀၀ | ၆၂၃.၅၀ | △ |
| **RBD P.Stearin** | ၆၀၈.၀၀ | ၆၁၆.၀၀ | △ |

***Source: bepi.mpob***

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၅-၁-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၃၁.၀၈ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၈၃ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၆၆ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၄၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၃.၇၈ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၉.၄၆ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၆ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၇၆.၇၁၆ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၅-၁-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၉၀ ဒေါ်လာနှင့် USD ဈေး ၁၃၅၈ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၅-၁-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၅၈ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# ပြည်ပဈေးကွက်များသို့ ပိုမိုတင်ပို့စေလို မြန်မာ့သီဟိုဠ်



သီဟိုဠ်စေ့သီးနှံ၏ အင်္ဂလိပ်အမည်မှာ Cashew ဖြစ်ပြီး ရုက္ခဗေဒအမည်မှာ Anacardium occidentale ဖြစ်ပါသည်။ မျိုးရင်းအမည်မှာ Anacardiaceae ဖြစ်ပါသည်။ မူရင်းဒေသမှာ ဘရာဇီးလ် နိုင်ငံဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

သီဟိုဠ်စေ့တွင် ကယ်လိုရီဓာတ် မြင့်မားစွာပါရှိပြီး ချေဖျက်လွယ်သော အမျှင်ဓာတ်များ၊ ဗီတာမင်နှင့် သတ္တုဓာတ်များ အလုံအလောက်ရှိခြင်း၊ အူမကြီးကင်ဆာမှ ကာကွယ်ပေးခြင်း၊ နှလုံးနှင့်နှလုံးသွေးကြောရောဂါများအတွက် အကောင်းဆုံးအဖော်မွန်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ စားသုံးသူများအတွက်များစွာအကျိုးရှိသောသီးနှံဖြစ်သည့်အတွက် ပြည်တွင်းသီဟိုဠ်စေ့ ထုတ်လုပ်သည့်လုပ်ငန်းများသည်လည်း တိုးတက်ပြောင်းလဲလာပါသည်။ ပြည်တွင်းသီဟိုဠ်စေ့ထုတ်လုပ်သည့်လုပ်ငန်းသည် ယခင်က တစ်ပိုင်တစ်နိုင် သမားရိုးကျ အိမ်တွင်းစက်မှုလက်မှု ထုတ်လုပ်နေခြင်းမှ ခေတ်မီစက်ကြီးများဖြင့် အဆင့်မြင့် အလတ်စားစက်မှုလုပ်ငန်းများဖြင့်တိုးတက်ထုတ်လုပ်လာသကဲ့သို့ ပြည်ပဈေးကွက်အထိ တင်ပို့နိုင်အောင် ကြိုးပမ်းလုပ်ကိုင်လာကြကြောင်း တွေ့ရပါသည်။

ပြည်တွင်းဈေးကွက်မှ ပြည်ပဈေးကွက်များသို့ တိုးချဲ့တင်ပို့လာခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိစေပြီး ပြည်ပထွက်ငွေလည်း လျော့ကျစေကြောင်းတွေ့ရှိရပါသည်။ ပြည်တွင်းမှစားသုံးသူများသည် ပြည်ပနိုင်ငံများမှ နည်းမျိုးစုံနှင့် ဝင်ရောက်သော စားသုံးကုန်များနှင့် အရည်အသွေးချင်းတူနေပါလျှင် ဈေးနှုန်းသက်သာပြီး သန့်ရှင်းလတ်ဆတ်သော ပြည်တွင်းစားသုံးကုန်များကို ရွေးချယ်စားသုံးကြကြောင်း တွေ့ရှိရပါသည်။

ကမ္ဘာတွင် သီဟိုဠ်စေ့ထုတ်လုပ်သောနိုင်ငံများကို လေ့လာရာတွင် အများဆုံးထုတ်လုပ်သည့်နိုင်ငံမှာ ၂၀၁၆ ခုနှစ် စာရင်းအရ အိုင်ဗရီကို့စ်နိုင်ငံဖြစ်ပြီး တန်ချိန် ၆၇၅၀၀၀ ခန့်ထုတ်လုပ်ကြောင်း တွေ့ရှိရပါသည်။ အိန္ဒိယနိုင်ငံသည် တန်ချိန် ၆၇၀၃၀၀၊ ဗီယက်နမ်နိုင်ငံသည် တန်ချိန် ၃၇၀၀၀၀၊ တန်ဇန်းနီးယားနိုင်ငံသည် တန်ချိန် ၂၅၀၀၀၀၊ ဂီနီအာဘစ်ဆောနိုင်ငံသည် တန်ချိန်၂၁၀၀၀၀၊ မိုဇမ်ဘစ်နိုင်ငံသည် တန်ချိန် ၁၃၀၀၀၀၊ ဘရာဇီးနိုင်ငံသည် တန်ချိန် ၁၂၀၀၀၀၊ ဘီနင်နိုင်ငံသည်တန်ချိန် ၁၀၀၀၀၀၊ ကမ္ဘောဒီးယားနိုင်ငံသည် တန်ချိန် ၈၅၀၀၀၊ ဘူကီနာဖာဆိုနိုင်ငံသည်တန်ချိန် ၈၀၀၀၀ ထုတ်လုပ်လျက်ရှိကြောင်းကို လေ့လာတွေ့ရှိရပါသည်။

(CASHEW WEEK Vol.18 Iss:4)

ကမ္ဘာတွင် သီဟိုဠ်စေ့အများဆုံး တင်သွင်းသောနိုင်ငံမှာ ၂၀၁၆ ခုနှစ်စာရင်းအရ အမေရိကန်ပြည်ထောင်စုဖြစ်ပြီး တန်ချိန် ၁၄၄၀၀၀၊ တရုတ်နိုင်ငံသည် တန်ချိန် ၅၃၀၉၀၊ နယ်သာလန်နိုင်ငံ သည် ၅၁၈၂၆ တန်၊ ယူအေအီးသည် ၂၂၇၂၆ တန်၊ ယူနိုက်တက်ကင်းဒမ်းသည် ၁၆၉၁၇ တန်၊ ဩစတြေးလျနိုင်ငံသည် တန်ချိန် ၁၅၁၀၀၊ ဂျာမနီနိုင်ငံသည် ၁၅၁၇၉ တန်၊ ကနေဒါနိုင်ငံသည် ၁၂၀၄၅ တန်၊ ဂျပန်နိုင်ငံသည် ၈၈၆၉ တန်၊ ထိုင်းနိုင်ငံသည် ၇၆၃၃ တန် တင်သွင်းလျက်ရှိကြောင်း သိရှိရသည်။

(CASHEW WEEK Vol.18 Iss:4)

မြန်မာနိုင်ငံတွင် သီဟိုဠ်စေ့စိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် စီးပွားဖြစ် စိုက်ပျိုးကြောင်းတွေ့ရှိရပါသည်။ တစ်နိုင်ငံလုံးအနေဖြင့် စုစုပေါင်းစိုက်ဧကနှစ်သိန်းဝန်းကျင်ခန့်ရှိပြီး အသီးခူးနိုင်သော ဧကမှာ ၁ ဒသမ ၅ သိန်းခန့်ရှိကြောင်း စိုက်ပျိုးရေးစာရင်းများအရ သိရှိရပါသည်။ စိုက်ပျိုးချိန်မှာ ဇွန်လဆန်း ၁၅ ရက်အတွင်းဖြစ်ပြီး ကုန်ကြမ်းငါးတန်မှ ကုန်ချောတစ်တန်သာ ရရှိကြောင်း သိရှိရပါသည်။ သီဟိုဠ်စိုက်ပျိုးနည်းစနစ်နှင့်မျိုးရွေးချယ်ခြင်းတွင်မျိုးစေ့ကို တိုက်ရိုက်ချ၍ဖြစ်စေ၊ ပလတ်စတစ်အိတ်ဖြင့် ပျိုးထောင်၍ဖြစ်စေ၊ မြေထုတ်စည်း၍ဖြစ်စေ၊ အဖူးကူးဆက်၍ဖြစ်စေ စိုက်ပျိုးနိုင်ကြောင်း၊ အနီမျိုးနှင့် အဝါမျိုးဟူ၍ နှစ်မျိုးရှိကြောင်း သိရပါသည်။ သီဟိုဠ်စားသုံးမှုပုံစံများမှာ သီဟိုဠ်စေ့အဆန်၊ သီဟိုဠ်သရက်အခွံဆီ၊ သီဟိုဠ်သရက်အဖျော်ယမကာ အဖြစ်စားသုံးကြောင်း သိရပါသည်။

ပြည်တွင်းသီဟိုဠ်စေ့ လက်ရှိပေါက်ဈေးမှာ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးတို့တွင် လအလိုက်ဖြစ်ပေါ်ခဲ့သော ပျမ်းမျှပေါက်ဈေးအား အောက်ဖော်ပြပါဇယားအရ သိရှိနိုင်ပြီး အရည်အသွေးပေါ်မူတည်၍ အရောင်းအဝယ်ရှိကြောင်း၊ ဈေးကောင်းရရှိကြောင်း တွေ့ရှိရပါသည်။ မြန်မာ့သီဟိုဠ်စေ့၏ အရသာနှင့် ကျန်းမာရေးအကျိုးကျေးဇူးများနှင့် အသုံးဝင်မှု၊ စားသုံးမှုများကြောင့် ပြည်တွင်းဈေးနှုန်းအခြေအနေများကို ကြည့်လျှင် ၂၀၁၅ခုနှစ်၊ ၂၀၁၆ခုနှစ်၊ ၂၀၁၇ ခုနှစ် သုံးနှစ်တွင် ဈေးအတက်များဖြင့်သာရှိပြီး ဈေးကောင်းရရှိကြောင်း တွေ့ရပါသည်။ ၂၀၁၆ ခုနှစ်တွင်လည်း ဩဂုတ်လမှစ၍ သိသိသာသာ ဈေးမြင့်လာကြောင်း၊ ၂၀၁၇ ခုနှစ်တွင်လည်း ဈေးကောင်းရရှိနေကြောင်းကို အောက်ပါအတိုင်း တွေ့ရပါသည်-

**ရန်ကုန်တိုင်းဒေသကြီး သီဟိုဠ်စေ့ဈေးနှုန်းနှိုင်းယှဉ်မှု**

ကျပ်/တန်




**တနင်္သာရီတိုင်းဒေသကြီး သီဟိုဠ်စေ့ဈေးနှုန်းနှိုင်းယှဉ်မှု**

ကျပ်/တန်




**မွန်ပြည်နယ်၏ သီဟိုဠ်စေ့ဈေးနှုန်း နှိုင်းယှဉ်မှု**

ကျပ်/တန်




## ခင်ချောစု (ကုန်သွယ်မြှင့်)

သီးနှံတချို့နှင့် သစ်သီးဝလံများကို မြန်မာနိုင်ငံတွင် တစ်စထက်တစ်စ တိုးတက်ထုတ်လုပ်ပြီး ပြည်ပသို့လည်း ပိုမိုတင်ပို့လာနိုင်သည်ကို တွေ့နေရပါသည်။ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကို ၂၀၁၆ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး နိုင်ငံအတွက်အလားအလာရှိသော သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များကို ပြည်ပသို့တင်ပို့နိုင်ရေး၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရေး၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရောင်းချခြင်းဟူသော value change တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ ကမ္ဘာတွင် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်သွင်းမှု အများဆုံးဖြစ်သော၊ တရုတ်နိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် အားသာချက်လည်းရှိသဖြင့် မြန်မာနိုင်ငံ၏သီးနှံများ တင်ပို့မှုမှာ တစ်စတစ်စ ကြီးမားလာကြောင်း သိရှိရပါသည်။

မြန်မာ့သီဟိုဠ်စေ့သီးနှံ၏ဘဏ္ဍာနှစ်အလိုက် ပြည်ပတင်ပို့နိုင်သည့်အခြေအနေကို အောက်ပါအတိုင်းတွေ့ရှိရမှာဖြစ်ပါသည်-

| ဘဏ္ဍာနှစ် | တန်ချိန် | တန်ဖိုး (ဒေါ်လာ သန်းပေါင်း) |
|---|---|---|
| ၂၀၁၁-၂၀၁၂ | ၂၃၁၃ | ၁၄. ၂၁၇ |
| ၂၀၁၂-၂၀၁၃ | ၃၄၃၀ | ၂၄. ၀၀၈ |
| ၂၀၁၃-၂၀၁၄ | ၃၉၇၈ | ၁၄. ၅၅၁ |
| ၂၀၁၄-၂၀၁၅ | ၁၈၆၈ | ၁၃. ၅၁၂ |
| ၂၀၁၅-၂၀၁၆ | ၂၄၆၇ | ၁၅. ၅၃၂ |
| ၂၀၁၆-၂၀၁၇ | ၁၇၂၀ | ၈. ၃၄၀ |
| ၂၀၁၇-၂၀၁၈ (၁၅. ၁၂. ၁၇) | ၂၄၃၅. ၄၀၉ | ၁၀. ၀၁၇ |

Source : Customs Data + DCCA

အထက်ပါစာရင်းအရ သီဟိုဠ်စေ့ ပြည်ပတင်ပို့မှုမှ ရရှိသော နိုင်ငံခြားငွေသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှစ၍ ပျမ်းမျှအားဖြင့် နှစ်စဉ်အမေရိကန်ဒေါ်လာ ၁၄ သန်းခန့်ရရှိကြောင်း တွေ့ရပါသည်။

သီဟိုဠ်စေ့သီးနှံ၏လမ်းကြောင်းအလိုက် တင်ပို့မှု/ယခင်ဘဏ္ဍာနှစ်ကာလတူ နှိုင်းယှဉ်ချက်-

**မြန်မာနိုင်ငံမှ သီဟိုဠ်စေ့ ပြည်ပတင်ပို့နိုင်မှု**
**(ကာလတူနှိုင်းယှဉ်ချက်) စာရင်း**

ရေတွက်ပုံ-တန်ချိန်၊ တန်ဖိုး-အမေရိကန်ဒေါ်လာ (သန်း)

| စဉ် | တင်ပို့မှုလမ်းကြောင်း | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (၁၅-၁၂-၂၀၁၇) ထိ | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (၁၅-၁၂-၂၀၁၆) ထိ | | နှိုင်းယှဉ်ချက် | |
|---|---|---|---|---|---|---|---|
| | | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး |
| (က) | ပင်လယ်ရေကြောင်း | ၁၆၁၅·၇၄ | ၄·၄၇၀ | ၈၀၀·၀၀ | ၃·၀၇၈ | ၈၁၅·၇၄ | ၁·၃၉၂ |
| (ခ) | နယ်စပ်လမ်းကြောင်း | ၈၁၉·၆၇ | ၅·၅၄၇ | ၇၉၅·၈၁ | ၄·၉၉၃ | ၂၃·၈၇ | ၀·၅၅၄ |
| | စုစုပေါင်း | ၂၄၃၅·၄၁ | ၁၀·၀၁၇ | ၁၅၉၅·၈၁ | ၈·၀၇၁ | ၈၃၉·၆၀ | ၁·၉၄၆ |

Source : Customs Data + DCCA

စာမျက်နှာ - ၁၃ သို့

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ၂၀၁၈ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ စွမ်းအင်ဝယ်လိုအား မြင့်တက်နိုင်

ထိုင်းနိုင်ငံ၏စွမ်းအင်ဝယ်လိုအားသည် ၂၀၁၈ ခုနှစ်တွင် မြင့်တက်လာမည်ဖြစ်ရာ တစ်ရက်လျှင် ရေနံစိမ်းစည်ပေါင်း ၂ ဒသမ ၈၁ ဘီလီယံလိုအပ်၍ ၂ ဒသမ ၁ မှ ၂ ဒသမ ၄ ရာခိုင်နှုန်းထိမြင့်တက်လာနိုင်ကြောင်း ထိုင်းနိုင်ငံ၊ စွမ်းအင်ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Twarath Sutaburr က ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံ၏ ယခုနှစ်အတွင်း ရေနံစိမ်းတစ်စည်၏ ပျမ်းမျှဈေးနှုန်းသည် ဒေါ်လာ ၅၂ ဒသမ ၇၀ ရှိခဲ့ပြီး ကြီးမားသောပဋိပက္ခနှင့် ပထဝီဝင်နိုင်ငံရေးပြဿနာ ကြီးကြီးမားမား မရှိပါက ၂၀၁၈ ခုနှစ်အတွင်း ရေနံဈေးနှုန်းသည် ယခုနှစ်ဈေးနှုန်းထက် သိသိသာသာ မြင့်တက်မှုမရှိနိုင်ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ သယ်ယူပို့ဆောင်ရေးနှင့် လျှပ်စစ်ထုတ်လုပ်ရေးအတွက် သဘာဝဓာတ်ငွေ့ ဝယ်လိုအားသည် ကျဆင်းလာမည်ဖြစ်ပြီး ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုကို အားပေးသည့် အစိုးရ၏ အစီအမံများကြောင့် ပြန်ပြည့်မြဲ စွမ်းအင်ဝယ်လိုအားသည် ၂၀၁၈ ခုနှစ်တွင် သိသိသာသာတိုးတက်လာမည်ဖြစ်ကြောင်း၊ စားအုန်းဆီမှထုတ်ယူရရှိသည့် ဘိုင်အိုဒီဇယ်ကို ရေနံအရောင်းဆိုင်များ၌ ရောင်းချမှုကိုလည်း ၇ ရာခိုင်နှုန်းအထိ မြှင့်တင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ ထို့ပြင် ၂၀၁၈ ခုနှစ်တွင် လျှပ်စစ်ဝယ်လိုအားသည် ကီလိုဝပ်နာရီ ၁၉၂ ဒသမ ၉၂ ဘီလီယံသို့ ရောက်ရှိ၍ ၄ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းမှုသည် လျှပ်စစ်တင်ပို့မှု၊ စက်မှုကဏ္ဍနှင့် ခရီးသွားကဏ္ဍများအပေါ် အခြေခံထားခြင်းဖြစ်ပါသည်။

သန့်စင်ပြီး လောင်စာများဖြစ်ကြသော ဓာတ်ဆီဝယ်လိုအားသည် ၃ ဒသမ ၈ ရာခိုင်နှုန်း၊ ဒီဇယ်ဝယ်လိုအားသည် ၂ ဒသမ ၆ ရာခိုင်နှုန်း၊ ဂျက်လေယာဉ်ဆီဝယ်လိုအားသည် ၄ ဒသမ ၄ ရာခိုင်နှုန်းအသီးသီး တိုးတက်၍ သန့်စင်ပြီး လောင်စာတိုးတက်မှုသည် ၂ ရာခိုင်နှုန်းတိုးတက်ရန်လည်း ခန့်မှန်းထားပါသည်။ သဘာဝဓာတ်ငွေ့ရည်ကဏ္ဍအပေါ် အစိုးရ၏အထောက်အပံ့များ လျှော့ချလိုက်သဖြင့် သဘာဝဓာတ်ငွေ့ရည် (Liquefied Petroleum Gas - LPG) ဝယ်လိုအားသည် ၁ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## ကုလားပဲလုံးဖြူနှင့် ပဲနီလေးတင်သွင်းမှုအပေါ် သွင်းကုန်ခွန် ၃၀ ရာခိုင်နှုန်း အိန္ဒိယအစိုးရတိုးမြှင့်သတ်မှတ်

အိန္ဒိယနိုင်ငံတွင် လာမည့်သီးနှံ ပေါ်ချိန်၌ ကုလားပဲလုံးဖြူ (Chana) နှင့် ပဲနီကလေး (Masoor) အထွက်နှုန်း မြင့်မားမည်ဟု ခန့်မှန်းထားသည့်အတွက် တောင်သူလယ်သမားများ၏ အကျိုးစီးပွားကိုကာကွယ်ရန် အဆိုပါပဲများ တင်သွင်းမှုအပေါ် သွင်းကုန်ခွန် ၃၀ ရာခိုင်နှုန်းစည်းကြပ် ရန် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် အိန္ဒိယအစိုးရက ထုတ်ပြန်ကြေညာလိုက်သည်။

ဈေးပေါသည့် သွင်းကုန်များအား လျှော့ချခြင်းမပြုဘဲ တင်သွင်းခွင့်ပြုမည်ဆိုပါက ပြည်တွင်းမှ တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ဆိုးရွားစွာ ထိခိုက်နိုင်ဖွယ်ရှိသောကြောင့် အစိုးရအနေဖြင့် တောင်သူ များအကျိုးကို ကာကွယ်ရန်အလို့ငှာ ပဲတင်သွင်းမှုအပေါ် သွင်းကုန်ခွန်များ စည်းကြပ်ကောက်ခံရန် ဆုံးဖြတ်ရခြင်းဖြစ်သည်ဟု အစိုးရ၏ ကြေညာချက်၌ ဖော်ပြထားပါသည်။

လောလောဆယ်တွင် အိန္ဒိယအစိုးရသည် ပဲစင်းငုံ(Tur) အပေါ် သွင်းကုန်ခွန် ၁၀ ရာခိုင်နှုန်း၊ ပဲလုံးဝါများ (yellow peas)အပေါ် သွင်းကုန်ခွန် ၅၀ရာခိုင်နှုန်းကောက်ခံနေပြီး အခြားပဲ အမျိုးအစားများအပေါ် သွင်းကုန်ခွန်ကောက်ခံမှု မရှိကြောင်း၊ ပဲထုတ်လုပ်မှုမှာ စံချိန်တင်ခဲ့သည့်အတွက် ပြည်တွင်းတွင် လုံလောက်မှုရှိနေသော်လည်း နိုင်ငံတကာဈေးကွက်၌ ဈေးသက်သာသည့်အတွက် ပဲတင်သွင်းမှုများမှာ ဆက်လက်ရှိနေသေးကြောင်းနှင့် အဆိုပါသွင်းကုန်များကြောင့် အိန္ဒိယပြည်တွင်းပဲဈေးနှုန်းများအပေါ် ဖိအားဖြစ်ပေါ်စေပြီး ပြည်တွင်းရှိ တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ဆိုးရွားစွာ သက်ရောက်စေလျက်ရှိသည်ဟု သုံးသပ်ဖော်ပြထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

## သကြားသိုလှောင်ခွင့်ပမာဏ ကန့်သတ်ချက်အား အိန္ဒိယအစိုးရပြန်လည်ဖယ်ရှား

ယခုနှစ်ရာသီတွင် ပြည်တွင်းသကြားထုတ်လုပ်မှုမြင့်တက်မည်ဟု ခန့်မှန်းထားသည့်အတွက် သကြားသိုလှောင်ခွင့်ပမာဏ ကန့်သတ်ချက်များအား ဖယ်ရှားကြောင်းကို အိန္ဒိယအစိုးရက ဒီဇင်ဘာ ၁၉ ရက်တွင် ထုတ်ပြန် ကြေညာခဲ့သည်။ ယင်းကြေညာချက်သည် ထုတ်ပြန်သည့်နေ့မှစတင်ကာ ချက်ချင်းအသက်ဝင်မည်ဖြစ်ပြီး သကြားဈေးနှုန်းများမှာလည်းသင့်တင့်သည့်နှုန်းထားတစ်ခုတွင် တည်ငြိမ်မည်ဟု မျှော်မှန်းထားကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် သကြားဒုတိယအများဆုံး ထုတ်လုပ်သည့်နိုင်ငံဖြစ်သောကြောင့် ၂၀၁၇-၁၈ ဈေးကွက်ရာသီတွင် တန်ချိန် ၂၄၉ သိန်းအထိ တိုးမြှင့်ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားသည်။ ယခင်နှစ်ဈေးကွက်ရာသီတွင် တန်ချိန် ၂၀၃ သိန်းခန့်သာ ထုတ်လုပ်နိုင်ခဲ့ပြီး ယခုအချိန်တွင် အိန္ဒိယနိုင်ငံရှိ သကြားအဓိကထုတ်လုပ်သည့် ပြည်နယ်များ၌ သကြားစက်များ စတင်လည်ပတ်နေပြီဖြစ်ရာ ယခင်နှစ်လက်ကျန်သကြားပမာဏနှင့် ပေါင်းမည်ဆိုပါက ပြည်တွင်းလိုအပ်ချက် လုံလောက်နိုင်ကြောင်း သိရှိရသည်။ သို့ဖြစ်၍ ပြည်တွင်းသကြားဈေးကွက်၌ သကြားဈေးနှုန်းတည်ငြိမ်နိုင်သည်ဟု စားနပ်ရိက္ခာဝန်ကြီးဌာနက ပြောကြားထားကြောင်း သတင်းရရှိပါသည်။ **ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့**

## သွင်းကုန် လျှော့ချခြင်းဖြင့် ပဲစင်းငုံနှင့် ကုလားပဲဈေးနှုန်းများကို အထောက်အကူ မပြုနိုင်ဟု အိန္ဒိယပဲစိုက်ပျိုးသူများအသင်း၏ ဒုတိယဥက္ကဋ္ဌ သုံးသပ်

အိန္ဒိယအစိုးရသည် ပဲအမျိုးအစားအချို့အပေါ် သွင်းကုန်ခွန်များ တိုးမြှင့်သတ်မှတ်ခြင်းဖြင့် ပဲတင်သွင်းမှုများကို ကန့်သတ်ထိန်းချုပ်နေသော်လည်း ပဲစင်းငုံနှင့် ကုလားပဲလုံးဖြူဈေးနှုန်းများမှာ ကောင်းမွန်နိုင်ခြင်းမရှိဘဲ အစိုးရသတ်မှတ်ဈေးဖြစ်သည့် MSP ဈေးအောက်ပင် ဆက်လက်ရှိနေနိုင်သည်ဟု ခန့်မှန်းကြောင်း သိရှိရသည်။ လက်ရှိတွင် အိန္ဒိယအစိုးရက သတ်မှတ်ထားသည့် MSP ဈေးနှုန်းများမှာ ပဲစင်းငုံတစ်ကွင်တယ်လျှင် ရူပီး ၅၄၅၀ ဖြစ်ပြီး ကုလားပဲလုံးဖြူ တစ်ကွင်တယ်လျှင် ရူပီး ၄၄၀၀ ခန့်ဖြစ်ကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံ၏ ပဲစင်းငုံ ထုတ်လုပ်မှုပမာဏမှာ ၂၀၁၆-၁၇ သီးနှံရာသီတွင်တန်ချိန် ၄ ဒသမ ၇၈ သန်းသာ ထွက်ရှိခဲ့သော်လည်း ယခုနှစ်ရာသီမိုးသီးနှံအထွက်နှုန်း ပထမအကြိမ်ခန့်မှန်းချက်အရ ၂၀၁၇- ၁၈ သီးနှံရာသီအတွက် ပဲစင်းငုံတန်ချိန် ၃ ဒသမ ၉၉ သန်းသာ ထွက်ရှိနိုင်သောကြောင့် ယခင်နှစ်ထက် ၁၆ ဒသမ ၅ ရာခိုင်နှုန်း လျော့နည်းမည်ဟုခန့်မှန်းထားသည်။ ကုလားပဲလုံးဖြူ (chana) စိုက်ဧကမှာမူ ဒီဇင်ဘာ ၂၂ ရက်က ထုတ်ပြန်ထားသည့် အချက်အလက်များအရ ယခင်နှစ်တွင် ဟက်တာဧက ၈၇ ဒသမ ၇ သိန်းသာရှိရာမှ ယခုနှစ်တွင် ဟက်တာ ဧကသိန်း ၁၀၀ သို့ ၁၄ ရာခိုင်နှုန်း တိုးမြှင့်လာခဲ့ကြောင်းကိုလည်း သိရှိရပါသည်။

သွင်းကုန်ပမာဏလျော့ကျအောင် အစိုးရအနေဖြင့် ဖော်ဆောင်ခြင်းသည် ပဲဈေးနှုန်းများ MSP ဈေးနှုန်းအထက်မြင့်တက်လာအောင် အထောက်အကူပြုနိုင်မည်မဟုတ်ကြောင်းနှင့် ပဲစင်းငုံနှင့် ကုလားပဲလုံးဖြူများအား အစိုးရက ဝယ်ယူသည့်လုပ်ငန်းစဉ်များကို ဖော်ဆောင်ရလိမ့်မည်ဟု အိန္ဒိယပဲစိုက်ပျိုးသူများအသင်း (Indian Pusles Grower's Association) ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Bimal Kothari က ပြောကြားထားပါသည်။

အိန္ဒိယနိုင်ငံ၊ ကာနာတာကာနှင့် မဟာရာသျှတ္တရာပြည်နယ်တို့တွင် ပဲစင်းငုံသစ်များ စတင်ဝင်ရောက်လာနေပြီဖြစ်ရာ ဈေးနှုန်းများအနေဖြင့် တစ်ကွင်တယ်လျှင် ရူပီး ၄၄၀၀ မှ ၄၆၀၀ ကြားတွင်ရှိနေပြီး MSP ဈေးအောက် ၂၀ ရာခိုင်နှုန်း နိမ့်ကျလျက်ရှိကြောင်းနှင့် မဟာရာသျှတ္တရာပြည်နယ်၏ ယခုနှစ် ပဲစင်းငုံထုတ်လုပ်မှုပမာဏမှာ ယခင်နှစ်အောက် ၄၀ ရာခိုင်နှုန်းခန့်လျော့နည်းမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့**

## ဟောင်ကောင်သည် ကမ္ဘာ့အလုပ်အများဆုံး ဆိပ်ကမ်းထိပ်တန်းအဆင့်(၅)နေရာမှ ထပ်မံကျဆင်းဖွယ်ရှိ

နိုင်ငံတကာဆိပ်ကမ်းအဆင့်သတ်မှတ်ခြင်းတွင် ကမ္ဘာ့ပဉ္စမမြောက် အလုပ်အများဆုံးကုန်သေတ္တာဆိပ်ကမ်းဖြစ်သော ဟောင်ကောင်သည် လက်ရှိနေရာအားဆုံးရှုံးဖွယ်ရှိပြီး ဆဋ္ဌမမြောက်အဆင့်ရှိ တောင်ကိုရီးယားနိုင်ငံ၏ ဘူဆန်ဆိပ်ကမ်းမှ ကျော်တက်ဖွယ်ရှိကြောင်းနှင့် တရုတ်ပြည်မကြီးသည်လည်း ကမ္ဘာ့အကြီးဆုံးပို့ကုန်တင်ပို့သည့် နိုင်ငံဖြစ်လာစေရန် ၎င်း၏ကုန်ထုတ်လုပ်မှုလုပ်ငန်းအား တိုးချဲ့လာခဲ့ပြီး ၎င်းတို့ဆိပ်ကမ်းများ၏ စွမ်းဆောင်ရည်အား မြှင့်တင်ခဲ့ကာ အဓိကမြို့ကြီးများသို့ သင်္ဘောဖြင့် ကုန်တင်ပို့မှုကို မြှင့်တင်နိုင်ခဲ့သည်။

ဟောင်ကောင်ဆိပ်ကမ်းသည် တရုတ်ပြည်မကြီးသို့ ကုန်ပစ္စည်းကုန်တင်ကုန်ချမှုဖြင့် ၂၀၀၄ ခုနှစ်အထိ ကမ္ဘာ့အလုပ်အများဆုံးကုန်သေတ္တာဆိပ်ကမ်းအဖြစ် ရပ်တည်နိုင်ခဲ့သည်။

သို့ရာတွင် လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း ဟောင်ကောင်၏အဆင့်မှာ နှစ်စဉ် တဖြည်းဖြည်းချင်း ကျဆင်းခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် ကမ္ဘာ့အလုပ်အများဆုံး ကုန်သေတ္တာဆိပ်ကမ်း ပထမနေရာတွင် တည်ရှိရာမှ စင်ကာပူသို့လည်းကောင်း၊ ၂၀၀၇ ခုနှစ်တွင် ၎င်း၏ဒုတိယနေရာအား ရှန်ဟိုင်းသို့လည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် တတိယနေရာအားရှန်းကျန့်သို့လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် စတုတ္ထနေရာအား နင်ဘိုသို့လည်းကောင်းပေးအပ်ခဲ့ရပြီး ယခုအခါ ပဉ္စမမြောက်နေရာအား ဘူဆန်သို့ ထပ်မံပေးရဖွယ်ရှိကြောင်း သိရှိရပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၈–၁– ၂၀၁၈)

သန်းထိုက်အောင်

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးငြိမ်ပြီး အရောင်းအဝယ်ကောင်း

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးငြိမ်နေပြီး အရောင်းအဝယ်လည်းကောင်းနေကြောင်း သိရပါတယ်။ ယခုတစ်ပတ် ပြောင်းတစ်ပိဿာ ကျပ် ၄၇၀ (တစ်တန်ကျပ် ၂၈၇၈၂၀) ဈေးရှိခဲ့ရာ ယခင်တစ်ပတ်အတိုင်း ဈေးအတက်အကျ မရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ၂၀၇၄၈၉၉၈ ပိဿာရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၂၂၁၈၉၉၅၂ ပိဿာရှိခဲ့လို့ အရောင်းအဝယ်လည်း ကောင်းခဲ့ကြောင်း သိရပါတယ်။ သယ်ယူပို့ဆောင်ခအနေနဲ့ ယခင်တစ်ပတ်က လားရှိုးမှ မူဆယ်အထိ ပြောင်းတစ်ပိဿာ ၃၇ ကျပ်ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ ပြောင်းတစ်ပိဿာ ၃၅ ကျပ်ရှိခဲ့လို့ သယ်ယူပို့ဆောင်စရိတ် အနည်းငယ် ကျလာခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ မတ်ပဲဈေးကျပြီး ပဲစင်းငုံနီဈေးတက်နေ

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ မတ်ပဲဈေးကျပြီး ပဲစင်းငုံနီ ဈေးတက်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ကျပ်၁၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ် ပိဿာ ၉၇၅ကျပ်(တစ်တန် ကျပ် ၅၉၇၀၈၀) ရှိ ခဲ့ကြောင်း သိရပါ တယ်။ ပဲတီစိမ်းလုံးကြီးကတော့ တစ်ပိဿာ ၁၂၃၆ကျပ် (တစ် တန် ကျပ် ၇၅၆၉၁၀)နဲ့ ယခင်တစ်ပတ်ကဈေးအတိုင်း အတက် အကျမရှိခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၅၉၅ ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ် ပိဿာ ကျပ် ၆၁၀ (တစ်တန် ကျပ် ၃၇၃၅၅၀) ဖြင့် ဈေးမြင့်တက်ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ်အတွင်း ရွှေဘိုမြို့မှာ အချိန်အခါမဟုတ် မိုးရွာသွန်းမှုနှင့်အတူ မတ်ပဲ၊ ပဲစင်းငုံနီနဲ့ ပဲတီစိမ်းလုံးကြီး သီးနှံကို ကုန်သည်များက ဝယ်ယူခြင်းမရှိခဲ့လို့ အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ ဆီထွက် သီးနှံနှမ်းမျိုးစုံအနက် ယခုတစ်ပတ်မှာ နှမ်းဖြူ တစ်ပိဿာ ကျပ် ၂၉၀၀(တစ်တန်ကျပ် ၁၇၇၅၉၃၀) နဲ့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေခဲ့ပြီး မန္တလေးဝယ်လက်တွေက ဝယ်ယူမှုနည်းခဲ့ကြလို့ အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ လွန်ခဲ့တဲ့လပိုင်းကတည်းက အရောင်းအဝယ်သွက်နေခဲ့တဲ့ မြေပဲလုံးဆန် ကလည်း ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၂၅၀၀ (တစ် တန် ၁၅၃၀၉၇၀)နဲ့ ယခင်တစ်ပတ်ကဈေးအတိုင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲ၊ပဲစင်းငုံနီနဲ့ ပဲတီစိမ်း (အညာရွှေဝါ)ဈေးကျနေ

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီနဲ့ ပဲတီစိမ်း(အညာရွှေဝါ)တို့ ဈေးကျနေခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၁၀၁၇ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၉၃၃ ကျပ် (တစ်တန်ကျပ် ၅၇၁၃၅၀) ရှိခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ၆၁၇ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ် မှာတော့ တစ်ပိဿာ ၅၈၃ကျပ် (တစ်တန်ကျပ် ၃၅၇၀၂၀)နဲ့ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း (အညာရွှေဝါ) တစ်ပိဿာ ၁၄၀၄ ကျပ်ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၃၆၉ ကျပ် (တစ်တန် ကျပ် ၈၃၈၃၆၀)နဲ့ ဈေးပြန်ကျခဲ့ကြောင်း သိရပါတယ်။ မန္တလေးမြို့မှာလည်း ယခုတစ်ပတ်အတွင်း အချိန်အခါမဟုတ်မိုးရွာသွန်းနေတာကြောင့် မတ်ပဲ၊ ပဲစင်းငုံနီနဲ့ ပဲတီစိမ်း (အညာရွှေဝါ)တို့ကို ကုန်သည်များက ဝယ်ယူခြင်းမရှိတာကြောင့် အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။

ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းဖြူ တစ်ပိဿာ ၂၅၅၆ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၈၈၉ ကျပ် (တစ်တန်ကျပ်၁၇၆၉၁၉၀)ဈေးရှိခဲ့ကြောင်း သိရပါတယ်။ နှမ်းညိုကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ၂၃၃၃ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၂၄၀၀ (တစ်တန်ကျပ် ၁၄၆၉၇၃၀)နဲ့ ဈေးတက်ခဲ့ကြောင်း သိရပါတယ်။

တရုတ်ဝယ်လက်တွေနဲ့ အစာစပ်လုပ်ငန်းရှင်တွေက ပုံမှန်ဝယ်ယူနေတဲ့ အစေ့ထုတ်ပြောင်းလည်း ယခင်တစ်ပတ် က ၄၆၃ ကျပ်ဈေးရှိခဲ့ရာ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၄၅၄ ကျပ် (တစ်တန် ကျပ် ၂၇၈၀၂၀)နဲ့ ဈေးကျခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲတီစိမ်း၊ ပဲစင်းငုံနီနဲ့ မတ်ပဲတို့ဈေးကျ

ယခုတစ်ပတ် မကွေးဈေးကွက်မှာ ပဲတီစိမ်း၊ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းတစ်ပိဿာ ကျပ်၁၂၈၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၁၂၄၀ (တစ်တန် ကျပ် ၇၅၉၃၆၀)နဲ့ ဈေးကျခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၁၀၀၅ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၉၄၀ ကျပ် (တစ်တန်ကျပ် ၅၇၅၆၄၀)ထိ ဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာကျပ် ၇၀၀ ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၆၇၅ကျပ် (တစ်တန် ကျပ် ၄၁၃၃၆၀) နဲ့ ဈေးကျခဲ့ကြောင်း သိရပါတယ်။ နှမ်းရောင်စုံဈေးကွက်မှာတော့ယခင်တစ်ပတ်က နှမ်းနက်စမုံတစ်ပိဿာ ကျပ် ၂၆၀၀ မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၅၃၅ကျပ် (တစ်တန် ၁၅၅၂၄၀၀ ကျပ်)၊ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၂၄၉၀ ဈေးရှိခဲ့တဲ့ နှမ်းနီကတော့ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၄၄၅ ကျပ် (တစ်တန် ကျပ် ၁၄၉၇၂၉၀)နဲ့ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ဒါပေမဲ့ ယခင်တစ်ပတ်က နှမ်းဖြူထိပ်စ တစ်ပိဿာကျပ် ၂၈၉၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၃၈၂၅ ကျပ် (တစ်တန်ကျပ် ၂၃၄၂၃၉၀) ထိ ဈေးမြင့်တက်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲတီစိမ်းဈေးကျပြီး ပဲစင်းငုံနီနဲ့ ကုလားပဲဟော်လန်တို့ ဈေးတက်

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ပဲတီစိမ်းဈေးကျပြီး ပဲစင်းငုံနီနဲ့ ကုလားပဲဟော်လန်ကတော့ ဈေးပြန်တက်လာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းတစ်ပိဿာ ကျပ် ၁၃၅၀ နဲ့ အရောင်းအဝယ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၃၁၅ကျပ် (တစ်တန်ကျပ် ၈၀၅၂၉၀)ထိ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်ပိဿာ ကျပ်၅၅၀ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၆၇၅ကျပ် (တစ်တန် ကျပ် ၄၁၃၃၆၀) နဲ့ ဈေးတက်ခဲ့ကြောင်း သိရပါတယ်။ ထို့ပြင် ယခင်တစ်ပတ်က ကုလားပဲဟော်လန် တစ်ပိဿာ ကျပ် ၁၄၅၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၅၇၅ ကျပ် (တစ်တန် ကျပ် ၉၆၄၅၁၀)ထိ ဈေးတက်ခဲ့ကြောင်း သိရပါတယ်။ အောင်လံမြို့တွင်လည်း အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် ယခုတစ်ပတ်အတွင်း ပဲမျိုးစုံနဲ့ နှမ်းရောင်စုံဈေးကွက်တွင် အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံ နှမ်းမျိုးစုံအနက် ယခုတစ်ပတ်မှာတော့ နှမ်းနက်ရိုးရိုး တစ်ပိဿာ ကျပ် ၂၂၉၀ (တစ်တန် ကျပ် ၁၄၀၂၃၇၀)နဲ့ ယခင်တစ်ပတ်ဈေးအတိုင်း အတက်အကျမရှိခဲ့ကြောင်း၊ ယခုတစ်ပတ် နှမ်းနီ တစ်ပိဿာ ကျပ်၂၄၀၀ (တစ်တန် ကျပ် ၁၄၆၉၇၃၀)နဲ့ ယခင်တစ်ပတ် ဈေးအတိုင်း ဈေးငြိမ်နေခဲ့ကြောင်း သိရပါတယ်။

ယခင်တစ်ပတ်က တစ်ပိဿာ ၂၅၅၅ကျပ် ဈေးရှိနေခဲ့တဲ့ သိပ္ပံနှမ်းနက်ကတော့ ယခုတစ်ပတ်မှာ ဈေးအနည်းငယ် တက်လာပြီး တစ်ပိဿာ ကျပ် ၂၅၆၀ (တစ် တန် ကျပ်၁၅၆၇၇၁၀) ရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ အစေ့ထုတ်ပြောင်းဈေးငြိမ်နေပြီး အရောင်းအဝယ်ကောင်းနေ

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ အစေ့ထုတ်ပြောင်းဈေးငြိမ်နေပြီး အရောင်းအဝယ် ကောင်းနေကြောင်း သိရပါတယ်။ အစေ့ထုတ်ပြောင်း ၅၀ ကီလိုဂရမ်တစ်အိတ်ကို မြန်မာဘက်တွင် ၇၅ ယွမ်မှ ရွှေလီဘက်တွင် ၈၂ယွမ် နဲ့ ယခင်တစ်ပတ်ကဈေးအတိုင်း အပြောင်းအလဲမရှိဘူးလို့ သိရပါတယ်။ ယခင်တစ်ပတ်က အစေ့ထုတ်ပြောင်း ၅၀၈၂၃ တန်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ ၅၄၃၅၃တန်အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ တစ်ယွမ်ကို မြန်မာငွေ ၂၀၄ကျပ်ပေါက်ဈေးရှိခဲ့လို့ ယခင်တစ်ပတ်ကအတိုင်း ငွေလဲနှုန်း အတက်အကျမရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ပဲဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးကျ

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ (RC) တစ်တန် ကျပ် ၆၀၇၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၅၈၃၀၀၀၊ ယခင်တစ်ပတ်က မတ်ပဲ SQ(RC) တစ်တန် ကျပ်၇၅၅၀၀၀ ဈေးရှိခဲ့ရာမှ ယခုတစ် ပတ်မှာ တစ်တန် ကျပ် ၇၂၃၀၀၀၊ ပဲစင်းငုံနီသီးနှံကတော့ ယခင်တစ်ပတ်က တစ်တန် ကျပ် ၄၀၅၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၃၉၀၀၀၀ အထိ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ် ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက မတ်ပဲ FAQ (RC) တစ်တန်ကို ကျပ် ၂၄၀၀၀၊ မတ်ပဲ SQ(RC) တစ်တန်ကို ကျပ် ၃၂၀၀၀၊ ပဲစင်းငုံနီတစ်တန်ကို ကျပ် ၁၅၀၀၀ စသည်ဖြင့် ဈေးကျခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟင်္သာတဈေးကွက်မှာ မတ်ပဲဈေးကျသော်လည်း အရောင်းအဝယ်ကောင်းနေ

ယခုတစ်ပတ် ဟင်္သာတဈေးကွက်မှာ မတ်ပဲဈေးကျခဲ့ပေမယ့် အရောင်းအဝယ်ကောင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ကျပ် ၁၀၅၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၉၉၅ ကျပ် (တစ်တန် ကျပ်၅၈၁၇၇၀)ဈေးရှိခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို နယ်ခံကုန်သည်နဲ့ ရန်ကုန်ဝယ်လက်တွေက ပုံမှန်ဝယ်ယူခဲ့တာကြောင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်ရက်လျှင် အိတ် ၂၀၀၀ မှ အိတ် ၂၅၀၀ အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## အကြံပြုစာများ ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုလုပ်ငန်းသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အပတ်တကုတ် ကြိုးပမ်းဆောင် ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို စာဖတ်သူများထံမှ အကြံပြုချက်များအား ဖိတ်ခေါ်ပါသည်။ ပေးပို့လာသော အကြံပြုချက်များကို သက်ဆိုင်ရာများ သိရှိနိုင်စေရန်အတွက် ဂျာနယ်တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

အကြံညာဏ်များကို ပေးပို့ရာတွင် အမည်၊ မှတ်ပုံတင်နှင့် နေရပ်လိပ်စာကို ဖော်ပြပေးရမည်ဖြစ်ပြီး အဆိုပါ ကိုယ်ရေးအချက်အလက်များကို ဖော်ပြသွားမည်မဟုတ်ပါ။

# ၂၀၁၇ ခုနှစ် ရှင်းတမ်း

■ အောင်ထူး ■

စီးပွားရေးကုမ္ပဏီတွေကတော့ နှစ်ကုန်ရင်စာရင်းချုပ် ရပါတယ်။ လက်ကျန်ရှင်းတမ်းနဲ့ အရှုံးအမြတ်ရှင်းတမ်းကို ထုတ်ပြန်လေ့ရှိတယ်။ နိုင်ငံတစ်ခုအနေနဲ့လည်း တစ်နှစ်အတွင်းစီးပွားရေးတိုးတက်မှုအခြေအနေနဲ့ ပတ်သက်ပြီး ရှင်းတမ်းထုတ်ကြပါတယ်။ အများအမြင်ကတော့ ၂၀၁၇ ခုနှစ်မှာ မြန်မာနိုင်ငံမှာ စီးပွားရေးကျနေတယ်လို့ဆိုပါတယ်။ ကမ္ဘာဘဏ်တို့၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့ရဲ့ စာရင်းတွေကို အခြေခံပြီးပြောကြတာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ တိုင်းပြည်ဝင်ငွေတိုးတက်နှုန်းဟာ ၅ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့တယ်။ စီးပွားရေးတိုးတက်နှုန်းဟာ ယမန်နှစ်ကို မမီပေမယ့် အနုတ်လက္ခဏာနဲ့ကျဆင်းခဲ့တာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော့အနေနဲ့ စီးပွားရေးကျတယ်ဆိုတာ သိပ်တော့ လက်မခံချင်ဘူး။ ကျွန်တော်ကတော့ မျက်မြင်အချက်အလက်တွေကို ကြည့်ပြီးပြောတာပါ။ မြန်မာနိုင်ငံကိုကြည့်ရင် အခြားစီးပွားရေးတိုးတက်နေတဲ့ အာဆီယံနိုင်ငံတွေလိုပဲ သွက်လက်လှုပ်ရှားနေတာကိုတွေ့ရတော့ စီးပွားရေးကျတာ ဟုတ်မှဟုတ်ရဲ့လားပေါ့။ တာဝန်အရ နိုင်ငံအနှံ့လျှောက်သွားဖြစ်တယ်။ မြန်မာနိုင်ငံမှာ စီးပွားရေးကျတယ်ဆိုတဲ့ လက္ခဏာကို မတွေ့ရဘူး၊ ကားတွေကြပ်နေတယ်။ လူတွေခရီးသွားနေကြတယ်။ ပြည်တွင်းသာမက ပြည်ပနိုင်ငံများကိုပါ သွားနေကြတာဖြစ်တယ်။ ခရီးသွားတယ်ဆိုတာ လူတွေဟာ သူတို့ရဲ့ အခြေခံလိုအပ်ချက်တွေပြည့်မှ ခရီးသွားကြတာပါ။ စားသောက်ဆိုင်တွေ၊ ဈေးဝယ်စင်တာတွေမှာ လူတွေပြည့်နှက်နေတယ်။ နှစ်သစ်ကူးဖျော်ဖြေပွဲတွေမှာ လူငယ်တွေသိန်းနဲ့ချီပြီး လာရောက်ခဲ့ကြတယ်။ မြန်မာနိုင်ငံရဲ့လက်ကိုင်ဖုန်းသုံးစွဲမှုက သိသာစွာတက်လာတယ်။ ဖေ့စ်ဘွတ်ခ်တွေ၊ ဂျာနယ်တွေမှာတော့ စီးပွားရေးကျနေတယ်ဆိုတာ ကျယ်ကျယ်လောင်လောင်တွေ့ရတယ်။ အောက်ခြေကို ဆင်းကြည့်တဲ့ ကျွန်တော်ကတော့ စီးပွားရေးကျတဲ့ လက္ခဏာ မတွေ့ရဘူး၊ မျက်မှန်စိမ်းနဲ့ ကြည့်တယ်လို့ဆိုချင်ဆိုကြမယ်။ ရွှေ၊ ဒေါ်လာနဲ့ ဓာတ်ဆီဈေးတွေကိုကြည့်တော့ ရွှေဈေး(Gold, G)က နှစ်စမှာ တစ်ကျပ်သားကျပ် ၈၄၃၅၀၀ ရှိခဲ့ပြီး နှစ်ဆုံးမှာ ကျပ် ၉၃၅၃၀၀ ရှိခဲ့လို့ ၁၀ ရာခိုင်နှုန်း ဈေးတက်ခဲ့ပြီး၊ ဒေါ်လာဈေး(Dollar, D)က ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၂ ရက် ဈေးဖွင့်ချိန်မှာ အမေရိကန် တစ်ဒေါ်လာကို ၁၃၅၈ ကျပ်ရှိခဲ့ပြီး၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် တစ်နှစ်တာ ဈေးကွက်ပိတ်ချိန်မှာ အမေရိကန်တစ်ဒေါ်လာကို ၁၃၅၃ကျပ်ရှိခဲ့လို့ မြန်မာငွေတန်ဖိုးဟာ ဒေါ်လာနဲ့ယှဉ်ရင် သုည ဒသမ ၃၇ ရာခိုင်နှုန်းတက်ခဲ့ပါတယ်။ ဓာတ်ဆီဈေး (Petroleum, P)ကနှစ်စမှာ တစ်ဂါလံကျပ် ၂၈၀၀ ရှိခဲ့ပြီး နှစ်ဆုံးမှာ ကျပ် ၃၆၀၀ ရှိလို့ ၂၈ ရာခိုင်နှုန်းဈေးတက်ခဲ့ပါတယ်။ ငွေဖောင်းပွမှုနှုန်းကတော့ လေးရာခိုင်နှုန်းနဲ့ ငါးရာခိုင်နှုန်းကြားမှာရှိတယ်။ ကုန်ဈေးနှုန်းများက ယခင်နှစ်များစွာက ဖြစ်ခဲ့တဲ့ ဂဏန်းနှစ်လုံးငွေဖောင်းပွမှု (double digit inflation)မဖြစ်တော့ဘူးဆိုတာတွေ့ရတယ်။ စီးပွားရေးတက်နေတဲ့နိုင်ငံမှာ စီးပွားရေးကိုတွန်းအားပေးဖို့ ငွေဖောင်းပွမှုက သုံးရာခိုင်နှုန်းက လေးရာခိုင်နှုန်းလောက်ရှိရမယ်လို့ ဆိုကြတယ်။ မြန်မာ့စီးပွားရေးဟာ တိုးတက်မှုတန့်နေပြီး ငွေဖောင်းပွမှုဖြစ်နေတဲ့ လက္ခဏာ (stagflation) လည်းမရှိခဲ့ဘူးဆိုတာ တွေ့ရတယ်။

လယ်ယာစိုက်ပျိုးရေးနဲ့ ပတ်သက်လို့ လယ်သမားတွေက စပါးဈေးတင်းတစ်ရာကျပ်ငါးသိန်းကနေ ကျပ်ခြောက်သိန်းရကြတယ်။ ဒါက လယ်သမားတွေ တစ်ခါမှ မဖြစ်ဘူးတဲ့ဈေး။ ဆန်တင်ပို့မှုကလည်း စံချိန်တင်ပြီး တန်ချိန် ၂ ဒသမ ၅သန်းကို ရောက်လာတယ်။ အိန္ဒိယက ပဲမဝယ်လို့ဈေးကျတယ်ဆိုပေမယ့် စိုးရိမ်အမှတ်တစ်တန်ကို ကျပ်သုံးသိန်းအောက်ရောက်မသွားဘူး။ အစိုးရကလည်း တောင်သူလယ်သမားများ အကျိုးစီးပွားကာကွယ်ရေး ဥပဒေအရထုတ်လုပ်မှုကုန်ကျစရိတ်ထက်နည်းပြီး ဈေးတွေကျသွားရင် ဈေးကွက်အတွင်းဝင်ရောက်ကူညီဖို့ ကျပ် ၁၅ ဘီလီယံကို အရန်သင့်ထားရှိပါတယ်။ မြန်မာနိုင်ငံ ပဲနှမ်းကုန်သည်ကြီးများအသင်းကလည်း ပဲဈေးတွေ တည်ငြိမ်ဖို့ ကျပ် ဘီလီယံ ၅၀ ရန်ပုံငွေထောင်ပြီး ဈေးကွက်ကို ဝင်ထိန်းဖို့ စီစဉ်ခဲ့ပါတယ်။ ဒီအခြေအနေတွေကြောင့် ပဲမျိုးစုံဈေးများဟာ ထုတ်လုပ်မှုကုန်ကျစရိတ် အောက်ကျသွားခြင်းမရှိဘဲ မတ်ပဲဆိုတစ်တန်ကိုကျပ်ခြောက်သိန်းအထိ ဈေးပြန်တက်လာပါတယ်။

၂၀၁၇ ခုနှစ်၊ ဧပြီလကနေ ဒီဇင်ဘာလ ၁၅ရက်အထိ ဂျပန်ကို ပဲမျိုးစုံတန်ချိန် နှစ်သောင်းကျော်၊ ဥရောပနိုင်ငံများကို တန်ချိန် ၉၈၀၀ ကျော်၊ ကိုရီးယားသမ္မတနိုင်ငံကို တန်ချိန် ၅၅၀၀ ကျော်၊ အမေရိကန်ပြည်ထောင်စုနဲ့ ကနေဒါကို တန်ချိန် ၁၁၀၀၀ကျော်၊ ယူအေအီးကို တန်ချိန်နှစ်သောင်းကျော်၊ ကာတာနိုင်ငံကို တန်ချိန် ၁၈၀၀ကျော် ပို့ခဲ့ရပါတယ်။ ပြန်ပို့ခံရတယ်ဆိုတဲ့ပဲဟာ တန်ချိန် ၂၀၀ လောက်ပဲရှိပါတယ်။ ဓာတ်ကြွင်းတွေပါလို့ ပဲတွေပြန်ပို့ခံရတယ်လို့ ဆိုပေမယ့် ဒီပမာဏက မဖြစ်စလောက်ပါ။ ဒီလိုပြန်ပို့ခံရတာလည်း ဝယ်ယူတဲ့နိုင်ငံက ဓာတ်ကြွင်းရှိရမဲ့ စံနှုန်းကို မြင့်တင်သတ်မှတ်ခဲ့လို့ဖြစ်ပါတယ်။ ဒီနိုင်ငံတွေကိုတင်ပို့တဲ့ ပဲတွေဟာ သက်ဆိုင်ရာနိုင်ငံတွေကို အန္တရာယ်ပြုခဲ့ရိုးမှန်ရင် ဆက်လက်တင်သွင်းကြမှာ မဟုတ်ပါဘူး။ ဒါပေမယ့် ဒီလိုပြန်ပို့ခံရတာဟာ ပဲမျိုးစုံထုတ်လုပ်သူတောင်သူများနဲ့ ပို့ကုန်သမားတွေအတွက် သတိပေးခေါင်းလောင်းသံလို့ဆိုနိုင်ပါတယ်။ ကောင်းမွန်တဲ့စိုက်ပျိုးရေးနည်းစနစ်(GAP)ကို မသုံးရင်ပဲဈေးကွက်ပျက်မယ်ဆိုတဲ့ သတိပေးချက်ပါပဲ။ တစ်ဖက်မှာ မြန်မာပြည်သူများ အာဟာရဓာတ်ပြည့်ဝစေဖို့ ပဲစားသုံးမှုအလေ့အကျင့်ကောင်းတွေရရှိဖို့ ပဲစားသုံးမှုမြှင့်တင်ရေးတွေကို ဆောင်ရွက်ခဲ့တာဖြစ်ပြီး ဆက်လက်ပြီးလည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

> **“ လယ်သမားတွေက စပါးဈေးတင်းတစ်ရာ ကျပ်ငါးသိန်းကနေ ကျပ်ခြောက်သိန်းရကြတယ်။**

ပြီးခဲ့တဲ့နှစ်မှာ ရေသိပ်မကြီးလို့ သီးနှံသိပ်မပျက်ကြဘူး၊ ဆည်တွေကလွန်ခဲ့တဲ့ ဆယ်စုနှစ်များအတွင်းမှာ ပထမဆုံးအကြိမ် အဖြစ်ရေအပြည့်စုဆောင်းနိုင်တယ်လို့ဆိုတယ်။ လာမည့်နွေစပါး၊ နွေသီးနှံများအတွက် အခြေအနေကောင်းနေတယ်။

ကုန်သွယ်မှုအပိုင်းမှာ၂၀၁၆-၁၇ဘဏ္ဍာနှစ် ကိုးလမှာ စုစုပေါင်း ပို့ကုန်သွင်းကုန်တန်ဖိုးစုစုပေါင်းဟာ အမေရိကန်ဒေါ်လာ ၂၃ ဘီလီယံကျော်ရှိပြီး ကုန်သွယ်မှုလိုငွေဟာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ သန်းရှိနေပါတယ်။ ဖွံ့ဖြိုးတိုးတက်စနိုင်ငံများမှာ ရင်းနှီးမြှုပ်နှံမှု စီးဝင်လာခြင်း၊ လုပ်ငန်းသုံးကုန်စည်များတင်သွင်းရန် လိုအပ်ခြင်းကြောင့် လိုငွေပြမှာအမှန်ပါဘဲ။ တစ်ဘက်မှာလည်း ပို့ကုန်တိုးတက်လာခြင်းကြောင့် လိုငွေပြမှုဟာ၂၀၁၅-၂၀၁၆ ခုနှစ်က စံချိန်ချိုးခဲ့တဲ့ ကုန်သွယ်မှုလိုငွေပြမှု အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၄၁ ဘီလံယံထက် လျော့နည်းမယ်လိုခန့်မှန်းပါတယ်။

စီးပွားရေးနဲ့ ပတ်သက်လို့ ပြည်ပရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်မယ့် ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်၊ ကုမ္ပဏီဥပဒေအသစ်၊ ကွန်ဒိုမီနီယံ ဥပဒေများကို ပြဋ္ဌာန်းနိုင်ခဲ့တယ်။ ထူးခြားချက်က ပြည်နယ်နဲ့ တိုင်းဒေသကြီးအစိုးရတွေကို အမေရိကန်ဒေါ်လာ ငါးသန်းအထိ ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက်တွေချနိုင်တဲ့ အာဏာကိုပေးလိုက်တာပဲ။ ပြည်နယ်နဲ့ တိုင်းဒေသကြီးအစိုးရများဟာ ရင်းနှီးမြှုပ်နှံမှုကို သူ့ထက်ငါ အပြိုင်အဆိုင် ဆွဲဆောင်လာကြတယ်။ ပြည်ပရင်းနှီးမြှုပ်နှံသူတွေကလည်း ပြည်နယ်နဲ့တိုင်းဒေသကြီးတွေအထိ ဆင်းပြီး မြှုပ်နှံလာကြတယ်။ မြစ်သာစက်မှုဇုန်၊ မအူပင်စက်မှုဇုန်၊ မြစ်ကြီးနားစက်မှုဇုန်၊ ကန်ပိုက်တီစီးပွားရေးဇုန်၊ ရန်ကုန်ညောင်နှစ်ပင်စက်မှုဇုန်၊ အမြန်လမ်းအနားက eco-green city၊ အမာတာ စက်မှုဇုန်တွေက သက်ဝင် လှုပ်ရှားလာတယ်။ ရန်ကုန်မြို့သစ်စီမံကိန်း၊ ရန်ကုန်အထူးစီးပွားရေးဇုန်များကိုလည်း စီမံလျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟာ ၂၀၁၇ ခုနှစ်အတွင်းမှာ နိုဝင်ဘာလကုန်အထိ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၇၇ ဘီလီယံရှိခဲ့တယ်။ ၂၀၁၆ ခုနှစ်က အမေရိကန်ဒေါ်လာ ၆ ဒသမ ၆၄၉ ဘီလီယံဖြစ်တာမို့ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုအတည်ပြုပမာဏ လျော့ကျတယ်လို့ ဆိုနိုင်ပါတယ်။ သို့သော်လည်း မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုက ၂၀၁၇ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၄၀၅ ဘီလီယံရှိခဲ့တယ်။ ဒီပမာဏဟာ ယမန်နှစ်က ရင်းနှီး မြှုပ်နှံမှုဖြစ်တဲ့ အမေရိကန်ဒေါ်လာ ၈ ဒသမ ၇၃၁ ဘီလီယံထက် တိုးတက်လာတာကို တွေ့ရမှာ ဖြစ်ပါတယ်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကို အားကိုးသလို ပြည်တွင်းရင်းနှီးမြှုပ်နှံမှုကိုလည်း လျော့တွက်လို့ မရပါဘူး။ ပြည်သူတွေရဲ့စုဆောင်းမှုကို စုစည်းအသုံးချနိုင်ရင် ရင်းနှီးမြှုပ်နှံမှုတိုးပြီးတိုင်းပြည်ဝင်ငွေလည်းတိုးတက်လာမှာ အမှန်ပါပဲ။

တိုင်းပြည်စီးပွားတိုးတက်ဖို့ဟာ လမ်းပန်းဆက်သွယ်ရေးနဲ့ အခြေခံအဆောက်အအုံတွေ တိုးတက်ဖို့လိုပါတယ်။ လမ်းပန်းဆက်သွယ်ရေးနဲ့ အခြေခံအဆောက်အအုံတိုးတက်ဖို့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့အာရှဖွံ့ဖြိုး ရေးဘဏ်ချေးငွေနဲ့ ရန်ကုန်-ပုသိမ်လမ်းကို အမေရိကန်ဒေါ်လာ သန်း ၃၄၀ အကုန်ခံပြီး လေးလမ်းသွားအဖြစ် အကောင်အထည်ဖော်မယ်။ ရန်ကုန်-မန္တလေးအမြန်လမ်းမှာ ရန်ကုန်ကနေ ၃၉ မိုင်အထိ ခြောက်လမ်းသွား ကတ္တရာလမ်းမကို တည်ဆောက်မယ်။ ကျန်အပိုင်းများကိုတော့နိုင်ငံတော်နဲ့ ပုဂ္ဂလိကပူးပေါင်းပြီး အကောင်အထည်ဖော်မယ်။ မော်တော်ယာဉ်ကျပ်တည်းမှုကို လျော့ကျစေဖို့ သီလဝါနဲ့ပဲခူးလမ်းကို တည်ဆောက်မယ်။ ဒီလမ်းက ကိုရီးယားသမ္မတနိုင်ငံနဲ့ ဖက်စပ်ဆောင်ရွက်မယ့် ညောင်နှစ်ပင်စက်မှုဇုန်နဲ့ ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ်ကိုဆက်သွယ်မယ်လို့ဆိုပါတယ်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနကလည်း ရန်ကုန်မြို့ပတ်ရထားလမ်းနဲ့ ရန်ကုန်-မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ခြင်းများကို ဆောင်ရွက်နေပါပြီ။

လျှပ်စစ်ဓာတ်အားအနေနဲ့လည်း အချိန်ယူ ဆောက်လုပ်ရလို့ ၂၀၁၇ ခုနှစ်အကုန်မှာ မြင်းခြံ လျှပ်စစ်ဓာတ်အားပေးရုံကို စတင်လည်ပတ်နိုင်ခဲ့ပါတယ်။ မီဂါဝပ် ၂၂၅ တိုးလာတယ်။ လာမည့် ၂၀၁၈ ခုနှစ်အတွင်းမှာတော့ လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေပြီးတော့မှာမို့ တပ်ဆင်အင်အား မီဂါဝပ် ၄၂၅ ထပ်တိုးလာဦးမယ်လို့ ဆိုပါတယ်။ ဒီအင်အားဟာ လက်ရှိတပ်ဆင်အင်အားနဲ့ညီတာမို့ ထုတ်လုပ်နိုင်စွမ်းအားဟာ နှစ်ဆတိုးမယ်လို့ ဆိုလိုခြင်း ဖြစ်ပါတယ်။

စီးပွားရေးလုပ်ငန်းတွေမှာ ဗဟိုနဲ့ ပြည်နယ်နဲ့တိုင်းဒေသကြီး အစိုးရတွေ ဟန်ချက်ညီလာတယ်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ ပြည်ထောင်စုနဲ့ တိုင်းဒေသကြီးအစိုးရအကြား ချိတ်ဆက်မှုကို ဗွီဒီယိုကွန်ဖရင့်စင်းနဲ့ လုပ်ဆောင်လာတယ်။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးကိုလည်း ဒုတိယသမ္မတကြီးက ပုဂ္ဂလိကအသင်းအဖွဲ့တွေနဲ့ စဉ်ဆက်မပြတ် တွေ့ဆုံဖြေရှင်းပေးတယ်။ တစ်နှစ်မှာ ၁၂ လသာရှိပေမယ့် ပြီးခဲ့တဲ့နှစ်အတွင်း (၁၃)ကြိမ်တွေ့ဆုံနိုင်ခဲ့တယ်။ မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်း လုပ်ဆောင်မှုလွယ်ကူမှုအညွှန်းကိန်းကို ၂၀၂၀ ခုနှစ်မှာ ၁၀၀ အောက်ရောက်အောင်ရည်မှန်းချက်ထားလုပ်ဆောင်လာတယ်။ ဒီရလဒ်တွေကြောင့် ပို့ကုန်လုပ်ငန်းရှင်များအနေနဲ့ ပြည်ပဘဏ်များက ပို့ကုန်ချေးငွေရရှိနိုင်အောင် ဗဟိုဘဏ်က ဖြေလျော့ပေးခဲ့တယ်။ ပို့ကုန်လုပ်ငန်းများမှာ နှစ်ရာခိုင်နှုန်း ကြိုတင်ငွေ ပေးဆောင်နေရမှုကို စီမံကိန်းနဲ့ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေလျော့ပေးခဲ့တယ်။ ဖာလာ၊ သနပ်ခါး၊ လျှော်ဖြူတို့မှာ သစ်တောခွန်ပေးဆောင်နေရမှုကိုလည်း ဖြေလျော့ပေးနိုင်ခဲ့တယ်။ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများမှာ ချေးငွေရရှိမှုတိုးတက်အောင်နှစ်ဆင့်ချေးငွေ(two step loan)နဲ့လက်ရှိ ပေါက်ဈေးထက်သက်သာသောနှုန်းထားနဲ့ ချေးနိုင်အောင် လုပ်ဆောင်ပေးခဲ့တယ်။ ထူးခြားတဲ့တိုးတက်မှုက ခေတ်နောက် ကျနေတဲ့ ကုမ္ပဏီအက်ဥပဒေအစား ကုမ္ပဏီဥပဒေအသစ်ကို ပြဋ္ဌာန်းနိုင်ခဲ့ခြင်းဖြစ်တယ်။ ဒီဥပဒေဟာ ပြည်တွင်းနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို တိုးတက်စေလိမ့်မှာဖြစ်တယ်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနဲ့ ဘေဆယ်ဘဏ်လုပ်ငန်းလမ်းညွှန်များနဲ့အညီ ဘဏ်လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနိုင်ရန် ကြေညာချက်လေးခုကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၇ ရက်မှာ ထုတ်ပြန်ခဲ့ပါတယ်။ မြန်မာနိုင်ငံ ဘဏ်လုပ်ငန်းများမှာ အတိုးရောအရင်းပါ ကြွေးပြန်မဆပ်နိုင်တဲ့ ချေးငွေတွေများစွာ ရှိနေပါတယ်။ ဘဏ်စည်းမျဉ်းစည်းကမ်းများနဲ့မညီဘဲ ဘဏ်ချေးငွေများကို လူနည်းစုကို အများအပြားထုတ်ချေးထားတာတွေ တွေ့ရပါတယ်။

စာမျက်နှာ (၂၀) သို့ ➤

Vol: 18, No.2 Monday January 8 2018

## မူဆယ်မှ သကြားပိုမိုတင်ပို့ပြီး ချင်းရွှေဟော်မှလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၀၅၀ သန်းတန်ဖိုးရှိ Re-export သကြား ၂၇၇၆၉ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ကတင်ပို့ခဲ့တဲ့ ၂၀၀၀၃ တန်ကျော်နဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ် ၇၇၆၆ တန်ပိုမိုတင်ပို့ခဲ့တာတွေ့ရပါတယ်။ မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဒီဇင်ဘာလအတွင်း သကြားတန်ချိန် ၇၅၀၀၀ ခန့်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ အဆိုပါရက်သတ္တပတ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၅၀ သန်းတန်ဖိုးရှိ Re-export သကြားတန် ၃၀၀၀ ကိုတင်ပို့ခဲ့ရာ ယခင်တစ်ပတ်ကတင်ပို့ခဲ့တဲ့ တန် ၄၀၀၀ နဲ့ နှိုင်းယှဉ်ပါကတန် ၁၀၀၀ လျော့နည်းတင်ပို့ခဲ့ပါတယ်။ ချင်းရွှေဟော်မှလည်း ဒီဇင်ဘာလအတွင်း သကြားတန် ၉၀၀၀ ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က သကြားတစ်တန်ကို မိမိဘက်ပေါက်ဈေးကျပ် ၈၈၉၄၄၀ ရှိရာမှ ဒီဇင်ဘာ ၂၃ ရက်မှ ၂၉ရက်အထိ သီတင်းပတ်အတွင်း ကျပ် ၈၇၃၁၂၀ သို့လည်းကောင်း၊ ယွမ် ၄၃၆၀ မှ ယွမ် ၄၂၈၀ သို့လည်းကောင်း ဈေးကျဆင်းခဲ့ပါတယ်။

**မော်မော်အောင်**

## ဒီဇင်ဘာလအတွင်း မောင်တောကုန်သွယ်ရေးစခန်းမှကုန်သွယ်မှု လျာထားချက်အပေါ် ၂၉၃ ရာခိုင်နှုန်းကျော် ဆောင်ရွက်နိုင်ခဲ့

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ မောင်တော ကုန်သွယ်ရေးစခန်းသည် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် ပို့ကုန်အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၂ သန်းဆောင်ရွက်ခဲ့ပြီး သွင်းကုန်တင်သွင်းမှုမရှိသော်လည်း လျာထားချက်မှာ ပို့ကုန်အမေရိကန်ဒေါ်လာသုည ဒသမ ၄၀၀ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာသုည ဒသမ ၀၅၀ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာသုည ဒသမ ၄၅၀ သန်းဖြစ်သဖြင့် ကုန်သွယ်မှု လျာထားချက်အပေါ် ၂၉၃ ရာခိုင်နှုန်းကျော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ယခင်ဘဏ္ဍာနှစ် ၂၀၁၆ ဒီဇင်ဘာလနှင့်နှိုင်းယှဉ်ပါက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၄၅ သန်း ပိုမိုဆောင်ရွက်ခဲ့ပြီး အနီးစပ်ဆုံး ၂၀၁၇ ခုနှစ် နိုဝင်ဘာလနှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာသုည ဒသမ ၁၅၈ သန်း လျော့နည်းဆောင်ရွက်ခဲ့ပါသည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ရေထွက်ပစ္စည်းများကို သိသိသာသာ ပိုမိုတင်ပို့နိုင်ခဲ့ခြင်းကြောင့် ကုန်သွယ်မှုပိုမိုရခြင်းဖြစ်ပြီး ၂၀၁၇ နိုဝင်ဘာနှင့် နှိုင်းယှဉ်ပါက လယ်ယာထွက်ကုန်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများနှင့် စက်မှုကုန်ချောပစ္စည်းများ တင်ပို့မှု လျော့နည်းခဲ့သဖြင့်ဒီဇင်ဘာလ၏ ကုန်သွယ်မှုမှာ လျော့နည်းခဲ့ရခြင်းဖြစ်ပါသည်။

မောင်တော ကုန်သွယ်ရေးစခန်းမှ ၂၀၁၇ ဒီဇင်ဘာလအတွင်း တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ဆန်၊ ချင်း၊ လဲမှို၊ ပုစွန်၊ ရေချိုငါး၊ ငါးသလောက်၊ ငါးစုံလေးခြောက်၊ ဝါးနှင့် ဆီးယိုထုပ်၊ ကွေကာအုပ်၊ ကော်ဖီ၊ သနပ်ခါးခဲ၊ နေကြာစေ့၊ သကြားလုံး၊ စောင်၊ ဖိနပ်တို့ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလအထိ အမှန်ကုန်သွယ်မှုပမာဏသည် တစ်နှစ်လုံးကုန်သွယ်မှုပမာဏ၏ လျာထားချက်ထက်ကျော်လွန်နေပြီဖြစ်သော်လည်း ကုန်သွယ်မှု ဆက်လက် တိုးတက်လာစေရန်အတွက် မိမိဒေသရှိဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ မိတ်ဖက်ဌာနများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ OSS ဌာနများနှင့်ပူးပေါင်းပြီး အလေးထားကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မောင်တောကုန်သွယ်ရေးစခန်းမှ သတင်းရရှိပါသည်။

**မော်မော်အောင်**

## ရိဒ်ကုန်သွယ်ရေးစခန်းတွင် အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ ကုန်သွယ်မှုပိုမိုခဲ့

ဒီဇင်ဘာလတွင် ရိဒ်ကုန်သွယ်ရေးစခန်း၌ ပို့ကုန်တင်ပို့နိုင်မှု အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၇၅ သန်း၊ သွင်းကုန် တင်သွင်းနိုင်မှု အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၅၂ သန်းဆောင်ရွက်နိုင်ခဲ့ပြီး ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၂၇ သန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ရိဒ်ကုန်သွယ်ရေးစခန်းရဲ့ ဒီဇင်ဘာလကုန်သွယ်မှုကို အနီးစပ်ဆုံးကာလဖြစ်တဲ့ နိုဝင်ဘာလကုန်သွယ်မှုနဲ့နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ သုညဒသမ ၂၆၀ သန်း ပိုမိုခဲ့ပြီး ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါကလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၅၁ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း သိရပါတယ်။ ရိဒ်ကုန်သွယ်ရေးစခန်းရဲ့ ဒီဇင်ဘာလ ကုန်သွယ်မှု လျာထားချက်မှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၉ သန်းဖြစ်ပြီး အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၂၇ သန်း ကုန်သွယ်ခဲ့တဲ့အတွက် ကုန်သွယ်မှုလျာထားချက်အပေါ် ၈၀ ဒသမ ၁၄၃ ရာခိုင်နှုန်းဆောင်ရွက်ခဲ့တယ်လို့ သိရပါတယ်။

အနီးစပ်ဆုံး ကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ ကုန်သွယ်မှုပိုမိုရခြင်းမှာ ပို့ကုန်ပိုင်းတွင် ကွမ်းသီး၊ စီးကရက်၊ မုန့်မျိုးစုံ၊ စောင်၊ မဝတ်တီရှပ်၊ မစီး ဖိနပ်များ ပိုမိုတင်ပို့ခဲ့သလို သွင်းကုန်ပိုင်းတွင်လည်း ဓာတ်မြေဩဇာ၊ လူသားဆံပင်၊ နိုင်လွန်ချည်၊ တောင်လုံးကျော်တို့ ပိုမိုတင်သွင်းခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။

ရိဒ်ကုန်သွယ်ရေးစခန်းရဲ့ ဒီဇင်ဘာလအတွင်း အများဆုံး တင်ပို့ခဲ့တဲ့ ပို့ကုန်ပစ္စည်းများကတော့ ကွမ်းသီး၊ စီးကရက်၊ မုန့်မျိုးစုံ၊ စောင်၊ မဝတ်တီရှပ်၊ မစီးဖိနပ်တို့ဖြစ်ပြီး အများဆုံး တင်သွင်းခဲ့တဲ့ သွင်းကုန်ပစ္စည်းများကတော့ ဓာတ်မြေဩဇာ၊ လူသားဆံပင်၊ တောင်လုံးကျော်၊ နိုင်လွန်ချည်တို့ ဖြစ်တယ်လို့ သိရပါတယ်။

**ခင်မိုးသူ**

## မူဆယ်မှ ရေထွက်ကုန်တန်ချိန်ရော တန်ဖိုးပါလျော့နည်း

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၅၆ သန်းတန်ဖိုးရှိ ရေထွက်ကုန်တန် ၂၅၆၀ ကျော်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန် ၂၆၁၀ ကျော်နဲ့နှိုင်းယှဉ်ပါက တန် ၅၀ လျော့နည်းတင်ပို့ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာသုည ဒသမ ၆၇၀ သန်း လျော့နည်းခဲ့တာ တွေ့ရပါတယ်။

ယခုတစ်ပတ်တွင် ကဏန်း၊ ပုစွန်၊ ပုစွန်ခြောက်နဲ့ ငါးမျိုးစုံတို့တင်ပို့မှု လျော့နည်းခဲ့တာကြောင့် ယခုလို တန်ချိန်ရော တန်ဖိုးပါလျော့နည်းရတာဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံ ဝယ်ဈေးမှာ ကဏန်းတစ်တန်လျှင် ယွမ် ၅၆၇၀၀၊ ငါးရှဉ့်တစ်တန်လျှင် ယွမ် ၃၂၀၀၀ ဈေးရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## အိန္ဒိယနယ်စပ်မှ ကွမ်းသီးတင်ပို့မှုကျဆင်း

မြန်မာ-အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဒီဇင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၂၆၁ သန်း တန်ဖိုးရှိ ကွမ်းသီး ၃၂၆ တန်ကို တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၇၆၄ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၄၃၈ တန်လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ တမူးကုန်သွယ်ရေးစခန်းရော ရိဒ်ကုန်သွယ်ရေးစခန်းပါ ကွမ်းသီးများ တင်ပို့မှုကျဆင်းခဲ့တဲ့အတွက် ယခုလို လျော့နည်းရခြင်းဖြစ်ပါတယ်။ တင်ပို့မှုကိုကြည့်ပါက ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၄၇ သန်းတန်ဖိုးရှိ ကွမ်းသီး ၁၈၁ တန်နဲ့ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၀၁ သန်းတန်ဖိုးရှိ ကွမ်းသီး ၁၁၄ တန်ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ရိဒ်ကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၇၃ သန်းတန်ဖိုးရှိ စောင်၊ မဝတ်တီရှပ်တို့ကို ၉၈ တန်နဲ့ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၃၇၂ သန်းတန်ဖိုးရှိ နန့်ဖာလုံးကုန်စုံ၊ စီးကရက်၊ အုန်းသီး၊ ပန်းသီးတို့ကို ၂၄၂ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## ကုန်သွယ်ရေးစခန်းများမှ ဆိုင်ကယ်တင်သွင်းမှုကျဆင်း

ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းများမှ ဒီဇင်ဘာ ၂၃ ရက်မှ ၂၉ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၇၃ သန်းတန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၇၆၆၀ စီးတင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၈၆၉၉ စီးတင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၀၃၉ စီး လျော့နည်းတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းနဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းများမှ ပိုမိုတင်သွင်းနိုင်သော်လည်း မူဆယ်ကုန်သွယ်ရေးဇုန်၊ တမူးကုန်သွယ်ရေးစခန်းတို့မှ ဆိုင်ကယ်များ တင်သွင်းမှုလျော့နည်းခြင်းကြောင့် ဖြစ်တယ်လို့သိရပါတယ်။ တင်သွင်းမှုကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၅၂ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၆၂၆၅ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၉၁ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၃၁၀ စီး၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၆ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၇၅ စီး၊ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၅ သန်းတန်ဖိုးရှိ ဆိုင်ကယ်ငါးစီးနဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၉ သန်းတန်ဖိုးရှိ ဆိုင်ကယ်ငါးစီးကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## ဒီဇင်ဘာလတွင် ထိုင်းနယ်စပ်မှ ရေထွက်ကုန် ပိုမိုတင်ပို့နိုင်ခဲ့

မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းများမှ ဒီဇင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၁၇၂ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၈၃၃၂ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၇၈၄၄ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၄၈၈ တန် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မြိတ်ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန် လျော့နည်းတင်ပို့ခဲ့ပေမယ့် မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေး စခန်းတို့ မှရေထွက်ကုန်များ ပိုမိုတင်ပို့ခဲ့တဲ့အတွက် ယခုလို ပိုမိုရခြင်းဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက အမေရိကန်ဒေါ်လာ သုည ဒသမ ၁၈၀ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ပုစွန်၊ ကဏန်း၊ ငါးရှဉ့် စုစုပေါင်းတန်ချိန် ၁၃၆ တန်ကို မြဝတီကုန်သွယ်ရေးဇုန်မှ လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၇၈ သန်း တန်ဖိုးရှိ ငါး မျိုးစုံ၊ ကင်းမွန်၊ ပုစွန်၊ ကဏန်း၊ အခြားရေထွက်၊ ရေဘဝဲ၊ ပင်လယ်ငါးရှဉ့် စုစုပေါင်း တန်ချိန် ၆၈၃၄ တန်ကို ကော့သောင်းကုန်သွယ်ရေးစခန်းမှ လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၁၄ သန်းတန်ဖိုးရှိ ငါးမုန့်၊ အေးခဲကဏန်းပျော့၊ ငါးမျိုးစုံ၊ ကင်းမွန်၊ မွေးပုစွန်၊ အေးခဲပုစွန်၊ ငါးခြောက်စုစုပေါင်းတန်ချိန် ၁၃၆၁ တန်ကို မြိတ်ကုန်သွယ်ရေးစခန်းမှလည်းကောင်း တင်ပို့ခဲ့တယ်လို့သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ (MYANTRADE) မှ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့် ဝန်ကြီးဌာနရှိအရာထမ်း၊ အမှုထမ်းများအား ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနေသည့် ကုန်သွယ်မှုမြှင့်တင်ရေး လုပ်ငန်းများကို ပိုမိုသိရှိနားလည်စေရန်နှင့် ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်စေရန်အတွက် ဝန်ဆောင်မှုများ၊ စည်းမျဉ်းစည်းကမ်းများ၊ စိန်ခေါ်မှုများနှင့်ပတ်သက်သော ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၅ ရက်နှင့် ၆ ရက်တို့တွင် ရန်ကုန်မြို့၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ညီလာခံခန်းမ၌ ကျင်းပခဲ့ပါသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဦးဟန်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အသင်းအဖွဲ့များ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ (ရုံးချုပ်)နေပြည်တော်နှင့် Myanmar Trade Center မှ အရာထမ်း/ အမှုထမ်းများ၊ ကုန်သွယ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ အရာထမ်း/ အမှုထမ်းများ၊ စုစုပေါင်း ၆၅ ဦး တက်ရောက်ခဲ့ကြပါသည်။

ဆွေးနွေးပွဲတွင် ဝန်ကြီးဌာန အသီးသီးမှ အဆင့်မြင့်အရာထမ်းများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ ကျွမ်းကျင်ပညာရှင်များက သက်ဆိုင်ရာဘာသာရပ်အလိုက် ပူးပေါင်းဆွေးနွေးခဲ့ကြပြီး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ အခန်းကဏ္ဍ၊ ကုန်သွယ်မှုမြှင့်တင်ရေးအတွက်ဝန်ဆောင်မှုများ၊ GSP အသုံးချနိုင်မှုအခြေအနေများ၊ ကုန်သွယ်မှုဗဟိုဌာနများမှ ဆောင်ရွက်လျက်ရှိသော အခြေအနေများ၊ နိုင်ငံတကာကုန်သွယ်ရေးနှင့် ကုန်စည်သယ်ယူပို့ဆောင်ခြင်းကဏ္ဍများ၊ ပို့ကုန်ဦးဆောင်သော ဖွံ့ဖြိုးတိုးတက်မှုပုံစံများ၊ သတင်းအချက်အလက်များ၊ လွတ်လပ်သော ကုန်သွယ်မှုဒေသများနှင့် ပင်ရင်းနိုင်ငံစည်းမျဉ်းများ၊ သီလဝါအထူးစီးပွားရေးဇုန်ဆိုင်ရာကိစ္စများ၊ HS Code အကြောင်းသိကောင်းစရာများ၊ အမျိုးသားပို့ကုန်မဟာဗျူဟာ (NES) လက်ရှိအကောင်အထည်ဖော်နေသော ဦးစားပေးကဏ္ဍများစသည်တို့ကို ဆွေးနွေးခဲ့ပါသည်။

အဆိုပါ ဆွေးနွေးချက်များအပေါ် ဆွေးနွေးပွဲ တက်ရောက်လာသူများမှ သိလိုသည်များကို မေးမြန်းခဲ့မှုအပေါ် ဆွေးနွေးသူများက အသေးစိတ်ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**သန်းသန်းနု(MYANTRADE)**

စာမျက်နှာ (၁၂) ပြည်တွင်းဈေးကွက်မှ ပြည်ပဈေးကွက်များသို့ ...... မှအဆက်

မြန်မာ့သီဟိုဠ်စေ့ ဘဏ္ဍာနှစ်အလိုက်၊ နိုင်ငံအလိုက်ပြည်ပတင်ပို့မှု အခြေအနေမှာ အောက်ပါအတိုင်းတွေ့ရှိရပါသည် -

**မြန်မာနိုင်ငံမှ သီဟိုဠ်စေ့ တင်ပို့သည့် နိုင်ငံများစာရင်း**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်**

**(၁၅-၁၂-၂၀၁၇) ရက်နေ့ထိ**

**တန်ဖိုး -အမေရိကန်ဒေါ်လာသန်း၊ ရေတွက်ပုံ-တန်ချိန်**

| စဉ် | နိုင်ငံ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (၁၅.၁၂.၂၀၁၇) ရက်နေ့ထိ | |
|---|---|---|---|---|---|
| | | အရေအတွက် | တန်ဖိုး | အရေအတွက် | တန်ဖိုး |
| ၁ | ဗီယက်နမ် | ၄၃၈.၀၀၀ | ၀.၂၁၉ | ၁၀၃၀.၂၉၀ | ၀.၂၃၃ |
| ၂ | တရုတ် | ၅၁၇.၆၂၀ | ၃.၂၀၈ | ၄၈၇.၇၃၀ | ၃.၀၃၆ |
| ၃ | စင်ကာပူ | ၄၁၁.၃၉၀ | ၂.၅၅၄ | ၃၆၃.၇၀၀ | ၂.၆၃၆ |
| ၄ | ထိုင်း | ၁၆၇ ၈၁၂ | ၁.၂၇၆ | ၃၂၄.၉၁၄ | ၂.၄၆၆ |
| ၅ | တောင်ကိုရီးယား | ၄၃.၆၅၀ | ၀.၃၃၇ | ၆၃.၈၀၀ | ၀.၅၇၆ |
| ၆ | တရုတ်(တိုင်ပေ) | ၂၄.၄၀၀ | ၀.၁၅၀ | ၅၀.၇၂၅ | ၀.၃၂၅ |
| ၇ | ဟောင်ကောင်(တရုတ်) | ၃၆.၀၀၀ | ၀.၁၈၇ | ၄၇.၀၅၀ | ၀.၃၂၉ |
| ၈ | မလေးရှား | ၁၃.၄၀၀ | ၀.၀၉၅ | ၅၀.၅၀၀ | ၀.၃၄၀ |
| ၉ | ဂျပန် | ၀ . ၂၀၀ | ၀.၀၀၂ | ၈.၅၀၀ | ၀.၀၁၃ |
| ၁၀ | အိန္ဒိယ | | | ၈.၂၀၀ | ၀.၀၆၃ |
| ၁၁ | သီရိလင်္ကာ | ၁၃.၅၀၀ | ၀ .၀၉၅ | | |
| ၁၂ | နယူးဇီလန် | ၂၂ .၀၀၀ | ၀.၀၄၄ | | |
| ၁၃ | အင်ဒိုနီးရှား | ၁၀.၀၀၀ | ၀ .၀၂၀ | | |
| ၁၄ | ဆလိုဗက်ကီးယား | ၂၂.၀၀၀ | ၀.၁၅၄ | | |
| | စုစုပေါင်း | ၁၇၁၉.၉၇၂ | ၈.၃၄၁ | ၂၄၃၅.၄၀၉ | ၁၀.၀၁၇ |

Source : Customs Data + DCCA

အထက်ပါဇယားအရ မြန်မာ့သီဟိုဠ်စေ့ နိုင်ငံအလိုက် ပြည်ပတင်ပို့မှုကိုတွေ့ရှိရပြီး ဗီယက်နမ်နိုင်ငံသို့ အများဆုံးတင်ပို့ပြီးဖြစ်ပါသည်။ တရုတ်၊ စင်ကာပူ၊ ထိုင်း၊ ကိုရီးယား၊ တရုတ် (တိုင်ပေ)၊ ဟောင်ကောင်၊ မလေးရှားနိုင်ငံများသို့လည်း နှစ်စဉ် ဈေးကွက်မပျက်တင်ပို့ကြောင်း တွေ့ရှိရပါသည်။

မြန်မာ့သီဟိုဠ်စေ့သည် ဗီက်နမ်နိုင်ငံ၏ သီဟိုဠ်စေ့ထက် အရည်အသွေးအရသာ ပိုမိုကောင်းမွန်ခြင်းကြောင့် ပြည်ပဈေးကွက်တွင် ဈေးကောင်းရနေကြောင်း သိရပါသည်။ ပြည်ပဈေးကွက်တွင် မြန်မာ့သီဟိုဠ်စေ့သည် အရည်အသွေးပိုင်းရော အရသာပါ ထူးခြားကောင်းမွန်သည့်အတွက် ဈေးကွက်တွင်နေရာရနေခြင်းအား ရေရှည်တည်တံ့ခိုင်မြဲအောင်၊ ပြည်ပဈေးကွက်မပျက်အောင် ပိုမိုတိုးချဲ့စိုက်ပျိုးထုတ်လုပ်သင့်ကြောင်း တွေ့ရှိရပါသည်။ နိုင်ငံတကာဈေးကွက်တွင် ဈေးကောင်းရရှိအောင် ဆောင်ရွက်ပေးနိုင်သော ကုန်သည်များအပိုင်းမှလည်း အကျိုးရှိသကဲ့သို့ စိုက်ပျိုးထုတ်လုပ်သူအပိုင်းနှင့် အသေးစား၊ အလတ်စားစက်ရုံလုပ်ငန်းများ တိုးတက်လာပါက အလုပ်သမားများအပိုင်းမှလည်း အလိုလို အလုပ်အကိုင်များ ပွင့်လန်းလာမှာဖြစ်ပြီး ဝင်ငွေကောင်းလာမှာဖြစ်ပါသည်။ ရေကောင်း၊ မြေကောင်း၊ အခြေခံကောင်းများ ရှိနေသော မြန်မာနိုင်ငံအနှံ့တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် စိုက်ပျိုးထွက်ရှိသည့် သီးနှံများကို ကုန်ကြမ်းမှကုန်ချောဖြစ်သည်အထိ အရည်အသွေးကောင်း အရောအနှောကင်းစင်ပြီး သန့်စင်သည့်ကုန်စည်တွေကသာ စားသုံးသူများကို ဆွဲဆောင်ပြီး နာမည်ကောင်းရနိုင်မည်ဖြစ်ပြီး ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များတွင်ပါပိုမို၍ တင်ပို့နိုင်စေရန် ကြိုးပမ်းဆောင်ရွက်မည်ဆိုလျှင် မြန်မာ့သီဟိုဠ်လုပ်ငန်း ပိုမိုတိုးတက်ပြီး နိုင်ငံခြားဝင်ငွေ တိုးတက်လာမည်ဖြစ်ပါကြောင်း၊ သီဟိုဠ်သီးနှံသည် စားသုံးသူများအတွက် များစွာအကျိုးရှိသောသီးနှံ၊ တန်ဖိုးကြီးသဖြင့် အလားအလာရှိသောကုန်စည်တစ် မျိုးဖြစ်ပါသည်။ ရရှိပြီးသော ဈေးကွက်ကို ထိန်းသိမ်းရန်နှင့် ဈေးကွက်တိုးချဲ့ရန်အတွက် သီဟိုဠ်သီးနှံကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်သင့်ပါကြောင်း ရေးသားလိုက်ရပါသည်။

# ဗီယက်နမ်တွင် အော်ဂဲနစ်စိုက်ပျိုးရေးအား အလေးထားဆောင်ရွက်လျက်ရှိ

ဗီယက်နမ်နိုင်ငံမှာ အော်ဂဲနစ်စိုက်ပျိုးရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပါတယ်။ ဗီယက်နမ်အရည်အသွေးမြင့် ထုတ်ကုန်များအဖွဲ့ရဲ့ ဥက္ကဋ္ဌဖြစ်သူ Mrs. Vu Kim Hanh က အော်ဂဲနစ်သီးနှံတွေဟာ ဗီယက်နမ်နိုင်ငံမှာသာမက ကမ္ဘာမှာပါ သုံးစွဲမှုမြင့်တက်လာပြီးဒါဟာ အော်ဂဲနစ်စိုက်ပျိုးရေးလုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံမယ့် စိုက်ပျိုးရေးလုပ်ငန်းရှင်တွေအတွက် ကြီးမားတဲ့ အခွင့်အရေး တစ်ရပ်ဆိုတာကို ဒီဇင်ဘာ ၂၇ ရက်မှာ ကျင်းပခဲ့တဲ့ နိုင်ငံတော်အဆင့် ပထမအကြိမ် အော်ဂဲနစ်သီးနှံများဆိုင်ရာ ဆွေးနွေးပွဲမှာပြောကြားလိုက်ပါတယ်။

ကမ္ဘာ့အော်ဂဲနစ်သီးနှံတွေရဲ့ နှစ်စဉ်ဝင်ငွေကိုကြည့်မယ်ဆိုရင် သီးနှံနဲ့ အဖျော်ယမကာကဏ္ဍမှာ ၁၉၉၉ ခုနှစ်က အမေရိကန်ဒေါ်လာ ၁၅ ဒသ မ ၂ ဘီလီယံ ရှိရာမှ ၂၀၀၄ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၇ ဘီလီယံအထိ တစ်ရှိန်ထိုးတိုးတက်မှုရှိနေပါတယ်။ ၂၀၁၅ ခုနှစ်မှာတော့ အမေရိကန်ဒေါ်လာ ၈၁ ဒသမ ၆ ဘီလီယံ ကျော်ရှိလာပြီး ပြင်သစ်နဲ့ဂျာမနီနိုင်ငံတွေဟာ အဓိကဈေးကွက်နိုင်ငံတွေ ဖြစ်လာပါတယ်။

ဗီယက်နမ်နိုင်ငံ အော်ဂဲနစ်သီးနှံတွေရဲ့ တစ်နှစ်ပျမ်းမျှဝင်ငွေဟာ အမေရိကန်ဒေါ်လာ ၁၃၂ ဒသမ ၁၅ သန်းရှိနေပြီး ဗီယက်နမ်မြောက်ပိုင်းကထွက်တဲ့ အော်ဂဲနစ်သီးနှံတွေဟာ ပိုမိုရောင်းတန်းဝင်လျက်ရှိပါတယ်။

အမေရိကန်စိုက်ပျိုးရေးဌာနရဲ့ အသိအမှတ်ပြုလက်မှတ်ရ အော်ဂဲနစ်သီးနှံများ၊ ဆန်၊ ပုစွန်နဲ့ငါးများကို တင်ပို့ရောင်းချနေတဲ့ ဗီယက်နမ် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ Mr. Vo Hoang Anh ကတော့ လက်ရှိ ကမ္ဘာ့အော်ဂဲနစ်သီးနှံဈေးကွက်ဟာ ပိုမိုကြီးမားလာနေပြီလို့ ပြောကြားခဲ့ပါတယ်။ ဒါကြောင့် ဗီယက်နမ်မှ အော်ဂဲနစ်သီးနှံတွေ နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်ရရှိပြီး ဈေးကောင်းရဖို့နဲ့ ဈေးကွက်ဝေစု များများရဖို့အတွက် အော်ဂဲနစ် စိုက်ပျိုးရေးလုပ်ငန်းရှင်များနဲ့ စာချုပ်ချုပ်ဆိုလိုကြောင်းကိုလည်း ကမ်းလှမ်းထားပါတယ်။

ဗီယက်နမ်နိုင်ငံအနေနဲ့ အော်ဂဲနစ်စိုက်ပျိုးတဲ့ မြေဧကကို ၂၀၁၆ ခုနှစ်မှာ ၇၇၀၀၀ ဟက်တာရှိရာမှ ၂၀၁၀ ခုနှစ်မှာ ၃ ဒသမ ၆ ဆ ပိုမိုတိုးမြှင့်စိုက်ပျိုးဖို့ တွန်းအားပေးလျက်ရှိပါတယ်။ မြို့ပေါင်း ၆၃ မြို့အနက် ၃၃ မြို့ကိုလည်း စိုက်ပျိုးရေးဝင်ငွေမြင့်မားတဲ့ အော်ဂဲနစ်စိုက်ပျိုးရေးစံပြမြို့တွေအဖြစ် သတ်မှတ်ပေးပြီးလယ်ယာ စိုက်ပျိုးရေးနည်းစနစ် ပြောင်းလဲဖို့ ပညာပေးလုပ်ဆောင်နေပြီဖြစ်ပါတယ်။ ဒါကြောင့် ဗီယက်နမ်နိုင်ငံဟာ အော်ဂဲနစ်သီးနှံတွေကို နိုင်ငံတကာစံနှုန်းနဲ့အညီ အမေရိကန်နဲ့ အီးယူဈေးကွက်ကို ထိုးဖောက်နိုင်ဖို့အတွက် နိုင်ငံတော်အဆင့်အနေနဲ့ လှုပ်ရှားဆောင်ရွက်နေတယ်လို့ ဆိုရမှာပါ။

စားသုံးသူတွေဟာ အော်ဂဲနစ်သီးနှံတွေကို ရွေးချယ်သုံးစွဲကြတဲ့ အကြောင်းပြချက်ကတော့ ပိုးသတ်ဆေးအကြွင်းအကျန် မပါဝင်တာကြောင့် ဖြစ်ပါတယ်။ အဲ့ဒီအကြောင်းရဲ့ နောက်ကွယ်မှာ စိုက်ပျိုးသူတွေအနေနဲ့ကုန်ကျစရိတ်မြင့်မားမှုကို ရင်ဆိုင်နေကြရပါတယ်။ ဒါ့အပြင် ပြည်တွင်း အသိအမှတ်ပြု အဖွဲ့အစည်းမရှိဘဲ နိုင်ငံခြားအဖွဲ့အစည်းတွေကသာ ဆုံးဖြတ်ပေးနေတဲ့ အချက်ဟာလည်း စိန်ခေါ်မှုတစ်ရပ်အနေနဲ့ ဖြစ်ပေါ်လာပါတယ်။

Mrs. Vu Kim Hanh က ဗီယက်နမ်နိုင်ငံမှာ အော်ဂဲနစ်သီးနှံတွေ တိုးတက်ထွန်းကားပြီး နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်နိုင်ရန်အတွက် မူဝါဒသစ်တွေချမှတ်ပေးဖို့ အစိုးရကို တိုက်တွန်းလိုက်ပါတယ်။ ဒါ့အပြင် အော်ဂဲနစ်သီးနှံများ စိုက်ပျိုးရာမှာလိုအပ်တဲ့ အော်ဂဲနစ်မြေဩဇာ၊ ဇီဝမြေဩဇာ၊ ဇီဝသက်ရှိနဲ့အပင်များဆိုင်ရာ ဆက်စပ်လုပ်ငန်းတွေအပေါ် ဖြေလျှော့ပေးဖို့ကိုလည်း တောင်းဆိုခဲ့ပါတယ်။

အော်ဂဲနစ်သီးနှံများ စိုက်ပျိုးရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌဖြစ်သူ Mr. Le Quoc Phong ကတော့ အော်ဂဲနစ် စိုက်ပျိုးရေးကို ပိုမိုပံ့ပိုးပေးဖို့နဲ့ ရင်းနှီးမြှုပ်နှံသူများ လုံခြုံမှုရှိရန်အတွက် မြေဈေးနှုန်းတွေတည်ငြိမ်အောင် ဆောင်ရွက်ပေးဖို့ တောင်းဆိုထားပါတယ်။ အစိုးရအနေနဲ့ အော်ဂဲနစ်သီးနှံ စိုက်ပျိုးရေးမှာ ဦးစားပေးသီးနှံတွေ ရွေးချယ်ဖော်ထုတ်ပေးဖို့နဲ့ မြေနေရာသတ်မှတ်ရေးမူဝါဒတွေ ချမှတ်ပေးဖို့ကိုလည်း အကြံပြုခဲ့ပါတယ်။ အော်ဂဲနစ်သီးနှံတွေဟာသန့်ရှင်းပြီး အရည်အသွေးမီ အော်ဂဲနစ်မြေဩဇာရရှိဖို့လိုအပ်တာကြောင့် အော်ဂဲနစ်မြေဩဇာကျယ်ကျယ်ပြန့်ပြန့်ရရှိဖို့အတွက် ချက်ချင်းအကောင်အထည်ဖော်ဖို့ကိုလည်း တိုက်တွန်းထားပါတယ်။

အော်ဂဲနစ်သီးနှံများ စိုက်ပျိုးရေးအဖွဲ့နဲ့ Bihn Dien Fertiliser JSC တို့ ပူးတွဲပြုလုပ်ခဲ့တဲ့ အစည်းအဝေးမှာ အော်ဂဲနစ်သီးနှံစိုက်ပျိုးသူတွေအတွက် မြေခွန်၊ ဝင်ငွေခွန် လျှော့ချပေးဖို့နဲ့ အော်ဂဲနစ်စိုက်ပျိုးမှု လုပ်ငန်းစဉ်တွေကို နိုင်ငံတကာအဆင့်မီ မှန်ကန်စွာ လုပ်ဆောင်နိုင်ရေးအတွက် အစိုးရ၊ လုပ်ငန်းရှင်နဲ့ စိုက်ပျိုးရေးသမားတွေ ပူးပေါင်းဆောင်ရွက်ဖို့ ဆွေးနွေးညှိနှိုင်းခဲ့တယ်လို့ သိရှိရပါတယ်။

**Source by Viet Nam News**

**ကြည်သာသစ်နိုင်**


HYPER AUTO
HYPER AUTO CAR SALE CENTRE
No(3), Yadanarmon(7)Street, Yadanarmon Housing, Hlaing Township, Yangon, Myanmar.
Ph : 09-73111123, 09-73111166, 09-73250959, Office : 09-31646740, 09-31642345 gmail:hyperautosalecentre@gmail.com


MMK
Myanmar Modular Konstruction
အမှတ်(၈၉၁)ဖြူမွှာရိရိုလမ်း၊ဖရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်။
ဖုန်း– ၀၉၇၇၇၇၃၇၉၅၅၊၀၉၅၁၆၈၁၆၀


NU Health
NU HEALTH
Nutrition you can afford, Quality you can trust.
အသက်ရှည်ကျန်းမာခြင်းရဲ့ လျို့ဝှက်ချက်
စန်ထရယ်ဆေးလ်ဗား
MADE IN THE USA
Specially Formulated for Adults 50+
CENTRAL SILVER
Multivitamin/Multi-mineral
Dietary Supplement
300 TABLETS
အသက်(၅၀)နှင့်အထက်အားဆေး

# WCL WIN CONSULTING LIMITED

***We provide the following services designed to support your business objectives, manage your resources and improve your profitability and competitiveness:***

## BUSINESS ADVISORY

- Risk Management
- Finance Management

## BUSINESS CONSULTING

- New Investors Advisory
- Business Planning and Review
- Project Preparation and Packaging

## ECONOMIC AND FINANCIAL CONSULTING

- Share and Asset Valuation
- Corporate Finance

## TAX , LEGAL AND OTHER SERVICES

- Tax Advisory
- Corporate Tax Services
- Tax Reporting Services
- Tax Compliance Review
- Legal Advisory
- Company Formation Services
- Secretarial Services
- Payroll Tax Services
- Compilation of Financial Information Services
- Representation before Tax and other Government Authorities
- Reviewing Agreements and Contracts
- Liquidation and Closing Down Services
- Investment/SEZ Permit Application Services
- Trade Mark Registration Services

***Contact us: U Win Thin (Chairman), U Win Aung (Vice Chairman), U Myo Min Htwe (Managing Director)***

Office Address : # Room 2D, Rose Condominium, No. 182/194, 1st Floor, Botahtaung Pagoda Road, Between Anawyahta Street & Mahabandoola Street Pazundaung Township, Yangon Region, Myanmar.
Tel :(951) 245671, 9010343, 9010549, 9010057
Fax : (951) 371607
E-mail : winconsult@myanmar.com.mm, winthin9@myanmar.com.mm
Website : www.winthinassociates.com

# MYO CHIT MYANMAR TRADING CO.,LTD.

ဂျပန်ကားအမျိုးမျိုးရောင်းဝယ်ရေး

MITSUBISHI NISSAN TOYOTA ISUZU SUZUKI mazda HONDA HINO



အမှတ် ၁၀၊ပြည်သာယာလမ်း၊(ဃ)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း း ၀၉ - ၅၄၁၀၂၅၇၊၀၉ - ၂၆၀ ၈၀၀ ၀၀၆

# ကုန်သွယ်မှုနည်းလမ်းနှစ်သွယ်မှ ဒီဇင်ဘာလအတွင်း ရော်ဘာပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်နဲ့ မြန်မာ-ထိုင်း နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ ဒီဇင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၉၉၆ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၅၁၇၄ တန်ကျော် တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ရော်ဘာ RSS 1 အမျိုးအစား ၅၂ တန် ကျော်၊ RSS 3 အမျိုးအစား ၁၉၅၉ တန်၊ RSS 5အမျိုးအစား ၇၃၈ တန်၊ MSR 20 အမျိုးအစား ၄၄၆ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ Crepe Rubber အမျိုးအစား ၁၀ တန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS 3အမျိုးအစား ၇၂၃ တန်ကျော်၊ RSS 5 အမျိုးအစား ၁၀၀၆ တန်ခန့်၊ MSR 20 အမျိုးအစားတန်ချိန် ၁၆၀ ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ရော်ဘာစေးတန်ချိန် ၈၀ တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၂၅၈၉ တန် လျော့နည်းခဲ့ပါတယ်။

ဒီဇင်ဘာတစ်လလုံးမှာ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၆၅၄ သန်းတန်ဖိုးရှိ ရော်ဘာ ၂၃၀၃၇ တန် တင်ပို့ခဲ့ပြီး အနီးစပ်ဆုံးနိုဝင်ဘာလ တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုလတင်ပို့မှုမှာ ၁၄၅၀၃ တန် ပိုမိုခဲ့ကြောင်း သိရပါတယ်။ နိုဝင်ဘာလတွင် ရော်ဘာ ၈၅၃၄ တန်ကျော်တင်ပို့ခဲ့တာဖြစ်ပါတယ်။

ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ရော်ဘာဈေးမှာ RSS 3 အမျိုးအစားတစ်တန်လျှင် ကျပ် ၂၀ ဒသမ ၁၂၂ သိန်းရှိပြီး ယခင်တစ်ပတ်ထက် တစ်တန်ကို ၄၁၀၇ ကျပ် ဈေးကျကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဒီဇင်ဘာ ၂၄ ရက်မှ ၃၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ သုည ဒသမ ၅၆၅ သန်းတန်ဖိုးရှိ ရော်ဘာ ၄၁၃ တန်ခန့် တင်ပို့ခဲ့ရာ မလေးရှားနိုင်ငံသို့ RSS 3 အမျိုးအစား ၁၉၂ တန်နဲ့ MSR 20 အမျိုးအစားတန်ချိန် ၆၀၊ အိန္ဒိယနိုင်ငံသို့ RSS 3 အမျိုးအစားတန်ချိန် ၆၀ နဲ့ ဗီယက်နမ်နိုင်ငံသို့ MSR 10 အမျိုးအစား ၁၀၁ တန်နီးပါးတင်ပို့ခဲ့ပါတယ်။ ဒီဇင်ဘာတစ်လလုံးမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၆၁ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၂၇၅၂ တန်ကျော် တင်ပို့ခဲ့ပါတယ်။ အနီးစပ်ဆုံး နိုဝင်ဘာလ တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုလမှာ ၁၆၈၉ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ဒီဇင်ဘာလအတွင်းမှာ ကုန်သွယ်ရေးစခန်းများနဲ့ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ နိုဝင်ဘာလထက် ရော်ဘာအဆင့်စုံ ၁၆၁၉၂ တန် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာရော်ဘာဈေးအတက်အကျသိပ်မရှိတဲ့အတွက် ပြည်ပတင်ပို့မယ့် မြန်မာ့ရော်ဘာ FOB ဈေးလည်း အပြောင်းအလဲမရှိကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရပါတယ်။ **ယဉ်ယဉ်အေး**

## စာမျက်နှာ (၁၅)➢➢➢ ၂၀၁၇ ခုနှစ် ရှင်းတမ်း ..... မှ အဆက်

ဘဏ်မှာ ထားရှိရမယ့် ဗဟိုဘဏ်ရဲ့ကွပ်ကဲမှုဟာ မြန်မာနိုင်ငံရဲ့ ငွေကြေးစနစ်နဲ့ ဘဏ်စနစ်ကို ခိုင်မာစေရန် ဆောင်ရွက်ခြင်းဖြစ်ပြီး နိုင်ငံတကာဘဏ် လုပ်ငန်းထိန်းချုပ်မှု လမ်းညွှန်ချက်များနဲ့အညီ အနိမ့်ဆုံး ဆောင်ရွက်ရမည့်လုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒီလိုမှမဆောင်ရွက်ရင် ငွေကြေးစနစ်တစ်ခုလုံးကို ထိခိုက်စေမှာဖြစ်လို့ ကြီးကြပ်မှုကို တိုးမြှင့်ဆောင်ရွက်ခဲ့ရခြင်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အသေးစားနဲ့ အလတ်စားလုပ်ငန်းများကို အားပေးဖို့ ဒုတိယသမ္မတခေါင်းဆောင်တဲ့ လုပ်ငန်းကော်မတီကို မကြာမီက ထူထောင်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီကော်မတီဟာ ပြည်နယ်နဲ့ တိုင်းဒေသကြီးများမှာ အသေးစားနှင့် အလတ်စားလုပ်ငန်းများ မြှင့်တင် ရေးအေဂျင်စီများကို ထူထောင်ပြီး ဟန်ချက်ညီညီလှုပ်ရှားမှာ ဖြစ်လို့ အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် အားရဖွယ်ဖြစ်ပါတယ်။

ခရီးသွားလုပ်ငန်းမှာလည်း ရခိုင်အရေးအကြောင့် လျော့သွားမယ်လို့ ထင်ခဲ့ပေမ ယ့် ၂၀၁၇ ခုနှစ်ရဲ့ နိုဝင်ဘာအထိ ဗီဇာဖြင့်ဝင်ရောက်သူ ရှစ်ရာခိုင်နှုန်းတိုးခဲ့ပြီး ၂၀၁၆ခုနှစ်၊ နိုဝင်ဘာလနဲ့နှိုင်းယှဉ်ရင် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလအထိ ၁၁ လ အတွင်းမှာ ကမ္ဘာလှည့်ခရီးသည် ၃ ဒသမ ၁၃ သန်းဝင်ရောက်ခဲ့တာမို့ ယမန်နှစ် ကာလတူထက် ၂၀ ရာခိုင်နှုန်းတိုးတက်လာခဲ့ပါတယ်။ ဒီအထဲမှာပြည်တွင်းခရီးသွားတွေတိုးတက်တာ ပြည်တွင်းကနေ ပြည်ပကိုသွားရောက်လည်ပတ်ကြတဲ့ အရေအတွက် မပါသေးပါဘူး။ခရီးသွားလုပ်ငန်းနဲ့ ပတ်သက်လို့ ဖြေလျော့မှုများကြောင့် မြန်မာနိုင်ငံရဲ့ ထူးခြားတဲ့ ရေမြေသဘာဝ၊ ယဉ်ကျေးမှု အမွေအနှစ်၊ တိုင်းရင်းသား ပေါင်းစုံရဲ့ မတူကွဲပြားမှုများကို စိတ်ဝင်တစား လာရောက်လည်ပတ်ကြမည့် သူများ ၂၀၁၈ခုနှစ်အတွင်းမှာ ပိုမို တိုးတက်လာရောက်ကြမယ်လို့ မျှော်မှန်းပါတယ်။

ကုန်သွယ်မှုမူဝါဒအပိုင်းမှာ ပြောင်းလဲမှုတစ်ခုကတော့ ဆိတ်သိုးအပြင် ကျွဲ၊ နွားအရှင်များကို တင်ပို့ခွင့် ပြုခဲ့ခြင်းဖြစ်တယ်။ မြန်မာနိုင်ငံက ဆိတ်၊ သိုး၊ ကျွဲနွားများကို ပြည်ပသို့တင်ပို့ခွင့်ပိတ်ပင် ထားခဲ့ပေမယ့် မှောင်ခိုလမ်းက ကျွဲ၊ နွားအရှင်တင်ပို့မှုဟာ တစ်နှစ်ကို အကောင်ရေ ငါးသိန်းခန့်ရှိမယ်လို့ တစ်ဖက်နိုင်ငံများရဲ့ စာရင်းများက ဆိုတယ်။ မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှမှာ ကျွဲ၊ နွား အများဆုံးမွေးတဲ့ နိုင်ငံဖြစ်ပြီး ကျွဲ၊ နွားအရေအတွက် ၁၄ သန်း လောက်ရှိပေမယ့် မြန်မာနိုင်ငံက ကျွဲ၊ နွားတွေကို တင်ပို့ခွင့် ပိတ်ပင်ထားတော့ ဩစတြေးလျက တရုတ်နဲ့ အရှေ့တောင်အာရှ အမဲသား ဈေးကွက်မှာ ဈေးကွက်ရ အကျိုးခံစားနေရတယ်လို့ဆိုပါတယ်။ ဆိတ်/သိုးကို ဩစတြေးလျနိုင်ငံက မလေးရှားနိုင်ငံကို၂၀၁၅ ခုနှစ် က တစ်နှစ်ကို အကောင်ရေရှစ်သောင်းလောက်ပို့နေပေမယ့် မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံက တရားဝင်တင်ပို့မှုတိုးလာတာကြောင့် ၂၀၁၆ ခုနှစ်မှာ ၈၀၀၀ နီးပါးပဲ တင်ပို့ရတော့တယ်လို့ဆိုတယ်။ မြန်မာ နိုင်ငံက ၂၀၁၇ ခုနှစ်မှာ ဆိတ်/သိုးတင်ပို့မှုဟာကောင်ရေ တစ် သိန်းကျော် သွားခဲ့ပါပြီ။ မြန်မာနိုင်ငံက ကျွဲ၊ နွားတင်ပို့မှုကို တရားဝင် တင်ပို့ခွင့်ပြုတာကို တရုတ်နိုင်ငံက ကြိုဆိုခဲ့တယ်။ လာမယ့်နှစ်မှာ ကျွဲ၊ နွားနှစ်သိန်းနဲ့ လာမည့် သုံးနှစ်အတွင်း တစ်နှစ်ကို ကျွဲ၊ နွားအရှင် ငါးသိန်းအထိ တိုးတက်တင်သွင်းနိုင်အောင်ဆောင်ရွက်မယ်လို့ဆိုတယ်။ ဒီလိုလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်အောင် မြန်မာနိုင်ငံမှာ ကျွဲ၊ နွားခြံများမှာ လာရောက်ရင်းနှီးမြှုပ်နှံမှာဖြစ်ပြီး တစ်ပိုင်တစ်နိုင်မွေးမြူသူတွေကိုမျိုးနဲ့ အစားအစာဆေးဝါးများ ထောက်ပံ့ပြီး အားပေးသွားမယ်လို့ဆိုတယ်။ မြန်မာနိုင်ငံ လယ်ယာစိုက်ပျိုးရေးရဲ့ ထူးခြားချက်ကတော့ ရိတ်သိမ်းခြွေလှေ့ထွန်ယက်မှုများမှာ စက်တွေ သုံးလာခဲ့တာကြောင့် ခိုင်းကျွဲနွားလိုအပ်ချက် လျော့နည်းလာခဲ့သလို ရိတ်သိမ်းချိန်လွန် လေလွင့်မှုကို လျှော့ချနိုင်ခဲ့လို့ စပါးတစ်ဧက အထွက်မတိုးသည့်တိုင် စပါးထုတ်လုပ်မှုဟာ ၂၅ ရာခိုင်နှုန်းတိုးလာ တယ်လို့ဆိုပါတယ်။ ဒီရလဒ်ဟာ လွန်ခဲ့တဲ့ ၅၅ နှစ်အတွင်း ဆန်တင်ပို့မှု စံချိန်တင် တင်ပို့နိုင်ခဲ့တဲ့ အခြေအနေကိုရောက်ခဲ့ပြီး ၂၀၂၀မှာ ဆန်တန်ချိန် သုံးသန်းတင်ပို့နိုင်အောင် မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ်က မျှော်မှန်းထားပါတယ်။

၂၀၁၇ခုနှစ်အတွင်း မြန်မာနိုင်ငံစီးပွားရေးမှာ ထူးခြားတဲ့ အပြောင်းအလဲတစ်ခုကတော့ မော်တော်ယာဉ်တင်သွင်းမှုမူဝါဒ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ လက်ယာကပ်မောင်းစနစ်ကို ကျင့်သုံးခဲ့တာ ဆယ်စုနှစ်များစွာ ကြာခဲ့ပြီဖြစ်ပါတယ်။ ဒါပေမဲ့ မော်တော်ယာဉ်တင်သွင်းမှု ထိန်းချုပ်ထားမှုကို လျော့ပေါ့ပေးလိုက်ချိန်မှာ မြန်မာနိုင်ငံဟာ ဂျပန်ကားတစ်ပတ်ရစ်များကို တိုးချဲ့တင်သွင်းခဲ့တယ်။ ဂျပန်နိုင်ငံက လက်ဝဲကပ်မောင်းစနစ်ကို ကျင့်သုံးလို့ ညာမောင်းကားများကို ထုတ်လုပ်ရောင်းချတာဖြစ်ပါတယ်။ ဂျပန်ကားများဟာ အရည်အသွေးကောင်းပေမယ့် ညာမောင်းကားများဖြစ်လို့ မြန်မာနိုင်ငံမှာ မော်တော်ယာဉ် မတော်တဆမှုတွေ များပြားစွာ ဖြစ်ပေါ်ခဲ့တာ အများအသိပါ။ တစ်ပတ်ရစ်ကားများအနေနဲ့ အစောပိုင်းမှာ ဈေးသက်သာလို့ အခြေအနေကောင်းပေမယ့် နောက်ပိုင်းမှာ အပိုပစ္စည်းများကို ပိုမိုတင်သွင်းခဲ့ရတယ်။ မော်တော်ယာဉ်တင်သွင်းမှုက ၂၀၁၆ခုနှစ်မှာ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံရှိခဲ့ပြီး အပိုပစ္စည်း တင်သွင်းမှုက အမေရိကန်ဒေါ်လာသန်း ၆၀၀ အထိရောက်လာခဲ့တယ်။ တစ်ပတ်ရစ်ကားများဟာ ဈေးသက်သာပေမယ့် ဘေးမကင်းတဲ့အပြင်နောက်က အပိုပစ္စည်းတွေ ပိုမိုတိုးတက်တင်သွင်းခဲ့ရတယ်။ ၂၀၁၈ ခုနှစ်အတွက် မော်တော်ယာဉ် တင်သွင်းမှုမူဝါဒ ပြောင်းလဲချိန်မှာ ဘယ်မောင်းကားအသစ်များကို ပိုမိုတင်သွင်းလာကြမှာဖြစ်ပြီး ပြည်တွင်းမှာလည်း ထုတ်လုပ်လာကြမှာဖြစ်လို့ မော်တော်ယာဉ်တင်သွင်းမှုကုန်ကျစရိတ်များကိုလည်း လျှော့ချနိုင်ပြီး ယာဉ်အန္တရာယ်ကင်းရှင်းမှုကိုလည်း ဖြစ်ပေါ်စေမှာဖြစ်ပါတယ်။ ထို့အပြင် ပြည်တွင်းမော်တော်ယာဉ်ထုတ်လုပ်သူများကို အားပေးနိုင်မှာဖြစ်လို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ ပြည်တွင်းအလုပ်အကိုင် ဖန်တီးမှုများကို ဖြစ်ပေါ်စေမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ပို့ကုန်တင်ပို့မှုမှာ အလားအလာကောင်းတဲ့ နယ်ပယ်တစ်ခုကတော့ ရော်ဘာတင်ပို့မှု ဖြစ်ပါတယ်။ ယခင်က မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာရော်ဘာအသင်းကို ဝင်ရောက်ခဲ့ခြင်း မရှိသလို၊ မြန်မာနိုင်ငံရဲ့ ရော်ဘာစံချိန်စံညွှန်းများကိုလည်း သတ်မှတ်နိုင်ခဲ့ခြင်းမရှိပါဘူး။ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့မြန်မာနိုင်ငံရော်ဘာထုတ်လုပ်သူများအသင်းရဲ့ ကြိုးပမ်းအားထုတ်မှုကြောင့် အပြည်ပြည်ဆိုင်ရာ ရော်ဘာအသင်း ကိုဝင်ရောက်နိုင်ခဲ့တဲ့အပြင် မြန်မာနိုင်ငံရော်ဘာစံသတ်မှတ်ချက်ကိုလည်း ထုတ်ပြန်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာ စံချိန်မီ ရော်ဘာများကို ထုတ်လုပ်နိုင်ဖို့ ရော်ဘာစက်ရုံများကိုလည်း မွန်ပြည်နယ်မှာ ထူထောင်နိုင်ခဲ့ပါတယ်။ မြန်မာ့ရော်ဘာကို ဂျပန်နိုင်ငံနဲ့ တရုတ် နိုင်ငံက ဝယ်အားကောင်းနေတာကြောင့် ၂၀၁၈ ခုနှစ်မှာ ရော်ဘာ ပို့ကုန်တိုးတက်လာမှာ ဖြစ်ပါတယ်။

၂၀၁၇ ခုနှစ်အတွင်း ပို့ကုန်အမယ်သစ်များကတော့ ကော်ဖီ၊ လက်ဖက်၊ ထောပတ်သီး၊ ဝဥစတာတွေ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ လယ်ယာကို အခြေခံပြီး လယ်ယာအခြေခံစက်မှုလုပ်ငန်းများ(agro-based industry) ထူထောင်နိုင်ခြင်းဟာ ကုသိုလ်လည်းရ ဝမ်းလည်းဝဆိုသလို ဒေသအတွင်းနဲ့ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံမှု(food security) ကို အထောက်အကူပြုစေမှာ ဖြစ်ပါတယ်။

စာရေးသူဆိုလိုချင်တာက ၂၀၁၇ခုနှစ် မြန်မာ့စီးပွားရေးဟာ ဂျာနယ်များနဲ့ ဆိုရှယ်မီဒီယာမှာရေးသလို အားလုံးအဆိုးကြီးတော့ မဟုတ်သလို အကျပ်အတည်းတွေ၊ စိန်ခေါ်မှုတွေနဲ့ကင်းတဲ့ စီးပွားရေးတော့ မဟုတ်ခဲ့ပါဘူး။ သို့သော်လည်း ဖြစ်လာတဲ့ဒဏ်တွေကို ကြံ့ကြံ့ခံနိုင်ပြီး ပြန်လည်နိုးထနိုင်စွမ်းရှိတဲ့ စီးပွားရေး (resiliency economy) ဖြစ်တယ်ဆိုတာကိုတော့ပြောချင်ပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးဟာ ဂျက်လေယာဉ်နဲ့ ဝေဟင်ကို မရောက်သေးပေမယ့် ဝေဟင်ကို ပျံတက်ဖို့ အခြေအနေကောင်းတွေကိုတော့ ၂၀၁၇ခုနှစ်အတွင်းမှာ ဖန်တီးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒီလိုတိုးတက်နိုင်အောင် ပြည်သူတွေပါဝင်တဲ့ ပုဂ္ဂလိကကဏ္ဍနဲ့ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများက ဦးဆောင်သွားမှာဖြစ်ပြီး နိုင်ငံတော်အစိုးရအနေနဲ့ ရင်းနှီးမြှုပ်နှံမှုတိုးတက်စေရေး၊ လမ်းပန်းဆက်သွယ်မှုအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ပုဂ္ဂလိကကဏ္ဍ တိုးတက်ရေး၊ အသေးစားနဲ့ အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရေးနဲ့ အလုပ်အကိုင်ဖန်တီးမှုမူဝါဒများကိုချမှတ် အကောင်အထည်ဖော်ခြင်းအားဖြင့် ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်ပြီး ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မယ့် နိုင်ငံ့စီးပွားရေးရဲ့အလားအလာကောင်းများကို ၂၀၁၈ခုနှစ် နှစ်သစ်အတွင်းမှာ ဖြစ်ပေါ်စေနိုင်မှာဖြစ်ကြောင်း ရေးသားလိုက်ရပါတယ်။

❑

# oD;\ yb wfq;uiftEA, fuif&Sa&;

[ CTQM ]

လူသားများအတွက် စားနပ်ရိက္ခာထုတ်လုပ်ရာမှာအသုံးပြုသည့် စိုက်ပျိုးရေးလုပ်ငန်းသုံး နည်းပညာများသည် ခေတ်မီတိုးတက်လာသည်နှင့်အညီ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး ကိစ္စရပ်ကို အလေးဂရုပြုရေးအတွက် ညွှန်ကြားချက်၊ တားမြစ်ချက်နှင့် ဥပဒေများကိုသက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပြဋ္ဌာန်းသတ်မှတ်ကြပြီး နိုင်ငံတကာတွင် ကျင့်သုံးသကဲ့သို့ မိမိတို့နိုင်ငံတွင်လည်း ကျင့်သုံးဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒါ့အပြင်စိုက်ပျိုးထွက်ရှိလာသော လယ်ယာထွက်ကုန်သီးနှံများကို အရည်အသွေး ကောင်းမွန်စေရေးအတွက်လည်း ပိုမိုလုပ်ဆောင်လာကြပြီး အရည်အသွေး ကောင်းမှသာ ရရှိထားသောဈေးကွက်ဝေစုကို ထိန်းသိမ်းနိုင်မည်ဖြစ်သည့်အပြင် စိုက်ပျိုးထုတ်လုပ်သူတောင်သူများအတွက် ဈေးကွက်အာမခံချက်ရရှိနိုင်မည်ဖြစ်ပါသည်။

ထိုသို့လုပ်ဆောင်ရာတွင် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းလုပ်ဆောင်သော လုပ်သားများ၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လူမှုဘဝသာယာရေးကဏ္ဍ စတဲ့ ကဏ္ဍတွေကိုအခြေခံ လုပ်ဆောင်ကြရပါတယ်။

ဖော်ပြပါကဏ္ဍများကို အခြေခံ၍ လုပ်ဆောင်သော စိုက်ပျိုးရေးစနစ်ကို GAP စနစ်ခေါ် သိပ္ပံနည်းကျ စိုက်ပျိုးရေးစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ရေးအရှိန်အဟုန်မြှင့် ဆောင်ရွက်နေကြပြီဖြစ်ပါတယ်။ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လုပ်ဆောင်ရာတွင် စိုက်ပျိုးရေးသုံး ဓာတုပစ္စည်းများကဏ္ဍသည် အရေးပါသောကိစ္စရပ်ဖြစ်ပါတယ်။ ဓာတုပစ္စည်းများကို စနစ်တကျ သုံးစွဲမည်ဆိုပါက အကျိုးကျေးဇူးခံစားရမည်ဖြစ်သော်လည်း စနစ်တကျ သုံးစွဲခြင်းမပြုပါက ဘေးထွက်ဆိုးကျိုးများကို ကြုံတွေ့ရမှာဖြစ်ပါတယ်။

ယနေ့စားသုံးရန် ထုတ်လုပ်ထားတဲ့ လယ်ယာထွက်ကုန်သီးနှံအတွက် အလေးထားစဉ်းစားရမယ့်ကိစ္စရပ်တွေထဲက တစ်ခုကတော့ စိုက်ပျိုးရေးသုံး ဓာတုဆေးကြွင်းကိစ္စရပ်ပဲဖြစ်ပြီး ဆေးကြွင်းဖြစ်စေတဲ့ ဖျက်ပိုးနှင့် ပက်ဖျန်းအသုံးပြုသော ပိုးသတ်ဆေးရွေးချယ်မှု မမှန်ကန်ခြင်း၊ လိုအပ်သောနှုန်းထားထက် ပိုမိုလွန်ကဲစွာ အသုံးပြုခြင်း၊ ပိုးသတ်ဆေးကိုမလိုအပ်ဘဲအသုံးပြုခြင်း၊ ပိုးသတ်ဆေးဖျန်းရာတွင် ချို့ယွင်းနေသောဆေးဖျန်းကိရိယာ အသုံးပြုခြင်း၊ အရည်အသွေး မပြည့်မီသော ပိုးသတ်ဆေးအသုံးပြုခြင်း၊ ပိုးသတ်ဆေးကိုလွဲမှားစွာ အသုံးပြုခြင်း၊ ပိုးသတ်ဆေးပက်ဖျန်းသည့် အကြိမ်ရေ လိုအပ်သည်ထက် ပိုမိုခြင်း၊ ပိုးသတ်ဆေးဖျန်းသည့်ပုံစံ မမှန်ကန်ခြင်း၊ သုံးစွဲပြီး ပိုးသတ်ဆေးများကို စနစ်တကျ မစွန့်ပစ်ခြင်း၊ ပိုးသတ်ဆေး ဖျန်းစဉ်နှင့် ပက်ဖျန်းပြီး ရာသီဥတုအခြေအနေ စတဲ့အရာများကြောင့်ဖြစ်ပါတယ်။

ဖော်ပြပါအချက်အလက်တွေကို စနစ်တကျလိုက်နာကျင့်သုံးမည်ဆိုပါက ဆေးကြွင်းအန္တရာယ်ကို ရှောင်ရှားနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်၍ပိုးသတ်ဆေးအသုံးပြုမည်ဆိုလျှင် ကျွမ်းကျင်သူများနှင့် ဆွေးနွေးပြီးမှသာ လုပ်ဆောင်သင့်ပြီး အချို့သော ပိုးသတ်ဆေးများမှာလည်း ကိုင်တွယ်ရာတွင် အသိအမှတ်ပြုလက်မှတ်ရရှိသူများကသာ လုပ်ကိုင်ခွင့်ရှိကြောင်း ဥပဒေအရပြဋ္ဌာန်းထားတာတွေ့ရှိရပါတယ်။

အထက်မှာဖော်ပြခဲ့သော အချက်တွေဟာ စိုက်ကွင်းတွေမှာ လုပ်ဆောင်သင့်သည့် ကိစ္စရပ်များကို အလေးပေးဖော်ပြခဲ့ခြင်းဖြစ်ပြီး စိုက်ကွင်းမှသည်စားသုံးသူ၏ စားပွဲအရောက် စိုက်ပျိုးထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်တွင်လည်း လိုက်နာဆောင်ရွက်ရသည့် အချက်များစွာရှိပါသေးတယ်။

ထွက်ရှိလာသော သီးနှံတွေမှာ တာရှည်ခံနှင့် တာရှည်မခံသောသီးနှံဟူ၍ရှိရာ တာရှည်ခံသီးနှံများကို ဈေးကွက်သို့ တင်ပို့ခြင်းမပြုလုပ်မီတွင် သိုလှောင်ထိန်းသိမ်းသော လုပ်ငန်းမှာလည်း အရေးပါသောကဏ္ဍတစ်ခုဖြစ်ပါတယ်။ သိုလှောင်ထိန်းသိမ်းရာတွင် အသုံးပြုသော ပိုးသတ်ဆေးများဟာ စိုက်ပျိုးရေးကွင်းတွင် အသုံးပြုသောဆေးများနှင့် တူညီခြင်းမရှိပါ။ သိုလှောင်ရုံများတွင် အသုံးပြုသော ဆေးမှုန့်၊ ဆေးရည်များကိုသုံးစွဲရာတွင် သီးနှံပုံကိုတိုက်ရိုက်ထိတွေ့ခြင်း မပြုလုပ်ရဘဲ နံရံများ၊ ကြမ်းခင်းများကို ပက်ဖျန်းခြင်းများသာပြုလုပ်ရပါတယ်။ သီးနှံပုံကို Fumigation ပိုးသတ်မှိုင်းတိုက်ခြင်းသာ ပြုလုပ်ကြရပါတယ်။ ယင်းသို့ပြုလုပ်ရာမှာ အဓိကထားသုံးစွဲတဲ့ ဓာတ်ငွေ့နှစ်မျိုးမှာ Methyl Bromide (မီသိုင်းဘရိုမိုဒ်) နှင့် Phosphine Gas (ဖော့စယင်းဓာတ်ငွေ့) တို့ကိုအသုံးပြုကြရပါတယ်။

မီသိုင်းဘရိုမိုဒ်ဓာတ်ငွေ့သည် သီးနှံပုံပိုးသတ်မှိုင်းတိုက်ခြင်း ပြုလုပ်ရာတွင် အလွန်ထိရောက်မှုရှိသော်လည်း CFC ခေါ် ဓာတ်ငွေ့ဖြစ်သဖြင့် အိုဇုန်းလွှာကို ထိခိုက်မှုဖြစ်စေတာကြောင့် ယနေ့ခေတ်တွင် သုံးစွဲမှု လျှော့ချခဲ့ပြီးဖြစ်ပါတယ်။

ယနေ့ Fumigation ပြုလုပ်ရာတွင် Phosphine ကို တွင်ကျယ်စွာ အသုံးပြုနေပါတယ်။ ယင်းဓာတ်ငွေ့ကို ဓာတ်ငွေ့အခြေအနေ၊ ဆေးပြား၊ ဆေးလုံး အစရှိသောပုံစံများဖြင့် ထုတ်လုပ်သုံးစွဲကြပါတယ်။ မြန်မာနိုင်ငံတွင်တော့ ဆေးပြား၊ ဆေးလုံးတွေကို တွင်ကျယ်စွာအသုံးပြုနေပါတယ်။ ဈေးကွက်မှာလည်း ဝယ်ယူရရှိနိုင်ပါတယ်။ ယင်းဆေးပြားဆေးလုံးများကို Aluminum Phosphate, Magnesium Phosphate အစရှိတဲ့ပုံစံများဖြင့် ဖော်စပ်ထုတ်လုပ်ထားပါတယ်။ ယင်းဆေးများသည် ပတ်ဝန်းကျင် လေထုအတွင်းရှိ ရေငွေ့နှင့် ဓာတ်ပြုပြီး Phosphine gas များ ထုတ်လွှတ်ပြီး မဂ္ဂနီယမ်ဟိုက်ဒြောက်ဆိုဒ်၊ အလူမီနီယမ်ဟိုက်ဒြောက်ဆိုဒ်အမှုန့်များ ကြွင်းကျန်ခဲ့ပါတယ်။ ဓာတ်ပြုမှုနှုန်းမှာ ပတ်ဝန်းကျင်စိုထိုင်းဆနှင့် အပူချိန်ပေါ်တွင် တည်မှီနေပါတယ်။ သို့ပါ၍ ဆေးသိုလှောင်ထားသောဗူးကို စနစ်တကျ လေလုံစွာဖြင့် ထားရှိရပါတယ်။ အကယ်၍ရေဖြင့် တိုက်ရိုက်ထိတွေ့ပါက ပြင်းထန်စွာ ဓာတ်ပြုတတ်သော ဆေးများဖြစ်ကြပါတယ်။

ယင်းဆေးပြား၊ ဆေးလုံးများမှ ဓာတ်ပြုထွက်ရှိလာသော ဓာတ်ငွေ့ကို လူသားများနှင့်ထိတွေ့မိပါက အန္တရာယ်ဖြစ်စေသော ဓာတ်ငွေ့ဖြစ်သဖြင့် ကိုင်တွယ်သူများအနေဖြင့် စနစ်တကျကိုင်တွယ်သင့်သော ပိုးသတ်ဆေးအမျိုးအစားဖြစ်သဖြင့် လက်မှတ်ရကျွမ်းကျင်သူများကသာ လုပ်ဆောင်ရမှာဖြစ်ပါတယ်။ သို့ပါ၍ ယင်းဖော့စဖင်းဓာတ်ငွေ့ကို သိုလှောင်သီးနှံများတွင် သုံးစွဲခဲ့ကြသည်မှာ နှစ်ပေါင်း ၅၀ ကျော်ခဲ့ပြီလည်း ဖြစ်ပါတယ်။ ယင်းဓာတ်ငွေ့ကိုအသုံးပြု၍ ပိုးသတ်မှိုင်းတိုက်ခြင်း စနစ်တကျပြုလုပ်မည်ဆိုပါက ရရှိလာမည့် အားသာချက်များကတော့ အင်းဆက်ပိုးမွှားတို့၏ ဘဝစက်ဝန်း (ဥ၊ သားလောင်း၊ ပိုးအမည်၊သက်ကြီးကောင်) အဆင့်တိုင်းကို ထိန်းချုပ်နိုင်စွမ်းရှိခြင်း၊ သုံးစွဲရာတွင် စီးပွားရေးအရ တွက်ချေကိုက်သောဆေးဖြစ်ခြင်း၊ သိုလှောင်သီးနှံတို့တွင် ဆေးကြွင်းကျန်မှုမရှိသလောက်နည်းပါးခြင်း၊ သိုလှောင်သီးနှံကို ပွန်းစားစေခြင်း၊ လောင်ကျွမ်းစေခြင်း၊ ပေါက်ကွဲမှုများသည်လည်း စနစ်တကျသုံးစွဲပါက ဖြစ်ပေါ်လာမည်မဟုတ်ပါ။သိုလှောင်သီးနှံ၏ အပင်ပေါက်နှုန်း ကျဆင်းမှုမရှိဘဲစားသုံးသည့် အချိန်တွင်လည်း သီးနှံ၏ အရည်အသွေးကျဆင်းမှုမရှိဘဲ ဘေးအန္တရာယ် ကင်းရှင်းနေပါသည်။ အငွေ့ပျံအားကောင်းပြီး သီးနှံပုံအတွင်း ဖောက်ထွင်းဝင်ရောက်နိုင်ပြီး ပိုးသတ်မှိုင်းတိုက်လုပ်ငန်း ပြီးဆုံးပါက လေဝင်လေထွက်ကောင်းမွန်စွာ ပြုလုပ်ပေးခြင်းအားဖြင့် ဓာတ်ငွေ့ကို အလွယ်တကူဖယ်ရှားနိုင်ပါသည်။ သဘာဝပတ်ဝန်းကျင်ကိုလည်း ထိခိုက်စေခြင်းမရှိပါ။

သို့ပါ၍ သိုလှောင်သီးနှံများ ကိုင်တွယ်ထိန်းသိမ်းရာမှာ မိမိတို့ သိုလှောင်ရုံစနစ်ကို အဆင့်မြှင့်တင်ခြင်းဖြင့် အပူချိန်၊ စိုထိုင်းဆ စသည်တို့ကို ထိန်းချုပ်နိုင်သော သိုလှောင်ရုံများသုံးစွဲကာ သိုလှောင်နိုင်မည်ဆိုပါက ဓာတုပိုးသတ်ဆေးများကို လျှော့ချသုံးစွဲလာနိုင်မည်ဖြစ်သော်လည်း သမားရိုးကျ သိုလှောင်ရုံစနစ်ဖြင့် သိုလှောင်ခြင်းများအတွက် ဓာတုပိုးသတ်ဆေးကို သုံးစွဲကြရမှာဖြစ်ပါတယ်။ ယခု သိုလှောင်သီးနှံပိုးမွှား ထိန်းချုပ်ခြင်းအတွက် အသုံးပြုသော Phosphine ဓာတ်ငွေ့သည် အခြားသော ဓာတုပိုးသတ်ဆေးများနှင့် နှိုင်းယှဉ်ပါက အစားအစာအန္တရာယ်ဖြစ်မှု အနည်းဆုံးဖြစ်ပါကြောင်းနဲ့ စိတ်ချစွာ သုံးစွဲနိုင်ပါကြောင်း၊ အဆိုပါပိုးသတ်ဆေးသုံးစွဲထားသော သီးနှံများကို စားသုံးပါက ဘေးအန္တရာယ်မရှိနိုင်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**Source: Bhadriraju Subramauyam,Ph.D (Kansas StateUniversity USA) \ IAOM 4 th Annual SE Asia District Conference, Vietnam.**

## ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ပြောင်းတင်ပို့မှုအခြေအနေ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီစခန်းများမှ ဒီဇင်ဘာလ ၂၃ ရက်မှ ၂၉ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၉၈၆ သန်း တန်ဖိုးရှိ ပြောင်းတန်ချိန် ၅၃၀၉၂ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၅၂၃၁၂ တန်၊ လွယ်ဂျယ်မှ ၆၇၁ တန်ကျော်၊ ချင်းရွှေဟော်မှ ၇၇ တန်နဲ့ကန်ပိုက်တီမှ ၃၂ တန်ခွဲဖြစ်ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်၊ လွယ်ဂျယ်နဲ့ ကန်ပိုက်တီစခန်းသုံးခုမှ ပြောင်းတန်ချိန် ၄၅၆၀၀ ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ၇၄၉၁ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်ကို ၂၈၁၆၃၃ ကျပ်ရှိရာမှ ဒီဇင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းပတ်အတွင်း ၂၈၁၀၅၉ ကျပ်သို့ ဈေးဆက်လက်ကျဆင်းခဲ့ကြောင်း၊ မူဆယ်သို့ ပြောင်းကားစီးရေ ၁၇၂၁ စီး ဝင်ရောက်ခဲ့သဖြင့် ယခင်တစ်ပတ်ထက် ၉၅ စီးပိုမိုခဲ့ကြောင်း၊ မန္တလေး-မူဆယ် ကုန်သယ်ယူစရိတ်မှာ ပြောင်းတစ်ပိဿာကို ၇၀-၇၅ ကျပ်ရှိကြောင်း၊ ဒီဇင်ဘာလအတွင်း တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ပြောင်းဖူးစေ့တန်ချိန် နှစ်သောင်းခန့် တင်ပို့ခဲ့ပြီး မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှလည်း ပြောင်းတန် ၂၀၀ ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ကြောင်း သတင်းရရှိပါတယ်။

**မော်မော်အောင်**

## တပ်ကုန်းမြို့နယ် အခြေခံပညာကျောင်းများ၌ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့ စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ညောင်ကိုင်းအုပ်စု အခြေခံ ပညာမူလတန်းလွန် (ညောင်ကိုင်း) ကျောင်းနှင့် အ. မ. က ကျောင်းကုန်း (ပင်သောင်) ကျောင်းတို့တွင် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၄ ရက်၌ လည်းကောင်း၊ တပ်ကုန်းမြို့နယ် ရှားတောအုပ်စု မူလတန်းလွန် (ငွေးပင်)ကျောင်းနှင့် အ. မ. က (ရွှေဥဒေါင်း) ကျောင်းတို့တွင် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့၌လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများကို အသီးသီးကျင်းပခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲတွင် ၂၀၁၄ စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါ စားသုံးသူ အခွင့်အရေးနှင့် လိုက်နာရမည့် တာဝန်များ၊ စားသုံးသူရေးရာဦးစီးဌာန၏ လက်ရှိဆောင်ရွက်နေမှု အခြေအနေများအား အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

၎င်းနောက် ဝန်ဆောင်မှုများနှင့် သက်ဆိုင်သော အကြောင်းအရာများကို အသေးစိတ်ရှင်းလင်းပြီး ၎င်းဝန်ဆောင်မှုများနှင့် ပတ်သက်၍ နစ်နာဆုံးရှုံးမှုများရှိပါက 'စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ' သို့ ဆက်သွယ်တိုင်ကြားနိုင်သည့် နေရပ်လိပ်စာ၊ ဖုန်းနံပါတ်များအား ရှင်းလင်းပြောကြားပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပါသည်။

ဆွေးနွေးပွဲသို့ အဆိုပါကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ/ ဆရာမများ၊ ကျောင်းသား/ကျောင်းသူများ စုစုပေါင်း ၅၂၂ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**စိုးထင်လင်း (နေပြည်တော်၊ တပ်ကုန်း)**

# ပခုက္ကူခရိုင်တွင် ပဲဈေးကွက်အခြေအနေနှင့် ပြောင်းလဲစိုက်ပျိုးသင့်သည့် သီးနှံများဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာနမှ ကြီးမှူးကျင်းပသည့် ပဲဈေးကွက်အခြေအနေနှင့် ပြောင်းလဲစိုက်ပျိုးသင့်သည့်သီးနှံများဆိုင်ရာ ဆွေးနွေးပွဲ အခမ်းအနားကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာနရုံး၌ ကျင်းပခဲ့ရာ ဌာနဆိုင်ရာများ၊ ကုန်သည်များ၊ လုပ်ငန်းရှင်များ၊ တောင်သူများ၊ စုစုပေါင်း ၁၂၅ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားတွင် ပခုက္ကူခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် အိန္ဒိယနိုင်ငံ၏ ပဲဝယ်ယူမှု ကန့်သတ်ချက်ကြောင့် အညာဒေသမှာ စိုက်ပျိုးထားသည့် ပဲစင်းငုံ၊ ပဲတီစိမ်းဈေးနှုန်းများသည် များစွာပြောင်းလဲကျဆင်းနေကြောင်း၊ ယခင်နှစ်က ဝယ်ယူသိုလှောင်ထားသည့် ကုန်သည်ပွဲစားများထံ၌ လက်ကျန်ပဲများစွာ ကျန်ရှိနေပြီး ယခုနှစ်မှာ ပေါ်တော့မည်ဖြစ်၍ ပဲစင်းငုံစိုက်တောင်သူများအတွက် ဈေးနှုန်းမတိကျ၊ မရေရာသည့် အခြေအနေ ဖြစ်နေကြောင်း၊ စိုက်ပျိုးသီးနှံ ပစ္စည်းတစ်ခု စိုက်ပျိုးထွက်ရှိပိုလျှံနေပြီး ဈေးကွက်ဝယ်ယူမှု မရှိဘူးဆိုလျှင် အကျိုးအမြတ်ရရှိမှာမဟုတ်ကြောင်း၊ ထို့ကြောင့် တောင်သူများအနေဖြင့် ဈေးကွက်ရဲ့သဘောတရားကိုနားလည်ရန် လိုအပ်ပြီး ဈေးကွက်ဝင်သည့်သီးနှံများကို ပြောင်းလဲစိုက်ပျိုး၍ မိမိအကျိုး၊ တိုင်းပြည်အကျိုးကို သယ်ပိုးဆောင်ရွက်မည်ကို ယုံကြည်မိပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူး ဦးမျိုးသူက ယခုဆွေးနွေးပွဲသည် ပဲဈေးကွက်အခြေအနေနှင့် ပို့ကုန်မြှင့်တင်ရေးကို ရည်ရွယ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ကုလားပဲအစားဆုံးနိုင်ငံဖြစ်ကြောင်း၊ ပဲစင်းငုံဆိုလျှင် စားသုံးမှုအလွန်နည်းကြောင်း၊ ကုန်သွယ်မှုအားထားရဆုံးနိုင်ငံက တရုတ်၊ ထိုင်း၊ အိန္ဒိယဖြစ်ကြောင်း၊ အိန္ဒိယပို့ကုန်ဆိုလျှင် အများဆုံးပဲသီးနှံများဖြစ်၍ မတ်ပဲ၊ ပဲစင်းငုံဖြစ်ကြောင်း၊ ယခုအခါ အိန္ဒိယက ပဲတင်သွင်းခွင့် ကန့်သတ်လိုက်သည့်အတွက် ပဲဈေးကွက်ပျက်ခဲ့ရကြောင်း၊ ပဲစင်းငုံသည် ကြားညှပ်စိုက်၍ရသည့် သီးနှံဖြစ်သောကြောင့် စရိတ်နည်းပါးကြောင်း၊ ဈေးနှုန်းအတက်အကျရှိနေသည့်အတွက် လုံးဝမစိုက်၍လည်း မရကြောင်း၊ အိန္ဒိယတစ်နိုင်ငံတည်းကိုသာ ရောင်းချနေရကြောင်း၊ ပဲတီစိမ်းကတော့ ကမ္ဘာကလည်းဝယ်ပြီး ဈေးကောင်းရသောကြောင့် နေရာအနှံ့အပြားမှာ စိုက်ပျိုး၍ရကြောင်း၊ ကုလားပဲကလည်း ယခုဆိုလျှင် ဈေးကွက်အောက်ဆုံးမှ ထိပ်ဆုံးရောက်နေကြောင်း၊ ပဲပုပ်ဆိုလျှင်လည်း တရုတ်ကြိုက်စိုက်လျှင် ပို၍ကောင်းကြောင်း၊ တရုတ်နိုင်ငံမှာ ပဲပုပ်အများဆုံး စိုက်ပျိုးကြောင်း၊ ပဲလွန်း၊ ကုလားပဲဖြူလုံးကြီး၊ စားတော်ပဲတို့ကို ကလေး၊ စစ်ကိုင်းမှာ စိုက်သလို ဒီဒေသမှာလည်း စိုက်ပျိုးစေလိုကြောင်း၊ မြေပဲဆိုလျှင် Export ဈေးကွက်မှာ ရောင်း၍ရသည့် အနေအထားဖြစ်ကြောင်း၊ မြေပဲအတောင့်လိုက် တင်သွင်းသည့်နိုင်ငံသည် မြန်မာနိုင်ငံပင်ဖြစ်ကြောင်း၊ နှမ်းဆိုလျှင်လည်း ဈေးကွက်ရှိ၍ စိုက်ပျိုးသင့်ကြောင်း၊ အစေ့ထုတ်ပြောင်းဆိုလျှင် တရုတ်ဝယ်လက်ရှိကြောင်း၊ နှံစားပြောင်းဆိုလျှင်လည်း ဈေးကွက်ရနေပြီး စိုက်ပျိုးသင့်သော သီးနှံတစ်မျိုးဖြစ်ကြောင်း၊ နေကြာနှင့် ပန်းနှမ်းသည်လည်း တရုတ်ဝယ်လက်ရှိသောကြောင့် စိုက်ပျိုးသင့်ကြောင်း၊ ထို့ကြောင့် ပဲဈေးကွက်အခြေအနေကို လေ့လာ၍ မိမိဒေသနှင့်ကိုက်ညီသော ဈေးကွက်ဝင်သီးနှံများကို ပြောင်းလဲစိုက်ပျိုးသင့်ကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စွာဝင်းက ပဲသုံးမျိုးဖြစ်စဉ်အကျဉ်းကိုလည်းကောင်း၊ ယခုဖြစ်ပေါ်နေသော ပဲဈေးကွက် အခြေအနေနှင့် ပဲတင်သွင်းခွင့်မူဝါဒအကြောင်းကိုလည်းကောင်း၊ မိမိဒေသရာသီဥတုနှင့် ကိုက်ညီအဆင်ပြေ၍ ဈေးကွက်ရှိနေသောသီးနှံများကို ပြောင်းလဲစိုက်ပျိုးသင့်ကြောင်း ရှင်းလင်းခဲ့ပါသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးကျော်ဇင်ဝင်းက ပဲစိုက်ပျိုးထားရှိမှု အခြေအနေများကို လည်းကောင်း၊ အိန္ဒိယမှ ကန့်သတ်ထားသည့် မတ်ပဲအစား မိမိဒေသနှင့်ကိုက်ညီသည့် မြေပဲ၊ ကြံများကို စိုက်ပျိုးသင့်ကြောင်း၊ နှမ်း၊ ဝါတို့ကိုလည်း သီးညှပ်စိုက်ပျိုးစေလိုကြောင်း၊ ဈေးကွက်အလားအလာ ရှိသော ပဲလွန်းကိုလည်း စိုက်ပျိုးသင့်ကြောင်း၊ ဈေးကွက်ဝင်သောသီးနှံများကို GAP စနစ်ဖြင့် လုပ်ဆောင်လျှင် ပို၍ အရည်အသွေးကောင်းများရမှာဖြစ်ကြောင်း၊ လက်ရှိတွင် မတ်ပဲ၊ ပဲတီစိမ်းကို GAP စနစ်ဖြင့် လုပ်ဆောင်နေကြောင်း၊ ယခုတက်ရောက်လာသော တောင်သူများအနေဖြင့် ပဲဈေးကွက်ကို ကြည့်၍ ပြောင်းလဲစိုက်ပျိုးသင့်ကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။

ဆက်လက်၍ ပခုက္ကူခရိုင်၊ ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးတင့်ဝေက လက်ရှိဖြစ်ပေါ်နေသော ပဲစင်းငုံဈေးကွက်ကိုလည်းကောင်း၊ မြေပဲဆန်ဈေး၊ မြေပဲတောင့်ဈေး များကိုလည်းကောင်း၊ အခြား ပဲဈေးကွက်အခြေအနေများကိုလည်းကောင်း ဖြည့်စွက်ဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများမှလည်း သိရှိလိုသည်များကို မေးမြန်းခဲ့ကြကြောင်း သတင်းရရှိပါသည်။

**သူဇာကျော်(ပခုက္ကူ)**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဗီလ်ဒါ (၂၀၀၃) | ယာယီ | ၂၃၀ သိန်း | 1.5 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၂။ | ဟွန်ဒါဖစ် (GP-1) (၂၀၁၂) | L | ၁၉၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၃။ | ပရီမီယို (၂၀၀၁) | F | ၁၈၀ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | ကလူဂျာ (၂၀၀၂) | I | ၃၃၀ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | နွတ်ချ် (၂၀၀၃) | M | ၃၃၀ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | မတ်(စ်)တူး (၂၀၀၂) | G | ၁၉၅ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ကရောင်း (၂၀၀၃) | J | ၂၆၅ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | အာလ်ဖတ် (၂၀၀၃) | E | ၃၂၀ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား (နှစ် ၂၀) | - | ၁၁၅ သိန်း | |

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | မြေ/အိမ် | တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂) ရပ်ကွက်၊ ဟသ်ာလမ်း | (၄၅ x ၃၅)ပေ | RC (၁) ထပ်၊ MB (၁) ၊ BR (၁) | ၂၅၀၀ သိန်း | ပြင်ဆင်ပြီး၊ ဖုန်းပါ၊ ရပ်ကွက်သန့် | ၀၉/၅၁၁၇၂၆၂ |
| ၂။ | မြေ/အိမ် | တောင်ဥက္ကလာပမြို့နယ်၊ မယ်ညိုလမ်း | (၃၀ x ၅၀)ပေ | BN (၁) ထပ် | ၂၀၅ သိန်း | ၁ လအငှားနှုန်း | ၀၉/၅၁၁၇၂၆၂ |
| ၃။ | လုံးချင်းအိမ် | ဒဂုံမြို့သစ်(မြောက်)မြို့နယ်၊ (၄၁) ရပ်ကွက် | (၅၀ x ၆၀)ပေ | RC (၂) ထပ်၊ MB (၆) ခန်း | ၉ သိန်း | ၁ လအငှားနှုန်း၊ ရပ်ကွက်သန့် | ၀၉/၅၁၁၇၂၆၂ |
| ၄။ | မြေ | ဒဂုံမြို့သစ်(မြောက်)မြို့နယ်၊ (၄၄) ရပ်ကွက်၊ နဝရတ်လမ်းသွယ်(၁) | (၄၀ x ၆၀)ပေ | မြေသီးသန့်၊ ခြံခတ်ပြီး | ၇၉၀ သိန်း | လမ်းမတန်း | ၀၉/၅၁၁၇၂၆၂ |
| ၅။ | အိမ်/မြေ | စမ်းချောင်းမြို့နယ်၊ ပုသိမ်လမ်း | (၃၅ x ၇၀)ပေ | BR (၂) ထပ် | ၇ သိန်း | ၁ လအငှားနှုန်း | ၀၉/၇၉၅၃၃၇၀၃၁ |
| ၆။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်း | ၇၅၀ စ/ပေ | (၅) လွှာ | ၂ သိန်း | ၁ လအငှားနှုန်း | ၀၉/၇၉၅၃၃၇၀၃၁ |
| ၇။ | မြေ/အိမ် | ပြင်ဦးလွင်မြို့နယ်၊ ပြည်တော်သာ(၄)လမ်း | (၃၀ x ၅၀)ပေ | | ၁၃၅၀ သိန်း | | ၀၉/၇၆၅၁၁၇၂၆၂ |
| ၈။ | မြေ | ပြင်ဦးလွင်မြို့နယ်၊ ရောင်နီရွာ | (၆၀ x ၆၀)ပေ | မြေသီးသန့် | ၂၇၅ သိန်း | ခြံခတ်ပြီး | ၀၉/၇၆၅၁၁၇၂၆၂ |
| ၉။ | မြေ | ပုဂံမြို့ အနော်ရထာရပ်ကွက်၊ ညောင်ဦး-ချောက် ကားလမ်းဘေး | (၆၀ x ၈၀)ပေ | မြေသီးသန့် | ၂၅၀၀ သိန်း | ဂရန်မြေ | ၀၉/၇၆၅၁၁၇၂၆၂ |

## နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းတွင် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းနှင့် အိမ်တွင်းမှုသင်တန်းများဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းတွင် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ၊ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် ၆/၂၀၁၇ နှင့် အဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ် ၅/၂၀၁၇ တို့ကို ဒီဇင်ဘာလ ၂၇ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းအတွက် တိုင်းအတွင်းရှိ ပုသိမ်မြို့၊ မြောင်းမြ၊ လပွတ္တာ၊ ဘိုကလေး၊ လေးမျက်နှာမြို့နယ်များမှ သင်တန်းသူ ၇၅ ဦးအား ၂၀၁၇ ခုနှစ် ဒီဇင် ဘာ ၁၉ ရက်မှစ၍ စာတွေ့သုံးလ သင်ကြားပေးမည်ဖြစ်ပြီး ကျန်သုံးလကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဆက်စပ်အဖွဲ့အစည်းများဖြစ်သည့် LuxDev. MHPA တို့မှ ချောင်းသာ၊ ငွေဆောင်ဟိုတယ်များတွင် လက်တွေ့သင်ကြားပို့ချပေးမှာဖြစ်ကြောင်း သိရသည်။ အခြေခံအိမ်တွင်းမှုသင်တန်းအဆင့်မြင့် စက်ချုပ်သင်တန်းကိုဌာနမှ သင်တန်းဆရာမများနှင့် စာတွေ့လက်တွေ့သုံးလခွဲကြာသင်ကြားပေးမှာဖြစ်ပြီး သင်တန်းသုံးခုလုံးမှ သင်တန်းသူများအတွက် အဆောင်၊ စားသောက်စရိတ်များ အပါအဝင် သင်တန်းကြေးအခမဲ့ဖြင့် သင်ကြားပေးမှာဖြစ်ကြောင်း သိရသည်။

အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားတတ်မြောက်၍ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်လျက်ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရန်သာမက အမျိုးဂုဏ်၊ ဇာတိဂုဏ်စောင့်ထိန်းပြီး ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းနိုင်ရန်နှင့် အိမ်တွင်းမှုအတတ်ပညာများ ပိုမိုထွန်းကားပြန့်ပွားလာစေရန်ရည်ရွယ်၍ ယခုလိုသင်တန်းများကို ဖွင့်လှစ်သင်ကြားပို့ချရခြင်းဖြစ်ကြောင်း အဆိုပါသင်တန်းကျောင်းမှ သိရသည်။ **မင်းမင်းဦး (ပုသိမ်)**

# ပုသိမ်မြို့ မြို့တော်ခန်းမတွင် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (ဧရာဝတီတိုင်း ဒေသကြီးအသင်း) နှစ်ပတ်လည်အခမ်းအနားတွင် အမှုဆောင်သစ် ရွေးချယ်ပွဲကျင်းပ

ပုသိမ်မြို့ ကမ်းနားလမ်း၊ မြို့တော်ခန်းမတွင် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (ဧရာဝတီတိုင်းဒေသကြီး အသင်း) နှစ်ပတ်လည် အခမ်းအနားနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို ၂၀၁၇ ခုနှစ်ဒီဇင်ဘာ ၃၀ ရက်က ကျင်းပခဲ့ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ဖိတ်ကြားထားသော တိုင်းအဆင့်ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ် (ဧရာဝတီတိုင်းဒေသကြီး အသင်း)မှ ဥက္ကဋ္ဌနှင့် ခရိုင်/မြို့နယ်များမှ အသင်းဝင်များ တက်ရောက်ခဲ့ပါသည်။

အခမ်းအနားတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်ရင်ရင်သန်းက အဖွင့်အမှာစကား ပြောကြားရာတွင် စားသောက်ကုန် အာဟာရ၏ အခြေခံလိုအပ်ချက်ဖြစ်သော အသားဓာတ် (ပရိုတင်း) ကို ထုတ်ပေးလျက်ရှိသည့် ကြက်၊ ဘဲ၊ ဆိတ်၊ နွား၊ နို့စားနွားမွေးမြူရေး လုပ်ငန်းများကို ဒေသတွင်း စားနပ်ရိက္ခာဖူလုံစေရန်သာမက ပိုလျှံပါက ပြည်တွင်းအခြားဈေးကွက်များနှင့် ပြည်ပသို့ တင်ပို့နိုင်ရန် စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် မွေးမြူနိုင်ရေး၊ လယ်ယာကဏ္ဍ လိုအပ်ချက်နှင့်အညီ ကျွဲ၊ နွားကောင်းများ မွေးမြူထုတ်လုပ်ထိန်းသိမ်းနိုင်ရေး၊ ဒေသရာသီဥတုနှင့် ကိုက်ညီသည့် တိရစ္ဆာန်များ မွေးမြူ၍ ကျေးလက်ဒေသ စီးပွားရေးဖွံ့ဖြိုး တိုးတက်လာစေရန် တစ်ပိုင်တစ်နိုင် မွေးမြူထုတ်လုပ်ရန်သာမက စီးပွားဖြစ် မွေးမြူရေးစသည့်လုပ်ငန်းများ ကဏ္ဍစုံဖွံ့ဖြိုး တိုးတက်လာစေရန်အတွက် ဧရာဝတီတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်အနေဖြင့် သက်ဆိုင်ရာတိုင်းအဆင့်ဌာနဆိုင်ရာများ၊ ဒေသအာဏာပိုင် မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်(ရန်ကုန်) တို့နှင့် ပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်ပြီး၊ ပြည်တွင်း/ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှု ချေးငွေများရရှိနိုင်ရေးအတွက်ပါ အားလုံးဝိုင်းဝန်း ဆောင်ရွက်ရန် ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ် (ဧရာဝတီတိုင်းဒေသကြီး) ဥက္ကဋ္ဌ ဦးကျော်မြင့်က ဧရာဝတီတိုင်းသည်လယ်ယာလုပ်ငန်းကိုအဓိက လုပ်ကိုင်နေသော တိုင်းကြီးဖြစ်သည်နှင့်အညီ လယ်ယာထွက်ကုန် အချို့နှင့် ဘေးထွက်ပစ္စည်းများကို အသုံးပြုပြီး တိရစ္ဆာန်အစာကုန်ကြမ်းများကို ရရှိ၍ မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ရန် အခွင့်အလမ်းများရရှိပြီး မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ခေတ်မီနည်းပညာများကို ရယူဖို့လိုအပ်ကြောင်း၊ မွေးမြူရေး လုပ်ငန်းရှင်များအနေနဲ့ အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်း ကြိုးစား မွေးမြူထုတ်လုပ်ကြရန် ဆွေးနွေး ပြောကြားပါသည်။

ဆက်လက်၍ တက်ရောက်လာသော မွေးမြူရေးလုပ်ငန်းရှင်များ၏ သဘောထားဆန္ဒနှင့်အညီ ၂၀၁၈-၂၀၂၀ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်ထွန်း၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ စာရင်းစစ်တို့ကိုရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သတင်းရရှိပါသည်။

**မင်းမင်းဦး**

# မူဆယ်သစ်သီးဝလံကုန်စည်ဒိုင်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကျင်းပ



ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်ခရိုင်၊ မိုင်းယုကျေးရွာ၊ (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်၌ ဒီဇင်ဘာလ ၃၁ ရက်တွင် မူဆယ်သစ်သီးဝလံ ကုန်စည်ဒိုင်သုံးထပ် အဆောက်အအုံသစ်ဖွင့်ပွဲကျင်းပခဲ့ရာ အခမ်းအနားသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး တက်ရောက်၍ စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ပါသည်။

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်သည် မြန်မာနိုင်ငံမှ ဖရဲ၊ သခွားမွှေးများ အဓိကတင်ပို့နေသော မြန်မာ-တရုတ်နယ်စပ်ရှိ အဓိကအချက်အချာနေရာလည်းဖြစ်သည်။ ထို့နောက် ရှမ်းပြည်နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဖိုးမြတ်၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကိန်မိုင်၊ ဒုတိယဝန်ကြီး( အငြိမ်းစား) ဦးအောင်ထွန်း၊ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန် ညွှန်ကြားရေးမှူး ဦးဝင်းလွင်တို့မှ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာသော ဧည့်သည်တော်များအား ရှမ်းရိုးရာယဉ်ကျေးမှုအဆို အကများဖြင့် ဧည့်ခံဖျော်ဖြေကြကြောင်း သတင်းရရှိပါသည်။

**မြတ်မြတ်စိုးမိုး (Myantrade)**

# တောင်ကြီးမြို့တွင် ပထမအကြိမ်အခြေခံလက်ရက်ကန်း သင်တန်းဆင်းပွဲနှင့် သင်တန်းသူအသစ် ကြိုဆိုပွဲကျင်းပ

ရှမ်းပြည်နယ်တောင်ကြီးမြို့တွင် ပထမအကြိမ် အခြေခံလက်ရက်ကန်း သင်တန်းဆင်းပွဲနှင့် ဒုတိယအကြိမ် သင်တန်းသူအသစ်များ ကြိုဆိုပွဲအခမ်းအနားကို ဇန်နဝါရီလ ၃ ရက် က အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ ရက်ကန်းသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့တယ်လို့ သတင်းရရှိပါတယ်။

အဆိုပါအခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှုန်တစ်လုံက ရက်ကန်းသင်တန်းများဖွင့်လှစ်ရခြင်းမှာ တိုင်းရင်းသားတို့၏ ရိုးရာရက်ကန်းပညာရပ်များအား ထိန်းသိမ်းစောင့်ရှောက်၍ ခေတ်မီနည်းပညာနှင့်ပေါင်းစပ်ပြီး စမ်းသပ်တီထွင် ဆောင်ရွက်သွားရန်၊ ရက်ကန်းကျွမ်းကျင်ပညာရှင်များပေါ်ထွန်းလာစေရန်၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံ၊ သမဝါယမကုန်ထုတ်လုပ်ငန်းများတွင် ရက်ကန်းကျွမ်းကျင်ပညာရှင်များ ပေါ်ထွန်းလာစေရန်နှင့် မိသားစုဝင်ငွေ တိုးပွားရေးအတွက် အသက်မွေးဝမ်းကျောင်းပညာရပ်များ ဒေသအလိုက် တတ်မြောက်လာစေရန် ဖြစ်ကြောင်း၊ ငွေကုန်ကျမှုတစ်စုံတစ်ရာမရှိဘဲ ဘဝတစ်ခုအတွက် ရယူပိုင်ဆိုင်ခွင့်ရမှာဖြစ်တဲ့အတွက် ကျွမ်းကျင်တဲ့ပညာရှင်ဖြစ်အောင် လေ့လာဆည်းပူးကြစေလိုကြောင်း စသဖြင့် ပြောကြားခဲ့ပါတယ်။

အဆိုပါသင်တန်းတွင် စက်ရက်ကန်း၊ လက်ရက်ကန်း၊ ဆေးဆိုး၊ ချည်မျှင်ဆွဲ၊ အထည်ဒီဇိုင်း၊ အထည်သင်္ချာ၊ အမျှင်ကုန်ကြမ်း၊ ရိုးရာဂျပ်ခုတ်နှင့် စက်ချုပ် ဘာသာရပ်များကို သင်ကြားပေးကာ သင်တန်းသားများကို တစ်ဦးလျှင် တစ်လကျပ် ၃၀၀၀၀ ပညာသင် ထောက်ပံ့ကြေးပေးသည့်အပြင် အဆောင်နေထိုင်ခွင့်၊ ရေ၊ မီး သုံးစွဲမှုတို့ကိုလည်း သင်တန်းကျောင်းမှ စီစဉ်ဆောင်ရွက်ပေးကြောင်း သိရှိရပါတယ်။ အဆိုပါ လက်ရက်ကန်းသင်တန်းကို ခြောက်လတာ စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမှာဖြစ်ပြီး သင်တန်းဆင်းဦးရေ ခုနစ်ဦးဖြစ်ကာ၊ ဒုတိယအကြိမ်သင်တန်းသို့ သင်တန်းသူ ၂၁ ဦး တက်ရောက်မှာဖြစ်ကြောင်း သတင်းရရှိပါတယ်။

**စောမောင် (တောင်ကြီး)**

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

### ၈-၁-၂၀၁၈ မှ ၁၄-၁-၂၀၁၈ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** မိမိ၏ကြိုးစားအားထုတ်မှုကြောင့် အကျိုးတူစီးပွားရေးလုပ်ငန်းများ အောင်မြင်မှုရရှိလိမ့်မည်။ ငွေကြေးကိစ္စနှင့်စကားပြောဆိုရမှုများရှိနေတတ်ပါသည်။ ဓာတ်သတ္တုပစ္စည်းများ၊ ရွှေလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလိမ့်မည်။ ယခုနှစ်ပညာရေးတွင် ကြိုးကြိုးစားစားသင်ယူရလိမ့်မည်။ အချစ်ရေးကံကောင်းပြီး အိမ်ထောင်ဖက်နှင့် အဆင်ပြေနေလိမ့်မည်။ ကျန်းမာရေးဂရုစိုက်သင့်သောနှစ်ဖြစ်သည်။ **ယတြာ။ ။မိမိအိမ်တွင် သာသနာပွဲလှူပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများ အချိန်နှင့်အမျှကြံစည်လုပ်ကိုင်မှ အောင်မြင်တိုးတက်မည်။ စက်ရုံ၊ အလုပ်ရုံ၊ ရေနံနှင့်ရေနံထွက်ပစ္စည်းများ အကျိုးပေးမည်။ ပညာရေးတွင်ကြိုးစားအားထုတ်နေရမည်။ အချစ်ရေးတွင် ဘဝင်မကျမှု၊ စိတ်တိုင်းမကျမှုတို့နှင့် သံသရာလည်နေတတ်ပါသည်။ ကျန်းမာရေးတွင်ဦးနှောက်နှင့်အာရုံကြောဝေဒနာခံစားရတတ်ပါသည်။

**ယတြာ။ ။မိမိအိမ်မှ ဘုရားကိုကြာသက်န်းကပ်လှူပါ။**



**အင်္ဂါသားသမီးများအတွက်** အလုပ်အကိုင်ရှာဖွေနေသူများအတွက် ကံကောင်းမည့်အချိန်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများတွင် စိတ်ကူးနှင့်လက်တွေ့ တစ်ထပ်တည်းမကျဖြစ်နေတတ်ပါသည်။ ရည်မှန်းထားသောပညာရေးနှင့်ပတ်သက်ပြီး စိတ်တိုင်းမကျဖြစ်နေတတ်သည်။ အချစ်ရေးသံသရာလည်နေတတ်သည်။ အိမ်ထောင်ရေးတည်ငြိမ်မှုရှိနေမည်။ ကျန်းမာရေးခွဲစိတ်ကုသမှုခံရတတ်သည်။

**ယတြာ။ ။ဘုရားတွင်ဇီးညွန့်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ဝါသနာမပါသော စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နေရတတ်သည်။ ငွေကြေးလုပ်ငန်းတွင် သိုသိုသိပ်သိပ်နှင့် ကံဉာဏ်ဝီရိယပေါ်မူတည်ပြီး အောင်မြင်မှုရရှိလိမ့်မည်။ ပညာရေးကံကောင်းနေမည်။ ကြိုးစားမှုအားကောင်းနေရန်လို့ဝှက်နက်နဲသော ပညာရပ်များစိတ်ဝင်စားလေ့လာနေတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေးကောင်းနေပါသည်။

**ယတြာ။ ။ဘုရားတွင်ကြာပန်းလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ရာတွင် မိမိသဘောကျသည်ဖြစ်စေ၊ မကျသည်ဖြစ်စေ၊ အကျိုးရှိနေမည်။ အမြတ်အစွန်းရမည်။ ငရုတ်ကောင်း၊ ငရုတ်ပွနှင့်ကြက်သွန်၊ မီးဖိုချောင်သုံး ပစ္စည်းများ၊ ပွဲရုံလုပ်ငန်းနှင့် လက်ကားဒိုင်လုပ်ငန်းများ အကျိုးပေးပါလိမ့်မည်။ ပညာရေးတွင်သိမြင်တတ်ကျွမ်းပြီးသားပညာများကို ဝေဖန်ပိုင်းခြားမှတ်သားနိုင်စွမ်းရှိနေမည်။ အချစ်ရေးတွင် တင့်တယ်မှုရှိနေတတ်ပါသည်။ **ယတြာ။ ။ရဟန္တာကိုသစ်သီးလှူဒါန်းပါ။**



**သောကြာသားသမီးများအတွက်** ရင်းနှီးသောမိတ်ဆွေအပေါင်းအသင်းများနှင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာတွင် ဘဝရပ်တည်ရေးလုပ်ငန်းကိုပို၍လုပ်ဖြစ်လာတတ်သည်။ လုပ်ငန်းခွင်တွင် စကားအချေအတင်ပြောရတတ်သည်။ လုပ်ငန်းများကိုတည်တည်ငြိမ်ငြိမ် ဆောင်ရွက်လျှင် အကျိုးအမြတ်ခံစားရမည်။ ပညာရေးတွင်အတွေးအခေါ် အကြံဉာဏ်များတိုးတက်ကောင်းမွန်နေမည်။ အချစ်ရေးတွင်ချစ်သူ၏ပြုစုယုယမှုခံရတတ်သည်။ ကျန်းမာရေးကောင်းမွန်နေမည်။ **ယတြာ။ ။သစ်တော်သီးဆွမ်းကပ်လှူပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများ အချေအတင်လုပ်နေရတတ်သည်။ လုပ်ငန်းသစ်များတိုးချဲ့လုပ်ကိုင်ရန် အခွင့်အရေးပေါ်တတ်သည်။ ကိုယ်စားလှယ်လုပ်ငန်း၊ ဖက်စပ်လုပ်ငန်းတို့မှ ငွေကြေးအမြတ်အစွန်းရတတ်သည်။ ပညာရေးအဆင့်နိမ့်တတ်သည်။ အချစ်ရေးတွင် ဝီရိယအကျိုးခံစားရလိမ့်မည်။ အိမ်ထောင်ရေးသာယာမှုရှိနေမည်။ ကျန်းမာရေးအနေဖြင့် တေဇောဓာတ်လွန်ကဲသော ဝေဒနာခံစားရမှုရှိတတ်ပါသည်။ **ယတြာ။ ။ အောင်သပြေပန်းလှူပါ။**

# ဟင်္သာတမြို့ နတ်မော်တိုက်နယ် အ•ထ•က တွင် ကျောင်းမုန့်ဈေးတန်း စားသုံးသူရေးရာသင်တန်းပြုလုပ်

ဟင်္သာတခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်ဟန်နှင့်တာဝန်ရှိသူများသည် ဟင်္သာတမြို့၊ နတ်မော်တိုက်နယ်အ. ထ. က ကျောင်း အစည်းအဝေးခန်းမ၌ ဒီဇင်ဘာလ ၂၉ ရက်က ကျောင်းမုန့်ဈေးတန်း စားသုံးသူရေးရာ သင်တန်းပြုလုပ်ခဲ့ရာ နတ်မော်တိုက်နယ်ရှိ မူလတန်းကျောင်း ခုနစ်ကျောင်းနှင့် အထက်တန်းကျောင်း တစ်ကျောင်းရှိ ဈေးစားသုံးသူရေးရာ အဖွဲ့ဝင်ဆရာ/ဆရာမ စုစုပေါင်း ၄၅ ဦး တက်ရောက်ခဲ့ပါသည်။

သင်တန်းတွင် ဟင်္သာတမြို့၊ နတ်မော်အ. ထ. က ကျောင်းမှကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးကြည်ဟန်က သင်တန်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်၊ စားသုံးသူအကာအကွယ်ပေးရေး အကြောင်းသိကောင်းစရာများနှင့်ဆိုးဆေးအန္တရာယ်၊ မှိုဆိပ်အန္တရာယ်များကို ရှင်းလင်းပြောကြားခဲ့ပြီး စားသုံးသူရေးရာ ဦးစီးဌာန၏ ဖွဲ့စည်းဆောင်ရွက်နေမှုများနှင့် စားသုံးသူအကာအကွယ်ပေးရေး အသင်းများဖွဲ့စည်းမှု၊ စားသုံးသူနစ်နာမှု တိုင်ကြားစာပုံးများထားရှိမှုနှင့် တိုင်ကြားမှု၊ ဖြေရှင်းမှု နည်းလမ်းများကို ရှင်းလင်းပို့ချခဲ့ပါသည်။ ဒုတိယခရိုင်ဦးစီးမှူး ဦးစောကေးလက်က စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအကြောင်းနှင့် စားသုံးသူတို့၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်တို့၏ တာဝန်နှင့် တားမြစ်ချက်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များ အကြောင်းကို ရှင်းလင်းပို့ချခဲ့ကာ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မောင်မောင်မြတ်ခိုင်**

# မကွေးမြို့ မြို့မဈေးရှိ ကုန်စုံဆိုင်သုံးဆိုင်အား မကွေးခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့က ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ကွင်းဆင်းစစ်ဆေး

မကွေးခရိုင်၊ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သည် ဒီဇင်ဘာလ ၂၇ ရက်က မကွေးမြို့၊ မြို့မဈေးရှိ ကုန်စုံဆိုင်သုံးဆိုင်အား ရှောင်တခင် ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဦးမျိုးသိန်း+မခိုင်ကုန်မျိုးစုံဆိုင်၊ ဒေါ်သန်းသန်းနုနှင့်ညီမများ ကုန်မျိုးစုံဆိုင်၊ သမာဓိ(ကုန်စုံဆိုင်)တို့တွင် သက်တမ်းလွန်ကုန်ပစ္စည်းများကို စစ်ဆေးတွေ့ရှိရသဖြင့် သိမ်းယူခဲ့ပြီး ဆိုင်ပိုင်ရှင်များအားလည်း သက်တမ်းလွန်ကုန်စည်များအား ရောင်းချခြင်းမပြုရန် အသိပညာပေးခဲ့ကာ စစ်ဆေးတွေ့ရှိပါက ပြင်းထန်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေး ပြောကြားခဲ့သည်။

အလားတူ ပွင့်ဖြူမြို့၊ မြို့မဈေးအတွင်းရှိ ဈေးဆိုင်များ၌လည်း ကွင်းဆင်းစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင် (မကွေး)**

# ဘိုကလေးမြို့ ပညာရေးကောလိပ်ကျောင်းတွင် စားသုံးသူအသိပညာပေးဟောပြောပွဲကျင်းပ

ဖျာပုံခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဦးဆောင်၍ ဘိုကလေးမြို့နယ်တာဝန်ခံရုံးဝန်ထမ်းများပူးပေါင်းပါဝင်ပြီး ဒီဇင်ဘာ ၂၈ ရက်က ဘိုကလေးပညာရေးကောလိပ်ကျောင်းအစည်းအဝေးခန်းမ၌ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပခဲ့ကြောင်း သိရပါသည်။

အဆိုပါ ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်အောင်က စားသုံးသူရေးရာဦးစီးဌာနဖြစ်ပေါ်လာပုံနှင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါ အကြောင်းအရာများ၊ မြို့နယ်အလိုက် ကွင်းဆင်းဆောင်ရွက်မှုအခြေအနေများ၊ ဈေး/ရပ်ကွက်နှင့် ကျောင်းများတွင် စားသုံးသူရေးရာအဖွဲ့များ ဖွဲ့စည်းထားရှိမှုနှင့် တိုင် ကြားစာထည့်ရန် စာတိုက်ပုံးများ ထားရှိမှုများ၊ သတင်းပြန်ကြားရေးနှင့် စားသုံးသူ တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) ဖွင့်လှစ်ထားရှိပြီး တိုင်ကြားစာများအား လက်ခံဖြေရှင်းပေးမှုများ၊ FDA မှ တားမြစ်ထားသောဆေးဝါးများ၊ အလှကုန်များ၊ ရေသန့်ဗူးများ၊ အချိုရည်များ၊ အစားအသောက်များတွင်ပါဝင်သော ဆိုးဆေးများအကြောင်းနှင့် စားသုံးသူများ လိမ်လည်လှည့်ဖျားမှုမခံရစေရန် သုံးစွဲပစ္စည်းများတွင် ပါဝင်ရမည့် သတင်းအချက်အလက်များ၊ ဘားကုတ်အကြောင်းတို့အား အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့ပါသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီးက ယနေ့အသိပညာပေးဟောပြောပွဲမှ စားသုံးသူတစ်ယောက်အနေဖြင့် အသိပညာများရရှိပါကြောင်း၊ မသိသေးသည့် အကြောင်းအရာများကိုလည်း သိရှိရပါကြောင်း၊ တာဝန်ကျရာကျောင်းများတွင် ကလေးငယ်များအတွက် အစားအသောက်နှင့်ပတ်သက်ပြီး ဂရုပြုဆောင်ရွက်ရန်ကို တာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်စေလိုကြောင်း တိုက်တွန်းပြောကြားခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၄၇၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မင်းဇော်မွန် (ဖျာပုံ)**

# မကွေးမြို့နယ်၊ ကံလှကျေးရွာနှင့် ကန်ရွာလေးကျေးရွာတို့တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ

မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မိတ်ဖက်အဖွဲ့များပူးပေါင်း၍ ဒီဇင်ဘာလ ၂၇ ရက်တွင် မကွေးမြို့၊ ကံလှကျေးရွာနှင့် ကန်ရွာလေးကျေးရွာတို့တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ ကျင်းပခဲ့ပါသည်။

အဆိုပါ ဟောပြောပွဲများတွင် မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယကြီးကြပ်ရေးမှူး ဦးသိန်းဦးက စားသုံးသူရေးရာဦးစီးဌာနဖြစ်ပေါ်လာပုံ၊ ဌာန၏ မျှော်မှန်းချက်နှင့် ရည်မှန်းချက်များ၊ သတိပြုဖွယ်ရာ အစားအသောက်များအကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေများနှင့် ပြည်တွင်းကုန်သွယ်မှုကဏ္ဍ၊ သိုး၊ ဆိတ်မွေးမြူရေးများနှင့်စပ် လျဉ်း၍ ဟောပြောဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပညာရေး၊ စိုက်ပျိုးရေးဌာနများမှ တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြပြီး တောင်သူများ၏ သိလိုသည်များမေးမြန်းမှုအပေါ် ပြန်လည်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင် (မကွေး)**

# ကျောက်မျက်ရတနာများအတွက် အာမခံချက်ပေးနိုင်သော ဓာတ်ခွဲခန်း ရန်ကုန်မြို့၌ ဖွင့်လှစ်မည်

ကျောက်မျက်ရတနာများအတွက် အာမခံချက်ပေးနိုင်သော ဓာတ်ခွဲခန်းကို ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်ဈေးတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ဖွင့်လှစ်ရခြင်းမှာ မြန်မာနိုင်ငံ၏ ကျောက်မျက်ရတနာများကို ကုန်ကြမ်းရောင်းချနေသည့်အဆင့်မှ ကုန်ချောအဖြစ် ရောင်းချနိုင်ရန်နှင့် ကျောက်မျက်ရတနာဈေးကွက် ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

"အရင် ဗိုလ်ချုပ်ဈေးထဲကနေရာမှာ စင်တာတစ်ခုရှိတယ်။ အဲဒီမှာ ဓာတ်ခွဲခန်းလုပ်ထားတယ်။ ဓာတ်ခွဲခန်းရောသင်တန်းကိုပါ အသင်းချုပ်ကဦးဆောင်ပြီးလုပ်ထားတယ်။ အဲဒါကို အခုလကစပြီး ဖွင့်မှာဖြစ်ပါတယ်။ ဖွင့်ပွဲလည်းလုပ်သွားမှာပါ။ ဒီဓာတ်ခွဲခန်းကို အသင်းချုပ်နဲ့ ပြည်ပက ပညာရှင်တွေပါ ပူးပေါင်းပြီး လုပ်မှာပါ။ ဒီလိုပဲ အသင်းချုပ်ကလုပ်တဲ့ ဓာတ်ခွဲခန်းဖြစ်တဲ့အတွက် အခြားအပြင်က ဓာတ်ခွဲခန်းတွေထက် ပိုပြီး တာဝန်ယူမှု တာဝန်ခံမှုအပြည့်အဝ ပေးနိုင်မှာ ဖြစ်ပါတယ်" ဟု ကျောက်မျက်ရတနာ လုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါဓါတ်ခွဲခန်းသို့လာရောက်၍ ကျောက်မျက်ရတနာအမျိုးအစားများကို အချိန်မရွေး ဓာတ်ခွဲစမ်းသပ်စစ်ဆေးနိုင်ပြီး သက်သေခိုင်လုံမှု ပြသနိုင်ရေးအတွက်လည်း အသိအမှတ်ပြုလက်မှတ်ထုတ်ပေးမည်ဖြစ်ကြောင်း၊ ကျောက်မျက်ရတနာဓာတ်ခွဲခန်းကို မြန်မာနိုင်ငံ ကျောက်မျက်ရတနာအသင်းထူထောင်စဉ် ကာလကတည်းက ကမ္ဘာအေးဘုရားအနီးရှိ ကျောက်မျက်ရတနာခန်းမတွင် ဖွင့်လှစ်ထားခဲ့ပြီး မကြာမီဖွင့်လှစ်မည့် ဓာတ်ခွဲခန်းကိုလည်း ယခင်ဓာတ်ခွဲခန်းထက် ပိုမို ခိုင်မာစေရန် လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ ကုန်ချောဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒီဇိုင်းအသစ်များ တီထွင်ဖန်တီးနိုင်စေရန်အတွက် ကျောက်မျက်ရတနာများကို အာမခံချက်ပေးနိုင်သော ဓာတ်ခွဲခန်းရှိရန် လိုအပ်ပြီး အဆိုပါ ဓာတ်ခွဲခန်းများမှ နိုင်ငံတကာသို့အာမခံချက်ပေးနိုင်ရန်အတွက်လည်း အသင်းမှ ဦးစီးလုပ်ဆောင်နေကြောင်း သိရသည်။

■

# ရခိုင်၊ ကယားနှင့် ချင်းပြည်နယ်တို့မှာ ယခုဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုမရှိသော မြို့နယ်များဖြစ်နေ

လက်ရှိဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုမရှိသေးသောပြည်နယ်များမှာ ရခိုင်၊ ကယားနှင့် ချင်းပြည်နယ်တို့ဖြစ်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သိရသည်။

အဆိုပါ ပြည်နယ်သုံးခုတွင် ရင်းနှီးမြှုပ်နှံရန် လမ်းပန်းဆက်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမည့်နေရာ အခြေအနေဥပဒေ များအရ လုပ်ကိုင်နိုင်မည့် အခြေအနေများအပေါ် ရင်းနှီးမြှုပ်နှံသူများက စဉ်းစားသုံးသပ်နေမှုများရှိကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန် ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်က "ရခိုင်မှာ အရင်ကရှိတာတွေလည်းရှိသလို နိုင် ငံတော်စီမံကိန်းတွေလည်း ရှိတယ်။ ဒီနှစ်ပဲ မဝင်တာ။ ချင်းမှာဆိုရင်လည်း သက်ဆိုင်ရာပြည်နယ်အစိုးရနဲ့ ဟိုတယ်နဲ့ပတ်သက်တဲ့ လုပ်ငန်းတွေ ဆွေးနွေးနေတာလည်း အများကြီးရှိလာပြီ"ဟု ပြောသည်။

လက်ရှိအချိန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၅ ဘီလီယံ၌ ရန်ကုန်တိုင်းဒေသကြီးက အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံနှင့် အများဆုံးဖြစ်ပြီး သူ့နောက်တွင် မန္တလေးက အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ၊ မွန်ပြည်နယ်က ၄၄၈ သန်း၊ ကချင်ပြည် နယ်က အမေရိကန်ဒေါ်လာ ၂၄၂. ၃၉ သန်း၊ တနင်္သာရီတိုင်းဒေသကြီးက အမေရိကန်ဒေါ်လာ ၁၇၄ သန်းတို့ဖြင့် အသီးသီးရပ်တည်နေကြောင်း သိရသည်။

# ပထမဆုံးအကြိမ် Grab- A- Note ပြိုင်ပွဲကို ရန်ကုန်မြို့တွင်ကျင်းပမည်

အရှေ့တောင်အာရှ၏ သယ်ယူပို့ဆောင်ရေးနှင့် မိုဘိုင်းလ်ငွေပေးချေမှုစနစ် ဝန်ဆောင်မှုလုပ်ငန်း တစ်ခုဖြစ်သည့် Grab နှင့် Samsung Electronic တို့ ပူးပေါင်း၍ Grab-A-NoteRace အမည်ရှိပြိုင်ပွဲကြီးကို ပထမဆုံးအကြိမ် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။




အဆိုပါပြိုင်ပွဲကို ပြည်တွင်းဈေးကွက်အတွင်း မကြာမီကမှရောက်ရှိသည့် Samsung Galaxy Note 8 စမတ်ဖုန်း စတင်မိတ်ဆက်ခြင်း အထိမ်းအမှတ်နှင့် Grab မိုဘိုင်းအက်ပလီကေးရှင်းဖြင့် အငှားယာဉ်ငှားရမ်းသည့် အလေ့အထ ပိုမိုတွင်ကျယ်လာစေရန် ရည်ရွယ်၍ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ဝင်ပြိုင်ရန်အတွက် ယခုလ ၁ ရက်မှ ၇ ရက်အတွင်း Grab မိုဘိုင်းလ်အက်ပလီကေးရှင်းဖြင့် Grab Taxi Plus (Beta) ကို အနည်းဆုံးတစ်ကြိမ် ငှားရမ်းစီးနင်းရမည် ဖြစ်ပြီး စီးနင်းသူများထဲမှ ရှစ်ဦးကို ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ရွေးချယ်ခံရသည့် ပြိုင်ပွဲဝင်များကို Grab နှင့် ဆမ်ဆောင်းမြန်မာတို့၏ တရားဝင်ဖေ့ဘုတ်ခ်စာမျက်နှာမှ တစ်ဆင့်ကြေညာသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်များမှ နောက်ထပ်အဖွဲ့ဝင်တစ်ဦးစီကို ခေါ်ယူရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့နှစ်ယောက်တစ်ဖွဲ့ဖြင့်သာ ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ရွေးချယ်ခံရသော ပြိုင်ပွဲဝင်များမှာ နာမည်ကျော် Amazing Race ရုပ်သံအစီအစဉ်မှ ကစားနည်းအတိုင်း Grab Taxi အသုံးပြု၍ ရန်ကုန်မြို့တွင်းရှိ ဆမ်ဆောင်းဆိုင်ပေါင်း ၆ ဆိုင်ကို သွားရောက်ကာ သဲလွန်စများကို ဖြေဆိုရမည်ဖြစ်ကြောင်း၊ အဆိုပါဆိုင်ခြောက်ဆိုင်သို့ ပထမဦးဆုံးသွားနိုင်သည့်အဖွဲ့မှ အနိုင်ရရှိမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲကို ယခုလ ၁၃ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကာ နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ကြာမြင့်မည့်ပွဲစဉ်တစ်ခုလုံးအတွက် ပြိုင်ပွဲဝင်များအသုံးပြုရန် Grab Taxi များ ပံ့ပိုးကူညီပေးမည်ဖြစ်ကြောင်း၊ အနိုင်ရရှိသည့်အဖွဲ့ကို Samsung Note 8 တစ်လုံးစီ ပေးအပ်သွားမည်ဖြစ်ပြီး တခြားသောပြိုင်ပွဲဝင်များကိုလည်း ငွေကျပ်သုံးသောင်း တန်ဖိုးရှိ ပရိုမိုးရှင်းကုတ်များ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

# Smart City & အနာဂတ်ရန်ကုန် ICT Talk ဟောပြောပွဲ ကျင်းပမည်

Smart City & အနာဂတ်ရန်ကုန် ICT Talk ဟောပြောပွဲကို ဇန်နဝါရီလ ၁၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲကျင်းပရခြင်းမှာ ပြည်သူများအနေဖြင့် အိုင်စီတီ၏အသုံးဝင်ပုံကို သိရှိစေရန်နှင့် နိုင်ငံတိုးတက်ရန်အတွက် အိုင်စီတီအသုံးပြု၍ မည်သို့လုပ်ဆောင်နိုင်သည်ကို အသိပညာပေးလိုသည့်အပြင် ICT Industry အတွင်း လိုအပ်သည်များကို သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများမှ သိရှိစေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"အဓိကကတော့ အများပြည်သူကို အိုင်စီတီနဲ့ပတ်သက်တဲ့ အသိပညာပေးချင်တာပါ။ နောက်ပြီး လိုအပ်နေတာတွေကိုလည်း အစိုးရအဖွဲ့က သိရှိကူညီ ပံ့ပိုးပေးနိုင်အောင်ရည်ရွယ်ပြီး ကျင်းပတာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးမျိုးမင်းဦးက ပြောသည်။

အဆိုပါ ICT Talk တွင် Moderator အဖြစ် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနေဘုန်းလတ်မှ တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး အခြားသော Panelist များမှလည်း ပါဝင်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ICT Talk ဟောပြောပွဲကို ယခုလ ၁၃ ရက်နေ့ နေ့လယ် ၂ နာရီတွင် MICT Park ရှိ Conference Hall တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

# နှစ် ၇၀ ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဂျပန်စတိုင် ဆယ်ပြားဈေးဈေးရောင်းပွဲတော် ကျင်းပ

နှစ် ၇၀ ပြည့် အထိမ်းအမှတ်အဖြစ် စိန်ဂေဟာစူပါစင်တာနှင့် မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့ ပူးပေါင်း၍ ဂျပန်စတိုင် ဆယ်ပြားဈေး ဈေးရောင်းပွဲတော်ကို ကျင်းပခဲ့သည်။




အဆိုပါ ဈေးရောင်းပွဲတော်တွင် ဂျပန်ရိုးရာ ဆူရှီအစားပြိုင်ပွဲနှင့် ကံစမ်းမဲဖောက်ပေးခြင်းများ၊ ဂျပန်ဓားသိုင်းအလှပြခြင်းနှင့် ဂျပန်ရိုးရာ ကျားဗိုလ်ဆွဲပြိုင်ပွဲများ ကျင်းပခြင်းတို့ကို အချိန်အပိုင်းအခြားဖြင့် ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

"ဒီနေ့က မြန်မာနိုင်ငံအတွက် ထူးခြားတဲ့ နေ့တစ်နေ့လည်း ဖြစ်ပါတယ်။ စိန်ဂေဟာအနေနဲ့လည်း တစ်ခါမှမလုပ်ဖူးတဲ့ပွဲကို ပြည်သူတွေအတွက် ပရဟိတသဘောမျိုး လုပ်ပေးထားတာပါ။ ဒီလို ကျင်းပခွင့်ရတဲ့အတွက်လည်း ဝမ်းသာပါတယ်။ နောက်ပိုင်းလည်း ဆက်လက်လုပ်ဆောင်သွားဖို့ ရှိပါတယ်"ဟု စိန်ဂေဟာစူပါစင်တာမှ ဒါရိုက်တာ ဒေါက်တာရတနာအောင်က ပြောသည်။

အဆိုပါဈေးရောင်းပွဲတော်တွင် ဆိုင်ခန်းပေါင်း ၃၀ ဝန်းကျင်ပါဝင်ခဲ့ပြီး ဂျပန်နိုင်ငံမှ လူသုံးကုန်ပစ္စည်း (Second Hand) များနှင့် အခြားသော ပြည်တွင်း၊ ပြည်ပမှ ပစ္စည်းများကို အထူးသက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

ဂျပန်စတိုင် ဆယ်ပြားဈေး ဈေးရောင်းပွဲတော်တွင် ဂျပန်ပစ္စည်း ၇၀ ရာခိုင်နှုန်းခန့် ပါဝင်ပြီး မနက် ၉ နာရီမှ ည ၉ နာရီအထိ ပြည်လမ်း စိန်ဂေဟာရှိ စိန်ဂေဟာစူပါစင်တာတွင် ကျင်းပခဲ့ကာ SEDA အသင်းနှင့် စိန်ဂေဟာတို့မှလည်း အချိန် ၂ ချိန်ခွဲ၍ မဲဖောက်ပေးခဲ့ကြောင်း သိရသည်။

**ချောစု စုစည်းတင်ပြသည်။**

# အိမ်ခြံမြေဝန်ဆောင်မှုကုမ္ပဏီအချို့ လုပ်ငန်းရပ်ဆိုင်းပြီး စီးပွားရေး အခက်အခဲများ ကြုံတွေ့နေရဟုဆို

အိမ်ခြံမြေလောကအတွင်း အိမ်ခြံမြေဝန်ဆောင်မှုကုမ္ပဏီအချို့ လုပ်ငန်းရပ်ဆိုင်းလိုက်ရပြီး စီးပွားရေးအခက်အခဲများ ကြုံတွေ့နေရကြောင်း မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း ဥက္ကဋ္ဌ ဦးခင်မောင်သန်းက ပြောကြားသည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်က ရန်ကုန်မြို့၊ ကုန်သည်/စက်မှုအသင်းချုပ်ရုံး၌ ပြုလုပ်သော နိုင်ငံတော်ဒုတိယ သမ္မတ(၁)ဦးဆောင်သည့် ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ပုဂ္ဂလိက ကဏ္ဍ လုပ်ငန်းရှင်ကိုယ်စားလှယ်များ တွေ့ဆုံပွဲ၌ အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းကဏ္ဍ ဆွေးနွေးရာတွင် ယခုလို တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အိမ်ခြံမြေလုပ်ငန်းမှာ တစ်ဦးချင်းလုပ်ကိုင်နေတဲ့သူတွေ အလုပ်မဖြစ်ကြတော့တဲ့အတွက် အလုပ်လက်မဲ့တွေဖြစ်နေကြသလို တခြားလုပ်ငန်းတွေကိုပြောင်းလဲလုပ်ကိုင်နေကြတာတွေ ရှိနေကြပါတယ်။ ကုမ္ပဏီတွေအပိုင်းမှာဆိုရင်လည်း တချို့ကုမ္ပဏီတွေအလုပ်ရပ်ဆိုင်းလိုက်တဲ့အတွက် စီးပွားရေးအခက်အခဲတွေ ကြုံတွေ့နေရပါတယ်" ဟု မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းဥက္ကဋ္ဌ ဦးခင်မောင်သန်းက ပြောသည်။

အငှားဈေးကွက်မှာလည်း ကျဆင်းလာပြီး အပေါင်ဈေးကွက်သာ အားကောင်းလာသဖြင့် အိမ်ခြံမြေဝင်ငွေခွန်နှုန်းထား မြင့်မားမှုအား လျှော့ချပြင်ဆင်သတ်မှတ်ပေးပါရန်၊ ရန်ကုန်တိုင်းဒေသကြီးအပါအဝင် မြန်မာနိုင်ငံတစ်ဝန်းရှိ အိမ်ခြံမြေတစ် ပေပတ်လည်နှုန်းထားများကိုလည်း ခေတ်ကာလပေါက်ဈေးနှင့်အညီ နှစ်စဉ်ပြင်ဆင်ပေးရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပြည်တွင်း အိမ်ခြံမြေအရောင်းအဝယ် ဈေးကွက်အေးစက်နေခြင်းမှာ ၂၀၁၄ ခုနှစ်မှ စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

■

# CHDB ဘဏ်မှအစိုးရ တင်ဒါအောင် ဆောက်လုပ်ရေး လုပ်ငန်းရှင်များကို အာမခံပစ္စည်းမယူဘဲ ချေးငွေထုတ်ပေး

အစိုးရတင်ဒါအောင်မြင်သော ဆောက်လုပ်ရေးလုပ်ငန်းရှင်များအား အာမခံပစ္စည်း (Collateral)မယူဘဲ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် (CHDB)မှ Project အလိုက် ချေးငွေများ ထုတ်ချေးပေးနေပြီဖြစ်ကြောင်း အဆိုပါဘဏ်၏ အသိပေးကြေညာချက်အရ သိရသည်။

နိုင်ငံတော်အတွင်း အခြေခံအဆောက်အဦကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်း၊ တံတား၊ လျှပ်စစ်၊ ကျောင်းနှင့် အစိုးရရုံးများ တည်ဆောက်ရေးများတွင် တင်ဒါအောင်မြင်ထားသော လုပ်ငန်းရှင်များ လုပ်ငန်းလျင်မြန်စွာ ဆောင်ရွက်နိုင်စေရန် ယခုလိုစီစဉ်ထားရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဘဏ်ချေးငွေအတွက် အတိုးနှုန်းမှာ ၁၁ ရာခိုင်နှုန်းဖြစ်ပြီး ကျသင့်အတိုးငွေများကို ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ ချမှတ်ထားသည့် မူများအရ သတ်မှတ်ကာလအတွင်းမပျက်မကွက် ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ချေးငွေသက်တမ်းမှာ တင်ဒါလုပ်ငန်းစာချုပ်ပါ သတ်မှတ်ချက်နှင့် သက်တမ်းအရဖြစ်ပြီး ချေးငွေများကို တင်ဒါအောင်မြင်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အနီးစပ်ဆုံး ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်ခွဲများတွင် စာရင်းရှင်ဘဏ် အကောင့်ဖွင့်လှစ်ပြီး လျှောက်ထားနိုင်ကြောင်း သိရသည်။

# work.com.mm က အလုပ်အကိုင် ရွေးချယ် ခန့်အပ်မှုပုံစံသစ် Master-class Series ကို စတင်မိတ်ဆက်

work.com.mm က အလုပ်အကိုင်ရွေးချယ်ခန့်အပ်မှု ဒီဇိုင်းပုံစံသစ်ဖြစ်သော Masterclass Series ကို အူရီဒူးမြန်မာကုမ္ပဏီ၏ ပူးပေါင်းပါဝင်မှုဖြင့် ပြည်တွင်း၌ စတင်မိတ်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

Masterclass Series အစီအစဉ်သစ်၏ အဓိကရည်ရွယ်ချက်မှာ လုပ်ငန်းရှင်ကုမ္ပဏီ၏ အလုပ်အကိုင် လိုအပ်ချက်ပေါ် မူတည်၍ work.com.mm က စိစစ်ရွေးချယ်ထားသော အလုပ်အကိုင်ရှာဖွေသူများနှင့် လုပ်ငန်းရှင်ကုမ္ပဏီကြီးများကို တိုက်ရိုက်တွေ့ဆုံပေးသွားမည်ဖြစ်ပြီး လုပ်ငန်းရှင်ကုမ္ပဏီများအနေဖြင့် အလုပ်မခန့်မီ ခန့်အပ်လိုသောသူ၏ အရည်အချင်းနှင့် ကျွမ်းကျင်မှုတို့ကို အနီးကပ် စစ်ဆေးစမ်းသပ်ခွင့်ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

"အခုလုပ်တဲ့ အစီအစဉ်သစ်က ပြည်တွင်းမှာ အရင်တုန်းကလုပ်ခဲ့တဲ့ အလုပ်အကိုင်ပြပွဲတွေလို မဟုတ်ဘဲ ကုမ္ပဏီလုပ်ငန်းရှင်တွေက ဝန်ထမ်းမခန့်မီ ခန့်မယ့်ဝန်ထမ်းရဲ့ အရည်အသွေး၊ ကျွမ်းကျင်မှုစွမ်းရည်နဲ့ ဆောင်ရွက်ချက်တွေကို အနီးကပ်ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ work.com.mm အနေနဲ့ လစ်လပ်နေတဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေအတွက် အသင့်တော်ဆုံးဝန်ထမ်းတွေကို တိုက်ရိုက်ချိတ်ဆက်ပေးနိုင်ဖို့ တီထွင်ဆန်းသစ်တဲ့နည်းလမ်းတွေကို ရှာဖွေ နေပါတယ်" ဟု work.com.mm ၏ မန်နေဂျင်းဒါရိုက်တာ Mr.Derek beeftink ကပြောသည်။

work.com.mm ၏ Masterclass Series ကို ဇန်နဝါရီ ၂၅ ရက်တွင် အူရီဒူးမြန်မာရုံးချုပ်၌ ပြုလုပ်သွားမည်ဖြစ်ပြီး စိတ်ဝင်စားသူများအနေဖြင့် work.com.mm ၏ ဖေ့ဘုတ်စ်စာမျက်နှာတွင် စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

work.com.mm ကို ၂၀၁၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး နေ့စဉ် အလုပ်အကိုင်လျှောက်လွှာစာရင်းသွင်းသူ ၂၅၀ ဦး ခန့်ရှိကြောင်း သိရသည်။

# ၂၀၁၇ ခုနှစ် ပြည်တွင်းရွှေဈေးကွက် ရောင်းလိုအားများခဲ့ပြီး ဝယ်လိုအား ကျဆင်းခဲ့

၂၀၁၇ ခုနှစ် ပြည်တွင်းရွှေဈေးကွက်မှာ ရောင်းလိုအားများခဲ့ပြီး ဝယ်လိုအား ကျဆင်းခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်အသင်း အတွင်းရေးမှူး ဦးဝင်းမြင့်က ပြောကြားသည်။

"၂၀၁၇ ခုနှစ် တစ်နှစ်လုံးစာ သုံးသပ်ရရင် ပြည်တွင်းဝယ်လိုအား ကျဆင်းနေပြီး ရောင်းလိုအားပဲ များနေတယ်။ ၂၀၁၇ ခုနှစ် ဝယ်လိုအားနည်းတဲ့ အဓိကအကြောင်းရင်းကတော့ ပြည်တွင်းမှာ ပဲဈေးကွက်က မကောင်းဘူး။ ဆန်ဈေးလည်း ကျတဲ့အတွက်အမှန်အကန် သုံးစွဲသူဖြစ်တဲ့ တောင်သူလယ်သမားတွေရဲ့ ရွှေဝယ်လိုအားက ယခင်နှစ်တွေနဲ့ နှိုင်းယှဉ်ရင် ကောက်ပဲသီးနှံဈေး၊ ဆန်စပါးဈေး၊ ဆောက်လုပ်ရေးလုပ်ငန်းနဲ့ အခြား စီးပွားရေးလုပ်ငန်းတွေလည်း လေးလံ ထိုင်းမှိုင်းနေတဲ့အတွက် ဝယ်လိုအား ကျဆင်းနေခြင်းဖြစ်ပါတယ်" ဟု ဦးဝင်းမြင့်က ပြောကြားသည်။

၂၀၁၇ ခုနှစ် ပြည်တွင်း ရွှေဈေးကွက်မှာ ဈေးနှုန်းအတက်အကျ မတည်ငြိမ်ခဲ့ဘဲ အရောင်းအဝယ်မှာတော့ ယခင်နှစ်များနှင့် နှိုင်းယှဉ်ပါက ကျဆင်းခဲ့ရကြောင်း သိရသည်။

"ဈေးမကျဘဲနဲ့ အရောင်းအဝယ်ကျနေတာ ကမ္ဘာ့ရွှေဈေးကွက်မှာ တက်နေတဲ့ အကြောင်းရင်းကြောင့် ဈေးအမြင့်တန်းမှာ ဖြစ်နေတာဖြစ်ပါတယ်။ အဓိကကတော့ နိုင်ငံခြားရွှေဈေးကွက်မှာမူတည်ပြီးတော့ ပြည်တွင်းရွှေဈေးကွက်မှာ အတက်အကျဖြစ်နေတာဆိုတော့ ဒါကလည်း ကမ္ဘာ့ရွှေဈေးကွက်မှာ ထူးထူးခြားခြား အများကြီးတက်မသွားဘူးဆိုရင်တော့ ပြည်တွင်းရွှေဈေးကွက်က တက်သွားဖို့မရှိပါဘူး။ ပြည်တွင်းဈေးကွက်ကတော့ ရောင်းလိုအားများပြီး ဝယ်လိုအားနည်းနေတာကိုတော့ ရှေ့လာမယ့် ၂၀၁၈ မှာလည်း တွေ့ကြုံရမယ်လို့ အတွေ့အကြုံအရ ခန့်မှန်းရပါတယ်" ဟု ဦးအေးမြင့်က ဆက်လက်ပြောကြားသည်။

၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကမ္ဘာ့ရွှေဈေးကွက်၌ ရွှေတစ်အောင်စကို အမေရိကန်ဒေါ်လာ ၁၃၀၂၊ ပြည်တွင်းဈေးကွက်၌ အခေါက်ရွှေတစ်ကျပ်သားကို ကျပ် ၉၄၀၀၀၀ ထိ ရောက်ရှိခဲ့ကြောင်း သိရသည်။

# ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာအချောထည်ပြပွဲ-၂၀၁၈ ပြုလုပ်မည်




ရန်ကုန်အပြည်ပြည်ဆိုင်ရာကျောက် မျက်ရတနာနှင့် လက်ဝတ်ရတနာအချောထည်ပြပွဲ-၂၀၁၈ (Yangon International Gems & Jewelry Fair) ကို ရန်ကုန်မြို့၊ ပြည်လမ်းရှိ Lotte Hotel ၌ ဇန်နဝါရီ ၁၁ ရက်မှ ၁၄ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ကျောက်မျက်ရတနာလုပ်ငန်းရှင်အသင်း(ရန်ကုန်)မှသတင်းရရှိသည်။

အဆိုပါပြပွဲတွင် ပြည်တွင်း ကျောက်မျက်လုပ်ငန်းရှင်များက အရောင်းဆိုင်ခန်းပေါင်း ၁၀၀ ကျော်ဖွင့်လှစ်၍ ပြည်တွင်းပြည်ပ ကျောက်မျက်ရတနာကုန်သည်များအား ဖိတ်ကြားရောင်းချမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာအချောထည်ပြပွဲ-၂၀၁၈ကို နိုင်ငံတော်သမ္မတရုံး ခွင့်ပြုချက်ဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှု၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်၏ ပံ့ပိုးကူညီမှုဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းထိုက်အောင်စုစည်းသည်။**



## မြို့ကြီးများ၏ ၈-၁-၂၀၁၈ မှ ၁၂-၁-၂၀၁၈ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၈-၁-၂၀၁၈) | အင်္ဂါ(၉-၁-၂၀၁၈) | ဗုဒ္ဓဟူး(၁၀-၁-၂၀၁၈) | ကြာသပတေး(၁၁-၁-၂၀၁၈) | သောကြာ(၁၂-၁-၂၀၁၈) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၂˚C/၉၀˚F | တိမ်အသင့်အတင့် ၃၃˚C/၉၁˚F | ၅၀% ၃၂˚C/၉၀˚F | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၁˚C/၈၈˚F |
| ရန်ကုန်မြို့ | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၁˚C/၈၇˚F |
| မန္တလေးမြို့ | နေသာ ၂၆˚C/၇၉˚F | နေသာ ၂၆˚C/၇၉˚F | တိမ်အသင့်အတင့် ၂၆˚C/၇၉˚F | တိမ်အသင့်အတင့် ၂၆˚C/၇၉˚F | တိမ်အသင့်အတင့် ၂၇˚C/၈၀˚F |
| မြစ်ကြီးနား | နေသာ ၂၅˚C/၇၇˚F | နေသာ ၂၆˚C/၇၈˚F | နေသာ ၂၆˚C/၇၈˚F | နေသာ ၂၅˚C/၇၇˚F | နေသာ ၂၅˚C/၇၇˚F |
| လားရှိုး | နေသာ ၂၃˚C/၇၃˚F | နေသာ ၂၃˚C/၇၄˚F | နေသာ ၂၄˚C/၇၅˚F | နေသာ ၂၂˚C/၇၁˚F | တိမ်အသင့်အတင့် ၂၂˚C/၇၁˚F |
| ကျိုင်းတုံ | ၄၀% ၂၅˚C/၇၇˚F | နေသာ ၂၀˚C/၈၂˚F | ၃၀% ၂၂˚C/၇၂˚F | ၃၀% ၁၉˚C/၆၆˚F | ၃၀% ၁၉˚C/၆၆˚F |
| လွိုင်ကော် | ၄၀% ၂၆˚C/၇၈˚F | နေသာ ၂၀˚C/၈၂˚F | တိမ်ထူထပ် ၂၇˚C/၈၁˚F | နေသာ ၂၄˚C/၇၅˚F | နေသာ ၂၃˚C/၇၃˚F |
| တောင်ကြီး | တိမ်အသင့်အတင့် ၂˚C/၃၅˚F | နေသာ ၁˚C/၃၃˚F | နေသာ ၃˚C/၃၈˚F | နေသာ ၄˚C/၃၉˚F | နေသာ - ၁˚C/၂၂˚F |
| မော်လမြိုင် | နေသာ ၃၁˚C/၈၇˚F | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F | တိမ်အသင့်အတင့် ၃၀˚C/၈၆˚F | တိမ်အသင့်အတင့် ၂၉˚C/၈၄˚F |
| ဘားအံ | နေသာ ၃၃˚C/၉၁˚F | တိမ်အသင့်အတင့် ၃၃˚C/၉၁˚F | တိမ်အသင့်အတင့် ၃၄˚C/၉၃˚F | တိမ်အသင့်အတင့် ၃၃˚C/၉၁˚F | တိမ်အသင့်အတင့် ၃၁˚C/၈၇˚F |
| တောင်ငူ | ၅၀% ၂၉˚C/၈၄˚F | နေသာ ၃၁˚C/၈၈˚F | တိမ်အသင့်အတင့် ၃၁˚C/၈၈˚F | နေသာ ၃၀˚C/၈၆˚F | တိမ်အသင့်အတင့် ၂၉˚C/၈၅˚F |
| မုံရွာ | တိမ်အသင့်အတင့် ၂၇˚C/၈၀˚F | တိမ်အသင့်အတင့် ၂၇˚C/၈၀˚F | တိမ်အသင့်အတင့် ၂၇˚C/၈၀˚F | တိမ်အသင့်အတင့် ၂၇˚C/၈၀˚F | တိမ်အသင့်အတင့် ၂၇˚C/၈၀˚F |
| ပုသိမ် | တိမ်အသင့်အတင့် ၃၁˚C/၈၇˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၀˚C/၈၆˚F | နေသာ ၂၉˚C/၈၅˚F |
| မြိတ် | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F | ၄၀% ၃၂˚C/၈၉˚F | ၈၀% ၃၁˚C/၈၇˚F | နေသာ ၃၁˚C/၈၇˚F | နေသာ ၃၂˚C/၈၉˚F |
| စစ်တွေ | နေသာ ၂၆˚C/၇၈˚F | နေသာ ၂၆˚C/၇၉˚F | နေသာ ၂၆˚C/၇၈˚F | နေသာ ၂၆˚C/၇၈˚F | နေသာ ၂၅˚C/၇၇˚F |
| မကွေး | တိမ်အသင့်အတင့် ၂၇˚C/၈၁˚F | နေသာ ၂၇˚C/၈၁˚F | တိမ်အသင့်အတင့် ၂၈˚C/၈၂˚F | တိမ်အသင့်အတင့် ၂၇˚C/၈၀˚F | တိမ်အသင့်အတင့် ၂၇˚C/၈၀˚F |
| ဖလမ်း | နေသာ ၂၀˚C/၆၈˚F | နေသာ ၂၁˚C/၇၀˚F | နေသာ ၂၂˚C/၇၁˚F | နေသာ ၂၁˚C/၆၉˚F | နေသာ ၂၁˚C/၆၉˚F |

# အပြည်ပြည်ဆိုင်ရာနှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် ဗီယက်နမ်က ရာသီဥတုခန့်မှန်းရေး လုပ်ငန်းကိုမြှင့်တင်

ဗီယက်နမ် အမျိုးသားဇလဗေဒနှင့် မိုးလေဝသခန့်မှန်းရေးဌာန (National Centre for Hydro-Meteorological Forecasting-NCHMF) သည် ၂၀၁၇ ခုနှစ်အတွင်းတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးတက်ရေးအတွက် အမျိုးမျိုး ကြိုးပမ်း ဆောင်ရွက်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဌာနက ဆောင်ရွက်နေသော ဆိုးရွားသောရာသီဥတု ကြိုတင်ခန့်မှန်းရေး စွမ်းဆောင်ရည်ကို တိုးတက်စေရေးဆောင်ရွက်မှုများကို အထောက်အကူဖြစ်စေခဲ့ပြီး ကမ္ဘာ့အတိုင်းအတာဖြင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် လျော့ပါးသက်သာရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဌာန၏အခန်းကဏ္ဍကို မြင့်မားလာစေခဲ့သည်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ (WMO) ၏ အဖွဲ့ဝင် ဖြစ်ခြင်းအားဖြင့် ဗီယက်နမ်နိုင်ငံအတွက် အခြား အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု တိုး တက်ကောင်းမွန်စေပြီး အခြားအဖွဲ့ဝင်များထံမှ အကူအညီအထောက်အပံ့နှင့် သတင်းအချက်အလက်ရရှိစေမည့် အခွင့်အလမ်းများကို ပွင့်လန်းလာစေခဲ့သည်။ ဤသို့ အဖွဲ့ဝင်ဖြစ်ခြင်းကြောင့် ဌာနဝန်ထမ်းများ၏ စွမ်းဆောင်ရည်၊ မိုးလေဝသခန့်မှန်းမှု နည်းပညာနှင့် အလိုအလျောက် ရာသီဥတုခန့်မှန်းရေးစခန်းများကို တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေကြောင်း NCHMF ၏ ဒုတိယညွှန်ကြားရေးမှူးချုပ် ထရန်ဟောင်ထိုင်းက ပြောသည်။

WMO ၏ ဒေသဆိုင်ရာမိုးလေဝသ ခန့်မှန်းရေး အထောက်အကူဌာနများကို ဗီယက်နမ်နိုင်ငံတွင် ၂၀၁၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ဤသို့ ဖွင့်လှစ်နိုင်သည့်အတွက် ဗီယက်နမ်နိုင်ငံနှင့် အရှေ့တောင်အာရှတွင် ပြင်းထန်သော ရာသီဥတုခန့်မှန်းချက်များကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ပြီး သဘာဝဘေးဒဏ်ကာကွယ်ရေးနှင့် လျော့ပါးသက်သာရေးအတွက် ဆောင်ရွက်ရာတွင် ဗီယက်နမ်နိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ အခန်းကဏ္ဍကို မြင့်မားစေခဲ့သည်။ **ဉာဏ်တင်**

# အမေရိကန်ပြည်ထောင်စုတွင် Bomb ဆိုင်ကလုန်း မုန်တိုင်းကြောင့် လေယာဉ်ခရီးစဉ် ၅၀၀၀ ဖျက်သိမ်း

အမေရိကန်ပြည်ထောင်စု အရှေ့မြောက်ပိုင်းတွင် အင်အားကြီးမားသော နှင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့ပြီး လူများသောင်းချီ၍ ခရီးသွားလာမှုများနှောင့်နှေး ကြန့်ကြာခဲ့ကြောင်းသိရသည်။ အမေရိကန်ပြည်ထောင်စု၏နေရာအတော်များများတွင် ရက်သတ္တတစ်ပတ်ခန့် အအေးဓာတ်လွှမ်းကဲခဲ့ပြီး လူတစ်ဒါဇင်ကျော် သေဆုံးခဲ့ရသည်။

လေယာဉ်ခရီးစဉ် ထောင်ပေါင်းများစွာကို ဖျက်သိမ်းခဲ့ပြီး ဘော်စတွန်မြို့လမ်းများပေါ်တွင် ရေနစ်မြုပ်နေသော မော်တော် ယာဉ်မောင်းသူများကို မီးသတ်သမားများက ကယ်တင်ပေးခဲ့ရသည်။ အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များက အရှေ့မြောက်ဒေသတွင် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပြီး လေဆိပ်များတွင် လေယာဉ်ခရီးစဉ်ပေါင်းများစွာကို ရပ်ဆိုင်းထားခဲ့ရသည်။

"ဒီနေ့တော့ မန်ဟတ်တန်ဒေသက လမ်းတွေကို ရှင်းလင်းရေးလုပ်မယ်လို့ ထင်ထားတာ။ လုပ်နေတာမတွေ့ရသေးဘူး"ဟု နယူးယောက်စီးတီးတွင် အစားအစာဖြန့်ဖြူးရေး လုပ်ငန်းကို ဆောင်ရွက်နေသူ ဗယ်လင်တိုင်း ဝီလျံကဆိုသည်။

နှင်းများကျနေသည့်အတွက် ဝီလျံသည် အစားအစာများကို ခြေလျင်လိုက်ပို့ပေးရသည်။ အစားအစာပို့ချိန် ခါတိုင်းထက်နောက်ကျသည့်အတွက် သူ့ကိုပြစ်တင်ပြောကြားသူတစ်ဦးမှ မရှိသည်ကို တွေ့ရသည်။ "ကျွန်တော်ရောက်လာတာကိုပဲ သူတို့က အံ့ဩလို့မဆုံးဖြစ်နေတယ်" ဟု သူကဆိုသည်။

မုန်တိုင်းကျော်လွန်သွားသောအချိန်တွင် အပူချိန်များ ရုတ်တရက်ထိုးကျသွားပြီးလမ်းများပေါ်ရှိ နှင်းများ ရေခဲအဖြစ်ရောက်ရှိသွားမည်ကို တာဝန်ရှိသူတို့က စိုးရိမ်နေသည်။ ဤကဲ့သို့ စိုးရိမ်မှုကြောင့် ဒေသတွင်းရှိ နေရာအတော်များများတွင် နှင်းရှင်းလင်းသည့် ကိရိယာများနှင့် ဆားတင်ထားသော ထရပ်ကားများကိုဖြန့်ကြက်ထားကာ ကျောင်းများကို ပိတ်ထားရသည်။

ဇန်နဝါရီ လေးရက်က မုန်တိုင်းဒဏ်ခံခဲ့ရသော အရှေ့မြောက်နှင့် အရှေ့တောင်ဘက်ရှိဒေသများတွင် အိမ်နှင့်စီးပွားရေးလုပ်ငန်း ၈၀၀၀၀ နီးပါးအတွက် လျှပ်စစ်ဓာတ်အား ပြတ်တောက်လျက်ရှိသည်။

ဘောစတွန်နယ်မြေထဲတွင်နှင်းထု ၁၂ လက်မအထိရှိရာ အများစုမှာ လမ်းများပေါ်တွင် ရှိနေကြောင်း အမျိုးသားမိုးလေဝသ ဌာနကပြောသည်။ နယူးဂျာစီအချို့ အစိတ်အပိုင်းများတွင် တစ်ပေခွဲခန့်အထိ နှင်းများအောက်တွင် နစ်မြုပ်လျက်ရှိသည်။

မုန်တိုင်းမှာ လေဖိအားလျင်မြန်စွာ ကျဆင်းမှုကြောင့်ဖြစ်ရပြီး အချို့မိုးလေဝသခန့်မှန်းသူတို့က ဗုံးဆိုင်ကလုန်း (Bomb Cyclone) ဟု တင်စားခေါ်ဝေါ်ကြသည်။ **ဉာဏ်တင်**

# မြင်းခြံခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၃/၂၀၁၇ ကျင်းပ

မြင်းခြံခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ၃/၂၀၁၇ ကို မြင်းခြံခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ဒီဇင်ဘာလ ၂၀ ရက်က ကျင်းပခဲ့ရာ အဆိုပါအစည်းအဝေးသို့ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဆီစက်လုပ်ငန်းရှင်များနှင့် မြင်းခြံခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် မြင်းခြံခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်းဦးက အဖွင့်အမှာစကားပြောကြားရာတွင် ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၂/၂၀၁၇ အစည်းအဝေး ဆုံးဖြတ်ချက်အရလုပ်ငန်းရှင်တစ်ဦး၏ ဆီစက်ကို ကွင်းဆင်းစစ်ဆေးရာတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနသို့ နမူနာပေးပို့စစ်ဆေး၍ ဓာတ်ခွဲခန်းအဖြေ မရသေးမီ ဈေးကွက်အတွင်းမြေပဲဆီများ ဖြန့်ဖြူးရောင်းချခြင်းကို ရပ်ဆိုင်းပိတ်ပင်ထားခဲ့ပါကြောင်း၊ ယခုအခါ အဆိုပါ မြေပဲဆီများအား FDA ၏ဓာတ်ခွဲ စမ်းသပ်မှုအဖြေအရစားသုံးရန်မသင့်ကြောင်း၊ စစ်ဆေးတွေ့ရှိရသဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ အတွင်းရေးမှူး ဒေါ်မျိုးသီတာက ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၂/၂၀၁၇ အစည်းအဝေး ၂/၂၀၁၇ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆီစက်လုပ်ငန်းရှင်၏ ဆီစက်အား အဖွဲ့ဝင်များနှင့် သွားရောက်၍ ထုတ်လုပ်မှုလုပ်ငန်းစဉ်များအား ကွင်းဆင်းစစ်ဆေးမှုအခြေအနေနှင့် စားသုံးရန်မသင့်ဟု ဆုံးဖြတ်ထားသည့်ဆီများအား ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ သုံးသပ်တင်ပြချက်များနှင့် လုပ်ငန်းရှင်အပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းဆွေးနွေး တင်ပြခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက အဆိုပါ ဆီစက်ကိစ္စနှင့် စပ်လျဉ်း၍ ဝိုင်းဝန်း ဆွေးနွေးအကြံပြုခဲ့ကြကြောင်း သတင်းရရှိပါသည်။

**မျိုးသီတာ (မြင်းခြံ)**

# ပခုက္ကူခရိုင်၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁/၂၀၁၈) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ပခုက္ကူခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏(၁/၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၃ ရက်တွင် ပခုက္ကူခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များနှင့်အတူ စားသုံးသူရေးရာ ဦးစီးဌာနမှဝန်ထမ်းများ အပါအဝင် စုစုပေါင်း ၁၆ ဦး တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ပခုက္ကူခရိုင်၊ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ (ကိုယ်စား) ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ခရိုင်ဦးစီးမှူး ဦးသန်းဦးက ကျန်းမာရေးဝန်ကြီးဌာနမှ တရားဝင်ပိတ်ပင်ထားသော ခွင့်မပြုဆိုးဆေးပါဝင်သည့် အစားအသောက် ဗီနိုင်းကိုပြသ၍ ရှင်းလင်းခဲ့ပြီး ဇန်နဝါရီ ၂ ရက်က မြစ်ခြေမြို့၊ မြို့မဈေးတွင်ပူးပေါင်းအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးခဲ့ရာ တန်ဖိုးကျပ် ၂၈၅၀၀ ရှိ သက်တမ်းလွန်စားသောက်ကုန်များအား သိမ်းဆည်းခဲ့ပါသည်။ သိမ်းဆည်းထားသော စားသုံးရန်မသင့် စားသောက်ကုန်ပစ္စည်းများကို ပခုက္ကူမြို့၏ မြင်သာထင်သာရှိသော နေရာများတွင် ဌာနဆိုင်ရာများနှင့် ကုန်စုံဆိုင်ပိုင်ရှင်များကို ဖိတ်ကြား၍ မီးရှို့ဖျက်ဆီးစေလိုကြောင်းနှင့် သို့မှသာ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လက်တွေ့ကျကျ မြင်တွေ့ရမှာဖြစ်ပြီး သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာမှာဖြစ်ကြောင်း၊ ခရိုင်အတွင်းရှိ မြို့နယ်တိုင်းတွင် လုပ်ငန်းရှင်များကို လည်းတွေ့ဆုံ ဆွေးနွေးပွဲပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် ASEAN FREE TRADE ZONE လာတော့မည်ဖြစ်၍ မိမိတို့နိုင်ငံမှ ထုတ်ကုန်များ၏ အရည်အသွေးကို ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် လုပ် ငန်းရှင်များအနေဖြင့် စည်းကမ်းလိုက်နာရန်လိုအပ်ကြောင်း၊ မိမိတို့ဌာနတွင် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) ကိုဖွင့်လှစ်ထားသည်မှာ တစ်နှစ်ပြည့်ပြီးဖြစ်သော်လည်း တိုင်ကြားမှုမရှိသေးကြောင်း တင်ပြဆွေးနွေးခဲ့ပါသည်။

တက်ရောက်လာသော ဌာနဆိုင်ရာများမှ ယခုလိုမြို့မဈေးများ၊ လက်လီလက်ကားကုန်စုံဆိုင်များကို ကွင်းဆင်းစစ်ဆေးပြီး သိမ်းဆည်းခဲ့သည်မှာ အန္တရာယ်များသောကြောင့် လုံခြုံရေးအနေဖြင့် ရဲတပ်ဖွဲ့ဝင်များ လိုက်ပါစေလိုကြောင်း၊ စည်းကမ်းမလိုက်နာသော ကုန်စုံဆိုင်များကို စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ ပြစ်ဒဏ်ချမှတ်ပြီး ပထမအကြိမ် ငွေဒဏ်ရိုက်စေလိုကြောင်း၊ မြို့မဈေးများကို လည်း မကြာခဏ စစ်ဆေးလိုကြောင်းစသည်ဖြင့် ကဏ္ဍအသီးသီးအလိုက် အကြံပြုဆွေးနွေး တင်ပြခဲ့ကြောင်း သတင်းရရှိပါသည်။

**သူဇာကျော်(ပခုက္ကူ)**

# ဖျာပုံမြို့နယ် ရဲတပ်ဖွဲ့ဝင်မိသားစုများအား စားသုံးသူအသိပညာပေး ဟောပြောပွဲကျင်းပ

ဖျာပုံမြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးစိုးမင်းထိုက်နှင့် ဝန်ထမ်းများသည် ၂၀၁၇ ခုနှစ်ဒီဇင်ဘာ ၂၇ ရက်က မြို့နယ်ရဲတပ်ဖွဲ့ဝင်းရှိ ဓမ္မာရုံတွင် ရဲတပ်ဖွဲ့ဝင်မိသားစုများအားစားသုံးသူ အကာအကာကွယ်ပေးရေးအသိပညာပေး ဟောပြော ဆွေးနွေးပွဲကျင်းပခဲ့ကြောင်း သိရပါသည်။

အဆိုပါ အခမ်းအနားတွင် စခန်းမှူးဦးဝင်းနိုင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်တာဝန်ခံမှ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါ စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တားမြစ်ချက်များ၊ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (CICC)၏ဆောင်ရွက်မှုအခြေအနေများ၊ စားသုံးသူအကာအကွယ်ပေးရေး အသင်း၊ ရပ်ကွက်၊ ဈေးနှင့် ကျောင်း စားသုံးသူရေးရာအဖွဲ့များ ဖွဲ့စည်းထားရှိမှုနှင့် ထိုအဖွဲ့များတွင် လူထုပါဝင်နိုင်ရေးတို့ကို အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပါသည်။ ဒုတိယမြို့နယ်တာဝန်ခံကFDA မှ တားမြစ်ထားသော ဆေးဝါးများ၊ စားသောက်ကုန်စည်များ၊ ရေသန့်၊ အလှကုန်ပစ္စည်းများအား သုံးစွဲရာတွင် သက်တမ်း ကုန်ဆုံးရက်၊ ထုတ်လုပ်သည့်ရက်စွဲ၊ နေရပ်လိပ်စာများပါရှိမှသာ သုံးစွဲကြရန်နှင့် စားသုံးသူများဘက်မှလည်း ကုန်စည်နှင့် ဝန်ဆောင်မှုအပေါ် ကျေနပ်မှုမရှိပါက သတင်းအချက်အလက်ပြည့်စုံစွာ မေးမြန်းရယူပြီး အထောက်အထား ခိုင်လုံစွာဖြင့် တိုင်ကြားကြရန် ဟောပြောဆွေးနွေးခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်ရဲတပ်ဖွဲ့ဝင်မိသားစု ၃၅ ဦး တက်ရောက်ခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မင်းဇော်မွန် (ဖျာပုံ)**

# ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာနတွင် (၂၃) ကြိမ်မြောက် တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အစည်းအဝေးကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ(၂)တွင် (၂၃) ကြိမ်မြောက် တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အစည်းအဝေးကို ဇန်နဝါရီလ ၃ ရက်က ကျင်းပရာ တိုင်းစားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌဦးကြည်အောင်၊ အတွင်းရေးမှူး တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်နှင့် လက်ထောက်ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအပါအဝင် ဆက်စပ်တိုင်းအဆင့်ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်ကိုယ်စားလှယ်များ၊ ဥပဒေပညာရှင်နှင့် ကျွမ်းကျင် ပညာရှင်များ၊ ဖိတ်ကြားထားသော တိုင်းအဆင့်ဌာန ဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ စုစုပေါင်း ၃၅ ဦးခန့် တက်ရောက်ခဲ့ပါသည်။

တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဦးကြည်အောင်က ဧရာဝတီတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ တာဝန်ရှိသူများ၊ စားသုံးသူရေးရာအဖွဲ့ဝင်များအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်မှားကိုင်မှားမရှိဘဲ ဘောင်အတွင်းက ဆောင်ရွက်နိုင်ရန် ကြော်ငြာချက်များ၊ သတင်းလွှာများ ထုတ်ပြန်ပေးထားပြီးဖြစ်ကြောင်း၊ စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရာတွင် စီးပွားရေးလုပ်ငန်းရှင်များနဲ့ ထိပ်တိုက်ရင်ဆိုင်ရတာမျိုးဖြစ်လာရင် မိမိတို့ဘက်က ခိုင်မာတဲ့ အထောက်အထားတွေ၊ ကြော်ငြာချက်တွေ၊ တရားဝင် ပြဋ္ဌာန်းထားသော ဥပဒေလုပ်ထုံးလုပ်နည်း၊ နည်းဥပဒေတွေရှိရမှာဖြစ်ကြောင်း၊ စားသုံးသူရေးရာကိစ္စရပ်ဟာ အင်မတန်ကျယ်ပြန့်ပြီး ရေရှည်ဆောင်ရွက်ရမှာဖြစ်သည့်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ကာ ဒီတာဝန်ကြီးကို အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်နိုင်ဖို့ အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမှာဖြစ် ကြောင်း ဆွေးနွေးပြောကြားပါသည်။

စားသုံးသူရေးရာ ဦးစီးဌာန အတွင်းရေးမှူး တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်က (၂၂) ကြိမ်မြောက် ဧရာဝတီတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီသို့ တင်ပြရန် ဆောင်ရွက်ထားရှိမှုအား တိုင်းအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့မှ အတည်ပြုပေးရန်နှင့် ဆောင်ရွက်ရန်ကိစ္စရပ်များ၊ အထက်ဌာန၏လမ်းညွှန်ချက်များ၊ ရှေ့ဆက်ဆောင်ရွက်ရမည့် အစီအစဉ်များအား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**မင်းမင်းဦး(ပုသိမ်)**

## ဒီးမော့ဆိုမြို့ မြို့မဈေး၌ ဘေးအန္တရာယ်ကင်းသော စားသောက်ကုန်များရောင်းချစေရေး ကွင်းဆင်းစစ်ဆေး

ကယားပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူးဒေါ်မြို့ရီနှင့် မိတ်ဖက်အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများပူးပေါင်း၍ ဒီဇင်ဘာလ ၂၀ ရက်တွင် ဒီးမော့ဆိုမြို့မြို့မဈေး၌ တားမြစ်ထားသည့် စားသောက် ကုန်များ၊ သက်တမ်းလွန်စားသောက်ကုန်များ၊ ကုန်ပစ္စည်းထုပ်ပိုးမှု အညွှန်းများပြည့်စုံမှုမရှိသောကုန်ပစ္စည်းများ ရောင်းချခြင်းရှိ/မရှိ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ပါတယ်။ ထိုသို့ကွင်းဆင်းစစ်ဆေးရာ ဈေးအတွင်းကုန်စုံဆိုင်လေးဆိုင်၌ တားမြစ်ထားသော စားသောက်ကုန်သုံးမျိုးနှင့် သက်တမ်းလွန်စားသောက်ကုန်သုံးမျိုးကို စစ်ဆေးတွေ့ရှိရာ ဒီးမော့ဆိုအစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီမှ သိမ်းဆည်းခဲ့ပြီး ဆိုင်ရှင်များအား အသိပညာပေးဆွေးနွေးခဲ့ပြီး စားသုံးသူ ကာကွယ်ရေးပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါတယ်။

**မြို့ရီ (စားသုံးသူ၊ ကယား)**

# အမြင့်ဈေးနှင့် နှမ်းဈေးကွက်

♦ မျိုးသီတာ (မြင်းခြံ) ♦

လူတို့အသက်ရှင်နေထိုင်ရေးမှာ အဓိကလိုအပ်ချက်ဖြစ်တဲ့ စား၊ ဝတ်၊ နေရေးအနက် အစားအစာသည် အရေးကြီးဆုံးကဏ္ဍ ဖြစ်ပါတယ်။ မြန်မာလူမျိုးတို့ရဲ့ နေထိုင်စားသောက်မှုပုံစံကို ကြည့်မယ်ဆိုရင် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန် အစရှိတဲ့ စားဖိုဆောင်သီးနှံတွေထဲမှာ စားသုံးဆီဟာ အရေးပါတဲ့ကဏ္ဍတစ်ရပ် ဖြစ်တယ်ဆိုတာ ငြင်းဆိုဖွယ်ရာမရှိပါ။

မြန်မာလူမျိုးတွေဟာ ဆီကို အလွန်အမင်း ကြိုက်နှစ်သက်ကြတဲ့အတွက် ကြော်လှော် ချက်ပြုတ်ရာတွင်လည်းကောင်း၊ အသုပ်သုပ်ရာတွင်လည်းကောင်း ဆီကိုမပါမဖြစ် ထည့်သွင်းသုံးစွဲလေ့ရှိကြပါတယ်။ မြန်မာနိုင်ငံမှာ လူတစ်ဦးဟာ တစ်နှစ်ကိုပျမ်းမျှဆီသုံးစွဲမှုဟာ ၄ ဒသမ ၅ ပိဿာခန့်စားသုံးလေ့တယ်လို့ဆိုပါတယ်။ ဆီထွက် သီးနှံများဖြစ်တဲ့ မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း၊ မုံညင်း၊ ဆီအုန်း၊ ပဲပုပ်စသည်ဖြင့် အမျိုးမျိုး စိုက်ပျိုးကြသော်လည်း မြေပဲ၊ နှမ်း၊နေကြာသီးနှံတွေကိုသာ အများဆုံးစိုက်ပျိုးကြပါတယ်။ မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံများအား အများအပြား စိုက်ပျိုးလျက်ရှိသော်လည်း သုံးစွဲမှုမြင့်မားတာကြောင့် ပြည်တွင်းစားသုံးမှုကို လုံလောက်အောင် ဖြည့်ဆည်းမပေးနိုင်တဲ့အတွက် ပြည်ပမှတစ်နှစ်လျှင် စားအုန်းဆီတန်ချိန်ငါးသိန်းမှ ခြောက်သိန်းနီးပါး တင်သွင်းနေရပါတယ်။

နှမ်း (sesame seeds) ဟာ အပူပိုင်းဒေသသီးနှံဖြစ်ပြီး ဆီထွက်သီးနှံအုပ်စုဝင် သီးနှံတစ်မျိုးလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံ၏ ဆီထွက်သီးနှံများတွင် အများဆုံးစိုက်ပျိုးသည့် သီးနှံမှာလည်း နှမ်းဖြစ်ပြီး မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးတို့ဟာ နှမ်းအများဆုံး စိုက်ပျိုးထွက်ရှိရာ ဒေသများလည်း ဖြစ်ပါတယ်။

ကမ္ဘာမှာ အဓိကထုတ်လုပ်စားသုံးနေကြတဲ့ စားသုံးဆီတွေကတော့ မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ စားအုန်းဆီ၊ ပဲပုပ်ဆီ၊ မုံညင်းဆီ၊ ဝါစေ့ဆီ၊ ပြောင်းစေ့ဆီ၊ သံလွင်ဆီနှင့် ဟင်းသီးဟင်းရွက်ဆီတို့ဖြစ်ပြီး မြန်မာနိုင်ငံမှာတော့ မြေပဲဆီ၊ နှမ်းဆီ၊ စားအုန်းဆီတို့ကို အများအားဖြင့် စားသုံးလေ့ရှိကြပြီး နေကြာဆီ၊ ဟင်းသီးဟင်းရွက်ဆီတို့ကိုတော့ အနည်းငယ်သာစားသုံးကြပါတယ်။

မြန်မာနိုင်ငံ၏ ဆီထွက်သီးနှံစိုက်ပျိုးထွက်ရှိမှု စုစုပေါင်းရဲ့ ၅၁ ဒသမ ၃ ရာခိုင်နှုန်းသည် နှမ်းဖြစ်ပြီး၊ နှမ်း စိုက်ပျိုးမှုသည် အခြားဆီထွက်သီးနှံများဖြစ်တဲ့ မြေပဲ၊ နေကြာ၊ ပဲပုပ်စတဲ့သီးနှံများနှင့် နှိုင်းယှဉ်လျှင် စိုက်ပျိုးထုတ်လုပ်မှုစရိတ်သက်သာရုံမျှမက ကရိကထ မများတဲ့သီးနှံဖြစ်လို့ အရင်းနည်း၊ အမြတ်များတဲ့အတွက် တွက်ခြေကိုက်သီးနှံဖြစ်တာကြောင့် ဆီထွက်သီးနှံစိုက်တောင်သူတွေ နှစ်သက်တဲ့ သီးနှံတစ်မျိုးလည်း ဖြစ်ပါတယ်။

နှမ်းရဲ့အားနည်းချက်ကတော့ ရာသီဥတုအပေါ်မှာမှီခိုနေရတာဖြစ်ပြီး ရာသီဥတုကောင်းရင် ကောင်းသလို နှမ်းရရှိလို့ တောင်သူတွေက နှမ်းကို ပိုမိုစိုက်ပျိုးကြပါတယ်။ မြန်မာ့နှမ်းဟာ ကမ္ဘာမှာ မျက်နှာပန်းလှသလို ကမ္ဘာ့နှမ်းထုတ်လုပ်မှုရဲ့ တတိယနေရာမှာရှိပါတယ်။

နှမ်းဟာ ပရိုတင်းဓာတ်ကြွယ်ဝပြီး သံဓာတ်နဲ့ ဗီတာမင်အေဓာတ်လည်း ကြွယ်ဝပါတယ်။ အခြားအာဟာရဓာတ်တွေလည်း အများအပြား ပါဝင်တဲ့အတွက် နှမ်းကို တိုင်းရင်းဆေးဝါးများမှာလည်း အသုံးပြုကြပါတယ်။ ကမ္ဘာတွင်နှမ်းအများဆုံး ထုတ်လုပ်တဲ့နိုင်ငံတွေကတော့ အိန္ဒိယ၊ တရုတ်၊ နိုင်ဂျီးရီးယား နိုင်ငံတို့ဖြစ်ပြီး အများဆုံး တင်သွင်းတဲ့နိုင်ငံများကတော့ တရုတ်၊ ဂျပန်၊ ပြင်သစ်၊ ဩစတြေးလျ၊ ဘရာဇီးနှင့် အမေရိကန်နိုင်ငံတို့ ဖြစ်ကြပါတယ်။

ကမ္ဘာတွင် နှမ်းအများဆုံးတင်ပို့သော နိုင်ငံများမှာ တရုတ်၊ အိန္ဒိယ၊ အီသီယိုးပီးယားနဲ့ မြန်မာနိုင်ငံတို့ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှ နှမ်းတင်ပို့ရောင်းချသော နိုင်ငံများမှာ အိန္ဒိယ၊ တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်နှင့် စင်္ကာပူနိုင်ငံများသို့အများဆုံးတင်ပို့ပြီး မလေးရှား၊ ဗီယက်နမ်၊ ကိုရီးယား၊ နယ်သာလန်၊ ဒိန်းမတ်၊ တရုတ်(တိုင်ပေ) နဲ့ ဆွစ်ဇာလန်နိုင်ငံများကိုလည်း အနည်းငယ်တင်ပို့ရောင်းချခဲ့ပါတယ်။

နှမ်းကို မိုး၊ ဆောင်း၊ နွေဟူ၍ သုံးရာသီလုံး စိုက်ပျိုးနိုင်ပြီး နှမ်းစိုက်ချိန်အလိုက် မိုး(နှမ်း)ကို မေ၊ ဇွန်လများတွင် စိုက်၍ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများတွင်ရိတ်သိမ်းပြီး၊ ဆောင်း(နှမ်း)ကို စက်တင်ဘာလ၊ အောက်တိုဘာလများတွင် စိုက်ပျိုး၍ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီလများတွင် ရိတ်သိမ်းကြပါတယ်။ ရေသွင်းနှမ်း (မိုးကြိုရေသွင်းနှမ်း)၊ နွေ(နှမ်း)ကိုတော့ ဖေဖော်ဝါရီနှင့် မတ်လများတွင်စိုက်ပျိုး၍ မေလ၊ ဇွန်လများတွင် ရိတ်သိမ်းကြပါတယ်။

မြန်မာနှမ်းအမျိုးအစားများကတော့ နှမ်းဖြူအုပ်စု၊ နှမ်းနီညိုအုပ်စုနဲ့ နှမ်းနက်အုပ်စုဆိုပြီး နှမ်းစေ့အရောင်ကိုလိုက်၍ ခွဲခြားသလို နှမ်းကို သက်တမ်းအရ နှမ်းကြီးနဲ့ နှမ်းလျင်ဟူ၍ ခွဲခြားထားပါတယ်။

နှမ်းမျိုးတွေကိုအသုံးပြုရာမှာ နှမ်းဖြူအုပ်စုအနေနဲ့ကတော့ ရွှေတစ်ဆုပ်၊ စဝါဖြူ၊ ဘပန်၊ မကွေးဖြူ၊ ဆင်းရတနာ(၄)(၈)၊ ဆပ်ဖြူ၊ ကိုရီးယား၊ ဂျပန်နှမ်းဖြူတို့ကိုဖြစ်ပြီး နှမ်းနီ/ညို အုပ်စုအနေနဲ့ကတော့ နှမ်းနီ ၂၅/၁၆၀၊ ရသေ့ကျော်၊ မယ်သီလ၊ ခွေလဲနီ၊ စိန်ရှည်နီ၊ အုတ်ကြွပ်၊ မကွေး(၇/၉)၊ ကြယ်မရှောင်၊ ငွကျောနက်၊ စမုံနက်တို့ဖြစ်ပါတယ်။ နှမ်းနက်အုပ်စုမှာတော့ သိပ္ပံနှမ်းနက်၊ ဆင်းရတနာ (၃/၁၃)၊ YSS 00123 နဲ့ ဂျပန်နှမ်းနက် မျိုးတွေကို အသုံးပြုကြပါတယ်။ မိုးနှမ်းကို ပိုမိုစိုက် ပျိုးလေ့ရှိပြီး၊ တစ်ဧကပျမ်းမျှအထွက်နှုန်းအနေနဲ့ တစ်ဧကရှစ်တင်းခန့်ထွက်ရှိပါတယ်။ နှမ်းတစ်တင်းကို ဆီကြိတ်ပါက ဆီခြောက်ပိဿာခန့်ထွက်ရှိပြီး တစ်ဧက နှမ်းဆီပိဿာ ၅၀ ခန့်ရရှိမှာဖြစ်ပါတယ်။ နှမ်း (sesame seeds)သည် အပူပိုင်းဒေသသီးနှံဖြစ်ပြီး မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးများတွင် အများဆုံး စိုက်ပျိုးတဲ့ ဆီထွက်သီးနှံတစ်မျိုး ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးမှာ ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် လျာထားနှမ်းစိုက်ဧက ၁၇ သိန်းကျော်ရှိသည့်အနက် မြင်းခြံခရိုင်မှာ မိုးနှမ်း ၂၇၇၆၄၉ ဧက၊ ဆောင်းနှမ်း ၃၅၈၅၁ ဧက စိုက်ပျိုး ရန်လျာထားပြီး ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလအထိ မိုးနှမ်း ၂၉၉၁၅၅ ဧက ရိတ် သိမ်းပြီး ၁၂၉၆၀၀၀ တင်းထွက်ရှိကြောင်း သိရှိရပါတယ်။ ဆောင်းနှမ်းကတော့ ဧက ၂၇၇၀၀ နီးပါး စိုက်ပျိုးခဲ့ပြီး ရိတ်သိမ်းခြင်း မပြုလုပ်ရသေးကြောင်း သိရှိရပါတယ်။

၂၀၁၆ ခုနှစ်က နှမ်းစိုက်တောင်သူတွေဟာ အရှုံးနဲ့ ရင်ဆိုင်ခဲ့ရပြီး နှမ်းတစ်ပိဿာလျှင် ပျမ်းမျှ ကျပ် ၁၃၀၀ ကျော်နဲ့ နှမ်းတစ်တင်းလျှင် ကျပ် ၂၀၀၀၀ နီးပါး ဈေးရလို့ တွက်ခြေမကိုက် ဖြစ်ကြပါတယ်။ ဒီနှစ်မှာတော့ နှမ်းဈေးကောင်းတဲ့အတွက် နွားထိုးကြီးမြို့နယ်၊ ကျွန်းထောင့်ကျေးရွာမှ နှမ်းစိုက်တောင်သူနဲ့ တွေ့ဆုံမေးမြန်းတဲ့အခါ လက်ရှိနှမ်းဈေးကွက်မှာ နှမ်းညိုသုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၁၀၃၀၀၀ ရှိပြီး ရွာမှ ကားတွေနဲ့ မန္တလေးကုန်စည်ဒိုင်ကို တိုက်ရိုက်ရောင်းပါတယ်။ ဒီနှစ်နှမ်းဈေးကောင်းလို့ ဈေးကွက်အခြေအနေ ကောင်းတယ်လို့ဆိုပါတယ်။ ပေါ်ကာစတော့ ကျပ် ၉၀၀၀၀ လောက် ဈေးရှိပါတယ်။ နှမ်းဈေးကောင်းလို့ အရောင်းအဝယ်လည်းကောင်းပါတယ်။ ကျွန်တော်တို့ရွာက မိုးဦးမှာ နှမ်းကို အဓိကစိုက်ပျိုးတဲ့ဒေသဖြစ်ပြီး ၇၅ ရက် သက်တမ်းဖြစ်တဲ့ နှမ်းလျှင် ကံရှိမျိုး (နှမ်းညို)ကိုပဲ စိုက်ပါတယ်။ မိုးကောင်းရေသောက်ဖြစ်လို့ ပထမမိုးကိုမှီမှ နှမ်းထွက်ကောင်းပြီး၊ တစ်ရက်နှစ်ရက်နောက်ကျရင်ကို နှမ်းထွက်မကောင်းပါဘူး။ ကျွန်တော်က နှမ်းကို မြေဆီ၊မြေဩဇာ၊ နွားချေးများထည့်ပြီး စနစ်တကျ စိုက်ပျိုးတဲ့အတွက် တစ်ဧကကိုးတင်းလောက် ထွက်ပါတယ်၊ နှမ်းကောင်းတဲ့အတွက် နှမ်းတစ်တင်းကို ဆီခြောက်ပိဿာခွဲ (သို့မဟုတ်) ခြောက်ပိဿာနဲ့ ခုနစ်ဆယ့်ငါးကျပ်သားခန့် ထွက်ရှိပါတယ်၊ နှမ်းတစ်ဧကကုန်ကျစရိတ်အနေနဲ့ ကျပ် ၁၂၀၀၀၀ လောက်ကုန်ပေမယ့် ၂၀၁၇ ခုနှစ်မှာ နှမ်းဈေးလည်းကောင်း၊ အထွက်လည်းကောင်းလို့ တစ်ဧကကို ကျပ် ၁၅၀၀၀၀ လောက်အကျိုးအမြတ် ရရှိပါတယ်၊ အလုပ်သမားရှားပါးမှုတော့ရှိပေမယ့် နေ့တွက်စရိတ်ငြိမ်း မိန်းကလေးတစ်ဦးလျှင် ကျပ် ၃၀၀၀ နှင့် ယောကျ်ားလေးတစ်ဦးလျှင် ကျပ် ၅၀၀၀ ပေးရပါတယ်။ မိုးဦးမှာတော့ နှမ်းစိုက်ပြီး နောက်ပိုင်းမှာတော့ မြေပဲ၊ ထောပတ်ပဲတွေ စိုက်ပါတယ်။ ဒီနှစ်မှာမြေပဲလုံးဆန်အနေနဲ့ ဈေးကောင်းပေမယ့် ရာသီဥတုဖောက်ပြန်တဲ့အတွက် အထွက်နှုန်းလည်း မကောင်း၊ အရည်အသွေးလည်း မမီလို့ ဈေးကောင်းမရခဲ့တာကြောင့် မြေပဲစိုက်တောင်သူတွေ အရှုံးပေါ်ခဲ့ရတယ်လို့လည်း ဆိုပါတယ်။

မြင်းခြံခရိုင်အနေနဲ့ နှမ်းညိုတစ်ပိဿာလျှင် ကျပ် ၂၃၀၀၊ နှမ်းဖြူတစ်ပိဿာလျှင် ကျပ် ၂၄၀၀၊ နှမ်းဖတ်တစ်ပိဿာလျှင် ကျပ် ၈၅၀၊ နှမ်းဆီတစ်ပိဿာလျှင် ကျပ် ၃၇၀၀ မှ ကျပ် ၄၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်နေပြီး တရုတ်ဘက်မှ ခရစ်စမတ်နဲ့ နှစ်သစ်ကူးကြောင့် အရောင်းအဝယ် အနည်းငယ်အေးတယ်လို့ သိရပါတယ်။ နှမ်း ဈေးကွက်ကို သုံးနှစ်တာကာလအတွင်း ဒီဇင်ဘာလအထိ ကာလတူနှိုင်းယှဉ်ကြည့်မယ်ဆိုရင် ၂၀၁၅ ခုနှစ်မှာ နှမ်းညိုတစ်ပိဿာ ၁၈၈၉ ကျပ်၊ နှမ်းဖြူတစ်ပိဿာ ၂၈၈၉၊ ၂၀၁၆ ခုနှစ်မှာ နှမ်းညိုတစ်ပိဿာ ၁၈၂၂ ကျပ်၊ နှမ်းဖြူတစ်ပိဿာ ၂၁၇၈ကျပ် ဖြစ်လို့ ဈေးအနည်းငယ် ကျဆင်းနေတာတွေ့ရပြီး၊ ၂၀၁၇ ခုနှစ်မှာတော့ နှမ်းညိုတစ်ပိဿာ ကျပ် ၂၃၀၀၊ နှမ်းဖြူတစ်ပိဿာ ကျပ် ၂၄၀၀ ဈေးဖြစ်လို့ အမြင့်ဘက်ကို တက်နေတဲ့အတွက် နှမ်းဈေးကွက်အလားအလာကောင်းတာကြောင့် နှမ်းစိုက်တောင်သူတွေ အကျိုးအမြတ်များတဲ့နှစ်ဖြစ်ပါကြောင်း လေ့လာတင်ပြလိုက်ရပါတယ်။

❑

## မြောင်းမြမြို့နယ် ကွယ်လွယ်ရပ်ကွက် အ.ထ.က (၇)စာသင်ကျောင်းတွင် စားသုံးသူ အသိပညာပေး သင်တန်းဖွင့်လှစ်

ဧရာဝတီတိုင်း ဒေသကြီး၊ မြောင်းမြမြို့နယ်၊ ကွယ်လွယ်ရပ်ကွက် အ. ထ. က (၇) စာသင်ကျောင်း၌ ဒီဇင်ဘာ ၂၉ ရက်က ကျောင်းမုန့်ဈေးတန်းစားသုံးသူရေးရာ အဖွဲ့ဝင်များ၊ ရပ်ကွက်စားသုံးသူရေးရာ အဖွဲ့ဝင်များအား စားသုံးသူအသိပညာပေး သင်တန်းဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာန၊ မြောင်းမြခရိုင် ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးတိုးလွင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း သိကောင်းစရာများ၊ ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ဆောင်ရွက်မှုများ၊ စားသုံးသူအကာ အကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး၊ စာသင်ကျောင်း၊ ရပ်ကွက်၊ ဈေးစားသုံးသူရေးရာအဖွဲ့များကွန်ရက်သဖွယ် ဖွဲ့စည်းဆောင်ရွက်နေမှု၊ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားစာ လက်ခံဆောင်ရွက်ရေးစင်တာ ဖွင့် လှစ်ဆောင်ရွက်နေမှု၊ ဈေးကွက် ထောက်လှမ်းခြင်း ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးပို့ချခဲ့ပါသည်။



ဆက်လက်၍ ဒုတိယခရိုင်ဦးစီးမှူး ဦးဇော်မင်းက ဌာန၏လက်ရှိဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဌာနခွဲမှူး ဦးလှထွဋ်ဦးက အစားအသောက်များကို ဘေးအန္တရာယ်ကင်းရှင်းစွာ ရွေးချယ် စားသောက်တတ်စေရန်နှင့် ကျန်းမာရေးထိခိုက်စေမည့် အစားအသောက်များ၊ ကုန်စည်များအကြောင်း သိကောင်းစရာများ၊ စားသုံးသူနစ်နာဆုံးရှုံးရသည့်ဝန်ဆောင်မှုများအကြောင်းကို ပညာပေးကာတွန်းများဖြင့် ရှင်းလင်းဆွေးနွေးပို့ချခဲ့ပါသည်။ ထို့နောက် တက်ရောက်လာသူများ၏ ဆွေးနွေးမေးမြန်းချက်များကို ခရိုင်ဦးစီးမှူး ဦးတိုးလွင်က ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ အဆိုပါ သင်တန်းသို့ ကျောင်းမုန့်ဈေးတန်း စားသုံးသူရေးရာအဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ ရပ်ကွက်စားသုံးသူရေးရာအဖွဲ့ဝင်များ စုစုပေါင်း ၇၁ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

တိုးလွင် (မြောင်းမြ)

# ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများနှင့် ကျန်းမာရေးဆိုင်ရာ ဆေးဝါးများ



| မောင်ရင်မောင် |

**ယခင်တစ်ပတ်မှအဆက်**

အကြောင်းပြချက်ကတော့ ဆေးဝါးထုတ်ကုန်တွေကရတဲ့ အခွန်အခက နည်းပါးပြီး ပြည်တွင်းဆေးဝါး ထုတ်လုပ်တဲ့သူတွေ ပြည်ပကမှာယူ တင်သွင်းရတဲ့ အခြေခံပစ္စည်းတွေအပေါ် အခွန်အခ ကောက်ရင် ပြည်တွင်းထုတ် ဆေးဝါးထုတ်ကုန်တွေ ဆေးနှုန်းကြီးမြင့်မယ်လို့ ဆိုပါတယ်။ ဒါ့အပြင် အခွန်အခမရှိတဲ့ ဆေးဝါးတွေကို လွယ်ကူစွာ ဝယ်ယူသုံးစွဲခွင့်ရပြီး ပြည်သူအများစု ကျန်းမာသန်စွမ်းနေရင် ထုတ်လုပ်မှုစွမ်းအား တိုးမြင့်လာမှာဖြစ်လို့ အခွန်အခကို မမျှော်သင့်ဘူးလို့လည်း ပြောကြပါတယ်။

ဘယ်လိုပဲ အခွန်အခတွေကို လျှော့ချသည်ဖြစ်စေ ဆေးဝါးတွေနဲ့ပတ်သက်ရင် ဈေးနှုန်းကို လွှမ်းမိုးနေတဲ့ အခြေခံအကြောင်းတရားတွေ ရှိပါတယ်။ ဒါတွေကတော့ (၁) အမျိုးသားဈေးနှုန်းဆိုင်ရာ မူဝါဒများ (၂) ဈေးကွက် အရွယ်အစား (၃) ဈေးကွက်ယှဉ်ပြိုင်မှု အနေအထား (၄) ဆိပ်ကမ်းရောက် ကုန်ကျစရိတ်များ (၅) သဘော်မတင်မီ ကြိုတင်စစ်ဆေး ဆောင်ရွက်ရန် လိုအပ်ချက်များ (၆) ဆေးဝါးကြီးကြပ်မှုအဖွဲ့သို့ ပေးသွင်းငွေ (၇) ဒေသဆိုင်ရာ ဆေးဝါး မှတ်ပုံတင်ခြင်း (၈) ဆေးဝါးတင်သွင်းသူအတွက် အမြတ်အစွန်း (၉) လက်ကားနှင့် လက်လီရောင်းသူတို့ကတင်သော အမြတ်အစွန်း (၁၀) အခွန်အခမဟုတ်သော အတားအဆီးများ ဖြစ်ပါတယ်။

**အခွန်အခများ၏ အကျိုးသက်ရောက်မှု**

လေ့လာတွေ့ရှိချက်များအရ အခွန်အခနှုန်းထားများကနေ မရှိမဖြစ်လိုအပ်တဲ့ ဆေးဝါးထုတ်ကုန်များနဲ့ နိုင်ငံဝင်ငွေအပေါ် အကျိုးသက်ရောက်မှုများကို အောက်ပါအတိုင်း တွေ့ရှိရပါတယ် -

(၁) အပြီးသတ်ထုတ်လုပ်ပြီး ဆေးဝါးဆိုင်ရာ ထုတ်ကုန်တွေအပေါ် ကမ္ဘာ့နိုင်ငံအားလုံးအနက် ၃၉ ရာခိုင်နှုန်းက အခွန်အခ ကောက်ခံခြင်း လုံးဝပြုလုပ်ခြင်း မရှိပါ။ ကျန်ကမ္ဘာ့နိုင်ငံများအနက် ၇၆ ရာခိုင်နှုန်းက အခွန်အခကို ၁၀ ရာခိုင်နှုန်း အထက် လျှော့နည်းကောက်ခံကြပြီး ပျမ်းမျှကောက်ခံနှုန်းဟာ ငါးရာခိုင်နှုန်းခန့် ရှိပါတယ်။

(၂) ကမ္ဘာ့နိုင်ငံများအနေနဲ့ အခွန်အားလုံးရဲ့ သုံးချိုး တစ်ချိုးဟာ သွင်းကုန်ပစ္စည်းများမှ ကောက်ခံရရှိပြီး ဆေးဝါးထုတ်ကုန်တွေအပေါ်မှာ ကောက်ခံရရှိတဲ့ အခွန်အခဟာ ၉၂ ရာခိုင်နှုန်းသော ကမ္ဘာ့နိုင်ငံများမှ ထုတ်လုပ်တဲ့ GDP ရဲ့ သုည ဒသမ ၁ ရာခိုင်နှုန်းသာ ရှိပါတယ်။

(၃) ဈေးနှုန်းအပေါ် လွှမ်းမိုးသော အခြားအကြောင်းအချက်များကို ထည့်သွင်းစဉ်းစားမယ်ဆိုရင် ကုန်ပစ္စည်းတွေ လွယ်ကူစွာ ဝယ်ယူသုံးစွဲနိုင်ဖို့ အခွန်အခတွေရဲ့ အတားအဆီးဖြစ်မှုဟာ တော်ရုံသင့်ရုံရှိပြီး အကျယ်မချဲ့သင့်တဲ့အပြင် ပြဿနာရပ်တိုင်းကို သေချာစွာ စိစစ်ထိန်းချုပ်မယ်ဆိုရင် ဆေးဝါးတွေ လွယ်ကူစွာ လက်လှမ်းမီ ဝယ်ယူသုံးစွဲနိုင်ဖို့ တားဆီးနေတဲ့ ဆန့်ကျင်ဘက် အကျိုးသက်ရောက်မှုများကို ဖယ်ရှားနိုင်မှာ ဖြစ်ပါတယ်။

(၄) အခွန်အခဆိုသည်မှာ Regressive Tax ဖြစ်ပြီး ဝင်ငွေများသူက အချိုးကျအနည်းဆုံး ဆောင်ရပြီး ဝင်ငွေနည်းသူ ပြည်သူအများစုက များစွာဆောင်ရခြင်းဖြစ်၍ ဆေးဝါးအပေါ် ကောက်ခံသည့် အခွန်အခမှာဆင်းရဲနွမ်းပါးသူများအပေါ် ပို၍ကျရောက်တယ်လို့ ဝေဖန်ကြပါတယ်။

(၅) အချို့ဖွံ့ဖြိုးဆဲ နိုင်ငံများအနေနဲ့ အခွန်အခနှုန်းထားတွေကို အမြင့်ဆုံးမြင့်တင် ကောက်ခံကြရာမှာ မရှိမဖြစ်လိုအပ်တဲ့ ဆေးဝါးတွေ ဝယ်ယူသုံးစွဲနိုင်စွမ်း လွန်စွာကျဆင်းသည်အထိ ကောက်ခံကြပါတယ်။

(၆) WTO ရဲ့ ပြဋ္ဌာန်းချက်အရ သတ်မှတ်တဲ့ အခွန်အခနှုန်းတွေအပေါ် ပြန်လည်တွက်ချက်စိစစ်ဖို့ ပြည့်စုံမှန်ကန်တဲ့ ကမ္ဘာလုံးဆိုင်ရာ သတင်းအချက်အလက်တွေ မရရှိဘူးလို့ ဆိုကြပါတယ်။ ကုန်သွယ်မှုဆိုင်ရာ သဘောတူညီမှုစာချုပ် ၃၀၀ ကျော် ချုပ်ဆိုထားကြပြီး နိုင်ငံပေါင်း ၁၃၀ ကျော်က အခွန်အခ အစီအစဉ်ရေးဆွဲ ဆောင်ရွက်နေကြတယ်လို့ ဆိုပါတယ်။

**အခွန်မဟုတ်သော အတားအဆီးများ**

တစ်ဘက်က အခွန်အခတွေကို လျှော့ချဖို့ ကြိုးပမ်းဆောင်ရွက်တာနဲ့ တစ်ပြိုင်နက် တစ်ဘက်က အခွန်အခမဟုတ်သော အတားအဆီးများက တစ်ပါတည်းလိုက်ပါ တိုးပွားလာတာလည်း တွေ့ရပါတယ်။ တကယ်တော့ ပြည်သူ့ကျန်းမာရေးကို ကာကွယ်စောင့် ရှောက်ဖို့ဆိုရင် ကုန်သွယ်မှုကန့်သတ်တားဆီးမှုတွေ ထိန်းချုပ်မှုတွေကို သာစေနာစေ သဘောမထားမခွဲခြားဘဲလုပ်ဖို့တော့ လိုပါတယ်။ WTO ရဲ့ စာတမ်းတွေမှာတော့ ဘယ်လိုကုန်သွယ်မှု လုပ်ငန်းတွေကို ကန့်သတ်ကာကွယ် ထိန်းချုပ်သင့်တယ်ဆိုတာ ဖော်ပြထားတာလည်း ရှိပါတယ်။ ဥပမာအားဖြင့် နယ်စပ်ဒေသတွေမှာ တရားမဝင် ဆေးဝါးတုတွေ၊ ကုန်ပစ္စည်းတွေ သွင်းလာခြင်းကိစ္စ ဖြစ်ပါတယ်။ ဒါပေမဲ့ အခွန်အခမဟုတ်တဲ့ အတားအဆီးတွေ လုပ်ရာမှာ တစ်ခါတစ်ရံ အခွန်အခမဟုတ်တဲ့ အတားအဆီးသစ် ဖန်တီးရာ ရောက်သွားတာလည်း ရှိတတ်ပါတယ်။ အထူးသတိထားရမယ့် အချက်ဖြစ်ပါတယ်။ NTBs တွေနဲ့ ကာကွယ်ရာမှာ မိမိနိုင်ငံတွင်း ဝင်ရောက်လာတဲ့ ကုန်ပစ္စည်းတွေရဲ့ ပမာဏ လျော့ကျသွားသလို အရည်အသွေးမီပစ္စည်းတွေ ဝင်ရောက်တာ နည်းသွားပြီး ပြည်သူလူထုအတွက် မသုံးမဖြစ် ဆေးဝါးနဲ့ ဆေးကုသမှုဆိုင်ရာပစ္စည်းတွေ ပြတ်လပ်သွားတာလည်း ဖြစ်သွားနိုင်ပါတယ်။

**အခက်အခဲများ**

NTBs တွေရဲ့ ကွဲပြားခြားနားမှုနဲ့ ရှုပ်ထွေးနက်နဲမှုတွေကြောင့် တစ်ခါတစ်ရံမှာ စီးပွားရေးလုပ်ငန်းတွေနဲ့ အမြတ်အစွန်းမယူတဲ့ အသင်းအဖွဲ့အစည်းတွေအတွက် ဆေးဝါးနဲ့ ကုသမှုဆိုင်ရာပစ္စည်းများ တင်သွင်းရာ မှာတောင် အဆင်ပြေအောင် အတော်ကြိုးပမ်းယူရတာလည်း ရှိပါတယ်။ တင်သွင်းခွင့်ရရှိရေးနဲ့ တင်သွင်းခြင်း လုပ်ငန်းစဉ်တွေ၊ စည်းမျဉ်းစည်းကမ်းတွေနဲ့တကွ ဆေးဝါးမှတ်ပုံတင်ခြင်းနဲ့ ပတ်သက်ပြီး သတင်းအချက်အလက် အပြည့်အစုံ ရရှိဖို့ ဖွံ့ဖြိုးဆဲနိုင်ငံအတော်များများမှာ ခက်ခဲနေဆဲရှိတယ်လို့ သုံးသပ်ကြပါတယ်။ ဆေးဝါးတွေ တင်သွင်းရာမှာ ဖုံးကွယ်နေတဲ့ စရိတ်စကတွေ ရှိနေကြပြီး အခက်အခဲတွေကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

(၁) လုပ်ငန်းစဉ်တွေများပြီး အချိန်ကုန်စေတဲ့ ဘဏ်လုပ်ထုံးလုပ်နည်းများ ရှိနေခြင်း၊ အထူးသဖြင့် နိုင်ငံခြားငွေကို တစ်ဘက်နိုင်ငံပြန်ပို့ရာမှာ ကြုံတဲ့အခက်အခဲ။

(၂) သွင်းကုန် သွင်းခွင့်ရရှိဖို့အတွက် လုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်ရာမှာ ဝန်ထုပ်ဝန်ပိုးကြီးဖြစ်နေခြင်း၊ လေ့လာသူများအဆိုအရ သွင်းကုန်တန်ဖိုးပေါ် မူတည်ပြီး အပိုကုန်ကျစရိတ်ဟာ အမြင့်ဆုံးအမေရိကန်ဒေါ်လာ ၇၀၀၀ အထိရှိပြီး အချိန်တစ်နှစ်ခွဲကနေ သုံးနှစ်အထိ ကြာမြင့်တယ်လို့ ဆိုပါတယ်။

(၃) ပေးဆောင်ခ ဖောင်းပွမှုနဲ့ ကိုင်တွယ်ဆောင်ရွက်ခ အပိုကြေးတွေ ပေးဆောင်ရခြင်း၊ လျှပ်ဒါန်းတဲ့ဆေးဝါး၊ ပစ္စည်းကိရိယာတွေ တင်သွင်းတာတောင် ပေးဆောင်ကြရတယ်လို့ ဆိုပါတယ်။

(၄) တင်သွင်းခွင့် အတည်ပြုချက်ရဖို့ လုပ်ကိုင်ခွင့်ပေးထားတဲ့ အဖွဲ့အစည်းတစ်ခုထက်မက ပိုနေခြင်း၊ ဥပမာအားဖြင့် ဆေးဝါးမှတ်ပုံတင်ဌာနနှင့် ကျန်းမာရေးအာမခံဌာနတို့မှ အတည်ပြုချက် ရယူရခြင်း ဖြစ်ပါတယ်။

**စံနှုန်းများကို သဟဇာတဖြစ်အောင် ဆောင်ရွက်ခြင်း**

WTO အဖွဲ့ဝင် နိုင်ငံတွေအနေနဲ့ ကုန်သွယ်မှုလုပ်ငန်းတွေနဲ့ ပတ်သက်ရင် အဓိကသော့ချက်ဖြစ်တဲ့ သဘောတူညီချက်နှစ်ရပ် သတ်မှတ်ထားတာ ရှိပါတယ်။ ပထမသဘောတူညီချက်ကတော့ Sanitary and Phytosanitary Measures(SPS) ဖြစ်ပြီး အစားအသောက်ပစ္စည်းတွေ စိတ်ချလုံခြုံစွာ စားသုံးနိုင်ရေးနဲ့ သီးပင်စားပင်၊ အသီးအနှံစသည်များနဲ့ ပတ်သက်ပြီး ပိုးမွှားကင်းစင်ဖို့ ဆောင်ရွက်ရန်ဖြစ်ပြီး နောက်သဘောတူညီချက်ကတော့ Technical Barrier to Trade (TBT) ဖြစ်ပါတယ်။ TBT ကတော့ ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းများအပေါ် ဖောင်းပေးပြီး လိုအပ်သော စမ်းသပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန်ဖြစ်ပါတယ်။ SPS နဲ့ TBT တွေကို ဆောင်ရွက်ရင်း NTBs တွေ ဖြစ်ပွားမှု လျော့နည်းပပျောက်အောင် လုပ်နေကြပေမယ့် လက်တွေ့မှာတော့ WTO အဖွဲ့ဝင်နိုင်ငံတွေရဲ့ လှုပ်ရှားမှုတွေဟာ ဆေးဝါးရောင်းဝယ်မှုကွင်းဆက် (Drug Supply Chain) မှာတော့ နှေးကွေးနေဆဲ ဖြစ်ပါတယ်။ အလားတူ WTO အဖွဲ့ဝင်မဟုတ်တဲ့ နိုင်ငံတွေမှာ ဆေးဝါးနဲ့ အခြားကုန်ပစ္စည်းတွေကို တင်သွင်းဖို့ခွင့်ပြုမိန့်နဲ့ တင်သွင်းမှုလုပ်ငန်းစဉ်တွေဟာ တသမတ်တည်း မတူညီကြဘဲ လက်ရှိအပြည်ပြည်ဆိုင်ရာ စံနှုန်းများနဲ့ ကိုက်ညီ လိုက်နာမှုမလိုဘဲ ဆောင်ရွက်နေကြပါတယ်။

NTBs များ ကာကွယ်တားဆီးရေး၊ ဆေးဝါးများ လွယ်ကူစွာ ဝယ်ယူအသုံးပြုနိုင်ရေးတို့အတွက် အပြည်ပြည်ဆိုင်ရာ စံနှုန်းများ သတ်မှတ်ခြင်း၊ သဟဇာတဖြစ်အောင် ညှိနှိုင်းဆောင်ရွက်ခြင်းများစွာကို စတင် လုပ်ဆောင်ခဲ့တာတော့ ကြာမြင့်ခဲ့ပြီ ဖြစ်ပါတယ်။ ဥပမာ - အပြည်ပြည်ဆိုင်ရာ သဟဇာတဖြစ်မှု ညီလာခံ The International Conference on Harmonization ကျင်းပခြင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ယင်း၏ ကြိုးပမ်းဆောင်ရွက်မှုများ၊ ဆေးဝါးမှတ်ပုံတင်ခြင်းနှင့် ပတ်သက်၍ ဆေးဖော်စပ်ဆိုင်ရာ လမ်းညွှန်ချက်များ သတ်မှတ်ခြင်းတို့မှာ အရေးပါတဲ့ ဆောင်ရွက်ခြင်းများ ဖြစ်ပါတယ်။ မည်သို့ပင် ဆောင်ရွက်နေစေကာမူ NTBs တွေကြောင့် ဖြစ်ပေါ်လာတဲ့ သွယ်ဝိုက်ကုန်ကျစရိတ်တွေရှိနေရင် အခွန်အခတွေ ဘယ်လိုပဲလျှော့ချပေမယ့် ဆေးဝါးနှင့် အခြားဆက်စပ်ကုန်ပစ္စည်းတွေရဲ့ ဈေးနှုန်းကို လျှော့ချဖို့ဆိုတာ ခရီးဝေးနေဦးမှာ ဖြစ်ပါတယ်။

အချို့ကိစ္စရပ်တွေမှာ အခွန်အခတွေနဲ့ NTBs တွေဟာ ဘယ်လိုမှ ဖြေရှင်းလို့မရတဲ့ ဆက်သွယ်မှုတွေ ရှိနေပါတယ်။ ဥပမာ-အခွန်အခတွေ ခြွင်းချက်ပေးခြင်း၊ သက်သာခွင့်ပြဋ္ဌာန်းခြင်းပြုတဲ့ စည်းမျဉ်းတွေဟာ ပွင့်လင်းမြင်သာမှုမရှိခြင်း ဖြစ်ပါတယ်။ ဒီအခြေအနေမှာ ဆေးဝါးထုတ်လုပ်သူ သို့မဟုတ် ဆေးဝါးတင်သွင်းသူအနေနဲ့ မိမိတို့ရဲ့ အခွင့်အရေးနဲ့ တောင်းဆိုပိုင်ခွင့်ကို မသိကြတော့ဘဲ သတင်းအချက်အလက် အပြည့်အစုံမရကြလို့ ဆေးဝါးနဲ့ ဆက်စပ်ပစ္စည်းတွေရဲ့ ဈေးနှုန်းကို မြှင့်တင်ပေးတဲ့ အနေအထား ရောက်သွားပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဖွံ့ဖြိုးဆဲ နိုင်ငံများရှိ လူတန်းစေ့မနေနိုင်သေးတဲ့ လူအများစုဟာ ကျန်းမာရေးပြုစုစောင့်ရှောက်မှုနဲ့ ပတ်သက်ရင် အခွန်အခနဲ့ NTBs တို့ရဲ့ အကျိုးသက်ရောက်မှုကို ခံစားနေကြရသူများကြောင်း ဖော်ပြလိုက်ရပါတယ်။

Ref ; " The Impact of Tariff and Non-Tariff Barrier on Acess to Essential Drugs for Poorest People" Global Health Council.

■

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားကုန်သွယ်မှုဥပဒေနှင့် နိုင်ငံခြားကုန်သွယ်မှုဆိုင်ရာစည်းမျဉ်းစည်းကမ်းများ

|သန်းသန်းနိုင်|

<u>**ယခင်တစ်ပတ်မှအဆက်**</u>

၅။ ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးမှုစာဖြည့်ခြင်း

(က) ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးမှုအတွက် ဇယားဖြည့်လျှင် လက်ရေးညီညာ၊ လှပမှုရှိရမည့်အပြင် ပြင်ဖျက်ခြင်းမပြုရ။ ထိုဇယား၏ ရက်စွဲကို ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနမှ လျှောက်ထားမှု လက်ခံသည့်နေ့ကို ရေးသားထားရမည်။

(ခ) ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးမှုဇယားပေါ်တွင် ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနမှ တံဆိပ်ခတ်ရမည်။

**အပိုင်း ၂-စစ်ဆေးခွင့်**

၆။ စစ်ဆေးခွင့်လျှောက်သည့် ကုမ္ပဏီအနေဖြင့် မိမိကုမ္ပဏီ၏ လိုင်စင်နှင့် အစိုးရသက်ဆိုင်ရာဌာနများမှ ထုတ်ပေးသော ထောက်ခံချက်စာရွက်စာတမ်းများကို တင်ပြရမည်။ ထို့အပြင် စစ်ဆေးခွင့်လျှောက်သည့် ကုမ္ပဏီ၏ ပိုးမွှားကင်းရှင်းမှု စစ်ဆေးခွင့်နံပါတ်ကို ရယူရမည်။ ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးရေး ဌာနမှ ဖွင့်လှစ်သော သင်တန်းများကိုတက်၍ အောင်မြင်လျှင် စစ်ဆေးခွင့်လျှောက်ထားနိုင်သူလက်မှတ်ထုတ်ပေး၍ စစ်ဆေးခွင့် လျှောက်ထားသည့်လုပ်ငန်းများလုပ်ကိုင်ရမည်။

၇။ ကိုယ်စားလှယ်လွှဲသည့် ကုမ္ပဏီအနေဖြင့် လုပ်ငန်းလိုင်စင်ရှိရမည်ဖြစ်သလို ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနမှ ဖွင့်လှစ်သော သင်တန်းများကိုတက်၍ အောင်မြင်လျှင် စစ်ဆေးခွင့်လျှောက်ထားမှု ကိုယ်စားလုပ်ကိုင်နိုင်သူလက်မှတ်ရယူ၍ ကိုယ်စားလှယ်လွှဲလုပ်ငန်းများ လုပ်ကိုင်နိုင်သည်။

၈။ အကယ်၍ စစ်ဆေးခွင့်လျှောက်ထားမှုလုပ်ငန်းကို ကိုယ်စားလှယ်လွှဲပါက ကိုယ်စားလှယ်လုပ်ငန်းလုပ်သူအနေနှင့် သတ်မှတ်လုပ်ကိုင်ခွင့်များ ရှိရမည်ဖြစ်သလို ကိုယ်စားလှယ်လွှဲသူနှင့် ကိုယ်စားလှယ်လွှဲသည့် လုပ်ငန်းလက်ခံသူအကြား ကိုယ်စားလှယ်လွှဲစာကို ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနမှ သတ်မှတ်ထားသည့်အတိုင်း ရေးသားရမည်။

၉။ ကုန်သွယ်မှုလုပ်ငန်းမဟုတ်သောအရာများအတွက် စစ်ဆေးချက် လျှောက်ထားရာတွင် လျှောက်ထားသူအနေဖြင့် သက်ဆိုင်ရာ စာရွက်စာတမ်းများကို တင်ပြရမည်ဖြစ်သည်။

**အပိုင်း ၃-သွင်းကုန်စစ်ဆေးချက်လျှောက်ခြင်း**

၁၀။ သွင်းကုန်စစ်ဆေးချက်လျှောက်လျှင် သွင်းကုန်စစ်ဆေးချက်ဇယား၊ စာချုပ်၊ ပြေစာ၊ ပစ္စည်း ထုတ်ယူခွင့်စာ စသည့် အချက်အလက်စာရွက်စာတမ်းများ ပါရှိရမည်။

၁၁။ အောက်ပါအချက်များပါရှိပါက အထက်မှအပိုဒ်(၁၀)ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီရမည်ဖြစ်သလို၊ သက်ဆိုင်ရာ စာရွက်စာတမ်းအချက်အလက်များလည်း ပါရှိရမည်။

(က) အန္တရာယ်ကင်းရှင်းမှု အရည်အသွေးထောက်ခံချက်၊ သန့်ရှင်းမှုလက်မှတ်၊ အခြားစိစစ်ရန်လိုသော ကုန်ပစ္စည်းများအတွက် စစ်ဆေးချက်ထောက်ခံစာများနှင့်အတူ သတ်မှတ်ချက်အထောက်အထားများကို တင်ပြရမည်။

(ခ) အရည်အသွေးစစ်ဆေးချက်များမှာလည်း နိုင်ငံခြားမှ အရည်အသွေးသတ်မှတ်ချက် စာတမ်းများ (သို့မဟုတ်) အရည်အသွေးထောက်ခံစာများ၊ ထုတ်ကုန်မိတ်ဆက်စာ၊ စည်းစနစ်၊ နည်းပညာ စာရွက်စာတမ်းများကို တင်ပြရမည်။ ကုန်ပစ္စည်းနမူနာနှင့် အရောင်းအဝယ်ပြုထားခြင်းဖြစ်ပါက နမူနာပစ္စည်း ပါတင်ပြရမည်။ အဆင့်အတန်းနှင့်အချိန်အတွယ်ကို အသုံးပြုရောင်းဝယ်ထားပါက အလေးအချိန်နှင့် စိစစ်ရန် တင်ပြပေးရမည်။

(ဂ) စွန့်ပစ်ပစ္စည်းများကို တင်သွင်းမည်ဆိုပါက နိုင်ငံတော်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနမှ ထုတ်ပေးသော စွန့်ပစ်ပစ္စည်း တင်သွင်းခွင့်ထောက်ခံစာနှင့် အသိအမှတ်ပြုခံထားရသော ပိုးမွှား ကင်းရှင်းရေးစစ်ဆေးရေးဌာနမှ ကုန်တင်ပို့မည့်အချိန်တွင် စစ်ဆေးထားသောထောက်ခံစာ စသည်တို့ကို တင်ပြရမည်။

(ဃ) ကုန်ပစ္စည်းပျက်စီးမှုလျှောက်ထားလျှင် ကုန်ပစ္စည်းပျက်စီးမှု အခြေအနေ စာရွက်စာတမ်းရထားလမ်း ပို့ဆောင်ရေးဝန်ဆောင်မှုဌာနမှမှတ်တမ်း၊ လေကြောင်းလမ်းပို့ဆောင်ရေးဝန်ဆောင်မှုဌာနမှ မှတ်တမ်း (သို့မဟုတ်) လေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှု ဌာနမှတ်တမ်း စသည့် ကုန်ပစ္စည်းပျက်စီးမှုအတွက် အထောက်အထားများကို တင်ပြရမည်။

(င) အလေးချိန်နှင့်အရေအတွက်အပေါ် စိစစ်ရန်လျှောက်ထားလျှင် အလေးချိန် (သို့မဟုတ်) အရေအတွက် စာရွက်စာတမ်းများကို တင်ပြရမည်။

(စ) ကုန်လက်ခံပြီးပါက ကုန်လက်ခံသူအနေနှင့် စစ်ဆေးမှုပြုလုပ်ရမည် သို့မဟုတ်ပါက အခြားစစ်ဆေးခွင့်ရဌာနမှစစ်ဆေးပြီး စစ်ဆေးချက်စာတမ်းထုတ်ကာ အလေးချိန်နှင့် ကုန်ပစ္စည်းစာရင်းအသေးစိတ်စသည်တို့ကိုလည်း တင်ပြရမည်။

(ဆ) တရုတ်နိုင်ငံသို့ဝင်ရောက်လာသော နိုင်ငံတကာ ခရီးသွားများအနေနှင့် ပိုးမွှားကင်းရှင်းကြောင်း ကတိပြုလွှာကို ဖြည့်ရမည်။

(ဇ) တရုတ်နိုင်ငံသို့ တင်သွင်းလာသော သက်ရှိနှင့် သက်ရှိပစ္စည်းများမှ ထုတ်လုပ်သည့်ကုန်များအတွက် ကုန်သွယ်မှုစာချုပ်၊ ပြေစာ၊ ထုတ်လုပ်မှုအထောက်အထားများကို တင်ပြရမည်။ တင်ပို့သည့် နိုင်ငံ (သို့မဟုတ်) ဒေသများရှိ အစိုးရဌာနမှ ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်ပါရှိရမည်။ ထို့အပြင် တင်သွင်းမည့်ကုန်ပစ္စည်းတွင် ပိုးမွှားကင်းရှင်းကြောင်း စိစစ်ချက် ထောက်ခံချက်များကိုပါ တင်ပြရမည်။

(ဈ) တိရစ္ဆာန်များနှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တင်သွင်းလာလျှင် ကုန်ပစ္စည်းသယ်ပို့သည့်စာ၊ တင်ပို့သည့် နိုင်ငံ (သို့မဟုတ်) ဒေသများရှိ အစိုးရဌာနမှ ရောဂါကင်းရှင်းကြောင်းထောက်ခံချက် ပါရှိရမည်။ တိရစ္ဆာန်များ နယ်စပ်ဖြတ်ကျော် တင်သွင်းလာချိန်တွင် နိုင်ငံတော် ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနမှ ထုတ်ပေးသည့် တိရစ္ဆာန်များ နယ်စပ်ဖြတ်ကျော်တင်သွင်းခွင့် လိုင်စင်ပေးရမည်။

**ဆက်လက်ဖော်ပြပါမည်။**

# ထိုင်းနိုင်ငံ၏ စားသောက်ကုန်နှင့် လယ်ယာထွက်ကုန်များ တင်သွင်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စံချိန်စံညွှန်းများ

|ကျော်စိန်ဝင်း (ပြည်တွင်း/ပြည်ပ)|

<u>**ယခင်တစ်ပတ်မှအဆက်**</u>

- ရက်ပေါင်း ၉၀ ထက်ကျော်လွန်၍ ထိန်းသိမ်းထားနိုင်သည့် စားသောက်ကုန်အတွက် အရည်အသွေးကောင်းမွန်စွာ သုံးစွဲနိုင်မည့် (သို့မဟုတ်) စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် အရည်အသွေးရှိမည့် ခုနှစ်၊ လ၊ သက်တမ်းကုန်ဆုံးရက်
- မွေးကင်းစကလေးများအတွက် ပြုပြင်ထားသောနို့၊ အစားအစာနှင့် မွေးကင်းစနှင့် ကလေးငယ်များအတွက် ဖြည့်စွက်စာ စသည်တို့အတွက် ခုနှစ်၊ လ၊ သက်တမ်း ကုန်ဆုံးရက်
- ထိန်းသိမ်းရန်အညွှန်း
- ချက်ပြုတ်ရန်အညွှန်း (preparation instructions)
- မွေးကင်းစကလေးအစားအစာအဖြစ် အသုံးမပြုရ စသည့် အသုံးမပြုမီ သတိပြုရန်လိုအပ်သည့် သီးခြားသတိပေးချက်
- သီးခြားစားသုံးသူအုပ်စုများ(ဥပမာ-ကလေးသူငယ်များ)အတွက် အသုံးဝင်မည့် သတင်းအချက်အလက်များ
- ထုတ်ကုန်နှင့် သက်ဆိုင်သော ကုန်အမှတ်တံဆိပ်၊ သင်္ကေတ၊ ဓာတ်ပုံ၊ စာသားများ ပါဝင်သည့်တံဆိပ်များ
- ထုတ်ကုန်နှင့်သက်ဆိုင်သော ကုန်အမှတ်တံဆိပ်၊ သင်္ကေတ၊ ဓာတ်ပုံ၊ စာသားများ မပါဝင်သည့် တံဆိပ်များ

တံဆိပ်ကပ်ဖော်ပြရာမှာ တင်သွင်းလာတဲ့ စားသောက်ကုန်တွေကို အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြခြင်းကိုခွင့်ပြုထားပေမယ့် ပြည်တွင်းထုတ်ကုန်ဆိုရင်တော့ ထုတ်ကုန်အမည်နှင့် အမျိုးအစား၊ စားသောက်ကုန်အမှတ်စဉ်၊ မက်ထရစ်စနစ်ဖြင့် ဖော်ပြထားသော စားသောက်ကုန်၏ စုစုပေါင်းပါဝင်မှု၊ ထုတ်လုပ်သူ၏အမည်နှင့် နိုင်ငံတို့ကို ထိုင်းဘာသာစကားဖြင့် ဖော်ပြရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ တင်သွင်းတဲ့ စားသောက်ကုန်တွေကို ထိုင်းဘာသာစကားနဲ့ တံဆိပ်ကပ်ဖော်ပြရန် မလိုအပ်ဘူးဆိုပေမယ့် ထိုင်းနိုင်ငံ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနရဲ့ ထုတ်ကုန်မှတ်ပုံတင်အမှတ် မဖြစ်မနေ ပါရှိရန်လိုအပ်မှာ ဖြစ်ပါတယ်။

**မျိုးဗီဇပြောင်းလဲထားသော စားသောက်ကုန်များအား တံဆိပ်ကပ်ခြင်း**

ထိုင်းနိုင်ငံအစိုးရဟာ မျိုးဗီဇကူးပြောင်းထားသော မျိုးစေ့များ စီးပွားဖြစ်စိုက်ပျိုးခြင်းကို ပိတ်ပင်ထားပေမယ့် ပဲပိစပ်နှင့် ပြောင်းကဲ့သို့သော မျိုးဗီဇပြုပြင်ထားတဲ့ကုန်စည်များ တင်သွင်းမှုကို တိရစ္ဆာန်အစာကြိတ်ခွဲထုတ်လုပ်ခြင်းလုပ်ငန်းနဲ့ အစားအသောက်ဆင့်တက်ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်း နှစ်မျိုးစလုံးတွင် အသုံးပြုရန်အတွက် ခွင့်ပြုထားပါတယ်။ မျိုးဗီဇပြုပြင်ထားတဲ့ ပစ္စည်းတွေပါဝင်တဲ့စားသောက်ကုန်ဆိုင်ရာ တံဆိပ်ကပ်ခြင်း ဥပဒေကို ၂၀၀၃ ခုနှစ်မှာ ထိုင်းနိုင်ငံ၊ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ပြဋ္ဌာန်းခဲ့ပြီး၊ ယင်းဥပဒေတွင် အောက်ပါစားသောက်ကုန်များ အကျုံးဝင်ပါတယ်-

(က) ပဲပိစပ်
(ခ) ချက်ပြုတ်ထားသည့် ပဲပိစပ်
(ဂ) ပဲပိစပ်အလှော်
(ဃ) စည်သွပ်ထားသည့်ပဲပိစပ်
(င) ကစော်ဖောက်ထားသည့် ပဲပိစပ် (Natto)
(စ) Miso
(ဆ) တို့ဟူး (သို့မဟုတ်) တို့ဟူးကြော်၊ အေးခဲတို့ဟူးနှင့် တို့ဟူးမှရသောကစီ
(ဇ) ပဲပိစပ်နို့
(ဈ) ပဲပိစပ်အမှုန့်
(ည) က မှ ဈ အထိပစ္စည်းများအား အဓိကပါဝင်သော စားသောက်ကုန်များ
(ဋ) ပဲပိစပ်ပရိုတင်းအဓိကပါဝင်သော စားသောက်ကုန်များ
(ဌ) ပဲပိစပ်စိမ်း(green soybean) အဓိကပါဝင်သော စားသောက်ကုန်များ
(ဍ) ပဲပိစပ်အညှောက်အဓိကပါဝင်သော စားသောက်ကုန်များ
(ဎ) ပြောင်း
(ဏ) ပေါက်ပေါက်
(တ) အေးခဲထားသော/အအေးခံထားသော ပြောင်း
(ထ) စည်သွပ်ထားသောပြောင်း
(ဒ) ပြောင်းမှုန့်
(ဓ) ပြောင်းအဓိကပါဝင်သော မုန့်ပဲသွားရည်စာ
(န) ပ မှ ဓ အထိပစ္စည်းများ အဓိကပါဝင်သော စားသောက်ကုန်များ
(ဏ) ပြောင်းကြမ်းအဓိကပါဝင်သော စားသောက်ကုန်များ

**ထုပ်ပိုးမှုနှင့် ကွန်တိန်နာဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ**

ထိုင်းနိုင်ငံ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန၏ သတ်မှတ်ချက်အရ စားသောက်ကုန် ထုပ်ပိုးမှုနှင့် ကွန်တိန်နာဆိုင်ရာ စည်းမျဉ်းစည်းကမ်းများဟာ Ministerial Notification No. 92, B.E. 2528(1985) နှင့် No. 295, B.E. 2548 (2005) တို့နှင့်ကိုက်ညီရန် လိုအပ်မှာ ဖြစ်ပါတယ်။ ကွန်တိန်နာများသည် သန့်ရှင်းရမည်။ ကျန်းမာရေးကို ထိခိုက်စေနိုင်ဖွယ်ရှိသော အရာဝတ္ထုများနှင့် သတ္တုဓာတ်များ ပါဝင်မှုမရှိရပါ။ ရောဂါဖြစ်စေနိုင်သော ပိုးမွှား/မျိုးဗီဇများ ကင်းစင်ရမည်။ စားသောက်ကုန်အား မသန့်ရှင်းမှုဖြစ်စေနိုင်သော အရောင်စွန်းထင်းမှုများကင်းရမှာ ဖြစ်ပါတယ်။

**ပိုးသတ်ဆေးနှင့် အခြားမသန့်သောပစ္စည်းများပါဝင်မှု**

ပိုးသတ်ဆေးဓာတ်ကြွင်းနှင့် အခြားမသန့်သောပစ္စည်းများ ပါဝင်တဲ့ စားသောက်ကုန်များကို စံချိန်စံညွှန်းသတ်မှတ်ထားသည့် စားသောက်ကုန်အမျိုးအစားများ (Standardized food) တွင် ထည့်သွင်းသတ်မှတ်ထားပါတယ်။ ထိုင်းနိုင်ငံ၊ စိုက်ပျိုးရေးဌာနနှင့် လယ်ယာထွက်ကုန်နှင့် စားသောက်ကုန်စံချိန်စံညွှန်းဆိုင်ရာ အမျိုးသားဗျူရိုတို့ဟာ စားသောက်ကုန်များတွင် အမြင့်ဆုံးဓာတ်ကြွင်းပါဝင်မှု ကန့်သတ်ချက် (Maximum Residue Limit-MRL) တွေကို သတ်မှတ်ပြဋ္ဌာန်းပေးတဲ့ အဖွဲ့အစည်းများဖြစ်ပါတယ်။ **ဆက်လက်ဖော်ပြပါမည်။**

# ၂၀၁၈ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ GDP လေးရာခိုင်နှုန်းတိုးတက်မည်ဟု ခန့်မှန်း

ထိုင်းနိုင်ငံ၏ GDPသည် ၂၀၁၈ ခုနှစ်တွင် လေးရာခိုင်နှုန်း တိုးတက်နိုင်မည်ဖြစ်ကြောင်း Kasikornbank သုတေသနစင်တာ (K-Research) မှ ပုဂ္ဂလိကနှင့် အများပြည်သူ ရင်းနှီးမြှုပ်နှံမှုအတွက် မျှော်မှန်း၍ ပြောကြားပါသည်။

ထိုင်းနိုင်ငံ၏ စီးပွားရေးသည် ၂၀၁၈ ပထမနှစ်ဝက်တွင် ၄ ဒသမ ၂ ရာခိုင်နှုန်း၊ ဒုတိယနှစ်ဝက် တွင် ၃ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်လိမ့်မည်ဟုမျှော်မှန်းကြောင်းကို Macroeconomics ၏ ခေါင်းဆောင်ပိုင်းဖြစ်သူ Mrs Nattaporn Triratanasirikul မှ K-Research တွင် ပြောကြားလိုက်ခြင်းဖြစ်သည်။

ပုဂ္ဂလိကနှင့် အများပြည်သူကဏ္ဍအပါအဝင် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးသည် ပြည်တွင်းရင်းနှီးမြှုပ်နှံမှု စီးပွားရေး၏အရှိန်အဟုန်ကို ဆက်လက်ထိန်းထားပေးနိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၈ ခုနှစ်တွင် ၄ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်မည်ဟု K- Research အရ သိရှိရကြောင်း၊ ပုဂ္ဂလိကပိုင်း ရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၈ ခုနှစ်တွင် ၃ ရာခိုင်နှုန်း၊ အများပြည်သူရင်းနှီးမြှုပ်နှံမှုသည် ၈ ရာခိုင်နှုန်း မြင့်တက်လိမ့်မည်ဖြစ်ကြောင်း၊ အထွေထွေရွေးကောက်ပွဲတွင် ၂၀၁၈ ခုနှစ်အတွက် အစိုးရမှ ချပြနိုင်မည်ဟု ယူဆပါကြောင်း၊ ၂၀၁၇ ခုနှစ်တွင် ပုဂ္ဂလိကကဏ္ဍအတွက် ၁ ဒသမ ၆ ရာခိုင်နှုန်းနှင့် အစိုးရများအတွက် ၁ ဒသမ ၈ ရာခိုင်နှုန်းဖြင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှု တိုးတက်မှုနှုန်း ကြီးထွားနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း Mrs Nattaporn မှ ပြောပါသည်။

အထွေထွေ ရွေးကောက်ပွဲကို အချိန်ရွှေ့လျှင် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုလျော့ကျပြီး ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများ၏ အဆိုးမြင်ခံရမှာဖြစ်တဲ့အပြင်၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု တိုးတက်မှုနှုန်းမှာ ၂၀၁၈ ခုနှစ်တွင် ၁ ဒသမ ၅ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်ကြောင်း GDP တိုးတက်မှုနှုန်းမှာလည်း သုည ဒသမ ၂ ရာခိုင်နှုန်း လျော့ကျစေနိုင်ကြောင်း၊ အစိုးရမှ ၂၀၁၈ ဘဏ္ဍာနှစ်၏ ဒုတိယသုံးလပတ်အတွက် ဘတ်ဂျက်ချထားပြီး အများပြည်သူ ရင်းနှီးမြှုပ်နှံမှုနှင့် ကိုက်ညီစေမည့် အစီအစဉ်ကို ချမှတ်သင့်ကြောင်း Mrs Nattaporn က ပြောပါသည်။

Eastern Economic Corridor (EEC) ၏ ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်အရ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို ကောင်းစွာ ရရှိမည်ဖြစ်ကြောင်း၊ EEC အက်ဥပဒေသည် ဇန်နဝါရီလအတွင်း ကျင်းပမည့် အမျိုးသားဥပဒေပြု လွှတ်တော်တွင် ရှင်းလင်းလိမ့်မည်ဟု မျှော်လင့်ကြောင်း၊ ၂၀၁၈ ခုနှစ် ဒုတိယနှစ်ဝက်တွင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုကို ထောက်ပံ့ပေးနိုင်မည်ဖြစ်ပြီး ပို့ကုန်နှင့် ခရီးသွားလုပ်ငန်းသည်လည်း ၂၀၁၈ နှစ်တွင် တိုးချဲ့ဆောင်ရွက်နိုင်ရန် သတ်မှတ်ထားပါကြောင်း၊ ၂၀၁၇ ခုနှစ်တွင် တိုးတက်မှုနှုန်းကျဆင်းခြင်းသည် ကြီးမားသောတွန်းအားများအဖြစ် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ပို့ကုန်တင်ပို့မှု တိုးတက်မှုနှုန်းသည် ၂၀၁၇ ခုနှစ်တွင် ၉ ရာခိုင်နှုန်း မှ ၂၀၁၈ ခုနှစ်တွင် ၄ ဒသမ ၅ ရာခိုင်နှုန်း၊ ခရီးသွားလုပ်ငန်းတိုးတက်မှုနှုန်းမှာ ၂၀၁၇ ခုနှစ်တွင် ၈ ဒသမ ၂ ရာခိုင်နှုန်းမှ ၂၀၁၈ ခုနှစ်တွင် ၆ ဒသမ ၅ ရာခိုင်နှုန်းမှ ၇ ဒသမ ၅ ရာခိုင် နှုန်းသို့ အနည်းငယ်ကျဆင်းမည်ဟု ခန့်မှန်းထားကြောင်း၊ သို့ရာတွင် နိုင်ငံခြားခရီးသွားဧည့်သည်များ၏ တစ်ဦးချင်း ခရီးသွားလာမှုမှ ၂၀၁၈ ခုနှစ် ပထမ ၁၀ လအတွင်းဘတ် ၆၄၅၀ ရရှိနိုင်မည်ဖြစ်ပြီး ၂၀၁၇ ခုနှစ်ကာလတူကထက် ၅၃၄၅ ဘတ် တိုးတက်မည်ဟု မျှော်လင့်ကြောင်း၊ ဒါ့အပြင် ပုဂ္ဂလိကနှင့် အများပြည်သူ စားသုံးမှုမှ ၂၀၁၈ ခုနှစ်တွင် သုံးရာခိုင်နှုန်းနှင့် တစ်ရာခိုင်နှုန်း အသီးသီး တိုးတက်မည်ဖြစ်ကြောင်း K- Research ကပြောပါသည်။

ကုမ္ပဏီများသည် ငွေကြေးဆိုင်ရာတိုးတက်ရန် နည်းလမ်းသစ်များရှိနေသော်လည်း ထိုင်းနိုင်ငံ၏ ငွေကြေးဆိုင်ရာမူဝါဒ ကော်မတီများ၏ ၂၀၁၇ ခုနှစ်တွင် ကျင့်သုံးနေသော မူဝါဒကို ၂၀၁၈ ခုနှစ်ထိ မပြောင်းလဲဘဲ ဆက်လက်သုံးစွဲရန် မျှော်လင့်ကြကြောင်း၊ အမေရိကန်ဗဟိုဘဏ်မှ ၂၀၁၈ ခုနှစ်တွင် ယင်းတို့၏ ငွေကြေးဆိုင်ရာမူဝါဒကို သုံးကြိမ်ပြင်ဆင်ရန် မျှော်မှန်းထားပြီး ထိုင်းနိုင်ငံဘဏ်မှလည်း ၂၀၁၈ ခုနှစ်တွင် မူဝါဒကိုမြှင့်တင်ခြင်းဖြင့် နိုင်ငံ၏ စီးပွားရေး အရှိန်အဟုန်ကြီးမားသော အရိပ်လက္ခဏာပြသရမည်ဖြစ်ကြောင်း K-Research က ပြောကြားထားပါသည်။

Soruce : Bangkok Post

**မင်းအောင်အေး**

## စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေမူကြမ်း (Consumer Protection Bill) အား အိန္ဒိယကက်ဘိနက်အဖွဲ့က အတည်ပြု

အိန္ဒိယကက်ဘိနက်အဖွဲ့သည် စားသုံးသူများ၏ အခွင့်အရေးများအား အကာအကွယ်ပေးမည့် ယန္တရားများ ပိုမိုထက်မြက် ကောင်းမွန်လာစေရန်အတွက် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေမူကြမ်းအသစ် (Consumer Protection Bill) တစ်ခုကို ဒီဇင်ဘာလ ၂၀ ရက်တွင် အတည်ပြုလိုက်သည်။ ယင်းဥပဒေမူကြမ်းအား လက်ရှိဆောင်းရာသီလွှတ်တော် အစည်းအဝေးကာလအတွင်း အောက် လွှတ်တော်သို့တင်ပြရန် စီစဉ်နေကြောင်း သိရှိရသည်။

အဆိုပါ ဥပဒေမူကြမ်းတွင် ဦးတည်ချက်လွဲမှားနေသည့် ကြော်ငြာမှုများနှင့် ယင်းကုန်စည်များအား ကောင်းမွန်ကြောင်း အမည်ကျော်ကြားသူများ၏ ထောက်ခံခြင်းများအား တားမြစ်ရန်လည်း ပါဝင်သည်။

အိန္ဒိယဗဟိုအစိုးရသည် နှစ် ၃၀ ကျော် သက်တမ်းရှိနေသည့် Consumer Protection Act, 1986 ကို ရုပ်သိမ်းရန်အတွက် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေမူကြမ်းကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လက အောက်လွှတ်တော်သို့ စတင်မိတ်ဆက်တင်ပြခဲ့ပြီး ယင်းဥပဒေမူကြမ်းအပေါ် လွှတ်တော် ကော်မတီ၏ အကြံပြုချက်များအရ စားသုံးသူရေးရာဝန်ကြီးဌာနသည် ပြင်ဆင်မှုများပြုလုပ်ကာ ဥပဒေမူကြမ်းသစ်တစ်ခုကို အောက်လွှတ်တော်သို့ မကြာမီဆက်လက်တင်ပြရန် စီစဉ်နေကြောင်း၊ ယင်းမူကြမ်းတွင် လက်ရှိကျင့် သုံးနေသည့် ဥပဒေနယ်ပယ်အား ပိုမို ကျယ်ပြန့်လာစေရန်နှင့် ပိုမိုထိရောက်မှုရှိလာစေရန် ဆောင်ရွက်ထားကြောင်း၊ စားသုံးသူအခွင့်အရေးများအား မြှင့်တင်ရန်၊ ကာကွယ် န်နှင့် ပိုမိုအသက်ဝင်အားကောင်းလာစေရေးအတွက်လည်း စားသုံးသူအကာအကွယ်ပေးရေး ဗဟိုအဖွဲ့တစ်ခုတည်ထောင်ရန်လည်း ပါဝင်သည်။ ထို့ပြင်ကုန်ပစ္စည်းဆိုင်ရာ တာဝန်ရှိမှုအတွက် အရေးယူဆောင်ရွက်မှုများလည်း ပါဝင်ရန် စီစဉ်ထားကြောင်း သတင်းရရှိပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့**

# အင်ဒိုနီးရှားနိုင်ငံ၊ ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် ရဲတပ်ဖွဲ့တို့ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

အင်ဒိုနီးရှားနိုင်ငံ၊ ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် အမျိုးသားရဲတပ်ဖွဲ့တို့သည် စားသုံးသူများကို အကာအကွယ်ပေးရန်၊ ကုန်သွယ်မှုကဏ္ဍတွင် ဥပဒေတွန်းအားပေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ ကြီးကြပ်ထိန်းသိမ်းရန်နှင့် လုံခြုံမှုရှိစေရန် ရည်ရွယ်၍ နားလည်မှု စာချွန်လွှာတစ်ရပ်ကို ဂျကာတာမြို့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါ အခမ်းအနားတွင် ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး Enggartiasto Lukita က ဥပဒေတွန်းအားပေးဆောင်ရွက်မှု လုပ်ငန်းများသည် စီးပွားရေး လုပ်ငန်းရှင်များအတွက် ဥပဒေကြောင်းအရ စိတ်ချရပြီး စားသုံးသူများ၏ အကျိုးစီးပွားကိုလည်း အကာအကွယ် ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ နားလည်မှုစာချွန်လွှာအား ကုန်သွယ်ရေးဝန်ကြီးဌာန၊ စားသုံးသူကာကွယ်ရေးနှင့် စီးပွားရေးဆိုင်ရာ အမိန့်နှင့် ညွှန်ကြားချက်များဆိုင်ရာဌာန၏ ညွှန်ကြားရေးမှူးချုပ် Syahrul Mamma နှင့် အမျိုးသားရဲရာဇဝတ်မှုများ စုံစမ်းစစ်ဆေးမှုဌာန၏ အကြီးအကဲဖြစ်သူ Ari Dono Sukmanto တို့က လက်မှတ်ရေး ထိုးခဲ့ကြပါသည်။ နားလည်မှုစာချွန်လွှာကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်က ကုန်သွယ်ရေး ဝန်ကြီးဌာနနှင့် အမျိုးသားရဲတပ်ဖွဲ့တို့အကြား ပထမအကြိမ် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သဖြင့် ယခုအခါ ဒုတိယအကြိမ် ထပ်မံသက်တမ်းတိုး လက်မှတ်ရေးထိုးခြင်း ဖြစ်သည်။

ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်အရ ကိန်းဂဏန်းနှင့် သတင်းအချက်အလက် ဖလှယ်ခြင်း၊ ဥပဒေတွန်းအားပေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကြီးကြပ်ဆောင်ရွက်ခြင်း၊ လုံခြုံစိတ်ချရမှုရှိစေခြင်းနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေခြင်း စသည့် လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ နားလည်မှု စာချွန်လွှာအရ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအနေဖြင့် နှစ်ဦးနှစ်ဖက်ဌာနများအကြား လုပ်ငန်းတာဝန်များကို တိုးချဲ့သတ်မှတ်နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှု နားလည်မှု စာချွန်လွှာတစ်ရပ်ကို ထပ်မံလက်မှတ်ရေးထိုးခဲ့ကြောင်း စီးပွားရေးလုပ်ငန်းရှင်များနှင့် စားသုံးသူများ အကျိုးရှိစေရန် ပြည့်စုံသော ကြီးကြပ်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Syahrul က ပြောကြားခဲ့ပါသည်။

Source: The Jakarta Post

**မျိုးမျိုးထိုက်၊**
**စားသုံးသူရေးရာဌာနခွဲ**
**(နေပြည်တော်)**

## တရုတ်နှင့် မဲခေါင်နိုင်ငံများအကြား ကုန်သွယ်မှု ၁၅ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်

တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ် အနောက်ပိုင်း တာ့လီမြို့၌ တတိယအကြိမ် လန်ချန်း-မဲခေါင် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်တွင် ကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် တရုတ်နိုင်ငံ၊ စီးပွားရေးဝန်ကြီးဌာန အာရှဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာဖုန်းကန်က ၂၀၁၇ ခုနှစ်၏ ပထမ ၁၀ လအတွင်း တရုတ်နိုင်ငံနှင့် မဲခေါင် ငါးနိုင်ငံအကြား စုစုပေါင်းကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁၇၇ ဒသမ ၅၇ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး နှစ်စဉ်တိုးတက်မှု ၁၅ ဒသမ ၆ ရာခိုင်နှုန်းရှိပါကြောင်း၊ တရုတ်နိုင်ငံသည် ကမ္ဘောဒီးယား၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး မဲခေါင်ဒေသတစ်ခုလုံးသည် တရုတ်နိုင်ငံ၏ ငါးခုမြောက်အကြီးဆုံး ကုန်သွယ်ဖက်ဒေသဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလမှ အောက်တိုဘာလအထိ မဲခေါင်နိုင်ငံငါးနိုင်ငံတွင် တရုတ်နိုင်ငံ၏ ငွေကြေးမဟုတ်သော ရင်းနှီးမြှုပ်နှံမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၈ ဘီလီယံရှိပြီး နှစ်စဉ်တိုးတက်နှုန်း ၂၂ ဒသမ ၃ ရာခိုင်နှုန်းရှိပါကြောင်း ဆက်လက်ပြောကြားခဲ့သည်။

တရုတ်ကုမ္ပဏီများသည် မဲခေါင်နိုင်ငံများတွင် အမေရိကန်ဒေါ်လာ ၁၃၇ ဒသမ ၉၉ ဘီလီယံတန်ဖိုးရှိအခြေခံအဆောက်အဦ စီမံကိန်းများကို လက်မှတ်ရေးထိုးခဲ့ကြောင်း ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ပြန်သော စာရင်းများအရ သိရှိရသည်။ အခြေခံအဆောက်အဦ တည်ဆောက်ရေးနှင့် ကုန်ထုတ်လုပ်မှုစွမ်းရည် ပူးပေါင်းဆောင်ရွက်ရေးအတွက် တရုတ်နိုင်ငံသည် တရုတ်ယွမ် ၁၀ ဘီလီယံကို အတိုးနှုန်းလျော့ အထူးချေးငွေနှင့် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကို ဆိုင်းငံ့ချေးငွေများအဖြစ် ခွင့်ပြုထားပြီး ဒေသတွင်း ကုန်သွယ်မှု ဆက်လက်ကျယ်ပြန့်လာမည်ဖြစ်သည့်အတွက် ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်း ရှန်ဟိုင်းမြို့တွင် ကျင်းပမည့် ပထမအကြိမ် တရုတ် နိုင်ငံတကာသွင်းကုန်ပြပွဲတွင် မဲခေါင်ငါးနိုင်ငံမှ ပါဝင်ဆင်နွှဲကြရန် ဖိတ်ခေါ်တိုက်တွန်းခဲ့ကြောင်း သတင်းရရှိသည်။

**MOC (IR)**

# အီးယူမှ သင်ခန်းစာယူ၍ Uber နှင့် Grab တို့ကို စီမံခန့်ခွဲရန် ဗီယက်နမ် သယ်ယူပို့ဆောင်ရေးဝန်ကြီးပြောကြား

သမားရိုးကျတက္ကစီလုပ်ငန်းများနှင့် ယှဉ်ပြိုင်ရာတွင် တရားမျှတမှုရှိစေရန် Uber နှင့် Grab တို့ကဲ့သို့သောမိုဘိုင်းဖုန်းသုံးတက္ကစီဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီများကို ကောင်းမွန်စွာ စီမံခန့်ခွဲရန်လိုကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်နိုင်ရန်အတွက် ဗီယက်နမ်နိုင်ငံသည် ဥရောပသမဂ္ဂ(အီးယူ)မှ သင်ခန်းစာယူသင့်ကြောင်း ဗီယက်နမ်သယ်ယူပို့ဆောင်ရေးဝန်ကြီး ငုယင်ဗန်သီက ပြောသည်။

Uber နှင့် Grab တို့အား စီမံခန့်ခွဲရေးကိစ္စမှာ ကမ္ဘာနှင့်အဝန်းအပြင်းပွားလျက်ရှိကြောင်း ဇန်နဝါရီ ၂ ရက်က ဗီယက်နမ်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဦးစီးဌာနတွင် ပြုလုပ်သော ကွန်ဖရင့်တစ်ခုတွင် သီက ပြောသည်။

Uber ကဧရင်းတို့၏ကုမ္ပဏီသည် ယာဉ်မောင်းနှင့် ခရီးသည်တို့အား ကြားခံဆက်သွယ်ပေးသော ဒစ်ဂျစ်တယ် အပလီကေးရှင်းသက်သက်မျှသာဖြစ်ကြောင်းပြောကြားထားသော်လည်း အီးယူတရားရုံးကမူ Uber ကို သယ်ယူပို့ဆောင်ရေးလုပ်ငန်းတစ်ခုအဖြစ် သတ်မှတ်ပြီး အခြားသောတက္ကစီလုပ်ငန်းများကဲ့သို့ကြီးကြပ်ကွပ်ကဲသွားမည်ဖြစ်ကြောင်း ဒီဇင်ဘာတွင် အီးယူက ကြေညာခဲ့သည်။

" ဒီဝန်ဆောင်မှုလုပ်ငန်းကို စီမံခန့်ခွဲဖို့အတွက် အီးယူကနေ ကျွန်တော်တို့လေ့လာသင်ယူရပါမယ် " ဟုသီက ပြောသည်။

ပြဋ္ဌာန်းဥပဒေစည်းမျဉ်းစည်းကမ်းများကို လိုက်နာပြီး ကောင်းမွန်သောယှဉ်ပြိုင်မှုပတ်ဝန်းကျင်ကို တည်ဆောက်ကာ Uber နှင့် Grab တက္ကစီဝန်ဆောင်မှုကုမ္ပဏီများက စီမံခန့်ခွဲရေး အဆိုပြုချက်များကို တင်ပြရန် သက်ဆိုင်ရာ စီမံခန့်ခွဲမှုအာဏာပိုင်တို့အားဝန်ကြီးက တိုက်တွန်းထားသည်။

Uber နှင့် Grab တို့အား တက္ကစီဝန်ဆောင်မှုလုပ်ငန်းများအပြင် သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ကွပ်ကဲရန်မကြာသေးမီက ဟိုချီမင်းစီးတီး တက္ကစီအသင်းက အဆိုပြုထားသည်။

တက္ကစီ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၏ဝေစုကိုတိုးမြှင့်ရယူနိုင်အောင်ဆောင်ရွက်ရာတွင် ဈေးကွက်မြှင့်တင်ရေးအတွက် ပြည်ပငွေကြေးရင်းမြစ်များကို Uber နှင့် Grab တို့က သုံးစွဲခြင်းမပြုနိုင်အောင် ပိတ်ပင်တားဆီးပေးရန် အသင်းကတိုက်တွန်းထားသည်။

ဟနွိုင်းနှင့် ဟိုချီမင်းစီးတီးမြို့များအပါအဝင် ဗီယက်နမ်မြို့ကြီးများတွင် Uber နှင့် Grab ကားများတွင်ကျယ်စွာအသုံးပြုလာသည့်အတွက် လွန်ခဲ့သောသုံးနှစ်အတွင်း သမားရိုးကျတက္ကစီလုပ်ငန်းများတွင် အခက်အခဲများတွေ့ကြုံခဲ့ရသည်။

■

# တီထွင်ဖန်တီးမှုရှိသော တည်ထောင်စလုပ်ငန်းများကို ပံ့ပိုးပေးရန် တောင်ကိုရီးယားငွေကြေးလုပ်ငန်းများကို တိုက်တွန်း




အလားအလာကောင်းသော စီးပွားရေးလုပ်ငန်းများနှင့် တီထွင်ဖန်တီးမှုရှိသောကဏ္ဍများရှိ တည်ထောင်စ စီးပွားရေးလုပ်ငန်းများတွင် ငွေကြေးများပံ့ပိုးပေးရန် တောင်ကိုရီးယား၏ ဘဏ္ဍာရေးကြီးကြပ်မှုအဖွဲ့က ဘဏ်လုပ်ငန်းနှင့်အခြားသော ဘဏ္ဍာရေးအဖွဲ့များ၏ အကြီးအကဲများအား ဇန်နဝါရီ ၃ ရက်က တိုက်တွန်းပြောကြားခဲ့သည်။

ဘဏ်များ၊ ပွဲစားများ၊ အာမခံလုပ်ငန်းများနှင့် နှစ်သစ်ကူးတွေ့ဆုံပွဲတွင် ဘဏ္ဍာရေးကြီးကြပ်မှုလုပ်ငန်း (Financial Supervisory Service-FSS) ၏အုပ်ချုပ်ရေးမှူး ချိုဟွန်စစ်က ယခုကဲ့သို့ တိုက်တွန်းခြင်းဖြစ်သည်။

တီထွင်ဖန်တီးမှုနယ်ပယ်များအား ငွေကြေးများချောမွေ့စွာ ထောက်ပံ့ပေးခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် ဘဏ္ဍာရေး လုပ်ငန်းများသည် အရေးပါသောကဏ္ဍမှပါဝင်သင့်ကြောင်း ချိုကအစည်းအဝေးတွင် ပြောသည်။ အိမ်ထောင်စုကြွေးမြီမြင့်တက်မှုကြောင့် ပုဂ္ဂလိကစားသုံးမှုကျဆင်းလျက်ရှိသည့်အချိန်မျိုးတွင် အိမ်ထောင်စုချေးငွေများကို ဦးစားပေးဆောင်ရွက်မည့်အစား တည်ထောင်စလုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံကြရန် ဘဏ်များနှင့် ငွေကြေးဆိုင်ရာ စီးပွားရေးလုပ်ငန်းများအား ငွေကြေးအာဏာပိုင်များက တိုက်တွန်းထားသည်။

တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးနာလန်ထူမှုသည် အရှိန်မြင့်တက်လာပြီဖြစ်သည့်အတွက် တောင်ကိုရီးယားဗဟိုဘဏ်သည် ၂၀၁၇ ခုနှစ်နိုဝင်ဘာ ၃၀ ရက်က ခြောက်နှစ်အတွင်းပထမဆုံးအဖြစ် ဗဟိုဘဏ်အတိုးနှုန်းကို မြှင့်တင်ပေးခဲ့သည်။ တစ်ချိန်တည်းမှာ ဘဏ္ဍာရေးကြီးကြပ်သူများသည် ငွေကြေးအဖွဲ့အစည်းများအား ပိုမိုလုပ်ပိုင်ခွင့်ပေးပြီး ငွေကြေးသုံးစွဲသူဖောက်သည်များအား ကာကွယ်မှုများပေးသွားမည်ဖြစ်ကြောင်း ချိုကပြောသည်။

# ၂၀၁၈ ခုနှစ်တွင် အတိုးနှုန်းမြှင့်တင်ရေးနှင့် ပတ်သက်၍ အမေရိကန်ဗဟိုဘဏ် အဖွဲ့ဝင်များအတွင်း သဘောထားကွဲလွဲ



ငွေကြေးဖောင်းပွမှုနှုန်းနှင့်လုပ်ခနှုန်းထားရရှိမှု စသည်တို့၏ နောက်ကွယ်မှ အကြောင်းအရာများနှင့်ပတ်သက်၍ အယူအဆကွဲလွဲမှုများကြောင့် လာမည့်နှစ်တွင် အတိုးနှုန်းမြှင့်တင်မှုများ ဆောင်ရွက်ရေးကိစ္စများအတွက် အမေရိကန် ဗဟိုဘဏ်အဖွဲ့ဝင်များအတွင်း သဘောထား ကွဲလွဲမှုများရှိနေကြောင်း ဇန်နဝါရီ ၃ ရက်က ထုတ်ပြန်သော အစီရင်ခံစာတွင်ဖော်ပြသည်။

အမေရိကန်ဗဟိုဘဏ်သည် ဒီဇင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ကျင်းပသော မူဝါဒအစည်းအဝေးတွင် အခြေခံ ချေးငွေအတိုးနှုန်းကို တိုးမြှင့်ခဲ့ရာ ၂၀၁၇ ခုနှစ်အတွင်း တတိယအကြိမ်မြောက် တိုးမြှင့်ပေးခဲ့ခြင်းဖြစ်သည်။ ယင်း အစည်းအဝေးမှတ်တမ်းအရ မကြာသေးမီက ချမှတ်ခဲ့သော အခွန်လျှော့ချမှုများ၏ အကျိုးဆက်မှာ မရေရာမှုများမြင့်မား စွာရှိနေသည်ဟူသောအချက်ကို တာဝန်ရှိသူတို့က ယုံကြည်လျက်ရှိသည်ကိုပြသနေကြောင်း တွေ့ရသည်။

အခွန်လျှော့ချမှုကြောင့် သုံးစွဲမှုမြင့်တက်လာနိုင်ဖွယ် ရှိသော်လည်း ကုမ္ပဏီများသည် ယခုကဲ့သို့ကျဆင်းမှုကို အသုံးပြုပြီး အခြားကုမ္ပဏီရှယ်ယာများကို ဝယ်ယူစုဆောင်းခြင်းများနှင့် ရောင်းချထားသော ရှယ်ယာများကို ပြန်လည်ဝယ်ယူမှုများရှိလာမည့် အခြေအနေကို ညွှန်ပြလျက်ရှိကြောင်း အစည်းအဝေးမှတ်တမ်းတွင် ဖော်ပြထားသည်။

အမေရိကန်ဗဟိုဘဏ်၏မူဝါဒချမှတ်ရေးအဖွဲ့ဖြစ်သည့် လွတ်လပ်သော ဈေးကွက်ကော်မတီသည် ယခင်လအတွင်းက အဓိကချေးငွေနှုန်းကို ၁၂ ဒသမ ၂၅ ရာခိုင်နှုန်း မှ ၁ ဒသမ ၅ ရာခိုင်နှုန်းသို့ တိုးမြှင့်ခဲ့သည်။ သို့ဖြစ်ရာ အပေါင်ခံဈေးမှအစပြုပြီး ကားဝယ်ယူသည့် ချေးငွေအထိ ချေးငွေအမျိုးအစားအားလုံးတွင် အတိုးနှုန်းမှာ သုညဒသမ ၂၅ ရာခိုင်နှုန်း ပိုမိုတိုးတက်လာသည်။

အမေရိကန်ဗဟိုဘဏ်၏ ယခင်လက ထုတ်ပြန်ခဲ့သော သုံးလပတ်စီးပွားရေးခန့်မှန်းချက်တွင် ဗဟိုဘဏ်သည် အတိုးနှုန်းကို ၂၀၁၈ ခုနှစ်တွင် သုံးကြိမ်နှင့် ၂၀၁၉ ခုနှစ်တွင် တစ်ကြိမ်တိုးမြှင့်ပေးမည်ဟု ခန့်မှန်းထားသည်။

■

# ထိုင်းလယ်ယာကဏ္ဍအတွက် တွန်းအားပေးဆောင်ရွက်

ကမ္ဘာ့လယ်ယာစိုက်ပျိုးရေးဈေးကွက်တွင် စူပါပါဝါ (အင်အားကြီးနိုင်ငံ) ဖြစ်လာစေရန် နိုင်ငံ၏ ယှဉ်ပြိုင်မှုစွမ်းရည်ဆိုင်ရာ အမျိုးသားမဟာဗျူဟာ ကော်မတီက ထိုင်းနိုင်ငံအားတွန်းအားပေးသွားရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

ကော်မတီသည် ၎င်း၏ ပထမဆုံးစီမံကိန်းမူကြမ်းကို အပြီးသတ်ပြုစုပြီး အမျိုးသားစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (NESDB) သို့တင်ပြထားပြီးဖြစ်ကြောင်း ကော်မတီ ဥက္ကဋ္ဌနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန်ဟောင်း ဆာသစ်လင်ပေါင်ပန်က ပြောသည်။

ကမ္ဘာ့တွင် ထိုင်းနိုင်ငံသည်ပြည်ပဆန်တင်ပို့မှုတွင် ဦးဆောင်လျက်ရှိသော နိုင်ငံများတွင် ပါဝင်ပြီး လယ်ယာကဏ္ဍတွင်အားသာချက် များစွာရှိနေသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း ဆာသစ်က ပြောသည်။ ၂၀၁၅ ခုနှစ်က လယ်ယာကဏ္ဍကိုမှီခိုလျက်ရှိသူ ၂၅ သန်းရှိရာ နိုင်ငံလူဦးရေ၏ ၃၈ ရာခိုင်နှုန်းခန့်ရှိသော်လည်း နိုင်ငံ၏ စုစုပေါင်း ပြည်တွင်းထုတ်ကုန်(ဂျီဒီပီ) ၏ ၁၀ ရာခိုင်နှုန်းပြည့်အောင် ထုတ်လုပ်နိုင်ခြင်းမရှိခဲ့ပေ။

ထိုင်းနိုင်ငံတွင် အစားအစာ ထုတ်လုပ်သော ကုမ္ပဏီကြီးများရှိနေသော်လည်း လယ်ယာကဏ္ဍတွင် လုပ်ကိုင်နေသူအများစုမှာ ဝင်ငွေနည်းသူများဖြစ်ကြသည်။

ပြည်တွင်း ပရဆေးပင်များကို ဆေးဝါးထုတ်လုပ်ရေး သို့မဟုတ် အလှကုန်ပစ္စည်းအဖြစ်ပြောင်းလဲရေး အပါအဝင် နိုင်ငံထွက်ကုန်စည်များအားတန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲပြီး အသေးစားတောင်သူများ၏ ဝင်ငွေကိုမြှင့်တင်နိုင်ရေးမှာ စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည်။ အစိုးရသည် မြန်မာနိုင်ငံရှိ ထားဝယ်ဖွံ့ဖြိုးရေးစီမံကိန်းမှတစ်ဆင့် မြန်မာ၊ အိန္ဒိယနိုင်ငံတို့နှင့် ချိတ်ဆက်ပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်သင့်ကြောင်း ဆာသစ်က ပြောသည်။

အရှေ့ပိုင်းစီးပွားရေးစင်္ကြံ စီမံကိန်းတိုးတက်မှုသည် ထိုင်းနိုင်ငံအား မြန်မာနှင့် အိန္ဒိယနိုင်ငံတို့နှင့် စီးပွားရေးဆက်သွယ်မှုကို အထောက်အကူပေးပြီး ထိုင်းနိုင်ငံကိုအာရှဒေသ၏ ကြီးမားသောစင်္ကြံကြီးအဖြစ် ပြောင်းလဲစေမည်ဖြစ်ကြောင်း သူက ဆိုသည်။

ဉာဏ်တင်စုစည်းတင်ပြသည်။




# International **Trade** Services

## သွင်းကုန်လုပ်ငန်း

- ပြည်တွင်းသွင်းကုန် ငွေလွှဲစာတမ်းများ ဖွင့်လှစ်ခြင်း။
- သွင်းကုန် ငွေလွှဲစာတမ်းပြင်ဆင်ခြင်း။
- သွင်းကုန် ငွေလွှဲစာတမ်းအတွက် ငွေပေးချေခြင်း။
- ပြည်တွင်းငွေလွှဲစာတမ်း ဖွင့်လှစ်ခြင်း၊ ယုံကြည်မှုဖြင့် ဝယ်ယူထားသော ကုန်ပစ္စည်းအား ထုတ်ပေး၍ ယာယီ ချေးငွေဖြင့် ငွေပေးချေခြင်း။
- ကောက်ခံရေးစနစ်ဖြင့်ရောက်ရှိလာသောသွင်းကုန်ပစ္စည်းဖိုးအား ပေးချေခြင်း။
- သင်္ဘောတင်စာရွက်စာတမ်း အာမခံထုတ်ပေးသော ဝန်ဆောင်မှု။

## ပို့ကုန်လုပ်ငန်း

- ပို့ကုန်ငွေလွှဲစာတမ်း ဝန်ဆောင်မှု။
- ပို့ကုန်ရငွေအား ကောက်ခံပေးခြင်း (ငွေလွှဲစာတမ်းစနစ်)။
- ပို့ကုန်ရငွေအား ကောက်ခံပေးခြင်း (ကောက်ခံရေးစနစ်)။
- ငွေလွှဲစာတမ်းဖြင့် ပြုလုပ်ထားသော ကုန်တင်ပို့သည့် စာရွက်စာတမ်း အထောက်အထားပေါ်တွင် ငွေကြိုတင် ထုတ်ပေးခြင်း။

## Export Financing

- သင်္ဘောမတင်မီ ချေးငွေထုတ်ယူခြင်း။
  (၁) သင်္ဘောမတင်မီ ကုန်ပစ္စည်း ဝယ်ယူထုတ်လုပ်ရန် ကြိုတင်ချေးငွေ ထုတ်ပေးခြင်း။
- သင်္ဘောတင်ပြီး ကြိုတင်ငွေထုတ်ယူခြင်း။
  (၁) ကုန်တန်ဘိုးငွေတောင်းခံလွှာပေါ်တွင် ချေးငွေထုတ်ပေးခြင်း။
  (၂) ဆိုင်းငံ့ကာလဖြင့် အသုံးပြုထားသော ထုတ်ကုန်ငွေလွှဲစာတမ်း ပေါ်တွင် သင်္ဘောတင်စာရွက်စာတမ်း အထောက်အထားများ ဝယ်ယူခြင်း။
  (၃) DP စနစ်ဖြင့် ကုန်ပစ္စည်းတင်ပို့သော စာရွက်စာတမ်းများ ဝယ်ယူခြင်း။

## International Funds Transfer (T.T.)

- ပြည်ပမှ လွှဲပို့ငွေများအား Customer ၏ စာရင်းသို့ ထည့်သွင်းပေးခြင်း။
- ပြည်ပသို့ Customer ၏ နိုင်ငံခြားငွေစာရင်းမှ ငွေကို ငွေလွှဲပေးပို့ခြင်း။

## Bank Guarantee

- Standby Letter of Credit ဖွင့်လှစ်ခြင်း နှင့် ပြင်ဆင်ခြင်း။
- Standby letter of Credit အကြောင်းကြားခြင်း နှင့် ပြင်ဆင်ချက်များအား အကြောင်းကြားပေးခြင်း။
  (e.g. Bid Bond Guarantee, Performance Guarantee, Payment Guarantee, Warranty Guarantee)

ASSET ASIAN AWARDS 2017 THE Asset TRIPLE A

Best Structured Trade Finance in Myanmar Award 2017 (The Asset Triple A)

ASIAN BANKING & FINANCE WHOLESALE BANKING AWARDS '17

Best Trade Finance in Myanmar Award 2017 (Asian Banking and Finance)

**Call Centre : (+951) 231 7770**

**Hotline :**

(+951) 378 644 - **Trade (Import/ Export)**
(+951) 378 643 - **Outward Remittance**
(+951) 378 645 - **Inward Remittance**

www.cbbank.com.mm
CBBankmyanmar
trade.dept@cbbank.com.mm



Sun Myat Tun Construction Group
The Most Valuable Company In Real Estate
SMT
မိမိကြိုက်နှစ်သက်သော မြို့နယ်၊
မိမိနေထိုင်လိုသောအခန်းအကျယ်နှင့်
မိမိဝယ်ယူရန် သုံးစွဲလိုသည့်
ငွေပမာဏတို့ကို
လွတ်လပ်စွာ ရွေးချယ်နိုင်ပြီး
နိုင်မာမှုရှိသော ဘဏ် နှင့်
(၅)နှစ် အထိ
အရစ်ကျငွေပေးချေ၍
တိုက်ခန်းများ
ဝယ်ယူနိုင်မည့်
"အခွင့်အရေး"
"Realistic Affordable Housing For Local young Professional in Myanmar"
Head Office:
No.(19/21), 45th Street, Lower Block, Botahtaung Township, Yangon.
Email : admin@sunmyattun.com,Tel : 09777700111, 09777700222,, 09777700333



MINYAK ANGIN
VFRESH TM
Aromatherapy
လန်းဆန်းတက်ကြွမှုအတွက် ... ဗီ ဖရက်ရှ်(ရှ်)
My Roll On
VFRESH
Roll on သည်
လူ၏ ခန္ဓာကိုယ်နှင့်
စိတ်ကို အထူးကြည်လင်
လန်းဆန်းစေပြီး
ခေါင်းကိုက်ခြင်း၊ ခေါင်းမူးခြင်း၊
စိတ်မကြည်မလင်ဖြစ်ခြင်း၊
စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ မျက်ရိုးကိုက်ခြင်း
များ အစရှိသော ရောဂါဝေဒနာများကို
အထူးသက်သာ ပျောက်ကင်းစေပါသည်။
Original
Lavender
Green Tea
Netto : 8 ml
MANTAP MEMIJAT
STAINLESS ROLL BALL
✱ အရောင်အနံ့(၄)မျိုးဖြင့် တမူထူးခြားစွာထုတ်လုပ်ထားပြီး အမြို့မြို့ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။
Distributed by:
R.OASIS LIMITED
Pharmaceutical Trading
Contact Us:(+951) 200479,299838,297964
PT. EAGLE INDO PHARMA
Tangerang, Indonesia

COMMERCE INTERNATIONAL

## ပြင်းထန်သောယှဉ်ပြိုင်မှုအတွက် ဖိလစ်ပိုင် ဆန်စပါး စိုက်ပျိုးသူလယ်သမားတို့ပြင်ဆင်

အာဆီယံဒေသတွင် အကောက်ခွန်များကို လျှော့ချသည့်အခါ ဖိလစ်ပိုင်လယ်သမားများ၏ဝင်ငွေမှာ အမေရိကန်ဒေါ်လာ လေးဘီလီယံ ခန့်ဆုံးရှုံးနိုင်ကြောင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (OECD) မှ မကြာသေးမီကထုတ်ပြန်သော လေ့လာချက်အစီရင်ခံစာတွင် ဖော်ပြသည်။ လေ့လာချက်အစီရင်ခံစာကို "အရှေ့တောင်အာရှ ဆန်ဈေးကွက်များ ပေါင်းစည်းရာမှဖြစ်ပေါ်လာမည့် ဈေးကွက်အလားအလာများ" ဟု ခေါင်းစဉ်ပေးထားပြီး ၂၀၂၅ ခုနှစ်တွင် အာဆီယံဒေသတွင်း ဆန်ရောင်းဝယ်မှုမှထွက်ပေါ်လာမည့် ရလဒ်များကို လေ့လာထားသည်။

အကောက်ခွန် သုညရာခိုင်နှုန်း အစီအစဉ်အရ ဖိလစ်ပိုင်လယ်သမားများ၏ ထုတ်လုပ်မှုအတွက် ဆုံးရှုံးမှုမှာ အနည်းဆုံးအမေရိကန်ဒေါ်လာ နှစ်ဘီလီယံရှိမည်ဖြစ်ကြောင်း လေ့လာသူတို့က ခန့်မှန်းထားသည်။ အကယ်၍ ဈေးကွက်အပြည့်အဝ ပေါင်းစည်းမှုကိုဆောင်ရွက်နိုင်ပါက အကောက်ခွန်လွတ်အပြင် အကောက်ခွန်မဟုတ်သော အတားအဆီးများကိုဖယ်ရှားရမည်ဖြစ်သဖြင့် လယ်သမားများ၏ဆုံးရှုံးမှုမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၆ ဘီလီယံထိ ရောက်ရှိနိုင်သည်။

ခန့်မှန်းချက်များပြုစုရာတွင် အာဆီယံဒေသတွင်းကုန်ပစ္စည်း လွတ်လပ်စွာ စီးဆင်းမှုကြောင့် အစားအစာဈေးနှုန်းများ သက်သာလာပြီး အရှေ့တောင်အာရှနိုင်ငံများမှ အစားအစာများကို ကုန်သည်များကပိုမိုတင်သွင်းကြမည်ဟု မှန်းဆကာ ခန့်မှန်းတွက်ချက်ခြင်းဖြစ်သည်။ ဆန်ဈေးနှုန်းများ ပိုမိုသက်သာမည်ဖြစ်သဖြင့် ဖိလစ်ပိုင်စားသုံးသူများ အထူးသဖြင့် ဆင်းရဲသားများက ယခုကဲ့သို့ဆောင်ရွက်ခြင်းမှ အကျိုးအမြတ်များစွာရရှိနိုင်မည်ဖြစ်သည်။ ဖိလစ်ပိုင်ဆင်းရဲသားများမှာ ဝင်ငွေ၏တစ်ဝက်ကို အစားအစာအတွက် လျာထားသုံးစွဲရသည့်အတွက် ဆန်ဈေးနှုန်းများကျဆင်းခြင်းသည် အခြားအခြေခံလိုအပ်ချက်များအတွက် ပိုမိုသုံးစွဲနိုင်မည့်သဘောရှိကြောင်း ဖိလစ်ပိုင်စာရင်းအင်းအာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်အရသိရသည်။

သို့သော်လည်း ဆန်စပါးစိုက်ပျိုးရာမှ ဝင်ငွေကို တိုက်ရိုက်မှီခိုနေရသော တောင်သူလယ်သမား ၂ ဒသမ ၄ သန်း၏ နေထိုင်စားသောက်မှုအတွက် ထိခိုက်မှုများရှိလာနိုင်သည်။ ယင်းကိစ္စအတွက်၂၀၁၂ ခုနှစ်ကတည်းက ဖိလစ်ပိုင်အစိုးရက စိုးရိမ်ပူပန်မှုများရှိခဲ့သည်။ ဆန်စပါးအတွက် အိမ်နီးချင်းနိုင်ငံများ၏ လယ်သမားများနှင့် ယှဉ်ပြိုင်နိုင်ရန် အချို့သော အရှေ့တောင်အာရှနိုင်ငံများက မိမိတို့လယ်သမားများအား သီးသန့်ထောက်ပံ့မှုများပေးနေခြင်းကို စွန့်လွှတ်ဖိအားပေးရန်အတွက် ဖိလစ်ပိုင်အစိုးရက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO) ကို တိုက်တွန်းခဲ့သည်။



## ပြည်တွင်း စီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို မြှင့်တင်ရန် ဗီယက်နမ်စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ကြိုးပမ်း

ဗီယက်နမ်စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနသည် ကုန်သွယ်မှုမြှင့်တင်ရေး အစီအစဉ်များကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပြီး ပြည်တွင်းဈေးကွက်တွင် စီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်မှုစွမ်းရည်ကို တိုးမြှင့်သွားနိုင်ရန်အတွက် ၂၀၁၈ ခုနှစ်တွင် အထောက်အကူများပိုမိုပေးအပ်သွားမည်ဖြစ်သည်။

ယမန်နှစ်က ဗီယက်နမ်စီးပွားရေးသည် အကောင်းဘက်သို့ ပြောင်းလဲမှုများရှိခဲ့သည်ကိုတွေ့ရကြောင်း ဝန်ကြီးဌာန၏ ပြည်တွင်းဈေးကွက်ဌာန ဒုတိယအကြီးအကဲ ငုယင်လောအန်းကပြောသည်။ ယခင်နှစ်က စွမ်းအင်နှင့်လယ်ယာထွက် ကုန်ပစ္စည်းများ၏ဈေးနှုန်း မြင့်တက်ခဲ့သော်လည်း သတ္တုတွင်းထွက်ပစ္စည်းများ၏ ဈေးနှုန်းများသည် ကျဆင်းခဲ့သည်။

ဝန်ကြီးဌာနများနှင့် ဒေသခံများ ပူးပေါင်းဆောင်ရွက်မှုကြောင့် ကုန်ပစ္စည်းဈေးကွက်မှာ အထိုက်အလျောက်တည်ငြိမ်ပြီး ၂၀၁၇ ခုနှစ်အတွက် စားသုံးသူအညွှန်းကိန်း (CPI) မှာ ၃ ဒသမ ၅၃ ရာခိုင်နှုန်းသို့ကျဆင်းခဲ့ရာ အစိုးရ၏ရည်မှန်းချက်အောက်သို့ ကျဆင်းခဲ့သည်။

လက်လီရောင်းချမှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများမှ စုစုပေါင်းဝင်ငွေမှာ ၂၀၁၇ ခုနှစ်တွင် ဗီယက်နမ်ဒေါင် ၃၉၃၀ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၇၄ ဒသမ ၈၅ ဘီလီယံ) ရှိခဲ့သဖြင့် နှစ်အလိုက်တိုးတက်မှုနှုန်း ၁၀ ဒသမ ၉ရာခိုင်နှုန်းရှိခဲ့သည်။ ၂၀၁၇ ခုနှစ်နှောင်းပိုင်းမှစ၍ ကမ္ဘာ့ဈေးကွက်တွင် ကုန်ကြမ်းနှင့် လောင်စာဆီဈေးနှုန်းများ မြင့်တက်ခဲ့ရာ ဗီယက်နမ်၏ ယခုနှစ်ကုန်စည်ဈေးကွက်ကို ထိခိုက်မည်ဖြစ်ကြောင်းဌာန၏ ညွှန်ကြားရေးမှူး ထရန်ဒိုင်ဒေါင်ကပြောသည်။ သို့ရာတွင် ရာသီဥတုအခြေအနေ ဆိုးရွားစွာ ပြောင်းလဲမှုများကလည်း ပြည်သူလူထု၊ လယ်ယာစိုက်ပျိုးရေးထုတ်လုပ်မှုနှင့် အခြေခံစားသောက်ကုန်များ၏ ဝယ်လိုအားနှင့် ရောင်းလိုအား စသည်တို့အပေါ် ဂယက်ရိုက်ခတ်ခဲ့သည်။ လျှပ်စစ်ဓာတ်အား၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးတို့ကဲ့သို့သော အစိုးရကစီမံခန့်ခွဲသည့် ကုန်ပစ္စည်းများ၏ ဈေးနှုန်းကိုမူ အစိုးရ၏ လမ်းညွှန်ချက် အစီအစဉ်တွင် ချမှတ်ထားသည့်အတိုင်း ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါင်ကပြောသည်။

"ဗီယက်နမ်လူမျိုးများက ၂၀၂၀ပြည့်နှစ်တွင် ဗီယက်နမ်ကုန်ပစ္စည်းများကို ဦးစားပေးသည်"ဟူသော ပြည်တွင်းကုန်သွယ်မှုမြှင့်တင်ရေး ရည်ရွယ်ချက်နှင့်အညီ ပြည်တွင်းဈေးကွက်ဖွံ့ဖြိုးရေးအတွက် ဝန်ကြီးဌာနက စီမံကိန်း ၇၁ ခုကို ချမှတ်ဆောင်ရွက်နေကြောင်း သူကပြောသည်။

ကုန်ပစ္စည်း ရောင်းလိုအားနှင့် ဈေးနှုန်းတည်ငြိမ်မှုကို ဖန်တီးပေးမည့် ဈေးနှုန်းတည်ငြိမ်ရေးအစီအစဉ်များ၊ ရောင်းလိုအားနှင့် ဝယ်လိုအားချိတ်ဆက်ရေးအစီအစဉ်ကို ဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် လယ်ယာကဏ္ဍတွင် ဖြန့်ဖြူးရေးကွင်းဆက်ထူထောင်ပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနက ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို တိုက်တွန်းထားသည်။

ဉာဏ်တင် စုစည်းသည်

## အမေရိကန်ပြည်ထောင်စုကမ်းရိုးတန်းများရှိ ကမ်းလွန်ဒေသများတွင် ကမ်းလွန်ရေနံတွင်းများကို တိုးချဲ့တူးဖော်ရန် ထရမ့်ကြိုးပမ်း

ထရမ့်အစိုးရသည် အန္တလန္တိတ်ပင်လယ်မှ အာတိတ်ပင်လယ်အထိ တည်ရှိနေသောနေရာများတွင် ပင်လယ်ကမ်းလွန်ရေနံတွင်းများ အကြီးအကျယ်တိုးချဲ့ဆောင်ရွက်ရန် ဇန်နဝါရီ ၅ ရက်တွင် စတင်ဆောင်ရွက်ခဲ့သည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ကယ်လီဖိုးနီးယား ကမ်းလွန်ပင်လယ်ပြင်တွင် ဆောင်ရွက်မည့်စီမံကိန်းတစ်ရပ်လည်းပါဝင်ရာ နှစ်ပေါင်း ၃၀ ကျော်အတွင်း ပထမဆုံးဆောင်ရွက်သောစီမံကိန်းဖြစ်သည်။



ဖလော်ရီဒါမှ မိန်းအထိရှိသော အရှေ့ဘက်ကမ်းရိုးတန်းဒေသများမှာ ရေနံတူးဖော်ခြင်းလုပ်ငန်းကို ဆယ်စုနှစ်ပေါင်းများစွာ ပိတ်ပင်ထားသော ဒေသများဖြစ်သည်။ ရေနံတူးဖော်ရေး ငါးနှစ်စီမံကိန်းက အဆိုပါနယ်မြေများတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့နယ်မြေသစ်များကို ဖွင့်လှစ်ပေးနိုင်တော့မည်ဖြစ်သည်။ အဆိုပါဒေသရှိလွှတ်တော်ကိုယ်စားလှယ်များက ကမ်းလွန်ပင်လယ်ရေနံတူးဖော်ခြင်းကို ထောက်ခံကြသော်လည်း အရှေ့ဘက်ကမ်းရိုးတန်းဒေသရှိ အချို့သောပြည်နယ်အုပ်ချုပ်ရေးမှူးများက စီမံကိန်းသစ်ကို ချက်ချင်း ကန့်ကွက်ခဲ့သည်။

ပြည်ထဲရေးဝန်ကြီး ရန်းဇင်ကီက စီမံကိန်းကိုကြေညာခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် တာဝန်သိကမ်းလွန်စွမ်းအင်သယံဇာတထုတ်လုပ်ရေးလုပ်ငန်းက အလုပ်အကိုင်ရရှိမှုနှင့် စီးပွားရေးလုံခြုံမှုကို မြှင့်တင်ပေးမည်ဖြစ်ကြောင်းနှင့် အမေရိကန်ပြည်ထောင်စု ကမ်းရိုးတန်းဒေသတစ်လျှောက်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ဒေါ်လာဘီလီယံပေါင်းများစွာ အထောက်အပံ့ပေးသွားနိုင်မည်ဖြစ်ကြောင်းလည်း ပြောကြားသည်။

ပုဂ္ဂလိကပိုင် ကုမ္ပဏီများ၏ အကောင်အထည်ဖော် ဆောင်ရွက်မှုဖြင့် အမေရိကန်နိုင်ငံ၏ ကမ်းလွန်အရန်ရေနံများ၏ ၉၀ ရာခိုင်နှုန်းကို ဖော်ထုတ်နိုင်အောင် ငါးနှစ်စီမံကိန်းက ဆောင်ရွက်ပေးသွားနိုင်မည် ဖြစ်ကြောင်း ဇင်ကီကပြောသည်။ ၂၀၁၉ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း အမေရိကန်ကမ်းရိုးတန်းတစ်လျှောက် ကမ်းလွန်ဒေသများတွင် ဆောင်ရွက်ရန် အဆိုပြုထားသော လုပ်ငန်းပေါင်း ၄၇ ခုအနက် အာလက်စကားကမ်းလွန်တွင် ၁၉ ခု၊ မက္ကဆီကိုပင်လယ်ကွေ့တွင် ၁၂ ခု၊ အတ္တလန္တိတ်ဒေသတွင် ကိုးခုနှင့်ပစိဖိတ်ဒေသတွင် ခုနစ်ခုပါဝင်သည်။

"ဒါက အစီအစဉ်မူကြမ်းပဲရှိပါသေးတယ်။ အပြီးသတ်တစ်ခုမှမလုပ်ရသေးပါဘူး။ ကျွန်တော်တို့ရဲ့ အပြီးသတ်ထုတ်ကုန်တွေရရှိအောင် ဆောင်ရွက်ရာမှာ အမေရိကန်ပြည်သူတွေပါဝင်လာဖို့ ကျွန်တော်တို့ဆက်လက်ဆောင်ရွက်နေပါတယ်"ဟု ဇင်ကီက သတင်းထောက်များကို ပြောသည်။